www.burmeseclassic.com



www.burmeseclassic.com

# ဆွေဆွေအောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၁၄၄၁၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၆၃၀၀၆၀၇

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

၂၀၀၇ ခုနှစ် ဩဂုတ်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့်မေမေ အားရုပ်နှင့်နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာ ဖြစ်ရပါ လို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင် များသည် စာရေးသူ၏ စိတ်ကူးယဉ်ချသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဆွေဆွေအောင်

# ၁

'တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊

လပြာသိုမှာ၊ နွယ်ခွာညိုမြိုင်မြိုင်နှင့်၊

လှိုင်လှိုင်သင်းတဲ့ လကိုလေး။ ။

မဟာအတုလမင်းကြီး၏ ပြာသိုလ လွမ်းချင်းကို 'စော' ငယ်ငယ်ကတည်းက အလွတ်ရနေခဲ့ပါသည်။ ယခုတော့ ပြာသို လမရောက်သေးပါဘဲ မြူနှင်းတွေကို စိုနေပါသည်။ ယခုမှ သီတင်းကျွတ်ပြီးကာစဖြစ်ပါသည်။ သို့သော်...

ငွေနှင်းပွင့်တို့ကြွေကျ၍ မြေခလေပြီ။ နှင်းငွေ့ရိုက်သဖြင့် သစ်ပင်၊ ပန်းပင်တိုင်း စိမ်းလန်းစိုပြေလျက် မြရောင်ရွှန်းပနေသည်။ မြေပြင်မှာ နှင်းမိုးစက်တို့ကြောင့် စိုရွှဲ၍နေသည်။ တောင်ပေါ်ဒေသဖြစ်၍ သီတင်းကျွတ်ပြီးကတည်းက အအေးပိုနေပြီ။ ချမ်းလွန်းသဖြင့် 'စော' ဘာဘူစောင်လေးခြုံ၍ ခပ်ကုပ်ကုပ်

www.burmeseclassic.com



လေးထိုင်နေမိသည်။

မျက်စိတစ်ဆုံးမြင်တွေ့နေရသော နှင်းငွေ့များကြားမှာ ညိုမှောင်သော တောင်ကြောကြီးကိုကြည့်ပြီး လှပသာယာလွန်း ပါသည်ဟု ဝန်ခံမိပါသည်။ ချစ်သူရည်းစားရှိသူများက သည် တောင်တန်းမှာ မောင်လွမ်းပြီဟု အော်ချင်အော်ကြမည် ထင် သည်။

သို့သော် ချစ်သူမရှိသေးသော 'စော'လို ကောင်လေးတစ် ယောက်အတွက်တော့ သည်တောင်တန်းမှာ မောင်ချမ်းပြီဟုသာ ဟစ်အော်ပစ်လိုက်ချင်တော့သည်။ အချမ်းဒဏ်ကိုမခံနိုင်သဖြင့် ငိုချင်သလိုလို၊ ပြန်ပြေးချင်သလိုလို စိတ်ကူးတွေပေါက်နေသည်။ ပြန်ပြေးရအောင်လည်း ထွက်လာသည့်ခရီးက တစ်ဝက်ကျိုးရုံ ကလို့ ခရီးတောင်ဆုံးတော့မည်။

အလုပ်ရှင်ကလည်း သဘောကောင်းမှကောင်း၊ တစ် လမ်းလုံး ဂရုစိုက်သည်။ သူတို့စားလျှင် စားသလို၊ သောက်လျှင် သောက်သလိုတိုက်သည်။ အဲ သောက်လျှင် သောက်သလိုဆို သော်လည်း သူတို့က အရက်သောက်သည်။ 'စော'က လဘက် ရည်သောက်သည်။

အစတုန်းက ရှမ်းပြည်ရောက်လျှင် တဝကြီးပေးပစ်လိုက် မည်ဟုတွေးထားသည်။ပထဝီထဲမှာ တောင်တန်းတွေအကြောင်း သင်ခဲ့ရပြီ။ လှပညို့မှိုင်းသောတောင်တန်းကြီးများကို ရုပ်ရှင်ထဲမှာ





သာမြင်ဖူးခဲ့သည်။ မမျှော်လင့်ဘဲ ရှမ်းပြည်ကိုလိုက်ရမည်ဆိုတော့ ဝမ်းသာမိခဲ့သည်။

ခုတော့ ချမ်းလွန်းသဖြင့်ဘာအလှအပကိုမှ မခံစားတတ် တော့။

" 'မောင်စော' အရမ်းချမ်းနေပြီလားကွ"

အလုပ်ရှင်သူဌေးက ခပ်ပြုံးပြုံးကြည့်ရင်း မေးသည်ကို 'စော'က မေးရိုက်သံဖြင့်ပြန်ဖြေသည်။

"အေးကွာ... ခုတော့ လမ်းမှာဖြစ်နေလို့ မင်းအတွက် နွေးထွေးအောင် အကူအညီမပေးနိုင်ဘူး... အိမ်ကျရင်တော့ ဦး လေးရဲ့ ဂျာကင်နဲ့ဆွယ်တာ လေးငါးထည်ပေးမယ်... လောလော ဆယ်တော့ ငါ့မှာဒီတစ်ထည်ပဲပါတယ်... သိပ်ချမ်းနေရင် ဒါလေး မော့ချင့်ရင်မော့လိုက်"

'ဦးတင်ခိုင်'က အရက်ခွက်ကို လှမ်းပေးရင်းပြောသည်။ 'စော' ခေါင်းကိုတွင်တွင်ခါပြလိုက်သည်။ 'ဦးတင်ခိုင်'က 'တဟဲဟဲ ရယ်ရင်း...

"အေးကွာ... ဒါကြောင့် မင်းကို စောစောကတည်းက မတိုက်ဘဲထားတာ... ဒီဘက်ပိုင်းမှာနေရင်တော့ ဒါနဲ့ကင်းနိုင် အောင်ကြိုးစားဖို့ မလွယ်ဘူးကွာ"

'ဦးတင်ခိုင်' ပြောသလိုဆိုလျှင် ရှမ်းပြည်မှာနေသည့် ယောကျ်ားအားလုံး အရက်သောက်တတ်သလိုလို။ ရန်ကုန်မှ ဤ



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်မြောက်ပိုင်းရောက်လာသည်အထိတော့ 'စော'တို့ ဝင်စားသမျှ သောက်သမျှ ဆိုင်အားလုံးထဲမှာလိုလိုပင် အရက်သောက်သူကများသည်။

သေချာစဉ်းစားကြည့်တော့လည်း 'ဦးတင်ခိုင်'တို့အသိုင်းအဝိုင်းသည် အဝေးပြေးကားသမားများဖြစ်၍ သူတို့ အသိုင်းအဝိုင်းသည် ကားသမားအသိုင်းအဝိုင်း။ သူတို့ ဝင်ရောက်စားသောက်သည့် စားသောက်ဆိုင်များသည်လည်း ကားသမားများစုဝေးစားသောက်နေကျ ဆိုင်များသာဖြစ်သည်။

သောက်သူနှင့် မသောက်သူဆိုလျှင် သောက်သူကများသည်။ 'စော' နေထိုင်ကြီးပြင်းခဲ့သည့် ပတ်ဝန်းကျင်သည် ဘုန်းကြီးကျောင်းမဖြစ်ရုံတမယ် ကျန်သည်။ မိုးမလင်းခင်ကပင် ဘုရားဆွမ်းတော်ကပ်ပြီးပြီ။ ရှိသမျှ ဘုရားစာများရွတ်ဖတ်ပြီးပြီ။ ဆီမီးပန်းကပ်ပြီးပြီ။

နေ့ခင်းဘက်တွင်လည်း ပုတီးတချောက်ချောက် စိပ်ပြီး ဘုရားစာအုပ်များ ဖတ်နေတတ်သလို၊ ညနေဘက်တွင်လည်း သောက်တော်ရေလဲ၊ ဆီမီးထွန်း၊ အမွှေးတိုင်ထွန်းပြီး ခြံထဲရှိညဘက်ပွင့်သည့် ပန်းရောင်စုံများကို ဖန်ကလပ်ပေါ်လှပစွာ စီစီရီရီတင်ပြီး ပန်းကလပ်လုပ်ကာ ဘုရားတွင်ဆက်ကပ်ကြသည်၊ အရက်တို့ ဖဲတို့ကတော့ အဝေးကြီးပေါ့။

ထိုနေရာမျိုးမှ ဖြန်းကနဲ ကားသမားဘဝ၊ အလုပ်သမား





ဘဝရောက်ခဲ့သည်မှာ 'စော'၏ အဘိုးသေဆုံးသွားသောကြောင့်ဖြစ်သည်။ 'စော'၏ နောက်ကြောင်း ရာဇဝင်ကရှင်းသည်။ ဆွေမျိုးနည်းသည့်မိသားစုမှ ပေါက်ဖွားလာသည့်ကြားထဲ 'စော'၏ အဖေနှင့်အမေသည် ကုန်ကူးရင်း လေမှောက်၍ သေဆုံးသွားကြသည်။

ထိုစဉ်က 'စော' လေးနှစ်သားအရွယ်သာရှိသေးသဖြင့် ဘိုးဘိုး 'ဦးမြိုင်'က 'စော'ကို ဆက်လက်ထိန်းကျောင်းခဲ့သည်။ ကျွေးမွေးပြုစုကျောင်းထားပေးခဲ့သည်။ ဘိုးဘိုးသည် ချွေတာစုဆောင်းတတ်သူဖြစ်ပြီး စည်းကမ်းရှိသူဖြစ်၍ အသက်ခုနစ်ဆယ်ကျော်သည့်တိုင် သူစုဆောင်းထားသည့်ပစ္စည်းများဖြင့် မပင်မပန်းစားသောက်နိုင်သည်။ 'စော'ကိုလည်း ကျောင်းထားပေးခဲ့သည်။

အရပ်ထဲတွင် ဘိုးဘိုးက ငွေတိုးဖြင့်ချေးသည်။ ရွှေထည်ပစ္စည်းပါမှ လက်ခံသည်။ ထိုရရှိသည့်ငွေထဲမှာ တစ်ရာလျှင် ငါးကျပ်နှုန်းဖြင့် ဘုရားလှူသည်။ အပေါင်ဆုံးပစ္စည်းများဖြစ်သည့် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေလက်ပတ်ကြိုးများကို ဘိုးဘိုးသေသောအခါ 'စော' ရရှိလိုက်သည်။ မသေခင်တတည်းက ဘိုးဘိုး ပစ္စည်းထုပ်ကိုအပ်သည်။

ပတ်ဝန်းကျင်က ဘိုးဘိုးထံတွင် ထိုပစ္စည်းများရှိနေသည်ကို သိပ်မသိလှ။ ပစ္စည်းဆုံးထားသည့် လူလောက်ကလွဲလျှင်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မသိ။ ဘိုးဘိုးက တိုးတိုးမှာသည်။

"ငါ့မြေး... ဘိုးဘိုးပြောတာကို သေချာနားထောင်နော်"

"ဟုတ်ကဲ့ ဘိုးဘိုး"

"ဘိုးဘိုး သေသွားရင်..."

"မသေပါနဲ့ ဘိုးဘိုးရာ"

'ဇော်'က မျက်ရည်လေးဝဲ၍ ဘိုးအေ၏လက်ကိုကြင်နာစွာဆုပ်ကိုင်ရင်း ပြောသည်။

"ဘယ်သေချင်ပါ့မလဲ မြေးရယ်... ဒါပေမဲ့ မွေးကတည်းက သေဖို့မွေးလာကျတာချည်းပဲမဟုတ်လား... ဘိုးဘိုးဟာ လူ့လောကမှာ နှစ်ပေါင်းခုနစ်ဆယ်ကျော်တောင် နေလာပြီးပြီဆိုတော့ သေမယ်ဆိုရင် သေပျော်ပါတယ်ကွယ်...မသေချင်သေးဘူးဆိုပြီး တွယ်ကပ်နေလို့ရတာမှမဟုတ်ဘဲလေ... ငါ့မြေးလေးကို လောကအလယ်မှာ တစ်ယောက်တည်းထားခဲ့ရမှာ ဘိုးဘိုး စိတ်မချဘူး... အေးလေ စိတ်မချဘူးဆိုပြီး ခေါ်သွားလို့ဖြစ်တဲ့လမ်းမှ မဟုတ်တာ... ဟဲ ဟဲ ဟဲ"

ဘိုးဘိုးက ကွမ်းစားထား၍ ရဲ၍မည်းနေသော သွားများကိုဖော်၍ ရယ်ရင်းပြောသည်။

"အင်း... ငါ့မြေးက ခုဆိုလူပျိုကြီးတောင်ဖြစ်လာပြီ... ကိုးတန်းကြီးတောင်ရောက်နေပြီဆိုတော့ ဘိုးဘိုး သိပ်မစိုးရိမ်ပါဘူးလေ... ငါ့မြေးလေးမှာ ရုပ်ရည်လည်းရှိတယ်... လိမ္မာရေးခြား





လည်းရှိတယ်... ငယ်ငယ်ကတည်းက ဘိုးဘိုး ဆုံးမသွန်သင်ခဲ့တာကို အမြဲမပြတ်ကြားနာနေရလို့... ငါ့မြေးဟာ ဟော့ဟော့ရမ်းရမ်း မရှိဘူး... အနေအထိုင် အသွားအလာစည်းကမ်းလည်းရှိတယ်... ပညာလည်း လူတောတိုးရဲ့အောင်တက်ထားပြီ... ဘိုးဘိုး မရှိတဲ့နောက်ပိုင်း ပညာဆက်သင်ချင်သပဆိုရင် ဟောဒီပစ္စည်းတွေ ထုခွဲပြီး သင်ပေတော့... ဘိုးဘိုး မှာသွားချင်တာက ရွှေငွေဆိုတာ မသုံးတတ်ရင် ဘေးဖြစ်တတ်တယ်ကွယ့်... မလိုအပ်ဘဲ မကြွားနဲ့ မသုံးမဖြုန်းနဲ့ ဝါကြွားတော့ အန္တရာယ်ဖြစ်လာရော... သူများအထင်ကြီးစရာမလိုပါဘူးကွယ်... ကိုယ့်မှာ ရှိတာကိုယ်သိတာပဲ မလိုအပ်ဘဲ ဘယ်တော့မှ ကိုယ့်အတွင်းပစ္စည်းကို လူမြင်မခံနဲ့ကွယ်"

"ဟုတ်ကဲ့ ဘိုးဘိုး"

"ပြီးတော့ ငါ့မြေးဘဝမှာ ချမ်းချမ်းသာသာနေချင်ရင် အလုပ်ကြိုးစား... ကြားလား... ယောက်ျားဆိုတာ ကျူးသုံးကျူး မကျူးဘူးဆိုရင် ယောက်ျားကောင်းပီသပြီ... ချမ်းသာပြီကွာ"

"ဟုတ်ကဲ့... 'ဇော်' နားထောင်နေပါတယ်... ကျူးသုံးကျူးဆိုတာ ဘာကိုပြောတာလဲ"

"အအိပ်မကျူးရဘူး... အစားအကျူးရဘူး... အပျော်မကျူးရဘူး... ဘိုးဘိုးဆိုရင် ပိုးငယ်စဉ်ကတည်းက အဲဒီ စကားသုံးခွန်းအတိုင်း နေထိုင်ခဲ့တယ်... ခြိုးခြံချွေတာခဲ့တယ်... အခ



www.burmeseclassic.com

www.burmeseclassic.com



သောက်အစား အပျော်အပါးမရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ ဘယ်တော့မှ မဆင်းရဲဘူးကွာ... မပျက်စီးဘူးကွာ"

"ဟုတ်ကဲ့ ဘိုးဘိုး"

"နောက်တစ်ခု ထပ်မှာချင်တာက သူများသားမယားကို ဘယ်တော့မှ မပြစ်မှားနဲ့..., အိမ်ထောင်ပြုတော့မယ်ဆိုရင် တစ်သက်လုံးပေါင်းဖေါ်နိုင်မယ့် မိန်းကလေးမျိုးကိုရွေး... ကြားလား"

"ဟုတ်ကဲ့ ဘိုးဘိုး"

ထိုကဲ့သို့ပြောဆိုဆုံးမပြီး ဘိုးဘိုးက သူစုဆောင်းထားသောရွှေထုပ်ကို အိမ်ခေါင်မိုးပေါ်ကယူပြပြီး ငွေသားနှစ်သောင်းကျော်ကိုလည်း ပြသည်။ သူသေဆုံးလျှင် မြေးဖြစ်သူကို စောင့်ရှောက်ကြည့်ရှုပါရန် အိမ်ကိုနေ့စဉ်ဆွမ်းခံကြွသော ဘုန်းတော်ကြီးအား မှာသွား၏။

ဘုန်းတော်ကြီးနှင့် 'စော'သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာထဲက သိကျွမ်းနေပြီဖြစ်၍ မစိမ်းတော့ပါ။ ဘိုးဘိုး သေဆုံးသောအခါ 'စော' တသိမ့်သိမ့်ခံစားရသည်။ တစ်ယောက်တည်းမပျော်မွေ့တော့သဖြင့် ဘုန်းကြီးကျောင်းတွင်ပြောင်းနေသည်။ ဘုန်းကြီးကလည်း ဂရုစိုက်သည်။

ကျောင်းဆက်တက်ရင်း တဖက်က ကပ္ပိယလုပ်နေခဲ့သည်။ ဘုန်းတော်ကြီး ဆည်းကပ်ကိုးကွယ်သော ဒါယိကာ၊ ဒါယိကာမ မျိုးစုံနှင့်လည်း သိကျွမ်းခင်မင်ခဲ့ရသည်။ ဘယ်သူလာ





လာ 'စော'က ရိုရိုသေသေဆက်ဆံပြီး လေးလေးစားစားကူညီတတ်သဖြင့် ဘုန်းတော်ကြီး၏အလှူရှင်များသည် 'စော'ကို ချစ်ခင်ကြသည်။ ပေးကမ်းကြသည်။

ဒါကို အခြားကပ္ပိယနှင့် ဘုန်းကြီးကျောင်းတွင် ငယ်ငယ်ကတည်းက လာရောက်ခိုကပ်နေခဲ့သူ တချို့က မကျေနပ်ကြ။ နောက်မှရောက်လာပြီး လူလည်လုပ်သည်ဟုထင်ကာ မခေါ်နိုင် မပြောနိုင်ဘဲ မုန်းတီးနေကြသဖြင့် 'စော' နေရတာသိပ်မပျော်။ သို့အသော် ပျော်ရာမှာမနေရ တော်ရာမှာနေရ ဆိုသည့်စကားရှိသည်မဟုတ်လား။

ပညာရေးဆုံးခန်းမတိုင်သေးခင်တော့ နေရပေဦးမည်။ ဘာလိုလိုနှင့် 'စော' ဘုန်းကြီးကျောင်းသားတစ်ပိုင်းဖြစ်နေသည်မှာ တစ်နှစ်ပြည့်ကာနီးပြီ။ ကိုးတန်းအောင်သဖြင့် ဘုန်းတော်ကြီးက နာရီတစ်လုံး ဆုချသလို၊ ဘုန်းတော်ကြီး၏ ဒါယိကာ၊ ဒါယိကာမများကလည်း ဆုချကြသည်။

မျက်ရည်အဝဲသားဖြင့် ပစ္စည်းထုပ်များကို ပွေ့ပိုက်ပြီး ဝမ်းသာနေသော 'စော'ကို တခြားဘုန်းတော်ကြီးကျောင်းသားများက မျက်စောင်းထိုးကြသည်။ မုန်းတီးသော အပြုအမူများလုပ်ကြသည်။ ဘုန်းတော်ကြီးတစ်ပါးမှလွဲလျှင် ဤကျောင်းတော်ကြီးတွင် 'စော'ကို လက်ခံချင်သူတစ်ဦးတစ်ယောက်မှ မရှိပါ။

သက်တော်ရှစ်ဆယ်၊ ဝါတော်ခြောက်ဆယ်ရှိပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးသည် ကျန်းမာရေးမကောင်းလှ။ အချိန်မရွေးပျံလွန်တော်မူနိုင်သဖြင့် 'စော' တစ်ယောက်စိတ်ပူနေမိသည်။ ဘုန်းတော်ကြီးမရှိလျှင်တော့ မိမိဤကျောင်းတွင် မနေတော့ဟုဆုံးဖြတ်ထားသည်။

သော့ခတ်ထားသော မိမိအိမ်ပေါက်ကလေးဆီသို့ ပြန်နေတော့မည်။ ရှေ့ရေးစဉ်းစားမိတော့ ရင်လေးမိသည်။ ကျောင်းဆက်တက်၍ ဖြစ်ပါ့မလား။ စားရေးသောက်ရေးကရှိသေးသည်။ ဘိုးဘိုးပေးခဲ့သော ငွေထုပ်လေးကို ဖြည်စားလျှင် တဖြည်းဖြည်းကုန်ရုံသာရှိမည်။ ကုန်သွားလျှင် မိမိဘာနှင့် သွားစားမည်နည်း။

လောကအလယ်တွင် တစ်ကောက်ကြွက်ဘဝဖြင့် နေရရှာသူဖြစ်၍ 'စော'တစ်ယောက် ကိုယ့်ဘဝရေးရေးအတွက် ကိုယ်ရင်ပူနေရှာသည်။ ထင်ထားသည့်အတိုင်းပင် ဘုန်းတော်ကြီးသည် မမျှော်လင့်ဘဲ ရောဂါဝေဒနာ သိပ်ပြင်းပြင်းထန်ထန်မဖြစ်လှဘဲ ပျံလွန်တော်မူသွားခဲ့သည်။

အဘိုးလေးသေတုန်းက ပူဆွေးခဲ့ရသော 'စော'သည် ဘုန်းတော်ကြီးသေဆုံးသောအခါ ကိုယ့်ဆွေမျိုးသားချင်း အရင်းအချာတစ်ဦး သေဆုံးသလိုခံစားရပါသည်။ ငိုကြွေးရပါသည်။

"ငိုမှာပေါ့ကွ... သောင်ပြင်လွတ်တဲ့ခွေးဖြစ်ပြီကိုး... ဘုန်းတော်ကြီးမျက်နှာနဲ့ထောင်နေတဲ့ကောင်... အခု သူ့ကိုဘယ်သူ ဘယ်ဦးဇင်းကမှ လက်ခံမှာမဟုတ်တော့ဘူး... ခွေးဖြစ်ပြီလေ"





"ဟုတ်ပါ့... မှန်ပါ့"

'စော' ခက်ထန်သော မျက်နှာဖြင့်လှမ်းကြည့်ပြီး...

"ဟော့ကောင်တွေ နေစရာမရှိလို့ မင်းတို့ဆီလာကပ်နေတယ်မှတ်သလား... ငါ့မှာ အိမ်ရှိတယ်... နားလည်လား"

"ရှိလည်း ပြန်နေတော့... ပြန်ပေတော့"

"ဟား ဟား ဟား"

'စော' အံကိုကြိတ် မျက်တောင်မခတ်ဘဲ ကြည့်နေလိုက်သည်။ ဘုန်းတော်ကြီး ဈာပနာပြီးလျှင် အိမ်ပြန်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။

" 'မောင်စော' "

"ခင်ဗျာ"

ဒါယိကာကြီး 'ဦးမြတ်လှ'က ခေါ်ခြင်းဖြစ်သည်။

"ဘုန်းတော်ကြီးက သူ မရှိတော့ရင် 'မောင်စော'ကို စောင့်ရှောက်လိုက်ပါလို့ မှာသွားတယ်ကွယ့်... 'မောင်စော'ဘာမှအားမငယ်နဲ့... ဘဘတို့ရှိတယ် ကြားလား"

"ဟုတ်ကဲ့"

ဝဲနေသောမျက်ရည်က ယခုမှပြိုဆင်းပြီး ပါးပေါ်မှလျှောခနဲ ကျသွားသည်။ ဩော် ဘုန်းတော်ကြီးသည် သေွးမတော်သားမစပ်ဖြင့် မိမိအပေါ် သံယောဇဉ်အတော်ကြီးရှာပါကလား။ မိမိ၏နောင်ရေးအတွက် ဒုက္ခမရောက်လေအောင် ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားခဲ့ကြောင်း သိရလေသောအခါ ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုမိပါသည်။

"'မောင်စော' ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ကျွန်တော် ဒီကျောင်းမှာ ဆက်မနေတော့ဘူး ဘဘ... ကျွန်တော် အိမ်ကိုပြန်မှာပါ"

"ဪ 'မောင်စော'က အိမ်ရှိသလားကွယ်"

"ဟုတ်ကဲ့... အဘိုးမသေခင်က ကျွန်တော်နဲ့ နေခဲ့တဲ့ အိမ်ကလေးပါ... သေးသေးလေးပါ"

"ဟုတ်ပြီ... ပြန်နေတာတော့ ဟုတ်ပြီ... 'မောင်စော' တစ်ယောက်တည်း ဘယ်သူကချက်ပြုတ်ကျွေးမလဲ... ဘယ်သူက ရှာကျွေးမလဲ"

"ဟုတ်ပါတယ် ဘဘ... ကျွန်တော်လည်း အဲဒါကိုစဉ်းစားမိပါတယ်... ကျွန်တော် အလုပ်လုပ်ချင်ပါတယ်"

"ဟုတ်ပြီ... ကြိုက်တယ်... ငါ့တူက ငယ်သာငယ်တယ်... ပြတ်ပြတ်သားသားဆုံးဖြတ်ရဲတာကို ချီးကျူးတယ်ဟေ့... အလုပ်လုပ်မယ်ဆိုရင်တော့ ဘဘက ငါ့တူကို ပိုပြီးအကူအညီပေးနိုင်တယ်ကွ"

'စော'က 'ဦးမြတ်လု'ကို အားကိုးတကြီးမော့ကြည့်နေသည်။

"ဘဘရဲ့စေတနာကတော့ မင်းအရွယ်ဟာကျောင်းနေရ





မယ့်အရွယ်ဆိုတော့ ကျောင်းဆက်နေစေချင်တာပေါ့ကွာ... ဒါပေမဲ့ ဘဘကတစ်ယောက်တည်းသမား မဟုတ်ဘူးလေ... မိန်းမရှိတယ်... သားသမီးရှိတယ်... သားသမီးရှိတယ်ဆိုတော့ အိမ်ခေါ်ကျွေးထားပြီးမှ မကြိုက်ရင်ခက်မယ်... ကျောင်းမနေဘူး... အလုပ်လုပ်မယ်ဆိုရင်တော့ ပွဲရုံမှာတောက်တိုမယ်ရအလုပ်တွေတစ်ပုံကြီးရှိတယ်... ကြီးလာတော့ လခကောင်းကောင်းပေးမယ်ကွာ... အခုလောလောဆယ်တော့ နေစရာပေးမယ်... ထမင်းကျွေးမယ် မုန့်ဖိုးပေးမယ်"

'စော' တွေတွေကလေး ငေးရင်းစဉ်းစားသည်။ ဘာပဲဖြစ်ဖြစ် နေ့စဉ်ထမင်းစားဖို့တော့ မပူရတော့။ မုန့်ဖိုးရတာကို အဝတ်အစားဝယ်ဝတ်နိုင်သည်။ အဘိုးပေးသွားသော အမွေများကိုထိစရာမလိုတော့။အိမ်ကလေးကလည်း အမွေအဖြစ်ရှိနေသေးသည်။ ပွဲရုံမှာနေတော့ အတွေ့အကြုံတစ်မျိုးရတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

# ၂

'စော' ချွေးများကို ပုဆိုးဖြင့်သုတ်ပစ်လိုက်သည်။ မနက်မိုးမလင်းခင်ပင်မောနေပြီ။ နယ်ကိုကုန်ပို့ရောရှိ၍ နံနက်လေးနာရီလောက်ကတည်းက ကုန်ကားပေါ် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် အခြားကုန်မျိုးစုံများကို တင်နေကြခြင်းဖြစ်သည်။ ကုန်ပွဲရုံရောက်လာသည်မှာ တစ်လပြည့်တော့မည်ဖြစ်သည်။

တစ်နေ့မှ အားရသည်မရှိသေး။ မနက်နေမထွက်ခင်ကမှ ညမိုးချုပ်သည်အထိ ထမင်းကိုပင် အလုအယက်စားယူရသည်။ 'ဦးမြတ်လှ' သဘောကောင်းသော်လည်း ၎င်း၏ဇနီး 'ဒေါ်အေးခင်'မှာ နာမည်နှင့်တခြားဆီဖြစ်နေသည်။ အလွန်ပူလောင်ပြီး ခင်မင်မှုနည်းသူ ဖြစ်သည်။

အမြဲစိတ်တိုနေတတ်သည်။ မျက်ခုံးမှာ အတွန့်ချိုးပြီး





မျက်နှာကို ပုပ်သိုးထားတတ်သည်။ အလုပ်သမားများကိုလည်း မျက်နှာရှစ်ခေါက်ချိုးဖြင့် နိုင်ထက်စီးနင်း ဆက်ဆံတတ်သည်။ အလုပ်ကို အဆက်မပြတ်ခိုင်းတတ်သလောက် ကျွေးရ၊ ပေးရ၊ ကမ်းရမှာ အလွန်နှမြောတွန့်တိုတတ်လေသည်။

ထမင်းကျွေးလျှင် ဆန်ကိုအညံ့ဆုံးဆန်ဖြင့် ကျွေးတတ်သည်။ ဟင်းဆိုလျှင် ဆီမှထည့်ပါ၏လောဟု ထင်ရပြီး၊ ဆိတ်သားဆိုလျှင် အရိုးနှင့်အသားကို ဝယ်ချက်ပြီး အသီးအနှံတစ်ခုခုနှင့်ရောတတ်သည်။ ကုလားပဲနှင့် ရောတတ်သည်။ ပဲနှင့်ငါးအပေါစား၊ ငါးခြောက်အပေါစားများကိုကြော်ပေးတတ်သည်။

"သိပ်အကျင့်ယုတ်တဲ့ အဘွားကြီးကွာ... အပေါစားတွေချည်းပဲချက်ကျွေးတယ်... သူတို့ကျတော့ ဆီဦးထောပတ်စားပြီး သူတို့ကိုရှာကျွေးနေတဲ့ ငါတို့ကျတော့ မသဒ္ဒါဘူး"

"ဟ... ငါတို့က သူတို့ရဲ့အလုပ်သမားပဲ... သူတို့ဆီက လခလည်းယူတယ်... ထမင်းစားတယ်... ဒီလောက်ပဲ စေတနာရှိမပေါ့ဟ မှတ်ထား... ချမ်းသာတဲ့လူတချို့ လက်ဖွာသလောက်... ချမ်းသာတဲ့လူ တော်တော်များများဟာကပ်စေးနဲတယ်... အဲသလိုကပ်စေးနဲလို့လည်း ချမ်းသာတာ...လက်ဖွာတဲ့လူတွေဟာ နောက်ဆုံးကျတော့ ပြန်မွဲတာပဲ... ငါ အလုပ်ရှင်မျိုးစုံနဲ့တွေ့ပြီးပြီ... 'ဒေါ်အေးခင်'လို ကပ်စေးနဲတဲ့ လူတွေပဲ ရေရှည်ချမ်းသာတာကွ"

သူတို့ပြောသမျှကို 'စော' နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် 'စော' "

"ဗျာ"

"မင်းက ရုပ်ကလေးလည်းချော... ပညာကလေးလည်း ရှိတဲ့ကောင်ပဲကွ... 'ဒေါ်အေးခင်' သမီးကို ရအောင်ဖန်ပါလား... ဒါဆို မင်းဆင်းရဲတွင်းက လွတ်ကင်းပြီ ငါ့လူ"

"ဟာဗျာ မလုပ်ပါနဲ့... ကြားသွားလို့... အလုပ်ထုတ်ပစ်နေပါ့မယ်... ကျွန်တော်ဟာ ကလေးပဲရှိပါသေးတယ်... အိမ်ထောင်ရေး အချစ်ရေးတွေနားမလည်သေးပါဘူးဗျာ"

'စော' ထိုသို့ပြောပြီး ကိုယ့်အလုပ်ကိုယ်ဆက်လုပ်သည်။ မိမိအတွက်ကတော့ ဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ပါးစပ်အရသာရှိဖို့ထက် ဝမ်းဝဖို့အတွက်အဓိကထားပြီး စားပစ်လိုက်သည့်အတွက် ဘာမှပြဿနာမရှိ။ 'ဒေါ်အေးခင်' အပေါက်ဆိုးကြောင်းသိသဖြင့် သူခိုင်းသမျှတာဝန်ကျေအောင်လုပ်ပြီး အလုပ်မရှိလျှင် မခြင်ကွယ်ရာတွင် စာအုပ်တစ်အုပ်ဖတ်နေလိုက်သည်။

လုပ်သက်ကြာလာသည်နှင့်အမျှ ပွဲရုံလုပ်ငန်းများကိုသိရှိနားလည်လာသည်။ ပွဲရုံသို့လာသမျှ ကုန်ကားပိုင်ရှင်များ၊ ဒရိုင်ဘာများ၊ စပယ်ယာများနှင့် ခင်မင်ရင်းနှီးနေပြီ။ ဘယ်သူဘာခိုင်းခိုင်း မျက်နှာတစ်ချက်မပျက်ဘဲ ဖင်ပေါ့ပေါ့ဖြင့် ဟိုဟာပြေးဝယ်ပေးဒီဟာပြေးယူပေးလုပ်တတ်သဖြင့် 'စော'ကို အားလုံးကခင်ကြသည်။ ပေးကမ်းကြသည်။





များသောအားဖြင့် ကားပိုင်ရှင်များ ကိုယ်တိုင်ပါလာလျှင် 'စော' ပိုပွသည်။ မုန့်ဖိုးများများရသည်။ 'ဦးမြတ်လှ'၏ ပွဲရုံတွင် နယ်မှကုန်ကားများစွာ လာရောက်ကုန်တင်ရင်း တည်းခိုကြသည်။ ပွဲရုံကပ်လျက်တွင် ကုန်ကားနှင့်လာသူများ နယ်မှကုန်သည်များ တည်းခိုနိုင်ရန် အခန်းလွတ်တစ်ခုလုပ်ပေးထားသည်။

ထိုနေရာတွင် 'စော'က ဒရဝမ်လည်းလုပ်ရသည်။ ထို့ကြောင့်ပင်ပန်းသော်လည်း အိပ်စရာနေရာ၊ စားစရာထမင်းနှင့် ဝတ်စရာအဝတ်ရရှိနေသည့်အပြင် နယ်ပေါင်းစုံမှ လုပ်ငန်းရှင်အသီးသီးနှင့် တွေ့ကြုံဆက်ဆံခင်မင်နေရသဖြင့် အတွေ့အကြုံအများကြီးရှိနေသည်။ တိုးတက်မှုအများကြီးရှိနေသည်။

'ဒေါ်အေးခင်'ကို မနှစ်သက်သော်လည်းသဘောကောင်းသော'ဦးမြတ်လှ'၏ မျက်နှာကြောင့်၎င်း၊ ကိုယ့်ဘဝအတွက် အဆင်ပြေနေ၍၎င်း၊ 'စော' ပွဲရုံတွင်တစ်နှစ်နီးပါးကြာမြင့်ခဲ့သည်။ မိစုံဖစုံနှင့် နေရသူများအဖို့ 'စော' အရွယ်သည် ကလေးသာသာရှိပါသေးသည်။

ပညာသင်ကောင်းဆဲ၊ မိဘပိုက်ဆံလက်ဖြန့်သုံးစွဲရမည့်အရွယ်။ သို့သော် မိမရှိ ဖမရှိနှင့် ကိုယ့်ဘဝကိုယ်ကျောင်းနေရသော 'စော' ဘဝအတွက်တော့ ဘဝအကြောင်းသိသင့်သလောက် သိနေပြီ။ လူတွေအကြောင်း သိသင့်သလောက်သိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းတတ်နေပြီ။ ငွေလည်း ရှာတတ်နေပြီ၊ စုဆောင်းတတ်နေပြီ။

" 'မောင်စော'တို့... 'အုန်းမောင်'တို့... 'လှမြင့်'တို့"

"ခင်ဗျာ ဘဘ"

"နက်ဖြန်... အားလုံးအိမ်လာကြဦးဟေ့... ခြံရှင်းခိုင်းချင်လို့"

"ဟုတ်ကဲ့ ခင်ဗျာ"

"မင်းတို့ကို လုပ်အားခပေးမှာပါ"

"အိုတော်... ဘာပေးစရာလိုလဲ... အိမ်ကအလုပ်သမားပဲဟာ... ရှင်ဟာ သိပ်စည်းကမ်းဖျက်တယ်"

'ဦးမြတ်လှ' ပြောသည်ကို စကားဖြတ်၍ 'ဒေါ်အေးခင်'က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ 'ကိုအုန်းမောင်'က 'ဒေါ်အေးခင်'ကို မရိုသေသလိုမျက်နှာဖြင့် တစ်ချက်လှမ်းကြည့်သည်။ 'ကိုအုန်းမောင်'နှင့် 'ကိုလှမြင့်'တို့က 'ဦးမြတ်လှ'ကို ရိုသေသလောက် 'ဒေါ်အေးခင်'ကို မုန်းနေကြသူများ၊ ကွယ်ရာတွင် 'ဒေါ်အေးခင်' မကောင်းကြောင်းကို ပြောနေကြသူများ။

ဘာပြောပြော ပွဲရုံပိတ်သည့်နေ့တွင် ခြံရှင်းဖို့ 'ဦးမြတ်လှ'၏အိမ်သို့ ကုန်ကားဖြင့်ခေါ်ခဲ့သည်။

"ဟာ... ခြံကြီးက အကျယ်ကြီးနော်... တိုက်ကလည်း လှလိုက်တာ"





'စော'က ယခုမှရောက်ဖူးသဖြင့် လှပသောတိုက်ကလေးကိုတအံ့တသြကြည့်၍ ပြောသည်။

"ဒါ ငါတို့ လုပ်အားခတွေနဲ့ဆောက်ထားတဲ့ တိုက်ပဲ... တကယ်ဆို ငါတို့လည်း အမွေဆိုင်တယ်"

"ဟား ဟား ဟားပေးပါလိမ့်မယ်... မင်းကို အမွေ၊ 'ဒေါ်အေးခင်'က မင်းကို ရေတက်ကျည်ပွေ့ပဲပေးလိမ့်မယ်"

'ကိုအုန်းမောင်' စကားကို 'ကိုလှမြင့်'က နောက်လိုက်ခြင်းဖြစ်သည်။ 'စော'က အလယ်ခေါင်က ပြုံးနေမိသူ။

" 'စော' "

"ဗျာ"

"ကောင်မလေးကိုတွေ့ရင် ဖန်ပေတော့"

"ဟာဗျာ မလုပ်ပါနဲ့... ကျွန်တော် ကျေးဇူးမကန်းတတ်ပါဘူး"

"အမယ်လေးကွာ... မင်းကလည်း အရေးထဲသစ္စာရှိနေသေးတယ်... ကောင်မလေးက တအားချောတာ"

"တော်ပါဗျာ"

'စော'တို့ကို အိမ်ထဲပေးမဝင်ပါ။ ခြံထဲမှာပင် 'ဦးမြတ်လှ'တဆင်းတွေ့သည်။ ခြံကြီး၏နောက်ဘက်တွင် ရှင်းရခြင်းဖြစ်သည်။ 'ကိုလှမြင့်' ပြောသည့် သူဌေးသမီးကို မတွေ့ရသေးခင် မြွေတစ်ကောင်တွေ့ရသဖြင့် ထွက်ပြေးကြရသည်။ နေ့ခင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီတွင် မီးဖိုချောင်ထဲခေါ်၍ ထမင်းကျွေးသည်။

ထိုးစံအတိုင်း ငါးပိကောင်ကြော်နှင့် ချဉ်ရေဟင်း၊ ခြံပြန်ရှင်းပြီး ညနေငါးနာရီခွဲတွင် လက်ဘက်ရည်တစ်ခွက်စီတိုက်သည်။ ထို့နောက် ခြံတစ်ခါပြန်ရှင်းသည်။ ညနေငါးနာရီခွဲတွင် အလုပ်သိမ်းပြီး လုပ်ခပေးသည်။ တစ်ယောက် တစ်ဆယ်ရသည်။

ပွဲရုံပြန်မည့်စောကို 'ဦးမြတ်လှ'က ကားဖြင့်လိုက်ပို့သည်။ ကားလှလှကိုပေးစီးရပါမည်လားဆိုပြီး 'ဒေါ်အေးခင်'က ဘတ်စ်ကားဖြင့် ပြန်ခိုင်းသည်။ 'စော'ကလည်း ဘတ်စ်ကားဖြင့်ပြန်မည်ဖြစ်ကြောင်းပြောသည်။ သို့သော်…

"တမင် လိုက်ပို့တာမှမဟုတ်ဘဲ 'မအေး'ရာ… သမီးကိုသွားကြိုရင်း… ပွဲရုံကို ဝင်ကြည့်ရင်းပို့တာပါ"

'ဒေါ်အေးခင်' ခါးထောက်ရင်း မျက်နှာရှစ်ခေါက်ချိုးဖြင့်ကျန်ရစ်ခဲ့သည်။ 'ကိုလှမြင့်' ပြောသောသူဌေးသမီးကို ကပ်၍လွဲသွားသဖြင့် မမြင်ဖူးလိုက်ပါ။ နောက်တစ်နေ့မနက် 'ကိုလှမြင့်'တို့ရောက်လာသည်နှင့် ပြုံးစေ့စေ့မျက်နှာဖြင့် စ,ကြ၊ နောက်ကြသည်။

"အဟမ်း အဟမ်း သူဌေးသမက်လေး"

"ဟာဗျာ… မလုပ်ကြပါနဲ့ဗျာ… ကြားသွားရင် မောင်းထုတ်ခံနေရပါဦးမယ်"





"မဟုတ်မှလွဲရောကွာ… မင်းတော့ ကြီးပွားဦးမယ်ထင်တယ်… စဉ်းစားကြည့်လေကွာ… ငါတို့တွေ 'ဦးမြတ်လှ'တို့ဆီမှာ အလုပ်ဝင်တာ မင်းတစ်သက်မကတော့ဘူး 'စောလေး' ရေ… အနှစ်နှစ်ဆယ်နီးပါးတောင်ရှိတော့မယ်… ဒါပေမဲ့ သူတို့ရဲ့ဇိမ်ခံကားပေါ် တင်မခေါ်ဖူးပါဘူးဗျာ"

"ဒီလိုဖြစ်ပါလိမ့်မယ်ဗျာ… ကျွန်တော်ဟာ သူတာဝန်ယူထားတဲ့ကလေးတစ်ယောက်ဖြစ်လို့ ဂရုစိုက်တာဖြစ်ပါလိမ့်မယ်… ဘုန်းတော်ကြီးက ဘဘ'ဦးမြတ်လှ' ဆီမှာ ကျွန်တော့်ကို သေချာအပ်သွားတာလေ"

"ဘယ်လောက်အပ်အပ်ပါကွာ… သူ စေတနာမရှိလျှင် ဘာတတ်နိုင်မလဲ"

ထိုစဉ် 'ဦးမြတ်လှ'တို့အိမ်က မှန်ကားလေးပွဲရုံရှေ့သို့ထိုးရပ်လာပြီး 'ဒေါ်အေးခင်'က အပြစ်ရှာသောမျက်လုံးအစုံဖြင့် ပွဲရုံတစ်ခုလုံးကိုကြည့်သည်။

"ကောင်လေးတွေ မနက်က ရှမ်းပြည်ကရောက်လာတဲ့လက်ဘက်ခြောက်အိတ်တွေရော"

"နောက်ဘက်ရုံထဲမှာပို့ထားပါတယ်"

"ဘယ်နှစ်အိတ်လဲ"

"အိတ်သုံးဆယ်ပါ"

"ရှမ်းပြည်ပြန်ပို့မယ့်ပစ္စည်းတွေရော အဆင်သင့်ဖြစ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သွား"

"ဖြစ်ပါပြီ"

" 'ငဇော' "

"ခင်ဗျာ"

"နင့်ကို ဘယ်နှစ်ခါပြောရမလဲ... ဖုန်တွေသုတ်ပါ... အမှိုက်တစ်စ မရှိပါစေနဲ့လို့"

'ဇော'တို့အားလုံးသိသည်။ သည်မိန်းမကြီး တမင်အပြစ်မရှိအပြစ်ရှာပြီး ပြောနေခြင်းဖြစ်သည်။ မနက်မိုးမလင်းခင်ကတည်းက 'ဇော' အားလုံးပြီးပြီ။ အမှိုက်စဆို၍ ကြက်သွန်ခွံ၊ လေးငါးခု လေတိုက်ပြီးလွင့်လာပုံရသည်။ ပွဲရုံဆိုတော့လည်း သည်လောက်တော့ ပွလိမ့်မည်။ အခြားပွဲရုံတွေဆိုလျှင် ပွရှုပ်နေသည်။

ဤမိန်းမကြီး အလုပ်မရှိအလုပ်ရှာခိုင်းလွန်းသဖြင့် 'ဇော' အားလုံးကိုသိမ်းကျုံးလုပ်ထားစမြဲ။

"သွား... ဘုရားညောင်ရေအိုးတွေချ... အကုန်ဆေးပြီးရင် ပန်းသွားဝယ်ပြီးကပ်"

'ဦးမြတ်လှ' အရေးပေးသဖြင့် 'ဒေါ်အေးခင်'က ပိုနှိမ်၏။ 'ဇော'က ဘုရားပန်းလဲရင်း 'ကိုလှမြင့်'ကို ခပ်တိုးတိုးပြော၏။

"ခင်ဗျားတို့က အတိုးကြီး သဘောကောင်းတာမြင်တာ အဘွားကြီးအနိုင်ကျင့်တာတော့ မပြောဘူး"

"အဲဒီအဘွားကြီး ရင်ကွဲသွားအောင် သူ့သမီးလေးကိုခိုး





ပြီးကွာ... တစ်ခါတည်း မင်းကိုထိုင်ရှစ်ခိုးလိမ့်မယ်"

"ဟာဗျာ... မလုပ်ရဲပါဘူးဗျာ"

"မင်း ဖွတ်ပဲ"

"ဖွတ်ချင်လည်း ဖွတ်ပါစေတော့ဗျာ... ကျွန်တော် ဖြစ်လည်းမဖြစ်မှာဘူး... စဉ်းလည်း မစဉ်းစားရဲသေးပါဘူး... တကယ်လို့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး စဉ်းစားခဲ့ရင်လည်း ဘယ်တော့မှ မိန်းမထဘီနား ခိုစားမယ့်လူစားမျိုးမဟုတ်ပါဘူး... ချမ်းသာတဲ့မိန်းမကိုယူရင်လဲ... ကိုယ့်မှာပြည့်စုံမှယူမှာ... ပစ္စည်းမက်လို့ ယူတယ်လို့တစ်သက်လုံး အစွပ်အစွဲခံနေရရင်ခက်မယ်...အိမ်ထောင်ပြုတော့မယ်ဆိုရင် တစ်ကယ့်ချစ်မယ့် တစ်သက်လုံးချစ်သွားနိုင်မယ့် မိန်းကလေးမျိုးမှ ယူမှာဗျ"

"အောင်မယ်လေးဗျာ... ဟား ဟား ဟား... နင့်ဘကြီးကပိုတတ်သေး ဆိုတဲ့အတိုင်းပါပဲလား... မင်းပုံကိုကြည့်တော့ ကလေးသာသာ... ပြောလိုက်တဲ့စကားက ပါးစပ်နဲ့မဆန့်ပါဘူး... အိမ်ထောင်ရေးတွေ... အချစ်ရေးတွေ နားမလည်လို့ မစဉ်းစားသေးဖူးလို့သာ တော်တော့တာပေါ့ကွာ"

'အုန်းမောင်'က ထိုကဲ့သို့ပြောသလို 'လှမြင့်'ကလည်း

"ဒီငချွတ်ကကြည့်တော့သာ လက်တောက်လောက်ရှိတာနော်... စာသိပ်ဖတ်တဲ့ကောင်ဆိုတော့ ငါတို့ထက်အသိဉာဏ်ပိုရှိတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့မှာ တခြားပြောစရာစကားမရှိဘူးနော်... အလကားနေ ကျွန်တော့်ပဲကြည့်ပြီးပြောနေကြတာပဲ"

"ချစ်လို့ပေါ့ကွာ... မင်းကိုချစ်လို့ပေါ့"



## ၃

"တိ တိ..."

ဆိုင်ရှေ့မှကားဟွန်းသံကြောင့် 'အုန်းမောင်' တို့နှစ်ယောက်ပြေးကြည့်ကြသည်။ 'စော' ကပန်းအိုးများဆက်၍ လဲနေသည်။

"ဟော ပြောရင်းဆိုရင်းသေခဲဦးမယ်ကွာ... 'စော' မင်းကောင်မလေးဆိုင်ရှေ့မှာ ရောက်နေပြီ... လာကြည့် လာကြည့်"

ဘာရယ်ကြောင့်မသိ၊ 'စော' ရင်ထဲတွင် တင်းကြပ်ကြပ်နှင့်ပူခနဲဖြစ်သွားသည်။

"လာလေကွာ... ဘယ်လောက်ချောလဲ လာကြည့်စမ်းပါဟ"

"နေစမ်းပါဗျာ"

'စော' ကြည့်ချင်ပါသည်။ သို့သော်ထ၍ကြည့်လျှင် 'ကို အုန်းမောင်' တို့ကတစ်ဆိတ်ကို တစ်အိတ်လုပ်ပြောကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



" 'ငစော' "

'ဒေါ်အေးခင်' အသံကြီးက စူးစူးရှရှဒေါသဖြင့်အော်သံ။

"ခင်ဗျာ"

"လာစမ်း မြန်မြန်"

"အဘွားကြီး ဘာပွမ်ဦးမလဲမသိဘူး... ကောင်မလေးရောက်နေတဲ့အချိန်ကြီးကွာ... 'စော' တော့ရုက်မှာပဲ"

ထွက်ပြေးသွားသော 'စော' နောက်သို့ မယောင်မလည်လိုက်လာရင်း 'လှမြင့်' ကပြောသည်။

"ဟိုမှာကြည့်စမ်း... ကားတစ်စီးလုံးရွံ့တွေပေကုန်ပြီ... လှလည်းရွံ့ထဲကျပြီ... နင်တို့ကိုဒီမှာနေစရာပေးထားတာ စိမ်နဲ့နေဖို့မဟုတ်ဘူး... 'ငစော' အမြင်မတော်လုပ်ပါလား... ပြောမှလုပ်မှာလား... ဆိုင်ရှေ့မှာဒီလောက်ဗွက်ပေါက်နေတာ နင်မမြင်ဘူးလား... သွား ရေခပ်ပြီး 'ပြည့်' ကိုဆေးကြောပေးလိုက်"

"ခင်ဗျာ"

"ဟဲ့ နင် နားလေးနေလား... ဟိုမှာ ငါ့သမီးခြေထောက်တွေရော ထဘီတွေရော ရွံ့တွေပေကုန်ပြီ... သွား ရေတစ်ပုံးဆွဲပြီးဆေးပေးပြီးရင် ကားကရွံ့တွေဆေးပစ်... အိမ်ရှေ့ကဗွက်တွေလည်းအကုန်မြေဖို့"

"ဟုတ်ကဲ့"

'စော' က တိုက်နောက်ဘက် ပြန်လှည့်ပြေးသည်။ 'ပြည့်'





ကမျက်လုံးအဝိုင်းသားလေးဖြင့် နောက်ဘက်လှည့်ပြေးသွားသော 'စော' ကို တအံ့တသြကြည့်နေသည်။

'ပြည့်' ဤပွဲရုံကို အကြောင်းထူးမရှိဘဲမလာ။ ထို့ကြောင့် ပွဲရုံတွင် 'စော' ဆိုသည့်ကောင်ချောချောလေးတစ်ယောက်ရောက်နေသည်ကို ကြားသာကြားဖူးသည်။ မမြင်ဖူးပါ။ မနေ့ကအိမ်ကိုလာအမှိုက်ရှင်းကြသည်ဟု ထမင်းချက်များပြောသံကြားသလို 'စော' ဆိုသည့်ကောင်လေးသည် မျက်ခုံးထူထူ၊ မျက်တောင်ထူထူအသားဖြူဖြူနှင့် အလွန်ချစ်စရာကောင်းကြောင်း ပြောနေသံကြားရသည်။

'ပြည့်' တစ်နေကုန်အမျိုးအိမ်သွားနေသဖြင့် 'စော' ဆိုသည့်ကောင်လေးကို မတွေ့လိုက်ရ။ ငယ်သူတို့သဘာဝ 'စော' ဆိုသည့်ကောင်လေး ဘယ်လောက်ချောသည်ကိုမြင်ဖူးချင်၏။ နောက်တစ်ခုက 'ဦးမြတ်လှ' နှင့် 'ဒေါ်အေးခင်' တို့တွင် အလွန်တရာလှပသော 'ပြည့်' ဆိုသည့်မိန်းမလှလေးတစ်ယောက်ရှိသည်ကို အလုပ်သမားလူသစ်ကောင်လေးမြင်စေချင်၍ ဘာမှအကြောင်းမရှိအကြောင်းရှာကာ ပွဲရုံသို့လိုက်လာခြင်းဖြစ်သည်။

ပွဲရုံရောက်တော့ ပြဿနာဖြစ်ပြီး 'စော' ဆိုသည့်ကောင်လေးကို မိခင်ကမြည်တွန်တောက်တီးတော့သည်။ 'စော' ပြေးထွက်လာပြီး မိခင်ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့်တရိုတသေနားထောင်ရင်း ဆိုင်ရှေ့ရှိကားဖြူဖြူလေးရပ်ထားရာသို့



www.burmeseclassic.com

www.burmeseclassic.com


လှမ်းကြည့်သလို 'ပြည့်' ၏ ရှုံ့စင်နေသောထမီအနားနှင့်ဒေါက်ဖိနပ်တို့ကိုလှမ်းကြည့်ကာ အနောက်ဘက်ပြန်ဝင်ပြေးသွားသည်။

ကောင်လေး၏မျက်နှာကို မသိမသာလှမ်းကြည့်နေသော 'ပြည့်' အံ့ဩသွားသည်။ ထမင်းချက်တွေ 'စော' ၏ရုပ်ရည်ကို တအံ့တဩပြောစဉ်က ပိုလိုက်တာဟုထင်ခဲ့သည်။ ခုတော့ ဟုတ်ပါရဲ့။ ဖြူဖွေးသောအသား၊ ပါးစုံရဲရဲ၊ မျက်ခုံး၊ မျက်တောင်ထူထူ၊ အရောင်တောက်ပသော မျက်ဝန်းကျယ်ကျယ်ဖြင့် နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမထူမပါးနှင့် တကယ့်လှုချောတစ်ယောက်ပါပေ။

သူ့ကိုယ်ပေါ်မှအဝတ်အစားများမှာ ဟောင်းနေပြီဖြစ်သော်လည်း မညစ်ပတ်ပါ။ သပ်သပ်ရပ်ရပ် လျှော်ဖွပ်ထားသည်။ လုံချည်ကိုဒူးဆစ်ခန့်အထိ ခပ်တိုတိုဝတ်ထားပြီး ခုံဖိနပ်စီးထားသည်။

သည်ကောင်လေးကိုသာ ဝတ်ကောင်းစားလှတွေဝတ်ပေးလိုက်လျှင် တအားကိုချောပြီး မင်းသားပေါက်စလေးလိုသားသားနားနား ဖြစ်သွားမည်ထင်သည်။ ဟော ရေပုံးဆွဲ၍ ပြန်ထွက်လာပြီ။

"အစ်မ ပေနေတဲ့ရှုံ့တွေဆေးရအောင်နော်..."

ရိုရိုသေသေပြောပြီး ရေခွက်ဖြင့် 'ပြည့်' ၏ခြေသလုံးဖြူဖြူကို ရေလောင်းပေးပါတော့သည်။





"အို ရေခွက်ပဲပေးပါ... 'ပြည့်' ဖါသာ 'ပြည့်' ဆေးပါ့မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

'စော' က ရိုသေစွာပြောပြီး ရေခွက်နှင့်ရေပုံးကို လှမ်းပေးကာနောက်ဘက်ဆုတ်၍ ခပ်ရို့ရို့ရပ်နေသည်။ 'ပြည့်' ရှုံ့စင်အောင်ဆေးကြောပြီးနောက် သွားဖြူဖြူလေးများဖော်ကာရယ်ရင်း...

"ကျေးဇူးပဲနော်"

သမီးဖြစ်သူကိုတစ်ချိန်လုံးကြည့်နေသော 'ဒေါ်အေးခင်' က မျက်မှောင်ကြုတ်လျက်...

"'ပြည့်' လာစမ်း"

'ပြည့်' ကရုပ်ရှင်မင်းသမီးတစ်ယောက်လို လျှောက်လှမ်းရင်း မိခင်ထံသွားသည်။ 'စော' ၏မျက်လုံးထဲတွင် ကြွေသားအရုပ်ကလေးလို နုနယ်လှပသော 'ပြည့်' ဆိုသူ၏အပြုံးတစ်ချက်သည် လက်ခနဲ၊ထင်းခနဲဖြစ်သွားသည်။ ရင်ထဲမှာလည်းတစ်မျိုးဖြစ်သွားသည်။

'ကိုအုန်းမောင်' တို့ပြောသလိုပင် 'ပြည့်' သည် တကယ့်ကိုချောလှပါသည်။ မိန်းကလေးတစ်ယောက်ကိုစ၍ စိတ်ဝင်စားမိခြင်း၊ လေ့လာသုံးသပ်မိခြင်းသည် ဒီတစ်ခါသာရှိပါသေးသည်။ အထူးသဖြင့် 'ပြည့်' ကို သေချာကြည့်မိခြင်းမှာလည်း 'ကိုအုန်းမောင်' တို့စထားနောက်ထားခြင်းကြောင့်လည်းကောင်း၊ အလွန်ချောသည်ဆို၍လည်းကောင်း၊ လေ့လာသည့်အနေဖြင့်ကြည့်မိ


www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။

ကြည့်မိပြန်တော့ ဝေဒနာလေးတစ်ခုဖြစ်ရသည်။ 'ပြည့်' ၏အရောင်လက်သော မျက်လုံးကလေးများက မိမိကိုခင်မင်သ လို ဖော်ရွေသလိုကြည့်နေသည်။ မျက်နှာလေးမှာပြုံးရွှင်နေပြီး အသံကလေးမှာ ကြည်လင်ချိုသာ၍နေသည်။

"ဘာ ကျေးဇူးတင်ပါတယ်ပြောစရာလိုလဲ... ကိုယ့်အိမ် ကနိုင်းတဲ့အကောင်များ... ညည်းကတရိုတသေဆက်ဆံနေ တယ်လို့... နေစမ်းပါဦး ဆိုင်ကိုဘာကိစ္စလိုက်လာတာလဲ"

"ဝယ်စရာတစ်ခုတွေ့ထားလို့... ငွေတစ်ထောင်လောက် ပေးစမ်းပါ မေမေနော်"

'ပြည့်' က မိခင်ကိုချွဲချွဲပျစ်ပျစ်လေးပြောသည်။

"တစ်ထောင်တောင်ဘာဝယ်မှာ မို့လို့လဲ... ဟိုတစ်နေ့က လည်းတစ်ထောင်ပေးထားတာပဲ"

"နိုင်ငံခြားကလာတဲ့ ပိုက်ဆံအိတ်တစ်ခု အရမ်းလှတာပဲ မေကြီးရဲ့... အဖြူရောင်ဆွတ်ဆွတ်ကလေး... အဲ့ဒါဝယ်ချင်လို့"

"မပေးချင်လို့ပြောနေတာမဟုတ်ဘူး... 'ပြည့်' မှာဝယ် ပြီးသားလက်ကိုင်အိတ်တွေ ဗီရိုနဲ့တစ်လုံးလောက်ရှိတယ်... ဘာ လုပ်မှာလဲ ရုပ်ရှင်မင်းသမီးတွေသာ ပိုက်ဆံအိတ်တစ်လုံးပြီးတစ် လုံးဝယ်တာ"

"သမီးလည်းတစ်နေ့ မင်းသမီးမဖြစ်ဘူးပြောနိုင်မလာ





င်တဲ့အခါကျတော့ ဝယ်စရာမလိုတော့ဘူးပေါ့... လုပ်ပါမေကြီး ာ ပေးနော်"

"ကဲ ယူသွား ယူသွား... ဒီလထဲမှာ 'ပြည့်' သုံးတဲ့ပိုက်ဆံ ာက်တော်များနေပြီနော်... နောက်တစ်ခါလာတောင်းရင် မပေး တော့ဘူး"

'ပြည့်' ကမိခင်ကို မျက်လုံးလေးကလယ်ကလယ်ဖြင့် ျာထုတ်ပြသည်။ 'ပြည့်' ၏လှုပ်ရှားမှုများကို 'စော' ရော 'ကို န်းမောင်' တို့တွေ့ပါ ပါးစပ်ဟောင်းလောင်းဖြင့် ငေးကြည့်နေမိ ကြသည်။

"ဟိုကောင်တွေ ဘာငေးနေတာလဲ... ကိုယ့်အလုပ် ကိုယ် ုပ်စမ်း"

'ဒေါ်အေးခင်' ၏ အော်သံကြောင့် အားလုံးကျောက်ရုပ် ဝမှ ပြန်၍အသက်ဝင်လာကြသည်။ 'စော' ပေါက်တူးယူ၍ ုံနောက်ဘက်မှမြေကြီးများကို သံပုံးဖြင့်သယ်ကာ ဆိုင်ရှေ့မှ က်အိုင်များကိုဖို့သည်။ အိမ်နောက်ဘက်မှပြန်ထွက်လာသော ခါ 'ပြည့်' ၏ ကားလေးမရှိတော့။

'စော' ၏ရင်မှာတစ်မျိုးကြီးဖြစ်နေသည်။ 'ပြည့်' ကို မတွေ့ ခင်က ထိုတစ်မျိုးဆိုသည့် ဝေဒနာမျိုးရင်မှာမခံစားရ။ ခုတော့

"ကောင်မလေးက ပြန်ကာနီး မင်းကို မျက်လုံးလေး က ယ်ကလယ်နဲ့ ရှာသွားသေးတယ်ကွ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါဗျာ… အဘွားကြီးက သူ့သမီး ဒီဆိုင်ကိုလာတာ မကြိုက်လို့ မျက်နှာကိုရှစ်ခေါက်ချိုးလုပ်ထားတာရော… ကျွန်တော့်ကိုလည်း သူ့သမီးရှေ့မှာနှိမ်လိုက်တာ"

'စော'က ဝမ်းနည်းသလိုလေး ပြောသည်။

"အဘွားကြီး ဘာဖြစ်နေနေ… သူ့သမီးက မင်းကိုကြည့်ပုံ မရိုးဘူး… အင်း မိန်းကလေးတွေများ ယောကျ်ားချောချောမြင်ရင် သနားချင်တာ အရင်ပဲ… ငါတို့များ ပွဲရုံမှာလုပ်လာတာကြာလှပြီ… ဒီကောင်မလေး ခဏခဏလာနေတာပဲ… တစ်ခါမှ ကျေးဇူးတင်ပါတယ်လည်း မပြောဖူးဘူး…မျက်လုံးချင်းဆုံအောင်လည်း မကြည့်ဖူးဘူး… ခင်ပုံလည်း မပြဘူးဗျာ… 'စော' မင်းဘဝကတော့ တကယ့်ကိုအပြောင်းအလဲတွေနဲ့ကြုံဦးမှာသေချာတယ် သိလား"

"တော်ပါပြီဗျာ… အိပ်မက်ထဲတောင် မမက်ဝံ့ပါဘူး"

"ကောင်မလေး ချောတော့ ချောတယ် မဟုတ်လား"

'စော'က ပြုံးနေသည်။

"အမယ် ခယ် ရုပ်ကပြုံးစေ့စေ့နဲ့ ဘယ်နှယ့်လည်းစိတ်တော့ဝင်စားတယ် မဟုတ်လား"

"ဟဲ့… ဟိုကောင်တွေဘယ်ရောက်နေကြပြီလဲ… ဟိုမှာ ကားဝင်လာပြီလေ အဖေတို့ရဲ့… အရှေ့ကိုကြွခဲ့ကြပါဦး"

သုံးယောက်လုံး ကုန်ထမ်းဖို့ အပြေးအလွှားထွက်ခဲ့ရသည်။



## ၄

ဝေဒနာကို မသိမှုသာဖြင့်ခံစားနေရသည်။ ခါတိုင်းလမ်းမပေါ်ဖို့ ကိစ္စမရှိဘဲ မကြည့်တတ်သော 'စော' တစ်ယောက် ဟွန်းသံကြားတိုင်းလှမ်းကြည့်တတ်တာက ရောဂါတစ်ခုဖြစ်နေပြီ

"ဟဲ့ 'ငစော'… နင် ခုတလော အလုပ်ထဲစိတ်မဝင်စားဘူးနော်… လမ်းမကြီးကိုပဲ မျက်လုံးရောက်နေတယ်… ဘယ်လိုဖြစ်နေလဲ"

စိတ်မဆိုးပါ။ မိမိကိုယ်တိုင် အပြစ်လုပ်မိသူကိုး။ အလုပ်ရှင်ကျေနပ်အောင် ကိုယ့်စိတ်ကိုယ်ထိန်းပါသည်။ တစ်ပတ်လောက်ကြာတော့ လှုပ်ရှားနေသောစိတ်ကလေး ပြန်ငြိမ်သက်သွားပါသည်။ တကယ့်တော့ မိမိအရူးထခြင်းပါ။ ဘဝင်မြင့်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပေးသူတွေ ရှိ၍ရင်း၊ 'ပြည့်'ကို မြင်လိုက်ရ ဖြင့်ရင်း စိတ်ကူးယဉ်သွားမိပါသည်။ 'ပြည့်'လို မိန်းကလေး မိမိလိုကောင်ကို ကြိုက်မတဲ့လား။ 'ပြည့်' ဆိုသည့်မိန်းမလှ မှေ့ပျောက်နိုင်ဖို့ အတော်ကြိုးစားယူရသည်။ ပုံမှန်ပြန်ဖြစ်သွ လေမှ အလုပ်ထဲကို ပြန်၍စိတ်ဝင်စားလာတော့သည်။

ရှမ်းပြည်တက်မယ့်ကားပေါ် 'စော'တို့သုံးယောက် တ ဆင့်စီ တစ်ဆင့်စီ ကုန်တင်နေကြသည်။ ယခုတစ်ခေါက် ကားပို ရှင် 'ဦးတင်ခိုင်'ပါ လိုက်လာသဖြင့် 'စော' မုန့်ဖိုးကောင်းကော ရသည်။ 'ဦးတင်ခိုင်'၏ အဝတ်အစားတွေ လျှော်ဖွပ်မီးပူတိုက်ပေး ရသည်။

အိပ်ခါနီး အိပ်ယာခြင်ထောင် ထောင်ပေးသည်။ မနက် ဘက် အိပ်ယာသိမ်းပေးသည်။

"မင်းရှိနေလို့ ငါ ဒီမှာ အိပ်ဖြစ်တာကွ… အရင်ကဆို ငါ ဟိုတယ်မှာပဲတည်းတာ"

'ဦးတင်ခိုင်'သည် သုံးလေးလတစ်ခါ ရန်ကုန်ကိုလိုက် လာတတ်သည်။ ပိုက်ဆံချမ်းသာသူဖြစ်၍ ဘော်ကြော့နေ၊ ဘော် ကြော့စားသူ။ အလုပ်ကို ခါးချိုးမလုပ်ရသော်လည်း ငွေကိုရေလို သုံးနိုင်သူတွေ။ 'ဦးတင်ခိုင်'တွင် အဝေးပြေးကုန်ကား နှစ်စီး၊ လူစီး ကားနှစ်စီးနှင့် ဂျစ်ကားတစ်စီး ရှိသည်ဟုသိရသည်။

"တီ တီ"





ကားဟွန်းသံနှင့်အတူ 'ဦးတင်ခိုင်'၏ ကုန်ကား၏ဘေး သို့ အဖြူရောင်ကားလှလှလေးတစ်စီးထိုးရပ်လာသည်။

"ဟော… သမီး 'ပြည့်'"

'ဦးတင်ခိုင်'က 'ပြည့်'ကို မေးငေါ့၍ ဝမ်းသာအားရနှုတ် ဆက်သည်။

"'အန်ကယ်ခိုင်'က အိမ်ကိုတောင် မလာဘူး"

"အေးကွ… မအားလို့ သမီးရာ… ငါ့သမီးတောင် မတွေ့ရ တဲ့ လေးငါးခြောက်နှစ်အတွင်း အတော်ကိုထွားလာတာပဲ"

"ဟုတ်တယ်… အဲသလို ထွားလာလို့ကို ဆွယ်တာတွေ မတော်တော့လို့ အခု အန်ကယ့်ဆီလာမှာတာ"

"ဟုတ်လား… ဘာပုံစံ… ဘာအရောင်လဲ… ပြောလိုက်"

"အဲဒီအထုပ်ထဲမှာ ပုံစံရော… ချည်ဖိုးရော… ထိုးခရော ထည့်ပေးထားတယ်"

"ဟုတ်ပြီ… ဟုတ်ပြီ"

စကားပြောနေရင်း 'ပြည့်'က မျက်လုံးလက်လက်က လေးဖြင့် လှမ်းကြည့်သည်။ 'စော'ကလည်း ဆန်အိတ်ထမ်းရင်း ခိုးအကြည့် မျက်လုံးချင်းဆုံသွားသည်။ 'စော' ပါးဖေါင်းဖေါင်း လေးရဲသွားသည်။ အပေါ်ပိုင်းကိုယ်ဗလာ၊ အောက်ပိုင်းဘောင်းဘီ ပေါ်တွင် လုံချည်ကိုထက်ပိုင်းချိုး၍ ထပ်ဝတ်ထားသည်။

ဖြူဖွေးသောအသား၊ ဖွံ့ထွားသော ကိုယ်ကာယဖြင့် 'စော'



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာလေးက နုငယ်လန်းဆန်းနေသည်။ ရုပ်ချောချော ငယ်ရွယ်ရွယ်နှင့် သည်ကောင်လေး သည်အလုပ်ကိုလုပ်နေရ သနားစရာပါပဲ။

"ဖေဖေ့ဆီ သွားလိုက်ဦးမယ် အန်ကယ်"

"အေး အေး"

'ပြည့်'က ပွဲရုံထဲတွင် ငွေတွေအထပ်လိုက် ရေတွက် သော ဖခင်ဖြစ်သူထံပြေးဝင်သွားသည်။ နဂိုက သဘောကောင်း လှသော 'ဦးမြတ်လှ'က သမီးကိုမြင်သောအခါပြုံးချိုသွားပြီး

"ဟော သမီးပါလား... ဘယ်ကလှည့်ဝင်လာတာလဲ"

"'အန်ကယ်ဦးတင်ခိုင်' ဆီလာတာ ဖေကြီး... ဆွယ်တာ တွေကြပ်နေလို့ ဟိုမှာထပ်ထိုးပေးဖို့ လာမှာတာ... ရှမ်းပြည် ဆွယ်တာထိုးတာ သိပ်ကောင်းတာ... အဖေကြီးကိုပြောထားတာ ကြာလှပြီ... ပိုက်ဆံကုန်မှာစိုးလို့လား မသိဘူး... အန်ကယ့် မှာမပေးဘူးလေ... ဘယ်ရမလဲ... မနေ့က ဖေကြီးနဲ့ အန်ကယ် ဖုန်းထဲစကားပြောနေတာကြားလို့ အခု မေမေ မသိအောင် တိတ်တိတ်ကလေးလာတာ... အိမ်မှာ ပြန်မပြောနဲ့နော် ဖေကြီး"

"အေးပါ အေးပါ"

အမှန်မှာတော့ မိခင်ကြီး မသိရခြင်းအကြောင်းရင်း တော့ 'ပြည့်'ကို ပွဲရုံသို့အကြောင်းမရှိဘဲ မလာရဟု ထပ်မံအမိန့် ထုတ်ထားသောကြောင့်ဖြစ်သည်။ သို့သော် 'ပြည့်'စိတ်ထဲတွင်





စင်ချောမောသော ရုပ်ရည်နှင့် ပင်ပန်းကြီးစွာလုပ်ကိုင်စား သောက်နေရသော 'စော'ကို သနားနေသည်။

ဤအလုပ်ထက်သက်သာသော ဝင်ငွေကောင်းသောအ လုပ်တစ်ခု ရှာပေးချင်နေသည်။ ဘယ်ဘဝရေစက်လည်း မသိ။ 'စော'ကို မမြင်ခင်ထဲကတွေ့ချင်၏။ တွေ့ပြန်တော့ ခင်ချင်၏။ ကူညီချင်၏။ 'စော'ကလည်း 'ပြည့်'ကို မျက်လုံးနက်နက်များဖြင့် ခိုးကြည့်တတ်၏။

အေးလေ သူလည်းလေ ပုထုဇဉ်ပဲ။ ချောတာ လှတာမြင် ရင်ကြည့်ချင်၊ ခင်ချင်ပေမပေါ့။ 'စော'ကို မေမေအလွန်နှိမ် ကြောင်း၊ ခိုင်းကြောင်း 'ပြည့်' သိပါသည်။ 'စော'နှင့်ပတ်သက်ပြီး ဖေဖေကကောင်းကြောင်းပြောလျှင် မေမေကဒေါပွပြီး၊ အလုပ်က ထုတ်ပစ်ဖို့သာ တွင်တွင်ပြောတတ်သည်။

ကိုယ့်မှာ သမီးပျိုရှိနေလျက်နှင့် လူငယ်လူချောများကို အိမ်မှာမခိုင်းသင့်ကြောင်း 'စော' ရောက်လာစထဲက တစ်ကျက် ကျက်ရန်ဖြစ်ခဲ့ကြသည်ကို 'ပြည့်' ကြားနေရသည်။ ဒါကြောင့် လည်း 'စော' ဘယ်လောက်များ ချောနေလို့လည်းဆိုပြီး တွေ့ချင် မြင်ချင်နေခဲ့တာကြာပြီပဲ။

ဟိုတစ်ခေါက်လာတုန်းက မိခင်ဖြစ်သူ ဆူသဖြင့်ဆိုင်ကို မလာဝံ့တော့။ ယခုတစ်ခါလည်း အကြောင်းမရှိ အကြောင်းရှာ၍ လာခဲ့ခြင်းဖြစ်သည်။ 'ပြည့်' ဘာဖြစ်နေသနည်း။ မိရှု၊ ဖမရှု၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မရှိ၊ အကိုင်မရှိလို့ အိမ်မှာလာမှီခိုသူတစ်ယောက်ကို ဘာကြောင့်စိတ်ဝင်စားနေသနည်း။

"ညည်း အန်ကယ့်ကို ချည်ဖိုးတို့... ထိုးခတို့ရော မပေးလိုက်ဘူးလား"

"ပေးလိုက်လို့ မီးမီးဆီမှာ ပိုက်ဆံပြောင်ပြီ... ဖေကြီးဆီမှာလာတောင်းတာ"

"ရော ရော"

"ဟေး ဒါကြောင့် ဖေကြီးကိုချစ်တာ"

'ပြည့်'က ဖခင်၏ပါးကို ရွှတ်ကနဲနမ်းရင်း စပ်ဖြဲဖြဲလေးလုပ်နေသည်။ ပိုက်ဆံအထပ်လိုက် အိတ်ထဲထိုးထည့်နေသည်။

"ကြည့်စမ်း ကြည့်စမ်း... ဒီကောင်မလေး ဖခင်ကြီးကိုညာနမ်းပြီး ပိုက်ဆံတောင်းနေတယ်ပေါ့လေ ဟုတ်လား"

"ဒါပေါ့... ဖေဖေတို့ရှာတာ ဖြုန်းမယ့်လူ 'ပြည့်' တစ်ယောက်တည်း ရှိတာ"

"ဟော စွာပြီ... စွာပြီ... အစ်ကိုကြီးသမီးကတော့ စွာမှစွာပဲဗျို့"

'ဦးမြတ်လု'က သမီးချော သမီးလှကို ပြုံးပြုံးကြီးကြည့်ရင်း...

"မီးမီး... ကျောင်းသွားရဦးမယ် မဟုတ်လား"

"သွားမှာ... အခု အိမ်ပြန် ရေမိုးချိုးပြီး ကျောင်းသွားမှာ"





"'ပြည့်'က ဒီနှစ်ဆယ်တန်းဖြေမှာနော်"

"ဟုတ်တယ် အန်ကယ်"

"ဒါဆို အန်ကယ့်သမီးအတွက် ဘာသာစုံမေးခွန်းနဲ့ အဖြေလွှာထုတ်ထားတဲ့ စာအုပ်ကောင်းကောင်းတွေဝယ်ပေးထားစမ်း... အိမ်ကကား နောက်တစ်ခါလာရင် သေချာထုပ်ပိုးပြီး ထည့်ပေးလိုက်စမ်းပါ... လောလောဆယ် ငါးရာပေးသွားမယ်"

"ဟုတ်ကဲ့... 'ပြည့်'ဝယ်ပေးထားလိုက်မယ် အန်ကယ်"

ဖခင်ကို နှုတ်ဆက်သည်။ ပြန်ခါနီးကားပေါ်မှ 'စော'ကို ခေါင်းငဲ့ကြည့်သွားသည်။ တည်ငြိမ်နေသော 'စော'၏ နှလုံးသားကန်ရေပြင်သည် လှုပ်ရှားသွားပါသည်။ ထိုလှုပ်ရှားမှု တစ်ပတ်ဆယ်ရက်အတွင်း ငြိမ်သက်ပါ့မလား။

သူမက တစ်ခါတလေမှ စိတ်ကူးပေါက်၊ စိတ်ရှုးထပြီးမှ ပေါ်လာတတ်ပေမယ့် သူမ ပြန်သွားပြီတိုင်း 'စော'မှာ ဝေဒနာကို အတော်ကုစားယူရပါသည်။ ပွဲရုံသို့ 'ပြည့်' ဖုန်းဆက်သည့်အခါတိုင်း ခိုးနားထောင်နေမိသလို ပွဲရုံမှနေ၍ 'ဒေါ်အေးခင်'ကဖြစ်စေ 'ဦးမြတ်လု'ကဖြစ်စေ ဖုန်းဆက်သည့်အခါတိုင်းလည်း ခိုးနားထောင်မိသည်။

သူမထံ မိမိသွားမတွေ့နိုင်သဖြင့် သူမအလာကိုသာမျှော်နေရသည်။ သို့သော် သူမကတစ်ခါပေါ်လာပြီးလျှင် လေးငါးဆယ်ရက်ပေါ်မလာတော့။



www.burmeseclassic.com

www.burmeseclassic.com



"စောလေး' ရေ"

"ခင်ဗျာ"

"ခဏနေရင် ဒေါ့ဂျစ်နဲ့ အားလူးတစ်ခြင်း၊ ကြက်သွန်တစ်ခြင်းနဲ့ ဆီတစ်ပုံးသွားပို့လိုက်... ဟိုဘက်နားက ပွဲရုံမှာမီးသွေးဆယ်ခြင်းလည်း ဝယ်တင်သွား... ရော့ မီးသွေးဖိုး... ဒါက မင်းကြီးကြီးကိုပေးလိုက်... ငွေငါးထောင်ထုတ်နော်... သေချာကိုင်သွား"

"ဟုတ်ကဲ့ ဘဘ"

'စော'ပေးအပ်သောတာဝန်ကို တာဝန်ကျေကျေလုပ်ရင်း 'ဦးမြတ်လှ'၏ ခြံရှေ့ရောက်လာသည်။ ကားဟွန်းတီးမည်လုပ်စဉ် ခြံထဲတွင် သူငယ်ချင်းတစ်ယောက်နှင့် ကြက်တောင်ရိုက်နေသော 'ပြည့်'က ပြေး၍ တံခါးလာဖွင့်ပေးသည်။

တံခါးဖွင့်ပေးရင်း 'စော'ကို မြင်လိုက်ရသောအခါ 'ပြည့်' မျက်နှာလေးရဲတွတ်သွားပြီး တို့နံ့နံ့ ဘောင်းအိဖြူကို ဆွဲတင်နေသည်။ 'စော'ကလည်း အလိုက်သိသိဖြင့် 'ပြည့်'ကို မကြည့်တော့ပါ။

ခြံထဲတွင် ဒေါ့ဂျစ်ကားဝင်လာသည်ကို 'ဒေါ်အေးခင်' ဧည့်သည်များနှင့်စကားပြောနေရင်း မြင်သည်။ သို့သော် ကားထဲတွင် 'စော' ပါလာသည်ကိုမမြင်၊ သတိမထားမိသဖြင့်...

"မီးမီးရေ ပစ္စည်းတွေ မီးဖိုချောင်ဘက် သယ်ခိုင်းဟေ့"





"ဟုတ်ကဲ့ မေကြီး"

'ဒေါ်အေးခင်' စကားပြောနေလိုက်သည်။ 'ပြည့်'က ကားကိုမီးဖိုချောင်ဘက် မောင်းဝင်ခိုင်းသည်။ ပြီးတော့ ထဘီတစ်ထည်ပြေး၍ဝတ်ထားလိုက်သည်။ ပစ္စည်းများ သယ်ပိုးပေးပြီးသောအခါ...

"ဘဘက ငွေငါးထောင်ပေးခိုင်းလိုက်ပါတယ်"

'ပြည့်'ကို မဝံ့မရဲတစ်ချက်ကြည့်ရင်း 'စော'က ပြောသည်။

"ဟုတ်လား... သွားပေးလိုက်လေ... မေမေ့ကို ကိုယ်တိုင်သွားပေးလိုက်... လာ လာ"

'ပြည့်'က ရှေ့မှ ခပ်သွက်သွက်လေးလျှောက်ရင်း ခေါ်သွားသည်။ ရွှေဝါရောင်ကျွန်းသားများခင်းထားသော ဧည့်ခန်းကြမ်းပြင်က တဖိတ်ဖိတ်ပြောင်လက်နေသည်။

"မေမေ ဒီမှာ ဖေဖေက ပိုက်ဆံ ပေးခိုင်းလိုက်လို့တဲ့"

"အေး အေး"

ပြုံးနေသော 'ဒေါ်အေးခင်'၏မျက်နှာကြီးမှာ မမျှော်လင့်ဘဲ 'စော'ကိုတွေ့လိုက်ရသဖြင့် ချက်ချင်းပြောင်းသွားသည်။ သူထင်ထားသည်က ကားမောင်းသမားနှင့် ပေးခိုင်းလိုက်သည်ဟုထင်နေခြင်းဖြစ်သည်။

'စော'၏ မျက်နှာချောချောနှင့် ချစ်စဖွယ်ပုံစံသည် 'ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အေးခင်'အတွက် အန္တရာယ်ဖြစ်နေသည်။ မိမိ၏သမီးနှင့် ငြိစွန်း သွားမှာ အလွန်စိုးရိမ်နေသည်။

"ကဲ... မင်းပြန်တော့"

"ဟုတ်ကဲ့ ကြီးကြီး"

'စော' မျက်နှာငယ်ဖြင့် လှည့်ထွက်ခဲ့သည်။'ဒေါ်အေးခင်' တခြားလူများထက် မိမိကိုဘာကြောင့် ပို၍မုန်းတီးနေပါလိမ့်။

"ကောင်လေးက ချစ်စရာလေးနော်... 'အေး'တို့ပွဲရုံက လား"

"ဟုတ်တယ် သူငယ်ချင်းရယ်... သမီးရဲ့ ဖေဖေပေါ့... မိဘမဲ့ဆိုပြီးခေါ်ထားတာလေ... ကိုယ့်မှာ သမီးပျို့ရှိမှန်း သိလျက် သားနဲ့... အိမ်ကိုများလွှတ်ရသေးတယ်... တော်ကြာ ကိုယ့်သမီးကို မ,သွားမှာတော့ မမြင်ဘူး... ဒီအတိုးကြီးတော့ အိမ်ပြန်လာပစေဦး"

'ဒေါ်အေးခင်'၏ ဒေါသသည် သိသိသာသာပေါ်လွင်နေပါသည်။ 'ပြည့်'စိတ်ဆင်းရဲသွားသည်။ 'စော'နှင့် ပတ်သက်ပြီး 'ပြည့်' စိတ်ဆင်းရဲနေတာကြာပြီပဲ။ ဒါတွေ 'စော' သိချင်မှသိပါ လေစ။

မေမေတစ်ယောက် 'စော'ကို ဖေဖေခေါ်လာကတည်းက ကန့်ကွက်ခဲ့သည်။ ရုပ်ချောချောလူငယ်တစ်ယောက်ကို အိမ်မှာ ခေါ်မမွေးနိုင်ကြောင်း ရန်ထောင်ခဲ့သည်။ 'စော'၏ ရုပ်ချောခြင်းသည် 'ပြည့်'၏နားထဲတွင် ဟိုး အရင်တည်းက ကြားနေခဲ့တာ





ကြာပြီပဲ။

ဒါပေမဲ့ 'စော'ကို မြင်ခွင့်၊ တွေ့ခွင့်တော့ မရခဲ့ပါ။ အိမ်မှာ ပြောရှင်းမည့်နေ့က 'ပြည့်' တမင်အဝေးနှင်ထားသည်။ ဘယ်ရ လဲ 'ပြည့်'ကြံဖန်ပြီး ပွဲရုံကိုလိုက်သွားလိုက်သည်။ 'စော'ကိုမြင် တော့ မေမေစိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပဲထင်မိသည်။ 'စော' သည် တကယ်ချောပါသည်။

'ပြည့်' ပွဲရုံကိုလိုက်လာရပါမည်လားဆိုပြီး၊ မေမေတစ် ယောက် ဆူလိုက်တာ၊ ပူလိုက်တာ နားကိုပူနေတာပါပဲ။ကြည့်နေ ည့်သည်တွေပြန်သွားလျှင် 'ပြည့်'ကို ဆူပါတော့မည်။

" 'ပြည့်' "

"ရှင်"

"ဟိုကောင်လေးလာတာ... နင်က ဘာညိုမြဲထွက်လုပ် နေတာလဲ"

"ဟင်... 'ပြည့်' ခြံထဲမှာ ကြက်တောင်ရိုက်နေတဲ့ဟာ... မေမေသိလျက်သားနဲ့"

"ဘောင်းဘီ တိုနံ့နံ့နဲ့ သူစိမ်းယောကျ်ားလေးလာတာ ထွက်ကြိုနေရတယ်လို့အေ... အထဲဝင်သွားပေါ့"

"အို... အိမ်ကိုသူစိမ်းယောကျ်ားလေးလာတာ အဆန်း ကျနေတာပဲ... အလုပ်သမားလာတာ အဆန်းကျနေတာပဲ"

ထိုစကားကြောင့် 'ဒေါ်အေးခင်'က အရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးအစုံဖြင့် သမီးဖြစ်သူကိုလှမ်းကြည့်နေသော်လည်း ဘာတစ်ခွန်းမှထပ်မပြောတော့ပေ။ ညဘက် 'ဦးမြတ်လု' ထမင်းစားပြီးချိန်ကျမှ 'ဒေါ်အေးခင်' ပြဿနာစတော့သည်။

"ဒီမှာ 'ကိုမြတ်'... ရှင့်သမီးကို 'ငစော'နဲ့ ပေးစားဖို့ စီစဉ်ထားသလား"

မဆီမဆိုင် စကားကြောင့် 'ဦးမြတ်လု'က မျက်မှောင်ကြုတ်လျက်...

"မင်း... ဘာတွေလာပြောနေတာလဲ"

"ရှင်းပါတယ်တော်... ရှင့်ကို ကျုပ်အခါပေါင်းများစွာ ပြောထားပြီးသား... မှာထားပြီးသားပါ... 'ငစော'ကို အိမ်မလွှတ်ပါနဲ့လို့... နေ့ခင်းက ရှင် ဘာလို့လွှတ်လိုက်တာလဲ"

"မင်းကွာ... ကိုယ့်အလုပ်သမားပဲ... ဒီလောက်မနှိမ်ပါနဲ့ ကိုယ့်တူကိုယ့်သားအရွယ်ပါ... 'အုန်းမောင်'တို့နဲ့ လွှတ်တုန်းက မင်းပဲ... ဒီကောင်တွေကြားကဖြတ်ပြီး ပစ္စည်းတွေဘာတွေခိုးထားသလားပြောပြီး ငွေငါးထောင်ကိုထည့်ပေးရတော့ တခြားလူတွေကိုစိတ်မချလို့ 'စောလေး'ကို လွှတ်လိုက်တာ... ဒီလောက် ဒီကိစ္စလေးနဲ့တော့ ပုံကြီးမချဲ့နဲ့ကွာ"

"အိုတော်... မီးဆိုတာ မလောင်ခင်ကတားထားမှ... ရှင့်သမီးကလည်း ရုပ်ကလေးချောတာကိုကြည့်ပြီး ကောင်လေးကို ခေါ်ဟယ် ပြောဟယ်နဲ့"





"ငါဖြင့် သဘိုစကားပြောတာ တစ်ခါမှမမြင်ဖူးပါဘူး ... သမီး ဒီလောက်မမိုက်ပါဘူး"

"ဒီလောက်တော့ မမိုက်သေးဘူးပေါ့တော့... တစ်ခါ ည်းလိုက်ပြေးမှ မိုက်လှချည်လား ပြောမှာလား... ဒီမှာ ရှင့်ကို ျုပ်ပြတ်ပြတ်ပဲပြောမယ်... ဒီကောင်လေးကို ရှင်မောင်းထုတ် လား... မထုတ်ဖူးလား... ဒါပဲပြော"

"သနားပါတယ်ကွာ... ခိုကိုးရာမဲ့လေးပါ"

"သည်လောက်ပြောနေတာတောင် ရှင်ဘယ်လိုဖြစ်နေ ာလဲ... ရှင် မပြောချင်ရင် ကျုပ်ပြောမယ်... နက်ဖြန် ရှင်ပွဲရုံ သွားနဲ့"

"နေပါကွာ... ငါကိုယ်တိုင်ပဲ ပြောပါ့မယ်... ဒါပေမဲ့ ဒီ ကောင်လေးအတွက် နေရာကောင်းတစ်နေရာ ရတဲ့အထိတော့ ောင့်ကွာ... ဒီကြားထဲတော့ ခဏသည်းခံနေပါလို့ ငါတောင်းပန် ါတယ်"

'ဦးမြတ်လု'အသံမှာ စိတ်ပျက်သံ၊ စိတ်မကောင်းသံ။စိတ် ချမ်းသာစွာဖြင့်ပင် 'စော'ကို ဖွင့်ပြောရတော့သည်။ 'စော' ဝမ်း ည်းသွားသည်။ 'ဒေါ်အေးခင်' သဘောထားကိုသိပြီးသားဖြစ်၍ တစ်နေ့မထွက်ရလျှင် တစ်နေ့ထွက်မည်ဆိုတာ ကြိုတင်သိပါ သည်။

'စော'ကို 'ဦးတင်ခိုင်'က တာဝန်ယူသည်ဆိုသဖြင့် ဦး

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြတ်လှ' စိတ်ချမ်းသာသွားသည်။ ဝတ်စုံတစ်စုံနှင့် ငွေတစ်ထော
ကို 'ဦးမြတ်လှ'က ပေးသည်။ 'စော'က သူတို့မြေအဘိုးနေ့ထို
ရာအိမ်လေးကို ရောင်းချပြီး 'ဦးတင်ခိုင်'နှင့် လိုက်မည်ဟုကဝ
ပေးလိုက်သည်။



## ၅

"ကဲ... ကားထွက်မယ်... ကားထွက်မယ်"

ဒရိုင်ဘာ၏အော်သံကြောင့် အတွေးပျံ့လွင့်နေသော
စော' တစ်ယောက် မကျွမ်းခင်လေး လွမ်းချင်သေး ဆိုသည့်
တော်လမ်းမျိုးကို ဖြတ်တောက်လိုက်ရသည်။သြော် 'ဒေါ်အေးခင်'
ခ်ပါသည်။ 'ပြည့်'၏ ချိုသာသောအပြုံးနှင့် ဖော်ရွေမှုသည်
စော'ကို ဘယ်လောက်အထိ မျိုသိပ်စေနိုင်မှာတဲ့လဲ။

ငယ်ရာကကြီးလာသော 'ဒေါ်အေးခင်'က ဒါတွေကြိုမြင်
ပေါ့လေ။ မိန်းမလှလှလေးတွေမြင်ရင် 'ပြည့်' မျက်နှာလေးကို
တ်ကနဲမြင်မြင်မိပြီး ရင်မှာဝေဒနာလေးတစ်ခုတော့ ခံစားရတာ
မှန်။ အခုတော့ ချမ်းနေသဖြင့်ဘာကိုမှ သတိမရချင်တော့ပါ
းတွင်းချဉ်ဆီထိအောင် ခိုက်ခိုက်တုန်အောင်ချမ်းနေပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

တောင်လေကားထစ်လို အဆင်းအတက်လမ်းများ နာရီပေါင်းများစွာဖြတ်သန်းပြီးနောက် 'ဦးတင်ခိုင်' နေထိုင်ရ ရှမ်းပြည်နယ်မြောက်ပိုင်း မြို့ကြီးသို့ရောက်လာသည်။ မြို့တ မြို့လုံး နှင်းမိုးများအောက်တွင် မှုန်ဝါး၍နေသည်။ မြို့သူ မြို့သား များသည် သိုးမွေးဦးထုပ်များဆောင်း၍၎င်း၊ မျက်နှာသုတ်ပဝါမျာ ခေါင်းပေါင်း၍၎င်း။

ဆွယ်တာအထပ်ထပ်၊ လောင်းကုတ်အကျႌ၊ ဘောင်းဘီ ရှည်များဖြင့် လမ်းလျှောက်သွားသူသွား၊ စက်ဘီးစီးသွားသူသွာ နေကြသည်။ တောင်ပေါ်နှင့်မြေပြန့်သည် အပူအအေး မတူသ လို၊ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ လေယူလေသိမ်းကအစ ကွာခြား လေသည်။

"ပွမ် ပွမ်"

ကျယ်လွန်းလှသော ခြံကြီးတစ်ခြံရှေ့တွင် ကားရပ်သွာ သည်။ နှစ်ထပ်တိုက်ကြီးတစ်လုံးက ဟိုး ခပ်ဝေးဝေးတွင် ထ ထီးကြီးရှိနေသည်။ တိုက်ဘေး ခပ်လှမ်းလှမ်းတွင် ဂျစ်ကာ တစ်စီးနှင့်၊ ကုန်ကားတစ်စီးရပ်ထားသည်။ ဘာဘူစောင်ကိုပတ် ခြုံထားသော လူတစ်ယောက်ပြေးထွက်လာ၍ တံခါးဖွင့်ပေ သည်။

" 'မေတင်' ရှိလား"





"ရှိပါတယ် ဆရာကြီး"

"အေး အေး"

"လာဟေ့ 'စောလေး' "

'ဦးတင်ခိုင်' နောက်သို့ 'စော'က လွယ်အိတ်တစ်လုံးနှင့် အပေါ်စားသားရေအိတ်ကိုဆွဲကာ ခပ်ကုပ်ကုပ်ကလေးလိုက် လာသည်။ 'ဦးတင်ခိုင်' တို့အိမ်အောက်မှာ ကြွေပြားများခင်းထား သဖြင့် ဖိနပ်ချွတ်စရာမလို။ ဘယ်ဘက်ထောင့်တွင် ကုလားထိုင် များနှင့် ဧည့်ခန်းကိုလှပစွာပြင်ထားသည်။

ပန်းအိုးများထိုးထားသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေသည်။ ညာဘက်တွင် ပေအစိတ်ခန့်ရှိသော ကွပ်ပျစ်ကြီးတစ်ခုကို ခင်း ထားပြီး အပေါ်မှာဖယောင်းပုဆိုး ပန်းရောင်ကိုခင်းထားသည်။ ဧည့်ခန်းနှင့် ထိုကွပ်ပျစ်ကြီး၏နောက်ဘက်တွင် အခန်းဖွဲ့ထား သည်။

"ကိုကို"

အိမ်ပေါ်ထပ်မှ ပြေးဆင်းလာသော ခြေသံဖွဖွနှင့်အတူ လှေကားထစ်မှ အသံချိုချိုကိုကြားလိုက်ရသည်။

" 'မေတင်' "

'ဦးတင်ခိုင်'က လှေကားဆီသို့ပြေးသလို အပေါ်ထပ်မှ ဆင်းလာသော အမျိုးသမီးတစ်ဦးက 'ဦးတင်ခိုင်' ရင်ခွင်ထဲတိုးဝင် လာသည်။ 'ဦးတင်ခိုင်'က ထိုအမျိုးသမီး ကိုယ်ကလေးကိုခါးမှ



www.burmeseclassic.com

မေး၍ ပင့်၍ချီလိုက်ပြီး နဖူးကိုတစ်ချက်နမ်းလိုက်သည်။ 'စော
မထင်မှတ်သောမြင်ကွင်းကြောင့် ယိုသူမရှက်၊ မြင်သူရှက် ပုံစံမျိုး
ဖြင့် မျက်နှာလွှဲထားလိုက်သည်။

"လွမ်းနေပြီလား"

"လွမ်းနေတာပေါ့လို့"

"ကလေးတွေရော"

"ရှိတယ်... အိပ်နေကြတုန်း"

"လာ 'မေတင်'... ပြောစရာရှိတယ်"

"ပြောစရာရှိတာလည်းပြော... 'မေတင်' မှာတာတွေ
လည်း ပါလာရဲ့လားဆိုတာ ပြောဦးလေ"

"မပါဘဲနေပါ့မလား 'မေတင်'ရာ... ဒီလောကမှာ ကိုယ့်
အလေးထားဆုံး... အရေးထားဆုံးဟာ 'မေတင်' ပါလို့ပြော
ထားပြီးပြီပဲ"

'ဦးတင်ခိုင်'၏ စကားများကိုကြားနေရသော 'စော' တစ်
ယောက် အူတွေ အသည်းတွေယားချင်နေသည်။ အင်းပေါ့လေ
'ဦးတင်ခိုင်' ရန်ကုန်ထွက်လာတာ လဝက်လောက်ရှိပြီဆိုတော့
လည်း လွမ်းနေကြမည်ပေါ့။ သို့သော် ယခုပြောနေသောစကား
များနှင့် လေယူလေသိမ်းများက ညားကာစလင်မယားလိုဖြစ်နေ
သည်။

" 'စောလေး' ရေ"





"ခင်ဗျာ"

'စော' လွယ်အိတ်ကိုပိုက်လျက် မတ်တတ်ရပ်ရင်းထူး
သည်။ 'ဦးတင်ခိုင်'ကိုကြည့်ရင်း ၎င်း၏ဇနီးကိုပါကြည့်သည်။
ဆိုယ့်မျက်စိကို မယုံချင်အောင်ဖြစ်သွားသည်။ 'ဦးတင်ခိုင်'က
သူမခါးကိုဖက်ရင်း ခေါ်လာသလို သူမကလည်း 'ဦးတင်ခိုင်'၏
ခါးကို ပြန်ဖက်ထားသဖြင့်သာ သူမသည် 'ဦးတင်ခိုင်'၏ ဇနီး
ဖြစ်သည်ဟု ထင်မှတ်လိုက်ရခြင်းဖြစ်သည်။

သမီးအရွယ်လောက်သာရှိပါသည်။ ပခုံးပေါ်၊ နဖူးပေါ်
ဝဲနေသော ခေတ်ပေါ်ဆံပင်တိုတိုနှင့် ဖြူဖွေးသောအသား၊ မျက်ခုံး
မျက်လုံးလှလှနှင့် ကိုယ်လုံးကိုယ်ပေါက်လှလှ အသက်နှစ်ဆယ်
သာသာရှိဦးမည့် မိန်းမချောလေးတစ်ယောက်။ နှုတ်ခမ်းကိုနီရဲ
အောင် ဆေးဆိုးထားပြီး ပါးအို့နီပင်တင်ထားလိုက်သေးသည်။

ခေါင်းစွပ်ဆွယ်တာအကျီ အနီရဲရဲမှာ ခပ်ကြပ်ကြပ်ဖြစ်
၍ ကိုယ်လုံး၏အမို့အမောက် အရိုက်အငင်ငင်တို့ကို ထင်းထင်း
ရှင်းရှင်း တွေ့မြင်နေရသည်။ အသက်ငါးဆယ်ခန့်ရှိပြီဖြစ်သော
'ဦးတင်ခိုင်'အတွက် သူမသည် ဇနီးအရွယ်ထက် သမီးအရွယ်က
ပိုဖြစ်ဖို့များသည်ဟုတ်ပါလား။ သို့သော်...

" 'စောလေး'... ဒါ အန်ကယ့်အမျိုးသမီးပဲ... 'မေတင်'လို့
ခေါ်တယ်"

'မေတင်' ဆိုသူ မိန်းမလှက သွားတက်ကလေးများဖော်



www.burmeseclassic.com

www.burmeseclassic.com



၍ ဖော်ရွေစွာရယ်ပြနေသည်။

"'တင်လေး'... ဒါ ကိုကိုတို့ဆီမှာ အလုပ်လုပ်ဖို့လိုက်လ တာ... အလုပ်လုပ်ဖို့သက်သက်ထက် မွေးစားတာဆိုရင်ပိုမှ တယ်ကွာ... ဘာဖြစ်လို့လည်းဆိုတော့ ကိုကို ရန်ကုန်မှာ သွ သွားနေတဲ့ပွဲရုံသိတယ် မဟုတ်လား... 'ဦးမြတ်လှ'တို့ပွဲရုံလေ

"သိတယ် ကိုကို"

"အေး... 'ဦးမြတ်လှ'က 'စောလေး'ကို သူ့သားလိုမွေ စားထားတာ... သူ့မိန်းမ 'မအေးခင်'က သမီးပဲရှိတယ်ဆိုပြ ပြဿနာလုပ်လို့ 'ဦးမြတ်လှ'က ကိုကိုဆီတစ်ဆင့်အပ်တာ... တ လိုသားလိုရစိုက်ပါတဲ့... သေချာမှာလိုက်တယ်ဗျ"

'စော' ရင်မှာ 'ဦးမြတ်လှ' စေတနာကိုလေးစားရပ သည်။ ကျေးဇူးလည်း မမေ့ပါ။ တစ်နေ့ ကျေးဇူးဆပ်ပါမည်။

"ကိုကို ရန်ကုန်သွားတိုင်း 'စော'လေးကပဲ လျှော်ဖွ ပေး... ခူးခပ်ကျွေးဆိုတော့ 'စောလေး'ကို ကိုကိုက တူကလေးလ သံယောဇဉ်တွယ်နေပြီးသားဆိုတော့ ခေါ်ခဲ့တယ်ပေါ့ကွာ"

'မေတင်'က ခပ်ပြုံးပြုံးမျက်နှာဖြင့်...

"ကိုကို ခင်လို့ခေါ်လာတာပဲ... 'မေတင်' ဘာမှပြောစရ မလိုပါဘူးလေ... အိမ်မှာကလည်း လူလိုနေတာပဲ... လုပ်အား ပိုတိုးလာတာပေါ့ မဟုတ်ဘူးလား"

'မေတင်'သည် ရုပ်ချော သဘောကောင်းတစ်ယောက်ဟု





'စောလေး' သုံးသပ်မိသည်။

"ကဲ... ဒါဆို ဒီကောင်ကြီး အရမ်းချမ်းနေရှာတယ်... ကိုကို့အကျီတွေထဲက သုံးလေးထည်လောက်မျှပေးလိုက်ပါကွာ... ပြီးတော့ ခေါင်းအုံးတို့... မွေ့ယာတို့... ဂွမ်းဖုံတို့ပေးလိုက်ဦး"

"ဘယ်မှာသိပ်မလဲ ကိုကို"

"ရတယ်... ဒီအိမ်အောက်ထပ်မှာ ထားချင်ထား... ကား ဂိုဒေါင်မှာ နေချင်နေ ရတယ်"

"ကျွန်တော် ဂိုဒေါင်ထဲမှာပဲ နေပါ့မယ်"

သူများအိမ်ထဲမှာ နေရမှာ အားနာသဖြင့်ပြောမိခြင်းဖြစ် သည်။ 'မေတင်'က အပေါ်ထပ်တက်သွားပြီး ချက်ချင်းပြန်ဆင်း လာသည်။ ထို့နောက် အိမ်အောက်ထပ်အခန်းထဲမှ မွေ့ယာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ ဂွမ်းကတ်များထုတ်လာပေးသည်။

"'ဦးဘကြည်'ရေ... 'ဦးဘကြည်' "

"လာပြီဗျို့"

စောစောက တံခါးဖွင့်ပေးသောလူကြီး ပြေးဝင်လာ သည်။

"'ဦးဘကြည်' ဒီကလေးကို ကျုပ်မွေးစားဖို့ခေါ်လာတာ ဂိုဒေါင်ထဲမှာ သူကြိုက်တဲ့နေရာမှာ ပြင်ပေးလိုက်"

"ဟုတ်ကဲ့"

အထုပ်အပိုးတွေသယ်လာရင်းက 'စော' တစ်ခုစိတ်ပူမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိမှာ အမွေရထားသောပစ္စည်းလေးများနှင့် စုဆောင်းထားသောငွေ၊ အိမ်ရောင်းထားသောငွေများကို ထားဖို့နေရာရှိဖို့ လုံခြုံဖို့လိုသည်။ တခြားလူတွေနှင့် ရောကောသောကောနေရလျှင် မိမိမှာပစ္စည်းရှိတာ သိသွားမည်။

ဘေးလူသိလျှင် အန္တရာယ်အမျိုးမျိုးဝင်မည်။ ပထမတော့ 'ဦးတင်ခိုင်'ဆီအပ်ထားဖို့ စဉ်းစားသေးသည်။ သို့သော် ဖိုးအေး၏ စကားကိုပြန်ကြားယောင်မိသည်။ မလိုအပ်ဘဲ အတွင်းပစ္စည်းကို ထုပ်မပြပါနှင့်တဲ့။ ကားဂိုဒေါင်ကဲရောက်သွားသောအခါ ဝမ်းသာသွားသည်။ အခန်းခပ်သေးသေးနှစ်ခန်းရှိနေသည်။

"ကျွန်တော့်ကို အခန်းထဲမှာ အိပ်ယာပြင်ပေးပါဦးကြီး"

'ဦးတင်ခိုင်'က မွေးစားသားဟုပြောထားသောအရှိန်ဖြင့် ခပ်တင်းတင်းပြောလိုက်ခြင်းဖြစ်သည်။

"ဟိုဘက်အခန်းမှာ ဘယ်သူနေလဲ"

"ဦးကြီးနေတယ်"

"တစ်ယောက်တည်းလား"

"အေး"

"မိန်းမတို့... သားသမီးတို့ မရှိဘူးလား"

"မိန်းမက မီးဖွားရင်း သေပြီ... သမီးတစ်ယောက်ရှိတာ လင်နောက်လိုက်သွားတယ်လေ... အညာဘက်မှာနေတယ်"

"ဒါဆို ကျွန်တော့်ကို ဦးကြီးသားအဖြစ် မွေးစားလိုက်





ပေါ့ဗျာ"

"ငါလိုကောင်မွေးစားလို့ မင်း ဘာမှအမွေရမှာမဟုတ်ဘူး... ငါက ဒီအိမ်က ကျွေးတာစား... ပေးတာယူ... ခိုင်းတာလုပ်နေတဲ့ ကောင်"

"ဘာထူးလည်းဗျာ... ကျွန်တော်လည်း ဒီလိုပါပဲ... ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ဦးကြီးရဲ့သားလိုသဘောထားနိုင်ပါတယ်"

"အေးပါကွာ... မင်းကို ငါကလည်း မြင်မြင်ချင်းခင်ပါတယ်ကွာ... တစ်ယောက်တည်း အထီးကျန်နေတဲ့ ငါ့ဘဝထဲ မင်းထပ်တိုးလာတယ်လို့ပဲ သဘောထားပါတယ်"

"ဖယ် ဖယ်... ကျွန်တော့်ဘာသာ ခင်းပါ့မယ်"

'စော'က အခန်းကိုရှင်းသည်။ အိပ်ယာတွေဘာတွေ အကျခင်းသည်။

"ဦးကြီး... ဒီအိမ်သားတွေ သဘောကောင်းလားဗျ"

"ကောင်းပါတယ်ကွယ်... ကောင်းပါတယ်"

" 'ဦးတင်ခိုင်' မိန်းမက ငယ်ငယ်လေးနော်"

"အေးကွ... ဟုတ်တယ်"

"ကြိုက်ပြီးယူထားတာလား... လူကြီးတွေပေးစားတာလား"

"မင်း ဝတ္ထုရေးဖို့ရောက်လာတာလား... တယ် အမေးအမြန်းထူသကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ခုမှရောက်လာတဲ့သူဆိုတော့ ဘာမှမသိဘူးလေ… ဒါကြောင့် မေးတာ"

"ငါ သိသလောက်တော့ 'မေတင်' ကိုယ်တိုင်က ဆရာ့ကို လက်ထပ်ခွင့်ပေးတယ် ဆိုတာလောက်ပဲ"

"ဟုတ်လား"

'စော' အံ့အားသင့်သွားသည်။ 'မေတင်' အရွယ်ဆိုလျှင် အသက်ငယ်ငယ်အမျိုးသားများကိုရနိုင်ပါလျက် ဘာကြောင့် အသက်ကြီးရွယ်အိုကိုမှ ယူလေသနည်း။ သူမ တကယ်ချစ်၍လား။ 'ဦးတင်ခိုင်' က အသက်ငါးဆယ်ဆိုသော်လည်း ရုပ်ရည်ချောမောခြင်း၊ ကိုယ်လုံးကိုယ်ထည် မပိန်မဝ၊ အရပ်မြင့်မြင့် မျက်ခုံးထူထူ နှာတံပေါ်ပေါ်နှင့်လူချောလူခန့်ကြီးတစ်ဦးဖြစ်သည်။

"ဒါနဲ့ ဦးကြီး… 'ဒေါ်မေတင်'တို့ကို နဂိုကတည်းက ချမ်းသာတာလား"

"ဘယ်ကလာ… 'မေတင်'တို့က ဆင်းရဲတယ်"

ထိုစဉ် 'ဦးတင်ခိုင်' လာသည်ကိုတွေ့ရသဖြင့် နှစ်ယောက်လုံး ပါးစပ်ပိတ်လိုက်ကြသည်။



# ၄

'ဦးတင်ခိုင်' က 'စော'၏ နေရာထိုင်ခင်း အဆင်ပြေမပြေ လာကြည့်ပြီး လိုတာရှိလျှင် 'ဦးဘကြည်' ကိုပြောရန်နှင့် 'ဦးဘကြည်' ကိုလည်း 'စော' လိုအပ်သမျှကူညီရန်မှာသည်။ ထမင်းစားချိန်တွင် အိမ်ကြီး၏အောက်ထပ်၊ မီးဖိုဆောင်တွင် သွားရောက်စားသောက်နိုင်ကြောင်းပြောပြီး ပြန်ထွက်သွားသည်။

"ကဲ 'စောလေး'… မင်း ပင်ပန်းလာတာ… ဒီနေ့တစ်ရက်တော့ အနားယူလိုက်ဦး… ငါ ခြံထဲသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘဘ"

တစ်လမ်းလုံး အအေးဒဏ်ခံလာရခြင်း၊ ခရီးဝေးကိုကားမစီးစဖူး စီးလာရခြင်းကြောင့် 'စော' အနားယူချင်နေသည်။ ထို့ကြောင့် ခင်းထားသော အိပ်ယာပေါ်တွင် ဂွမ်းကပ်ကိုခြုံပြီး ကွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသဖြင့် နွေးထွေးသွားပြီး မှေးကနဲအိပ်ပျော်သွားသည်။ အိပ်ပျော်နေသည်ဆိုသော်လည်း ခြံထဲမှကားထွက်သံ၊ ခြံထဲသို့ ကားဝင်သံများကိုကြားနေရသည်။

နွေးနွေးထွေးထွေးနေရသည့်အတွက် နေလို့ထိုင်လို့ ကောင်းသွားသည်။

" 'အဘကြည်" '

" 'အဘကြည်' လို့"

မိန်းကလေးတစ်ဦး၏ခေါ်သံ။ အသံက ကြည်ကြည်လင်လင်နှင့် နည်းနည်းဝဲသည်။ ခပ်ဝေးဝေးမှခေါ်သံဖြစ်၍ ခေါင်းထောင်၍လှမ်းကြည့်မိသည်။

" 'အဘကြည်' အမြန်လာလေ...ဘာလုပ်နေတာတုန်း"

အခြေအနေကိုအကဲခတ်လိုက်သည်။ 'အဘကြည်'သည် မြင်ကွင်းထဲတွင်ပျောက်နေသည်။ ကောင်မလေးက ခြံဝမှလှမ်းအော်နေခြင်းဖြစ်သည်။ ဆိုက်ကားပေါ်တွင် ပစ္စည်းတွေကိုတင်ထားသည်။ ခြံတံခါးဖွင့်ရန် လှမ်းအော်နေခြင်းဖြစ်သည်။

'စော' ဘာမှစဉ်းစားမနေတော့၊ အိပ်ယာထဲမှ ဝုန်းကနဲထပြီး ခြံဝဆီသို့ပြေးသွားသည်။ တံခါးကိုဖွင့်မပေးသေး။

"ဘာကိစ္စလည်းဗျ"

အရမ်းမဖွင့်ရဲ။ တော်ကြာဖွင့်ပေးပြီးမှ အိမ်ရှင်တွေမကျေနပ်လျှင် မိမိကို အပြစ်မြင်ကြမည်။ ခြံအပြင်မှကောင်မလေးက





'စော'ကို အံ့သြသလိုမျက်လုံးပြူးလေးဖြင့်ကြည့်ရင်း...

"နင်က ဘယ်သူတုန်းလို့"

ကောင်မလေးက အသားမှာညိုသော်လည်း ဝင်းနေ၏။ စိုပြေ၏။ မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် နှုတ်ခမ်းပါးပါးတို့ကြောင့် ညိုချောလေးဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်မှာ မဝသော်လည်း ပိန်တော့ မပိန်။ လုံးလုံးတစ်တစ်ကလေးဖြစ်သည်။ သူမ၏မျက်နှာသည် စွဲဆောင်မှုရှိတာတော့အမှန်။

"ငါ ဘယ်သူလည်း မမေးနဲ့... နင် ဘယ်သူလဲ... ဘယ်ကလဲ... 'ဦးဘကြည်' မရှိဘူး"

ကောင်မလေးက ထိုစကားကြောင့် မျက်ခုံးလေးတွန့်၊ ခါးကလေးထောက်ပြီး၊ ခေါင်းတစ်ခါခါဖြင့် ဆိုက်ကားသမားကို လှမ်းကြည့်သည်။ ဆိုက်ကားသမားက...

"ငါ့လူ... ဒီကောင်မလေး ဒီအိမ်ကဆိုတာ ငါလည်းသိတယ်... တစ်မြို့လုံးလည်း သိတယ်... မင်းက ဘယ်ကရောက်လာတဲ့ကောင်လဲ... လုပ်ကွာ... မြန်မြန်ဖွင့် ငါ သွားစရာရှိသေးတယ်"

"ဟာ... ကျွန်တော်က ခုမှရောက်လာတဲ့ကောင်ဆိုတော့ တံခါးအရမ်းမဖွင့်ရဲလို့ပါ... စိတ်မဆိုးပါနဲ့နော်"

ထိုသို့ပြောရင်း တံခါးဖွင့်ပေးသည်။ ဆိုက်ကားသမားက ခြံထဲအထိမောင်းဝင်သွားသဖြင့် တံခါးပြန်စေ့ပြီး ပြေးလိုက်သွားသည်။ ထို့နောက် ဆိုက်ကားပေါ်မှတောင်းများ၊ မီးသွေးအိတ်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုဝိုင်းကူသယ်မပေးသည်။ 'စော' လုပ်သမျှကို ကောင်မလေးက မျက်လုံးလက်လက်ကလေးများဖြင့် အံ့သြသလိုကြည့်နေသည်။

ဆိုက်ကားခရှင်းပေးပြီး ဆိုက်ကားသမားပြန်ထွက်သွားသည်။ 'စော'က ခြံတံခါးပိတ်ရန် ပြေးလိုက်သွားသည်။ 'စော'၏ ပုံစံကို မီးဖိုထဲမှကောင်မလေးက မျက်မှောင်ကြုတ်၍ကြည့်နေသည်။ 'စော' ဂိုဒေါင်ဆီပြန်ပြေးလာရင်း မီးဖိုဆောင်ဘက်လှမ်းကြည့်နေသည်။

ကောင်မလေးက ပစ္စည်းများကိုရွှေ့ပြောင်းရင်း 'စော'ကို အကဲခတ်နေသည်။ 'စော' ဂိုဒေါင်ထဲပြန်ဝင်ရင်း ပြန်ကွေးနေသည်။ မီးဖိုထဲမှ ခုတ်သံထစ်သံများ ကြော်သံလှော်သံများကိုကြားနေရသည်။ မှေးကနဲအိပ်ပျော်သွားသည်။ ပြန်နိုးလာသောအခါ အဝတ်လျှော်သံတဖုန်းဖုန်း ကြားရသည်။

နာရီမရှိသဖြင့် ဘယ်နှစ်နာရီထိုးမှန်းမသိ။ ယခုမှ နေထွက်လာသည်။ နှင်းများပိုကွဲပြီး ပို၍ချမ်းလာသည်။ ဂွမ်းပုံကိုခြုံထားရင်းက ခြံထဲသို့လှမ်းကြည့်မိသည်။ အံ့သြသွားသည်။ စောစောကကောင်မလေး ထဘီတိုတို၊ တစ်ကိုယ်လုံးရေအရွှဲသားဖြင့် အဝတ်တွေလှမ်းနေပါကလား။

အဝတ်တွေကလည်း ဖလုံနှင့်နှစ်လုံး။ ကလေးငယ်အဝတ်အစားတွေတစ်ပုံကြီး။ ယောကျ်ားဝတ်တွေရော၊ မိန်းမအင်္ကျီတွေ၊ ဘရာစီယာရော၊ စောစောက 'ဦးတင်ခိုင်' ဝတ်ထားသော





အင်္ကျီ၊ ဂျာကင်၊ ဘောင်းဘီများကိုပါလျှော်၍ လှန်းနေခြင်းဖြစ်သည်။

ဩော် လက်စသတ်တော့ သူမသည် ဤအိမ်မှအိမ်ဖော်ကိုး။ အတော် သဘောကောင်းသောအိမ်ရှင်တွေပါကလား။ အိမ်ဖော်တစ်ယောက်ကို အဝတ်အစားကောင်းကောင်း သန့်သန့်ဝယ်ပေးထားပါကလား။ အိမ်ဖော်မကလေး၏ရုပ်ရည်မှာ အတော့်ကို သန့်သန့်ပြန့်ပြန့်နှင့် ချောမောလှပသည်ဟု ဆိုနိုင်ပါသည်။

စိုစိုပြည်ပြည် လုံးလုံးတစ်တစ်နှင့် မျှစ်စို့ပေါက်ကလေးနှင့်တူသည်။ သည်လောက်ချမ်းသည့်အချိန်မှာပင် အဝတ်တွေလျှော်ပြီးပြီ။ သနပ်ခါးပါးကွက်ကလေးနှင့် ပါးကလေးကဖေါင်းနေသည်။ ဆံပင်ကနက်မှောင်ထူထဲပြီး တင်ပါးပေါ်အထိရှည်သော ဖွတ်မြီးတုတ်တုတ်တစ်ချောင်းကိုကျစ်ထားသည်။

နဖူးပြေပြေ၊ နှာတံပေါ်ပေါ်နှင့် ဆံပင်ကိုဘေးခွဲပြီး ဖွတ်မြီးထိုးထားသဖြင့် ကုလားမင်းသမီးလေးနှင့်တူနေသည်။ သူမ၏ တစ်ကိုယ်လုံးကို ကုတင်ပေါ်မှာထိုင်ပြီး ခပ်အေးအေးလေ့လာသုံးသပ်မိသော မိမိအဖြစ်ကိုအံ့သြယူရတော့သည်။ မိမိဘဝသည် တစ်ကောင်ကြွက်သာဖြစ်ချင်ဖြစ်မည်၊ တာဝန်ယူမည့်သူတွေတစ်ယောက်ပြီးတစ်ယောက် ရှိနေတတ်သလို မိမိနေထိုင်ရာပတ်ဝန်းကျင်တွင် မိန်းမချော၊ မိန်းမလှလေးတွေရှိနေတတ်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိတ်နှင့်တောင်မပြစ်မှာရဲတော့ပါဘူး ခင်ဗျာ ပထမတစ်ခါတုန်းကလည်း မျက်လုံးဖြင့်ကြည့်ပြီး စိတ်ထဲမှကြည် နူးမိရုံသာရှိပါသေးသည်။ စကားတစ်လုံးမှ မပြောဖြစ်လိုက်ပါ သို့သော် နုနယ်သောနှလုံးသားသည် မိန်းကလေးတစ်ယောက်ကို ချစ်ရေးမဆိုခင်မှာပင် ကွဲအက်ဖူးခဲ့ပါပြီ။

ယခုလည်း လှပသော 'ဒေါ်မေတင်'နှင့် သူမ၏အိမ်ဖော် မလှလှလေးတို့ကို ထပ်တွေ့ရပြန်ပြီ။ ဒီတစ်ခါတော့ ပညာရနေပြ ဖြစ်၍ နေတတ်ထိုင်တတ်နေပါပြီ။ ခုတင်ပေါ် ပြန်လှဲရင်းရှေ့ရေး ကိုစဉ်းစားမိသည်။ ရှေ့ရေးဆိုတာထက် ယခုလောလောဆယ် အိပ်စရာနေရာ၊ စားစရာထမင်းအဆင်သင့်ရှိနေပြီ။ လူတစ် ယောက်အတွက် စားဝတ်နေရေးသည် အဓိကမဟုတ်ပါလား။

ယခု အဝတ်ပေးမည့်သူ၊ အစားပေးမည့်သူ၊ နေစရာပေး မည့်သူရှိနေပြီ။ 'ဦးတင်ခိုင်' ယခုလောလောဆယ်တော့ မိမိ၏အ လုပ်ရှင် ကျေးဇူးရှင် သူကြိုက်အောင်နေရမည်။ သူ မငြိုငြင်ဖို့ အရေးကြီးသည်။ 'ဦးတင်ခိုင်'၏ဖနီးသည် ငယ်၏။ ချော၏။ ပြီးတော့ ခပ်သွက်သွက် ခပ်လက်လက်ပုံစံမျိုး။

'ဦးတင်ခိုင်'ကိုလည်း ရွှဲရွှဲနှဲ့နှဲ့ဆက်ဆံ၏။ မျက်လုံးအ ကြည့်က ညှု၏။ 'ဦးတင်ခိုင်'ကလည်း သူ့ဇနီးကို အလွန်ချစ်ပုံရ သည်။ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှလေးဆိုတော့လည်း မုံ ထားမတတ်ချစ်ရှာပေမပေါ့။ 'စော'အသက်ငယ်ပေမယ့် စာများ





ဖတ်သဖြင့် ဗဟုသုတအတန်အသင့်ရှိပြီ။ ပြီးတော့ ပတ်ဝန်း ကျင်မျိုးစုံတွင် ငယ်ငယ်ရွယ်ရွယ်နှင့် နေထိုင်ကြီးပြင်းခဲ့ရသူဖြစ် ၍ လူတွေရဲ့စိတ်ဓာတ်ကိုကောင်းကောင်းလေ့လာတတ်နေပြီ။

"အဟမ်း ဟမ်း"

'ဦးဘကြည်'၏ ချောင်းဆိုးသံကိုကြားရသဖြင့် ခေါင်း ထောင်၍ကြည့်မိသည်။

" 'အဘကြည်'ဘယ်လျှောက်သွားနေတာလဲ"

"ဟေ အေး... အဟေး... ဟေး... ထုံးစံအတိုင်းပဲလေ"

"ဒါနဲ့ အိမ်ကို ဘယ်ကကောင်လေးရောက်နေတာလဲ"

"သြော် အေး အေး... နင် မသိသေးဘူးလား... ဆရာရန် ကုန်ကခေါ်လာတာ... မွေးစားထားတယ်လို့ပြောတာပဲ"

"ဟုတ်လား"

"အေး ထမင်းဟင်းပို့ချက်တော့နော်"

"ရပါတယ်... တစ်ယောက်စာ နှစ်ယောက်စာတော့ အိမ် မှာအမြဲပို့ချက်နေတာပဲ"

"အေး အေး... ငါနဲ့အတူ လာစားမယ်"

'ဦးဘကြည်' ဂိုဒေါင်ထဲပြန်ရောက်လာသည်။

"အဘ ဘယ်သွားနေတာလည်းဗျ... ခုနက ကောင်မ လေးကို ကျွန်တော်က ညွှန်သည်မှတ်ပြီး ခြံတံခါးမဖွင့်ပေးဘဲထား လို့ ဆိုက်ကားသမားကတောင် ကောင်းကောင်းဟောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်"

"ဟေ အေး... အဟား ဟား ဟား... မင်းတို့မလည်း ေ
ခဏလေးအပြင်ထွက်သွားပါတယ်ကွာ... ပြဿနာက တ
လိုက်သေးတယ်"

"အဘ ခဏလေးကလည်း တစ်နာရီလောက်ကြာမယ်...
ပြောတုန်းက ခြံထဲဆင်းမယ်ဆိုပြီး ဘယ်ပျောက်သွားတာလဲ"

"ချမ်းတယ်လေကွာ... တစ်ခွက်လောက်သွားသောက်
လိုက်တော့ သွက်သွက်လက်လက်နဲ့ အလုပ်လုပ်လို့သိပ်ကောင်း
တယ်"

"လက်ဘက်ရည်လား"

"ထပ်သရီး... ဘယ်က လက်ဘက်ရည်ကမှာလဲ... အ
ရက်ဖြူ အရက်ဖြူ"

စော်က အံ့သြသလိုကြည့်နေသဖြင့်...

"ဘာလဲကွ... ခင်းက ငါ့ကိုအရက်သမားကြီးဆိုပြီးလန့်
သွားတာလား... ငါ အရက်သောက်လာတာအနှစ်သုံးဆယ်ကျော်
ပြီ... ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး... ဘယ်သူ့ကိုမှ ရန်မမူဘူး...
စိတ်ချ... မင်းမကြောက်နဲ့... ကဲ အလုပ်စတော့မယ်"

"ကျွန်တော်ကူလုပ်ပေးမယ်"

"နောက်တော့ကူ နောက်တော့ကူ... အခု ခရီးပန်းတယ်
နားနေစမ်းပါ"





"ကဲ ဒါဆိုလည်း ကျွန်တော် အဝတ်လျှော်ဖို့ ဆပ်ပြာ
ယ်ချင်တယ်... နောက်ပြီး ထင်းရှူးသေတ္တာတစ်လုံးလောက်ဝယ်
ချင်တယ်... ဈေး ဘယ်နားမှာလဲ"

"ဟောဒီခြံရှေ့ကိုထွက်... ဘယ်ဘက်ကိုကွေ့ပြီးတည့်
တည့်သာဆင်းလျှောအတိုင်း ဆင်းသွား... လမ်းဆုံးရင် ဈေးတွေ့
သိမ့်မယ်"

"ဒါဆို ဈေးခဏသွားလိုက်ဦးမယ်... အန်ကယ်လာမေး
ရင် ပြောပေးပါနော်"

"ဟုတ်ပြီ ဟုတ်ပြီ"

လမ်းမကြီးအတိုင်းဆင်းလာရင်း ဘေးဘီကိုကြည့်မိ
သည်။ ဘေးပတ်လည်တွင် ညို့မှိုင်းသောတောင်တန်းများစွာရှိ
နေသည်။ တောင်တန်းများပေါ်တွင် ထုံးဖွေးဖွေးစေတီပုထိုးတို့ကို
ကြည်နူးသာမောဖွယ်တွေမြင်နေရသည်။ သန့်ရှင်းသာယာသော
မြို့တစ်မြို့ဖြစ်သည်။

လမ်းဘေးများတွင် ကြည်လင်သောရေများ တဝေါဝေါ
စီးဆင်းနေသည့်ရေမြောင်းကြီးများကိုတွေ့ရသည်။ ဈေးထဲတွင်
ရှမ်းလူမျိုး၊ တရုတ်လူမျိုး၊ ရှမ်းတရုတ်လူမျိုးများကို အများဆုံးတွေ့
ရသည်။ စိမ်းစိုလန်းဆန်းသောအသီးအရွက်မျိုးစုံကို လှည်းကြီး
များပေါ်၌ရောင်းချနေသည်ကိုလည်း တွေ့ရသည်။

ထင်းရှူးသေတ္တာတစ်လုံး၊ ဆပ်ပြာတစ်ထောင့်၊ သေး



www.burmeseclassic.com

www.burmeseclassic.com



ခလောက်နှင့်သော့တံတစ်စုံ၊ ဆပ်ပြာမွှေး၊ မုန့်၊ အခြောက်အခြ
လေးဝယ်၍ ဆိုက်ကားဂိတ်သို့ထွက်ခဲ့သည်။

"ဆိုက်ကား အားလားဗျ"

"အားတယ်... ဘယ်သွားမှာလဲ"

"ဟိုးအပေါ်ဘက်ကဗျာ... 'ဦးတင်ခိုင်' အိမ်ကိုလေ... သိ
လား"

"ဟော မင်း မဟုတ်လား... ခုနကလည်း ငါ အဲဒီအိမ်က
ကောင်မလေးကိုလိုက်ပို့ပေးခဲ့တာရော"

"ဩော် ဟုတ်သားပဲ... အဲဒီအိမ်ကိုပဲ သွားမှာလေဗျာ...
ဘယ်လောက်လောက်ပေးရမှာလဲ"

"သုံးကျပ်"

ဆိုက်ကားစီးလာရင်း 'ဦးတင်ခိုင်'တို့အိမ်အကြောင်းသိ
သင့်သလောက်သိရသည်။

"'ဦးတင်ခိုင်' မိန်းမက ငယ်ငယ်ချောချောလေးနော်"

"ဟုတ်တယ်... 'မမတင်'က အရမ်းချောတာ"

"'ဦးတင်ခိုင်'က အသက်ကြီးမှ အိမ်ထောင်ပြုတာထင်
တယ်"

"ဘယ်ကလာ ဟုတ်ရမှာလဲ... 'ဦးတင်ခိုင်' အရင်အိမ်
ထောင်နဲ့ရတဲ့ကလေးတွေက လူပျိုတွေ အပျိုတွေဖြစ်နေပြီပဲ...
အကြီးဆုံးသမီးဆို 'မမတင်'နဲ့ရွယ်တူလောက်ရှိတယ်"





"ဟုတ်လား... မယားကြီးက ပြဿနာမလုပ်ဖူးလား"

"'ဦးတင်ခိုင်'က ခပ်ပွေပွေကိုး... တစ်ချိန်လုံး မိန်းမထည်
သဲတွဲနေတော့... အဘွားကြီးကလည်း စိတ်ဆင်းရဲပြီး စောစော
သေသွားတယ်ထင်တယ်... ဒီ 'မမတင်'နဲ့ကျတော့ အဘိုးကြီး
အတော်ငြိမ်သွားတယ်... 'မမတင်' အဘိုးကြီးကို ခြေမရှုပ်အောင်
ထိန်းထားနိုင်တယ်... ပြီးတော့ သားမှတ်မှတ် မယားမှတ်မှတ်
ပေါင်းအောင်လည်း စည်းရုံးနိုင်တယ်"

"'ဦးတင်ခိုင်' အဲသလောက်တော့ ပွေမှာမဟုတ်ပါဘူး
ဗျာ"

ကိုယ့်အပေါ်ကောင်းသူ၊ ကိုယ့်ကျေးဇူးရှင်ကို 'စော'လူ
ရှုပ် လူပွေတစ်ယောက်ဟု မမြင်ချင်။ မမြင်ရက်ဖြစ်နေသည်။
အတွေးတစ်ခုလည်း ခေါင်းထဲဝင်လာသည်။ 'ဦးတင်ခိုင်'သည်
မိန်းမကိစ္စရှုပ်မှန်းသိလျှင် ဟိုကောင်မလေးက ဤအိမ်ကြီးတွင်
ဘာကြောင့်နေသနည်း။

'မမတင်'ရော ကိုယ့်ယောကျ်ားအကြောင်းသိလျက်နှင့်
ဘာကြောင့် အရွယ်ကောင်းသောအိမ်ဖော်မလှလှကလေးကို ထား
သနည်း။

"'ဦးတင်ခိုင်' ပွေမှန်း ဟိုကောင်မလေး မသိဘူးလား...
မလန့်ဘူးလား"

"ဘယ်ကောင်မလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မနက်က ခင်ဗျားဆိုက်ကားနဲ့စီးလာတဲ့အိမ်ဖော်ကော
မလေးကိုပြောတာ"

"ဘာ အိမ်ဖော်ဟုတ်လား... ဟား ဟား ဟား မင်းက
တော့ကွာ လုပ်လိုက်ရင်တလွဲချည်းပဲကွာ... အဲဒီကောင်မလေးက
အိမ်ဖော်လို့ မင်းကို ဘယ်သူကပြောလဲ"

"ဟင် မဟုတ်ဘူးလား... ဈေးသွားတော့လည်း သူပဲ
ချက်ပြုတ်ရှင်းလင်းတယ်... မနက် စောစောစီးစီး ချမ်းချမ်းစီးစီး
ကြီး အဝတ်တွေလျှော်တယ်"

"ဒါနဲ့ပဲ အိမ်ဖော်ဖြစ်ရောတဲ့လား... မှတ်ထား... အဲဒီ
ကောင်မလေးဟာ 'မေတင်'ရဲ့ညီမအရင်းခေါက်ခေါက် 'မေခင်'
တဲ့"

"ဟင် 'ဒေါ်မေတင်'ရဲ့ ညီမအရင်းဟုတ်လား... ရုပ်ချင်း
မတူဘူးနော်"

"ဟုတ်တယ်... ရုပ်ချင်းလည်း မတူဘူး... စိတ်ချင်းလည်း
မတူဘူး... ကဲ မောင်ရင်လည်း မေးမြန်းလိုက်တာ စုံထောက်ကျ
နေတာပဲ... ကဲ ရောက်ပြီ"

"အေးဗျ... ကျေးဇူးပဲနော်... သွားမယ်ဗျို့"

ဆိုက်ကားခပေးပြီး သေတ္တာတစ်လုံးထမ်း၍ဝင်လာသော
'စော'ကို 'ဦးတင်ခိုင်'နှင့် ဇနီး 'ဒေါ်မေတင်'တို့က အောက်ထပ်
ဧည့်ခန်းဝမှ လှမ်းကြည့်နေကြသည်။





"'စောလေး'ရေ... ရေချိုးပြီးရင် 'ဦးဘကြည်'နဲ့ ထမင်း
သွားစားနော်"

"ဟုတ်ကဲ့ပါ အန်ကယ်"

'ဒေါ်မေတင်' ရေချိုးပြီးဖြစ်၍ အဝတ်အစားတစ်မျိုးလဲ
ထားသည်။ စိန်တွေရွှေတွေကလည်း အတုံးလိုက်၊ အခဲလိုက်ကြီး
တွေဝတ်ထားသည်။ 'ဦးဘကြည်'က ခြံထဲတွင်အလုပ်လုပ်ဆဲ။

"အဘ ခဏနော်... ကျွန်တော် သိမ်းဆည်းပြီးရင် လာကူ
မယ်နော်"

"အေးပါကွာ... အေးပါ"

မိမိယူလာသော အထည်အဝတ်အစားများနှင့် 'ဦးတင်
ခိုင်'ပေးသောအဝတ်အစားများကို ထည့်လိုက်သောအခါထင်ရှူး
သေတ္တာမှာ ပြည့်မတတ်ဖြစ်သွားသည်။ ရွှေထည်နှင့်ငွေထည်အ
ချို့ကို ဂျာကင်အင်္ကျီတစ်ထည်အတွင်း လိပ်ထည့်၍အောက်ဘက်
တွင် ထိုးထည့်ထားလိုက်သည်။

ထို့နောက် အဝတ်အစားချွတ်ကာ ပေါက်တူးတစ်လက်
ယူ၍ခြံထဲဆင်းခဲ့၏။ 'ဦးဘကြည်'ကို မြေတောင် ဝိုင်းမြှောက်ပေး
သည်။ ရေဝိုင်းလောင်းပေးသည်။ 'ဦးဘကြည်' အလွန်သဘော
ကျနေသည်။ ထို့အတူ အိမ်အပေါ်ထပ်မှ မသိမသာကြည့်နေ
သော 'ဦးတင်ခိုင်'တို့လင်မယားကလည်း အလုပ်ကြိုးစားသော
'စော'ကို ကျေနပ်စွာကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၇

ရေချိုးပြီး ချမ်းလွန်းသဖြင့် ဂျာကင်ဝတ်ထားရသည်။ ထမင်းသွားစားရမည်ကို ရှက်နေသလိုပါပဲ။ သို့သော် သူတို့အိမ်ကစည်းကမ်းအတိုင်း ဆယ့်တစ်နာရီတွင်ထမင်းစားဆောင်သို့ 'ဦးဘကြည်'နှင့်အတူ ရောက်လာသည်။ ဟင်းနံ့များက မွှေးကြိုင်နေသည်။

" 'စောလေး' ဝက်သားစားလား"

"စားပါတယ် အဘ"

"ဒါဆို ဘာမှထပ်မလုပ်နဲ့တော့ 'မေခင်' "

"ဟုတ်ကဲ့ အဘ... ဟင်းတွေ ထမင်းတွေ အိုးထဲမှာရှိသေးတယ်နော်... မလောက်ရင် ထပ်ထည့်လို့ရတယ်... အားလုံးစားပြီးကြပြီ... 'မေခင်' အဝတ်တွေ မီးပူသွားတိုက်လိုက်ဦးမယ်"





"အေး အေး"

'စော'နှင့် 'မေခင်' တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ကြကြောင်း တွေ့ရသဖြင့် 'ဦးဘကြည်' ပြုံးစေ့စေ့ဖြစ်နေသည်။

"စားကွ... ဒါက မုန့်ညှင်းဆော"

"ခင်ဗျာ... မုန့်ညှင်းဆော ဟုတ်လား... အဲဒါ ဘာကိုပြောတာလဲ"

"မုန့်ညှင်းကို မန်ကျည်းသီး... ထန်းလျက်နဲ့အရည်သောက်ချက်ထားတာလေ... သောက်ကြည့်... စားကြည့်... ချိုချဉ်လေးနဲ့ မုန့်ညှင်းရွက်တွေက နူးညံ့နေတာပဲ... သောက်ကြည့်ရော့"

မစားဘူးသဖြင့် 'စော' သောက်ကြည့်မိသည်။ သောက်၍ကောင်းပါသည်။ ဝက်သားကိုနှပ်ထားသည်မှာလည်း အတော်စား၍ကောင်းသည်။ ထို့နောက် ပဲသီးဝဝကြီးများကို မြေပဲ၊ ခရမ်းချဉ်သီးဖြင့် သုတ်ထားသည်မှာလည်း အရသာရှိလှသည်။ အင်းရန်ကုန်မှာနေတာထက် ဒီမှာကအများကြီး ပိုအဆင်ပြေပါတယ် အိပ်စရာ၊ နေစရာ၊ စားစရာ၊ အဆင်ပြေလှသည်။

ထမင်းဟင်းမှာလည်း ကိုယ့်မိဘအိမ်မှာ စားရသလိုပင် ဟင်းကောင်း၊ ထမင်းကောင်းများကို ဝဝလင်လင်အရသာရှိရှိစားရသည်။ သို့သော် ဟင်းဘယ်လောက်ကောင်းကောင်း၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်မြိန်မြိန် 'စော' တစ်ပန်းကန်သာစားသည်။

"ဟော့ကောင် စားလေကွာ... နည်းလှချည်လား... ဘာလည်း ဟင်းမကြိုက်ဘူးလား"

"ကြိုက်ပါတယ် အဘ... ဟင်းတွေအရမ်းကောင်းပါတယ်... ထမင်းစားရင် တစ်ပန်းကန်ပဲစားတတ်တာ အကျင့်ပါနေလို့ပါ"

ထမင်းစားပြီးသော်လည်း 'စောလေး'က 'ဦးဘကြည်'၏ ပန်းကန်ကိုလည်း ဆေးပေး၏။ 'ဦးဘကြည်'က ထမင်းအိုးထဲမှ ထမင်းအပိုများကို ဇလုံထဲထည့်၍ ဟင်းနည်းနည်းစီထည့်ကာ နယ်သည်။ ထို့နောက် ဟင်းအိုး၊ ထမင်းအိုးများကိုဆေးသည်။

"ဖယ်... ဘဘ ကျွန်တော်ဆေးမယ်... နေ့တိုင်း ဘဘ ဆေးရတာလား"

" 'မေခင်'ကတော့ မဆေးခိုင်းပါဘူး... ဒါပေမဲ့ ငါက အမြဲနောက်ဆုံးမှစားတဲ့ကောင်ဆိုတော့ ဆေးကြောထားလိုက်တော့ ကောင်မလေးသက်သာတာပေါ့"

"ဟုတ်ပြီး... ဒါဆို ကျွန်တော်စားပြီးတိုင်းဆေးမယ်"

"မင်းလာမှ ငါဘာမှမလုပ်ရဘဲနေရင် အိမ်ရှင်တွေကရေသာခိုတယ်ဆိုပြီး မောင်းထုတ်နေပါ့မယ်"

"စိတ်ချ ဘဘ... ကျွန်တော့်ကြောင့်တော့ ဘဘ ဘာမှမဖြစ်စေရဘူး... အခုလို ဆေးပေးတာ ဘယ်သူသိတာမှတ်လို့..."





အောက်ထပ်မှာ အဘနဲ့ကျွန်တော် နှစ်ယောက်တည်းရှိတာ"

ထို့စကားကြောင့်ချောင်းကြည့်နေသော 'မေခင်'က တစ်ယောက်တည်းပြုံးသည်။ စောစောက 'မမတင်' ပြောပြ၍ 'စော'၏ရာဇဝင်တချို့ကိုသိပြီးပြီ။ 'စော'၏ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံတို့ကို 'မေခင်' အလယ်ခန်းအတွင်းမှ တစ်ချိန်လုံးအကဲခတ်နေခြင်းဖြစ်သည်။

'စော'၏ ရုပ်ရည်မှာ အတော်ကိုသားသားနားနားရှိသည်။ စားသောက်တာလည်း သေသပ်သည်။ အလုပ်ကိုလည်း ခိုမကပ် ဖင်ပေါ့ပေါ့လုပ်တတ်သည်။ အနေအထိုင်လည်းကျနော်ရသည်။

သူတို့နှစ်ယောက် စားသောက်၊ ဆေးကြော၊ ရှင်းလင်းပြီးနောက် တံခါးပြန်စေ့ကာပြန်ထွက်သွားကြသည်။

"ဘဘ"

"ဟေး"

"ဒီအိမ်ကြီးတစ်အိမ်လုံးမှာ 'ဦးတင်ခိုင်'တို့လင်မယားနှစ်ယောက်ရယ်... 'မေခင်'ရယ်ပဲ ရှိတာလား"

"မဟုတ်ဘူး... 'မေခင်'တို့အဒေါ်နဲ့မွေးစားထားတဲ့ကောင်မလေးတစ်ယောက်လည်းရှိသေးတယ်... ဈေးထွက်နေကြတယ်... ညနေကျရင် ပြန်လာကြလိမ့်မယ်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



အဖော်တွေရှိသည်ဆို၍ 'မေခင့်'အတွက် စိတ်အေးသွားသည်။ သေချာစဉ်းစားကြည့်တော့ မိမိအပူတာရှိသနည်း။ မိမိသည် ဤအိမ်ကြီး၏အလုပ်သမား။ အလုပ်ခိုင်းဖို့ ခေါ်လာခြင်းဖြစ်သည်။ မိန်းကလေးများကိုစိတ်ဝင်စားဖို့ မလိုပါ။ 'ဒေါ်အေးခင်'၏ မညာဝပေးမှုသည် 'စော'ဘဝအတွက် တစ်သက်စာ မှတ်သွားပါပြီ။

ညနေဘက်တွင် 'ဦးဘကြည်' ဈေးသွားကြိုမည်ဟုထွက်သွားသည်။ တစ်နာရီကြာမှ တွန်းလှည်းကြီးတစ်ခုတွင် အထုပ်တွေတစ်ပုံကြီးတင်၍ 'ဦးဘကြည်'ပြန်ရောက်လာသည်။ ထိုတွန်းလှည်းကိုအိမ်ကြီး၏နောက်ဘက် အပေါက်မှအိမ်ထဲသို့သွင်း၏။

ခဏကြာသောအခါ အသက်လေးဆယ်ကျော်အရွယ်အမျိုးသမီးကြီးတစ်ဦးနှင့် ဆယ်နှစ်အရွယ်ကောင်မလေးတစ်ယောက် လေးဆင့်ချိုင့်လေးဆွဲ၍ ပြန်လာကြသည်။ ညနေငါးနာရီကျော်ခန့်တွင် 'စော'တို့နှစ်ယောက် ထမင်းစားဖို့ရောက်လာရပြန်သည်။

ညနေဘက်တွင် နှစ်ယောက်တည်းတော့ မဟုတ်တော့။ 'မေခင့်' အဒေါ် 'ဒေါ်ကြင်ဌေး'နှင့် 'သေးသေး'တို့က 'စော'ကို မျက်လုံးအပြူးသားနှင့်ကြည့်နေကြသည်။ 'ဦးဘကြည်' ပြောထား၍ သူ့အကြောင်း ကိုယ့်အကြောင်းတော့ သိနေကြပြီ။ 'ဒေါ်ကြင်ဌေး' စိတ်ထဲ ခိုးလို့ခုလုဖြစ်နေသည်။ တကယ်ဆို စဉ်းစား





ချင့်ချိန်ပြီးမှ လုပ်ဖို့သင့်သည်။ အိမ်ကိုပြန်တိုင်ပင်သင့်သည်။

အင်းလေ 'ကိုတင်ခိုင်' အကျင့်ကိုက သူထင်ရာလုပ်တတ်သည့်အကျင့်ရှိသည်။ ကိုယ့်ဇနီးနှင့်မတိမ်းမယိမ်း၊ ကိုယ့်ခယ်မနှင့် အရွယ်တူကောင်လေးတစ်ယောက်ကို အိမ်ကိုခေါ်လာရတယ်လို့။ ငယ်သာငယ်သည် 'စော'ကလည်း လူတွေ၏မျက်လုံးကိုတစ်ချက်ကြည့်သည်နှင့် ရင်တွင်းက မနောကိုလေ့လာတတ်ပါသည်။

'ဒေါ်ကြင်ဌေး'သည် 'ဒေါ်အေးခင်'လို မိန်းမစားမျိုးဖြစ်ပုံရသည်။ 'စော'ဘယ်နေရာကိုမှ မျက်လုံးမကစားပါ။ ယုတ်စွအဆုံး 'ဒေါ်ကြင်ဌေး'ကိုရော ပိစိမလေး 'မိသေးသေး' လေးကိုပါ လုံးဝမကြည့်ပါ။ စားစရာရှိတာကိုစားပြီး၊ ခွေးကျွေး အိုးတွေဆေးကြောသည်။ ရေဖြည့်သည်။

ထမင်းကိုသေသေသပ်သပ်စားပြီး၊ လုံချည်ကိုပြင်ဝတ်ကာ အိုးတွေပြောင်အောင်တိုက်၊ မီးဖိုထဲရှိအုတ်ကန်လေးထဲတွင် ရေဖြည့်ကာ ခပ်ပြုံးပြုံးတစ်ချက်စိုက်ကြည့်ပြီး ပြန်သွားသော 'စော'ကို 'ဒေါ်ကြင်ဌေး' ကဝေဖန်မိသည်။

"ကောင်လေးက ငယ်သာငယ်တာ... နေတာထိုင်တာ... သွားတာလာတာတော့ တည်တည်ငြိမ်ငြိမ်လေးပဲ... အလုပ်လည်း တော်တော်လုပ်တယ်"

"ဟုတ်တယ်... မနက်တုန်းကလဲ... သူပဲ ဆေးကြောရှင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းသွားတာပဲ ဒေါ်လေးရဲ့"

"အင်း ဘာပဲဖြစ်ဖြစ်... သူစိမ်းယောကျာ်းလေး အိမ်ကို ခေါ်လာတာတော့... ငါမကြိုက်ဘူး... ကဲ တကယ်လို့ 'မခေင့်' နေရာမှာသူ့တူမ သူ့သမီးဆိုရင် သူ ဒီကိုခေါ်လာမလား... ကိုယ့် သွေးသားမဟုတ်တော့... ဖြစ်ချင်တာဖြစ်ဆိုပြီး ရှေ့ရေးကိုမစဉ်း စားဘဲ ခေါ်လာပစ်လိုက်တာနေမှာပေါ့... ညည်းကိုကြိုက်တဲ့သူ တွေရှိနေရင် ဒီကောင်လေးကြောင့် ပြဿနာမတက်ပါလား"

"အို... ဘာဆိုင်တာမှတ်လို့... ဒေါ်လေးကလဲ"

"ဟဲ့ ဘယ့်နှယ်မဆိုင်ရမှာလဲ... ညည်းနဲ့ရွယ်တူတယ်... ရုပ်ရည်ကချောချောမွေ့မွေ့နဲ့ မသမုတ်ဘဲနေပါ့မလား"

'မခေင်'က နှုတ်ခမ်းကို လက်ကလေးတစ်ဘက်ဖြင့် ပိတ် ၍တခစ်ခစ်ရယ်ရင်း...

"အဟင်း ဟင်း ဟင်း... ဒေါ်လေးက တယ်ပူတာကိုး... 'ခင့်'မှာရည်းစားမှရှိမနေတာ ဘယ်သူမှမပူပါဘူး ဒေါ်လေးရယ်... ကြံကြံဖန်ဖန်ပူစရာမရှိ ကြံဖန်ပူနေတာကိုး... သူစိမ်းယောကျာ်း လေးရောက်လာတာနဲ့ ကြိုက်ရရောတဲ့လား"

"အေး... ကြိုက်သွားမှာစိုးလို့ပြောနေတာ... ရုပ်ကလေး ချောတာနဲ့တော့ သွားမကြိုက်လိုက်နဲ့ဦး... ရုပ်ပဲရှိတာ... တခြား ဘာမှမရှိဘူး... တစ်သက်လုံးငတ်ပြီး ဒူးနဲ့ မျက်ရည်သုတ်နေရ မယ်မှတ်"





"ဪ ဒေါ်လေးရယ်... ဘယ်သူက ကြိုက်မယ်ပြောနေ လို့လဲ"

"ဟဲ့ အခုမကြိုက်ပေမယ့် နောက် အနေနီး... အမြင်များ ပြီး ရင်းနှီးကျွမ်းဝင်သွားမှာစိုးလို့ပေါ့... နီးစပ်ရင် ငြိတတ်တာ ညည်းပဲ... ကြားဖူးတယ်မဟုတ်လား... အိုးချင်းထားအိုးချင်းထိ... ကြိုးချင်းထားကြိုးချင်းငြိဆိုတာ... အဲဒီတော့ ယောင်လို့တောင် ငြိုးမပြပါနဲ့... တစ်နိုင်ရင် မခေါ်မပြောဘဲနေတာ အကောင်းဆုံး ပဲအေ"

'သေးသေး'က မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်ဖြင့် နား ထောင်နေသဖြင့် 'ဒေါ်ကြင်ရွှေ'က...

"'မိသေးသေး' ဘာလာနားထောင်နေတာလဲ... သွား... ကိုယ့်အလုပ် ကိုယ်သွားလုပ်စမ်း"

'စော'ရောက်လာသဖြင့် 'ဦးဘကြည်'မှာ ခြံစောင့်သက် သက်သာလုပ်ရတော့သည်။ သစ်ပင်ရေလောင်း၊ ပေါင်းသင်၊ မြေ တူး၊ ခြံရှင်းမှန်သမျှ 'စော' လုပ်သည်။ နံနက်ခြောက်နာရီခန့် 'ဒေါ်ကြင်ရွှေ' ဆိုင်ထွက်ရန်အတွက် 'စော'က တွန်းလှည်းဖြင့် အထည်ထုပ်၊ အခြားပစ္စည်းများကို တွန်း၍ဈေးသို့လိုက်ပို့ပေး သည်။ ဆိုင်ခင်းပေးသည်။

ညနေဘက်တွင်လည်း ဆိုင်ကူသိမ်းပေးပြီး အိမ် တွန်းပေးသည်။ ထိုသို့လုပ်ပေးသဖြင့် 'ဒေါ်ကြင်ရွှေ'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျုပ်ပေးသည်။ 'ဦးတင်ခိုင်'က ကားထွက်လျှင် စပယ်ယာလု နိုင်ရန် ဒရိုင်ဘာများဖြင့် ကုန်တင်ကုန်ချအလုပ်၊ မိုးကာအုပ်နည်း ကြိုးချည်နည်းများကိုသင်ပေးသည်။

"လူလိုတယ့်အခါ 'စောလေး' လိုက်ရမယ်... ကြားလား

"ဟုတ်ကဲ့ အန်ကယ်... ကျွန်တော့်ကို ကြိုက်တာခိုင်းပါ

"အေးပါကွာ ငါ့တူရာ... မင်း ကားမလိုက်ရလည်း အိ မှာအအားနေတာမှ မဟုတ်ဘဲ... 'ဦးဘကြည်'က အသက်ကြီး ဆိုတော့ နေရာတကာခိုင်းလို့ရတာ မဟုတ်ဘူး... 'စောလေး ရောက်လာတော့ 'ဦးဘကြည်'အတွက်ရော... အန်ကယ့်အိမ် တွက်ရော ပိုအဆင်ပြေသွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"အန်ကယ်မရှိရင်လည်း ဘာမှအားငယ်စရာမလိုဘူး အချိန်တန် ထမင်းစား... လကုန်ရင် 'ဦးဘကြည်'ကို လခပေးရင် 'စောလေး'ကိုပါ လခပေးလိမ့်မယ်"

"ဟုတ်ကဲ့"

ရှမ်းပြည်ရောက်တာ နှစ်လနီးပါးရှိပြီဖြစ်၍ နေသားက နေပြီ။ 'ဒေါ်မေတင်'ကလည်း သဘောကောင်းသည်။ ခြံထဲမှ လမ်းလျှောက်ရင်း ဂိုဒေါင်ဆီသို့ဝင်ကြည့်တတ်သည်။

" 'စော' အခန်းက တယ်လှပါလားကွ"

အခန်းတစ်ခုလုံးကို စက္ကူဖြူများအပြည့်ကပ်ထားပြီး





စက္ကူဖြူပေါ်မှ ပန်းချီကားလေးများ ကပ်ထားသည်။ ပို့စကတ် ထဲမှ ပန်းပွင့်လေးများကပ်ထားသည်။ ခေါင်းရင်းတွင် စင်ကလေး ရိုက်၍ ဘုရားစင်လုပ်ထားသည်။ ဘုရားပုံ ပန်းချီကားချပ်နှင့် ပန်းအိုးလေးတစ်လုံး။ ပန်းအိုးထဲတွင် ခြံထဲ၌ပွင့်နေသော ပန်းမျိုး စုံကို ခပ်မြိုင်မြိုင်လေး ထိုးထားသည်။

စိတ်ပုတီးတစ်ကုံးကိုလည်း ခေါင်းရင်းတွင်သံရိုက်၍ ချိတ်ဆွဲထားသည်။ ခုတင်ဘေးတွင် ဂိုဒေါင်ထဲရှိ စားပွဲခုံဖစုတ် တစ်လုံးကိုပြုပြင်ဆေးကြော၍ စားရေးစားပွဲခုံလုပ်ထားသည်။ ပု ဆိုးအဟောင်းတစ်ထည်ကို စားပွဲခင်း ခင်းထားပြီး စားပွဲပေါ်တွင် စာအုပ်များ စီတင်ထားသည်။ ဗလာစာအုပ်တစ်အုပ် ဖောင်တိန် တစ်ချောင်း။

"အံမယ် စာရေးစားပွဲပေါ်မှာလည်း စာအုပ်တွေဘာတွေ နဲ့... စာရေးဆရာလုပ်မလို့လားကွ"

"မဟုတ်ပါဘူးခင်ဗျာ... ကျွန်တော်က ပညာရေးတစ် ပိုင်းတစ်စနဲ့ ကျောင်းဆက်မတက်ဖြစ်တော့တာမို့ ဗဟုသုတနဲ့ ကောင်းကွာအောင် စာတော့ တစ်နေ့နည်းနည်း နည်းနည်းဖတ်ပေး ပါတယ်... ကြိုက်တာလေးတွေရင်းလည်း ကူးထားလိုက်ပါတယ်"

"သြော် သြော်"

'မေတင်'က ခေါင်းတညိတ်ညိတ်ဖြင့် ဗဟုသုတများကို ရေးထားသော 'စော'၏ လက်ရေးလှလှဖြင့် ဗလာစာအုပ်ကိုလှန်



www.burmeseclassic.com

www.burmeseclassic.com



၍ အသံခပ်ကျယ်ကျယ်ဖြင့်ဖတ်နေသည်။

"လူသည် မသေမချင်း မျှော်လင့်ချက်ရှိနေသေးသည်"

"ဘဝ၏အစသည် သုညတည်း"

"ထိုသုညကို ဘဝကို တိုးတက်ကြီးပွားအောင် ဂဏန်းများပေါ

ထည့်ရပေမည်"

"ကျိုးကန်းနေသူများပင်လျှင် ဘဝကိုရုန်းကန်နိုင်ကြသေးလျှ

ခြေနှစ်ဖက်လက်နှစ်ဖက်၊ မျက်လုံးတစ်စုံ၊ နားတစ်စုံကောင်း

နေသော သင်သည် ဘာ့ကြောင့် မရုန်းကန်နိုင်စရာမရှိ"

"လူတစ်ယောက်၏အစွမ်းအစတွင် ခွန်အားဗလရှိခြင်းတင့်တာ

လုပ်ခြင်း၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းခြင်းတို့ပါဝင်၏"

"လူလူချင်း ကြောက်စရာမလို"

"ပကာသနကိစ္စတွင် မပြိုင်နှင့်"

"စား၊ စု၊ လှူ"

"'စော' ရေးထားတာလေးတွေ သိပ်ဖတ်လို့ကောင်းတာ

ပဲနော်... ဒါတွေဖတ်လို့ 'စော' လိမ္မာနေတာပေါ့ ဟုတ်လား"

'စော'က ပြုံး၍နေသည်။



၅

'ဦးတင်ခိုင်' အိမ်တွင် နှစ်လခန့်နားပြီးသောအခါ တောင်ကြီးသို့ကားထွက်မည့်အကြောင်းသိရသည်။

"အန်ကယ် ကျွန်တော်ရော လိုက်ရမှာလား"

"'စောလေး' လိုက်ချင်လို့လား"

"ကျွန်တော့်ကို အသုံးချချင်ရင် ချပါအန်ကယ်... ဘာအလုပ်မှမရှိဘဲ ထမင်းအလကားစားနေရတာ အားနာလို့ပါ"

"ဟား ဟား ဟား... ကြားလား 'တင်လေး'... ငါ့လူကတော့ ဘယ်လောက်သိတတ်သလဲဆိုရင် 'စောလေး'ရာ တစ်နေ့တစ်နေ့ မင်း မိုးမလင်းခင်ကနေ မိုးချုပ်အထိ ဝိုင်းကူလုပ်ပေးနေတာပဲမဟုတ်လား... 'စောလေး'စိတ်ထဲ အဲဒီအလုပ်တွေကို လုပ်ပေးရတာ မနှစ်သက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အဲလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး အ
ကယ်... ဒီအိမ်အလုပ်တွေလောက်တော့ ဘာများပင်ပန်းတာမှတ
လို့လည်းအန်ကယ်... ကျွန်တော်ပြောချင်တာ ကျွန်တော့်ကို စား
နေဖို့ ဝတ်ဖို့ အပြင် တစ်လတစ်ရာ့ငါးဆယ်ပေးထားတယ်
'ကြီးကြီးဌေး'ကလည်း တစ်နေ့နှစ်ကျပ်ပေးထားတယ်ဆိုတော
တစ်လကို ငွေနှစ်ရာအသားတင် စုမိနေပါတယ်... ဒီငွေနှစ်ရာ
တန်တဲ့ ပိုပြီးအကျိုးရှိမယ့်အလုပ်မျိုးကို အန်ကယ်အချိန်မရွေးခိုင
ပါလို့ ပြောချင်တာပါ"

"အေးပါကွာ... မင်းစေတနာကို ငါသိပါတယ်... ကား
လိုက်ခိုင်းသေးတာက မင်းနည်းနည်းငယ်သေးတယ်... နောက်
လေးငါးခြောက်လနေရင် မင်းကိုအစမ်းခိုင်းမယ်ကွာ... ဟုတ်ပြီ
လား"

"ဟုတ်ကဲ့"

"နက်ဖြန် အန်ကယ် တောင်ကြီးသွားမယ်... ဟိုမှာ ကြာ
ချင်ကြာမယ်... အန်ကယ် မရှိဘူးဆိုပြီး ဘာမှ အားငယ်စရာ
အားနာစရာ မလိုဘူးနော်... လိုအပ်တာရှိရင် ကြီးကြီးကိုရော
မင်း မမဆီမှာ ဖွင့်ပြောကြားလား"

"ဟုတ်ကဲ့"

'မေတင်'က သူ့ယောကျ်ား ဆိုဖာလက်တန်းပေါ်တွင် ခပ
နွဲ့နွဲ့ထိုင်ရင်း 'ဦးတင်ခိုင်' ပခုံးပေါ်တံတောင်ဖြင့် ထောက်ထား





သည်။

" 'စော'က လိမ္မာပါတယ်... မမတို့လည်း 'စော' လုပ်ပုံ
ကိုင်ပုံ နေပုံ ထိုင်ပုံတွေကို ကျေနပ်ပါတယ်... ဘာမှ အားနာ
အနေကြဲ့စရာ မလိုပါဘူးလေ... မိသားစုလို့ပဲ သဘောထားနေ
ပါ... ကလေးနှစ်ယောက်ဆိုရင် 'စော'ကို အရမ်းခင်နေပြီ"

ပြုံးပြုံးလေးပြောနေသော 'မမေတင်'၏ မျက်လုံးလက်
လက်လေးများကို 'စော'က တစ်ချက်လှမ်းကြည့်ရင်း ခေါင်းငုံ့ထား
လိုက်သည်။ ဘာပဲပြောပြော 'ဦးတင်ခိုင်' အဝေးသွားမည်ဆိုတော့
အားငယ်တာအမှန်။

ဤအိမ်ကြီးမှာ မိမိကို 'ဦးတင်ခိုင်'၊ 'မမေတင်'၊ 'သေး
သေး'နှင့် 'ဦးဘကြည်'ကလွဲလျှင် 'ကြီးကြီးဌေး'နှင့် 'မေခင်'တို့က
တော်ရုံနှင့် စကားပြောသည်မဟုတ်။ 'မေခင်'နှင့် ယခုထိ မျက်နှာ
ချင်းမဆိုင်ဖူးသေး၊ စကားမပြောဖူးသေး။ ညတိုင်း 'စော' စာအုပ်
တော်သည်။ ထို့နောက် ကိုးနာရီတွင် ဘုရားရှစ်ခိုး၍ အိပ်သည်။

နံနက် လေးနာရီကျော်လျှင် အိပ်ယာထ၊ ဘုရားရှစ်ခိုးပြီး
ခြံထဲဆင်းသည်။ ထို့နောက် ဈေးကို တွန်းလှည်းဖြင့် ပစ္စည်းများ
ပို့သည်။ ဈေးကပြန်လာသောအခါ 'ဦးတင်ခိုင်'တို့ကားထွက်ဖို့
ပြင်နေကြပြီ။ 'ဒေါ်မေတင်'က သားငယ်ကိုပွေ့၍ ကားရှေ့နား
တွင်ရပ်နေသလို 'ဦးတင်ခိုင်'က သမီးကြီးကိုပွေ့ချီထားသည်။

"ကိုကို... ဟိုမှာ သိပ်မကြာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ 'တင်လေး'ရယ်... ကိုကို ခုလိုသွားတာ ဘယ်သူ့အတွက်လဲ ပြောစမ်း"

'ဦးတင်ခိုင်'က 'ဒေါ်တင်လေး'၏ မေးဖျားလေးကို လက်ဖြင့်မ,၍ နဖူးကိုနမ်းရင်းပြောသည်။

"ကိုကို မလိုက်လဲရတာပဲဟာ"

"အလုပ်သမားပဲလွှတ်ထားရင် သူတို့ စိတ်ကြိုက်ဖြစ်ကုန်မှာပေါ့... မဟုတ်ဘူးလား"

"ဟင်းနော်... ဟိုသတင်း ဒီသတင်းကြားလို့ကတော့ 'မေတင့်' အကြောင်းသိသွားမယ်"

"ဘာလဲ... နောက်တစ်ယောက်ထပ်ရှာမလို့လား"

"ကိုယ်နဲ့ နှိုင်းပြောမနေပါနဲ့"

'မေတင့်' အသံက တုန်တုန်ယင်ယင်ကလေးဖြစ်နေသည်။

" 'တင်လေး' ကလည်းကွာ... ခရီးသွားမယ့်သူကို စိတ်ဆင်းရဲအောင်လုပ်တာလား"

'မေတင်'က ခြေဆောင့်နင်း၍ အိမ်ပေါ်တက်သွားသည်။ 'ဦးတင်ခိုင်'လည်း နောက်မှ လိုက်တက်သွားသည်။ နာရီဝက်ခန့်ကြာသောအခါ 'ဦးတင်ခိုင်' ပြန်ဆင်းလာသည်။ 'ဒေါ်မေတင်' အောက်ဆင်းမလာတော့။ ခြံထဲမှာကားထွက်နေစဉ် 'ဦးတင်ခိုင်' ကအပေါ်ထပ်ကိုလက်တပြပြဖြင့် ပါသွားသည်။





'မမေတင်'ကို အပြစ်တင်မိသည်။ သူမကို ချစ်လွန်း၍ ဤမျှ မပူမပင်၊ မတောင့်မတ၊ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားထားပါလျက်။ အသက်အရွယ်ကိုမှ အားမနာဘဲ တုန်အောင် ချစ်နေပါလျက်က ယခုလို အချွဲပိုပြီး အနိုင်ကျင့်တာမျိုးကတော့ မကောင်း။

တစ်ယောက်သောသူမှာ သူမတို့ စားဖို့သောက်ဖို့ ခရီးဝေးသို့သွားကာ ရှာဖွေရသူ။ သူမက အိမ်ကြီးပေါ်တွင် အစွမ်းကုန်အလှပြင်၊ အစွမ်းကုန် ဝတ်စားပြင်ဆင်ပြီး ဖိမ်ကလေး၊ ရှိုးကလေးနှင့်နေသူ။ တစ်ခါတလေ စီးကရက်ပင်သောက်လိုက်သေးသည်။

လောကတွင် အပူအပင်မရှိဘဲ စည်းစိမ်နှင့်နေ၍လားမသိ၊ 'ဒေါ်မေတင်' အမြဲပေါ့ပါးသွက်လက်နေပြီး ရယ်မောဟားတိုက်နေတတ်သည်။ 'မမေတင်'နှင့် 'မမေခင်'သည် အသက်သုံးနှစ်ကွာသော်လည်း အစ်မဖြစ်သူက ပိုနုသည်ဟုထင်ရသည်။ 'မေခင်'က ဆံပင်ဘေးခွဲ၍ ဖွတ်မြီးရှည်ကြီးတစ်ချောင်း ကျစ်ကာ သနပ်ခါးရေကျဲဖြင့်နေတတ်သူ။

'မေတင်' ကတော့ ဒီလိုမဟုတ်၊ ဘယ်တော့ကြည့်လိုက် ကြည့်လိုက်၊ မျက်ခုံးမွေးညိုညို၊ နှုတ်ခမ်းနီရဲရဲ၊ လက်သည်းခြေသည်းရဲရဲနှင့် မိတ်ကပ်၊ ရေမွှေးတို့ဖြင့်မွှေးကြိုင်လှပနေတတ်သည်။ ဆံပင်ကိုလည်း ရှေ့ရော၊ နောက်ရောကောက်ထားတတ်ပြီး နိုင်ငံခြားဖြစ်ကလစ်မျိုးစုံကိုထိုးတတ်၊ ညှပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ကြည့်ကြည့် ခံမြင့်ဖိနပ်နှင့်ကြော့ကြော့မော့မော့လေး လျှောက်တတ်သည်။ သူမ၏ သားနှင့်သမီးကိုလည်း ပါမစပ်မှုချစ်သည် ချစ်သည်ပြောသော်လည်း တကယ်တမ်း ချေးကအစ၊ သေးကအစ အောက်ခြေသိမ်းလုပ်ရသူက 'မခင်'။

"ဘာဘ"

"ဟေ"

" 'မမေတင်'နဲ့ 'မမေခင်'က ညီအစ်မအရင်း ဟုတ်ရဲ့လား"

"အရင်းပါကွာ... ဘာဖြစ်လို့လဲ"

"ညီမအရင်းကို ဒီလောက်ခိုင်းရက်ဝံ့မလားဗျာ... ချက်ပြုတ်လျှောက်ဖွတ်ရုံတင် မဟုတ်ဘူး... ကလေးလည်း ထိန်းရသေးတယ်... 'မမေတင်'က နည်းနည်းလေးမှကို မတရားဘူး"

'ဦးဘကြည်'က ပြုံးပြုံးစေ့စေ့မျက်နှာဖြင့် 'စော'ကိုကြည့်ရင်း...

"ဘာလဲ... မင်းက 'မခင်'ကို သနားနေတယ်ပေါ့လေ ဟုတ်လား"

ထိုစကားကြောင့် 'စော' မျက်နှာလေးရှက်သွားသည်။ 'ဦးဘကြည်'က ဆေးလိပ်ကိုရှိုက်၍ဖွာရင်း ခေါင်းတညိတ်ညိတ်ဖြင့်...

"အင်း... မင်းတွေးမယ်ဆိုလည်း တွေးစရာပေါ့လေ...





ညီအစ်မအရင်းချင်းပေမယ့် စိတ်ချင်းကမတူဘူးလေ... တချို့မောင်နှမတွေ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပေမယ့် တချို့မောင်နှမတွေကြတော့လည်း တစ်ယောက်နဲ့တစ်ယောက် သူစိမ်းပြင်ပြင် နေတတ်တဲ့ဟာမျိုးတွေ... အဘာတွေ့ဖူးခဲ့ပါတယ်... ဘာပဲဖြစ်ဖြစ် 'မေတင်' က အဲလိုသလို စိမ်းကားတာထက်စာရင်တော်သေးတာပေါ့... အိမ်မှာ ခေါ်ကျွေးထားတယ်... အဝတ်အစားဆင်ပေးထားတယ်"

'စော'က ခေါင်းတခါခါဖြင့်...

"မဟုတ်သေးပါဘူးဗျာ... ဒီလောက်ချမ်းသာနေတာ... အိမ်ဖော်တွေဘာတွေခေါ်ပြီး... ကိုယ့်ညီမကို ဖိမ်နဲ့ထားလည်း ရတာပါပဲ... ခုတော့ ကျွေးတာပေးတာနဲ့ မကာမိဘူး... ခိုင်းတာ ကရက်စက်တယ်... ရွှေဆိုလည်း တစ်မှုန်တောင် ဆင်ဖော်ရတာ မဟုတ်ဘူး"

အဘာက 'စော'ကိုကြည့်၍ရယ်ပြန်သည်။ ထို့နောက် ရယ်သံဖြင့်...

"မင်း မကျေနပ်ဘူးလား... ဒါဆို 'မခင့်'ကို သူ့ထက်သာအောင် ထားနိုင်ဖို့ကြိုးစားလေကွာ"

"ဟာဗျာ... အဘာကလည်း တစ်မျိုးအတွေးပေါက်နေပြန်ပါပြီ... ကျွန်တော်က မရိုးသားတဲ့စိတ်ထားနဲ့ပြောတာ မဟုတ်ပါဘူး... အမြင်ကိုပြောတာပါ... 'မခင်' တစ်နေကုန် အလုပ်ပြည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသလို ကလေးတွေလည်း ထိန်းရသေးတယ်"

"'မေခင်'ကိုယ်က မနေတတ်တာကွ... သူ့တူ... တူမလေးတွေဆိုတော့ ချစ်တာပေါ့ကွာ"

ဘာပဲဖြစ်ဖြစ် 'စော'ကတော့ 'မေတင့်'ကို အကြင်နာတရားမရှိသောမိန်းမဟုမြင်မိသည်။ 'စော' ညနေဘက်ဈေးသွားမကြုံခင် အိမ်ရှေ့ခြံကြီးထဲရှိ မြေပိုများကိုတူးဆွနေသည်။ အဘကခြံနောက်ဘက်ရှိ ဂေါ်ရခါးသီးများကို 'မေခင်' ဟင်းချက်နိုင်ဖို့အတွက် ဆွတ်ခူးနေသည်။

"ကလင် ကလင် ကလင်"

"ကလင် ကလင် ကလင်"

ခြံဝဆီမှ စက်ဘီးဘဲလ်သံကြားရသဖြင့် 'စော'ပြေး၍ကြည့်မိသည်။ အသက်နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်တစ်ဦး။ အသားနီနီစပ်စပ်၊ ဆံပင်နီကြောင်ကြောင်နှင့် ပိန်ပိန်ပါးပါး။ အကျႌလက်ရှည်ပေါ်တွင် အပြာရောင်လက်ပြတ်ခေါင်းစွပ်ဆွယ်တာနှင့် ဘောင်းဘီအနက်နှင့် ကင်းဗတ်ရှူး စီးထားသည်။

မချောသလို၊ ချောသလိုနှင့်ကြည့်ကောင်းသောလူတစ်ယောက်ဖြစ်သည်။

"ဘယ်သူ့ကိုတွေ့ချင်လို့လဲ ခင်ဗျာ"

"'မေခင်'တို့နဲ့ တွေ့ချင်လို့ပါ"

လူငယ်က 'စော'ကို အကဲခတ်ရင်း ပြောသည်။ လူပျို





လူငယ်တစ်ဦးက 'မေခင့်'ကိုတွေ့ချင်သည်ဟုပြောသောအခါ 'စော'၏ ရင်ထဲတွင် တစ်မျိုးကြီးဖြစ်သွားသည်။ 'မေခင့်'ကိုကြိုက်နေသောလူများလား။

'မေခင်'လည်း ဣန္ဒြေရှိရှိ၊ သိက္ခာရှိရှိလှပသောမိန်းမအရွယ် ချစ်သူ၊ ကြိုက်သူ၊ ပိုးပန်းနေသူများရှိပေလိမ့်မည်။ ဒါကြောင့်လည်း မိမိလိုကောင်ကို အရောတဝင်မနေခြင်းဖြစ်မည်ပေါ့။

"ဘယ်သူလို့ ပြောလိုက်ရမလဲ ခင်ဗျာ"

"'အုန်းသီး'လို့ပြောလိုက်"

"ခင်ဗျာ"

"'အုန်းသီး'ဆိုရင် သူတို့သိတယ်ကွာ... 'အဘကြည်' ဘယ်သွားလဲ... 'အုန်းသီး'ဆိုရင် ဒီခြံထဲက ခွေးတောင်သိတယ်ကွာ"

'အုန်းသီး'ဆိုသောလူငယ်မှာ စိတ်တိုသလိုဖြစ်နေသည်။ ခါတိုင်းလာလျှင် အိမ်ထဲတန်းဝင်သွားရုံ၊ ယခုတော့ ဘယ်ကအကောင်လာပြီး အစစ်အဆေး အမေးအမြန်းထူနေသည် မသိ။

"ကျွန်တော်က လူသစ်ဆိုတော့ အမှားအယွင်းဖြစ်မှာစိုးလို့ပါ အစ်ကိုရာ... စိတ်မဆိုးပါနဲ့နော်... ကျွန်တော် 'မေခင့်'ကို သွားခေါ်ပေးပါ့မယ်"

'စော' နောက်ဘက်ခြံထဲပြေးဝင်လာပြီး...

"အဘရေ... အိမ်ရှေ့မှာ 'အုန်းသီး'ဆိုတဲ့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်နေတယ်... 'မခင့်'ကိုတွေ့ချင်လို့တဲ့ ဖွင့်ပေးလိုက်ရမှာ လား"

"အေး အေး... ဖွင့်ပေးလိုက် ဖွင့်ပေးလိုက်... သူတို့သူ ငယ်ချင်းတွေပဲ... ဒီကောင်တွေကျောင်းပိတ်ပြီ ထင်တယ်"

'ဦးဘကြည်'က တစ်ယောက်တည်းပြောရင်း ကျန်ရစ်ခဲ့ သည်။ 'စော'က ခြံတံခါးပြေးဖွင့်သည်။ 'အုန်းသီး'က စက်ဘီးစီး ရင်း ဝင်သွားသည်။

" 'မခင့်'ရေ... 'မခင့်' "

"ဟူး... ဘယ်သူလဲဟေ့"

"ငါပဲဟေ့... 'အုန်းသီး' 'အုန်းသီး' "

"ဟယ်... နင်ပြန်လာပြီလား... လာပြီ လာပြီ"

'မခင့်' အသံက ကျယ်ကျယ်လောင်လောင် စူးစူးရှရှ လေးနှင့် မြူးကြွနေသည်။ အပြေးအလွှားထွက်လာပြီး တံခါးဖွင့် ပေးသည်။ သူမ၏ ချစ်သူများလား။ ဒါကြောင့် သူမခြေလွတ် လက်လွတ် ပျော်မြူးနေခြင်းဖြစ်မည်။ သူမကို ခုလိုပေါ့ပါးသွက် လက်သော အိုယားဖားယားပုံစံမျိုးဖြင့် တစ်ခါမျှ မမြင်ဖူးခဲ့။

'စော' ရင်ထဲတွင် တစ်မျိုးကြီးခံစားနေရသည်။ အလုပ် ကိုလုပ်သာလုပ်နေရသည်၊ နားကစွင့်ထားသည်။

"မမရေ... 'အုန်းသီး' လာတယ်"

"ဟုတ်လား... အေး အေး... လာမယ် လာမယ်"





'မေတင်'ကလည်း ဝမ်းသာအားရ ပြန်အော်သည်။ ခဏ ကြာသောအခါ 'မေတင်'က...

" 'စော'ရေ... 'စော' "

"ခင်ဗျာ"

"လာဦးနော်... ကလေးတွေထိန်းပေးထားစမ်းပါ... သူတို့ နဲ့ဆို စကားကောင်းကောင်းပြောရမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့... လာပြီ"

'စော' အိမ်ရှေ့ဧည့်ခန်းမကြီးထဲရောက်လာသည်။ 'အုန်း သီး'က 'စော'ကို ပြုံးယောင်သမ်းသောမျက်နှာဖြင့် လှမ်းကြည့်နေ သည်။

" 'အုန်းသီး'... နင် ထမင်းစားပြီးမှ ပြန်ရမယ်နော်"

"အေး... ငါအိမ်ကို ထမင်းမစားတော့ဘူးလို့ ပြောခဲ့တယ် နင့်လက်ရာ မစားရတာကြာပြီ... အဝတီးသွားမယ်"

'မခင့်' မီးဖိုထဲဝင်သွားသည်။ 'စော'က ကလေးနှစ် ယောက်ကို တစ်ဘက်ကဆွဲ၊ တစ်ဘက်ကပွေ့ရင်း ဂိုဒေါင်ဆီသို့ လာခဲ့သည်။ ခဏကြာသောအခါ 'မခင့်'၊ 'မေတင်'နှင့် 'အုန်းသီး' တို့ သုံးယောက်မီးဖိုထဲတွင် တဟီးဟီး တဟားဟားဖြင့် ရယ်လိုက် ပြောလိုက်လုပ်နေကြသည်။

" 'အုန်းသီး'ရေ ဗိုလ်မ'တို့ ဘယ်တော့ပြန်လာမှာတဲ့လဲ"

"အေး... သူ့အကြောင်းပြောမလို့လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာဖြစ်လို့လဲ"

"သူ သစ္စာမရှိဘူး"

"ဟင် နောက် တစ်ယောက်တွဲနေလို့လား"

"အင်း အဲဒီသဘောပါပဲ… သူ့အိမ်က ငါနဲ့ သဘောမတူဘူးတဲ့… ဆရာဝန်တစ်ယောက်နဲ့ ပေးစားမယ်တဲ့"

"ဟယ်"

'မေခင်'ရော၊ 'မေတင်'ရော စိတ်မကောင်းသောမျက်နှာလေးများဖြင့် 'အုန်းသီး'ကိုလှမ်းကြည့်နေကြသည်။ 'စော'ရင်ထဲမှာ ယခုမှသွေးအေးသွားသည်။ 'မေခင်'က…

"အင်းလေ… သူ့ အိမ်ကပေးစားလည်း သူငြင်းလည်းဖြစ်တာပဲနော့… သူနဲ့နင်ကြိုက်နေတာ ဟိုးငယ်ငယ်လေးထဲကပဲဟာ"

"အဲ့ဒါကိုပြောနေတာပေါ့… သူကိုယ်တိုင်က သစ္စာမရှိတာပါ… ငါ သိပ်စိတ်ညစ်တယ်ဟာ"

'မေတင်'က စီးကရက်ဖွာရင်း…

"နေပါဦးလေ… သူနဲ့တွေ့မှ မေးကြည့်ပါဦးမယ်ဟာ… ကိုယ်ထင်တိုင်းလည်း ဖြစ်ချင်မှဖြစ်မှာပါ"

"အလကားပါ… သူ့ကိုမေးရင် ငါ့ကိုချစ်တဲ့အကြောင်းပဲပြောမှာပဲ… သူ့မိဘကိုမလွန်ဆန်နိုင်တဲ့ အကြောင်းပဲပြောလိမ့်မယ်… မယုံရင်ကြည့်ထား"





'မေတင်'က ခေါင်းညိတ်လျက်…

"ဟုတ်တယ်… သူပြောတာ အများကြီးဖြစ်နိုင်တယ်… 'ဗိုလ်မ' နင့်ကိုသိပ်ချစ်တာ ငါသိတယ်"

"ချစ်ရင် ဒီလိုနှိပ်စက်ပါ့မလားဟ"

'အုန်းသီး'က ငိုသံဖြင့်ပြောသည်။ ဪ သူ အတော်ချစ်ရှာပါကလား။ 'စော' ကလေးထိန်းရင်း နားစွင့်နေမိခြင်းဖြစ်သည်။

"ဒီမှာ 'အုန်းသီး'… နင်လည်း 'ဗိုလ်မ'တို့အိမ်အကြောင်းသိရဲ့သားနဲ့ ဘာလို့ မျက်ရည်ဝဲနေရတာလည်းကွာ… ယောကျ်ားလေးဖြစ်ပြီး ဒီလောက်ပျော့ညံ့ရသလား… ငါ့အမီး နည်းနည်းလောက်ရှုဖို့ကောင်းတယ်… အဟင်း ဟင်း ဟင်း"

'မေတင်'က ပြောရင်းဆိုရင်း ရယ်သည်။ 'အုန်းသီး'က 'မေတင့်' မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်ရင်းက…

"နင့် အသည်းနှလုံးက စယ်ရှယ်နှစ်ထပ်ကွမ်း ရွှေနားကွပ်… စိန်နားကွပ်ထားတော့ ခံနိုင်ရည်ရှိမှာပေါ့… ငါတို့အသည်းက အော်ရယ်ဂျင်နယ်"

"အေး… နင့် အော်ရယ်ဂျင်နယ် အသည်းနှလုံးကြီး တစ်စစီ တစ်စစီ လွင့်ထွက်ကုန်မယ်မှတ်"

"နင့်လိုတော့ မချစ်ဘဲနဲ့တော့ မယူပါဘူး… 'ဒေါ်မေတင်' ရယ်"



www.burmeseclassic.com

www.burmeseclassic.com



'မေတင်'က စီးကရက်အခိုးများကို ရှူးကနဲမှုတ်ထုတ်ရင်း မဲ့မဲ့ကလေးပြုံးသည်။ 'စော'အံ့သြသွားသည်။ 'မမတင်'သည် 'ဦးတင်ခိုင်'ကို မချစ်ဘဲနဲ့ယူထားခြင်းပါလား။ ဒါနဲ့များတော 'ဦးတင်ခိုင်'ကို ချွဲနေနွဲ့နေသည်မှာ တေးလူများပင် မကြားဝံ့ မမြ ဝံ့အောင်ပင်။

'ဦးတင်ခိုင်' ခရီးထွက်သည့်နေ့ကလည်း 'ဦးတင်ခိုင်' စိတ်မချသလိုလို ခဏတဖြုတ်ကလေးပင် မခွဲချင်သလိုလို ငိုဖြ သေးသည်။ မိန်းမတွေ ဒီလိုပဲ ရင်ထဲကမပါဘဲ လင်ယောကျ် များပေါ် သစ္စာမဲ့နေတတ်ကြသလား မသိ။ အင်းလေ မချစ် ယူပေမယ့်၊ ယူပြီးမှ သံယောဇဉ်တွယ်တာပြီး ချစ်ချင်လည်း ချ လာမှာပေါ့လေ။

"အင်းလေ ငါကသာ ရှုံးနေမှုးနေရတာပါ... သူကတော့ ငါ့ကို သနားမှာမဟုတ်ပါဘူး... သူတို့မောင်နှမတွေကလည်း လိုပဲအသည်းခပ်မာမာရယ်... သူတို့ရဲ့ပုံစံတွေက မောင်နှမ ယောက်လုံး တစ်ပုံစံတည်းကြီးပဲ... ရွတ်နောက်နောက်နဲ့ ဘာကိ ကိုမဆို တန်ဖိုးထားပုံမပေါ်ပါဘူး... 'တာဓံ'လည်း ဘာထူးလဲ နင်နဲ့လွဲရတာကို ဘာမှ မခံစားရသလိုလို လုပ်ပြနေတာရော"

ထိုစကားကြောင့် 'မေတင်'က ပခုံးကို နှစ်ချက်သုံးချ တွန့်၍ မဲ့ပြရင်း...

"သူ့ထက် ငါက ပြတ်လို့ မာနကြီးလို့... သူတို့ထပ်





ကြီးပုံချမ်းသာတဲ့လူကို ယူပြတာ... သင်းဟာ ငါ့ကိုမမေ့နိုင် အားလို့ ခုထိ မိန်းမ မယူ... ရည်းစားမထားသေးတာပေါ့"

'မေတင့်'အသံက မာနေသည်။ သူတို့ပြောသောစကား ကို နားထောင်ရင်းက 'တာဓံ'ဆိုသောလူတစ်ယောက်ကို ယခု င် တွေ့မြင်လိုစိတ်များဖြစ်ပေါ်လာမိသည်။

" 'မေတင်' "

"ဟင်"

"နင်နဲ့ 'တာဓံ'ပြန်တွေ့တဲ့အခါ နင့်ရင်ထဲ ဘယ်လိုနေသ ... ဘယ်လိုခံစားရသလဲ"

"ဟား ဟား ဟား... ဘာလည်း အဲဒီခံစားမှုကို ငါ့ဆီက ်ပြီး မတော်ရမယ့် နင့်ယောက်ဖဆီမှာ သွားပြောပြီး ဟားကြ လို့လား"

"မဟုတ်ပါဘူးဟာ... ငါ့သူငယ်ချင်းတွေဟာ ကျောင်း က်လို့ပြန်လာကြရင် ဘယ်လောက်ပဲရန်ဖြစ်ထားထား... စိတ် ဟက်နေနေ... နောက်ဆုံး အစုလိုက် အပြုံလိုက်ဖြစ်သွားကြ ပဲ မဟုတ်လား... ကဲ နင်နဲ့ 'တာဓံ'ဆိုရင်ပဲကြည့်လေ ခုထိတွေ ကြ ခေါ်နေကြတာပဲ မဟုတ်လား"

"ဒါဆို နင် 'ဗိုလ်မ'လာရင် တွေ့မှာလား"

"သိပ်တွေ့တာပေါ့ဟာ... ငါကုန်ကုန်ပြောမယ်ဟာ... သူ ကိုပစ်ပြီး တခြားလူနဲ့ယူမယ်မဟုတ်လား... ပြီးရင် မသင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com



လို့ကွဲကြပါပြီတဲ့... ကွာကြပါပြီတဲ့... အေး ကလေးဘယ်
ယောက်လောက် ပါလာ ပါလာ ငါကပြန်ယူမှာ... အဲသလေ
ငါ့သူအပေါ်မှာချစ်တာ သိလား"

"ဟား ဟား ဟား... အဟင်း ဟင်း ဟင်း... နင်ပြော
စကားက သိပ်နားထောင်လို့ကောင်းတာပဲကွာ... ဝတ္ထုထဲမှာ
ဒါမျိုးတွေဖတ်ဖူးတယ်... ရုပ်ရှင်ထဲမှာ ကြည့်ဖူးတယ်... ဒါ
ကိုယ့်လူ... မင်းတကယ်ဖြစ်လာရင် မယူရဲပါဘူးကွာ"

'မေတင်'က စီးကရက်ကိုအခိုးတွေမှုတ်ထုတ်ရင်း ခ
တိုကျန်သည့် စီးကရက်တိုကို စားပွဲခုံပေါ်မှာဖိချရင်း ခနိုးခနဲ
ရင်းပြောသည်။ 'အုန်းသီး'က 'မေတင်'ကို မှုန်ကုပ်ကုပ်ကြ
ရင်း မဲ့တဲ့တဲ့မျက်နှာဖြင့်...

"နင့်ပုံစံက အမေရိကန် ရုပ်ရှင်မင်းသမီးပုံစံအတိုင်း
စီးကရက်ကလည်း သောက်လှချည်လား... အရင်က မသော
တတ်ပါဘူး... အခု ဘယ်လိုဖြစ်နေတာလဲ"

"ငါ့အဘိုးကြီးကို စီးကရက်မသောက်ရဘူး... အရ
သောက်ရဘူးလို့ပြောထားတယ်... အရက်တော့ပြတ်သွားပြီ...
ကရက်မဖြတ်ဘူး... ငါ့စကားကိုနားမထောင်လို့... ငါက
သောက်ပြလိုက်တယ်... အခု မသောက်ရ မနေနိုင်အောင်စွဲ
ပြီ"

စီးကရက်ကို လက်ညှိုးနှင့်လက်ခလယ်ကြားတွင် ည





ခါင်းတခါခါ၊ လက်တခါခါဖြင့် ပြောရင်း 'မေတင်'ကရယ်
ည်။ 'စော'ပြုံးမိသည်။ 'မေတင်'က သူ့ယောကျ်ားကို အရက်
တ်သွားပြီဟု ထင်နေသည်။ 'ဦးတင်ခိုင်' ရန်ကုန်လာတုန်းက
ည်း တစ်ချိန်လုံးသောက်သည်။ လမ်းမှာလည်း သောက်သည်။

အိမ်ထောင်သည်များသည် တစ်ယောက်ကိုတစ်ယောက်
ည်လိုပဲ လိမ်နေသလားနေတတ်ကြသလား၊ မသိပါ။

"ဒါနဲ့ နင့်တို့အိမ်ကို ဘယ်ကကောင်လေးရောက်နေတာ

"ရန်ကုန်ကလေ... ကိုကိုခေါ်လာတာ"

"ခိုင်းဖို့လား"

"ကိုကို ချစ်လို့ မွေးစားတာတဲ့လေ... ကောင်လေးက
တ်ရှာတယ်... မိုးလင်းကနေ မိုးချုပ်ရှိသမျှ အကုန်လုပ်တော့
ာ... ဘာမှကိုပြောနေစရာ မလိုဘူး"

"တော်ကြာ... 'မေဂျီ'နဲ့ ငြိသွားဦးမယ်"

'မေဂျီ'တဲ့ ဘယ်သူ့ကိုပြောတာပါလိမ့်။

"ငြိသွားတော့ ဘာဖြစ်သွဲ... အပျိုနဲ့ လူပျိုပဲ"

'မေခင်'က ခပ်စွာစွာလေးပြန်ပြောအော်မှ 'မေဂျီ'ဆိုတာ
'မေခင့်'ကို ပြောမှန်းသိသည်။ နာမည်တွေကလည်း မျိုးစုံပါပဲ
လား။ 'မေခင့်' စကားကြောင့် 'စော'ရင်ထဲ သိမ်ကနဲ့အေးသွားသ
လို 'မေတင်'က ညီမဖြစ်သူကို မျက်လုံးတစ်ချက်စင်း၍ ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'စော' ဆက်၍ နားမထောင်တော့။ အကြီးမ 'တင်မေရီ' တစ်ယောက် ဟိုး အိမ်ရှေ့ပန်းခြံထဲတွင် ပြေးရင်းလွှားရင်းမှော လျက် လဲကျသွားသည်ကို မြင်ရသောကြောင့် အငယ်ကောင် ပွေ့ချီထားလျက်က ပြေးထွက်လာခဲ့မိသည်။

'အုန်းသီး' တစ်ယောက် ညမိုးချုပ်ခါနီးကျမှ ပြန်သည် 'မမေတင်'နှင့် 'မမေခင်'က ခြံဝအထိလိုက်ပို့ရင်း ဆယ်မိနစ်ခ ကြာအောင်ခြံဝတွင် စကားရပ်ပြောနေကြသေးသည်။



# ၉

" 'စော' ရေ"

" 'အဘကြည်' ရှိလားဟေ့"

"မရှိဘူး 'မမတင်'... အပြင်ထွက်သွားပါတယ်"

"ဟုတ်လား... ဒါဆိုလည်း မင်းခဏလောက်လာစမ်း အွယ်... ရေချိုးခန်းထဲက ရေကန်ထဲမှာ ကြွက်တစ်ကောင်သေနေ တယ်... လာထုတ်စမ်းပါဦးနော်"

"ဟုတ်ကဲ့"

'စော' အိမ်နောက်ဘက် အပေါက်ဘက်ပြေးတက်လာ သည်။ တံခါးပိတ်ထားသဖြင့် အိမ်ရှေ့ဘက်သို့ပြေးသည်။ ဧည့် ခန်းထဲတွင် 'မေခင်'က သိုးမွေးထိုးနေသည်။ လှုရိပ်မြင်သဖြင့် 'မေခင်' မော့ကြည့်သည်။ 'စော'ကိုတွေ့သောအခါ ဘာကိုစွ



www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုသည့် မျက်လုံးဖြင့်ကြည့်သည်။

"တံခါးဖွင့်ပေးပါ"

"ဘာလုပ်ဖို့တုန်း"

"'မမမေတင်' ခေါ်နေလို့"

"ဟုတ်တယ်ဟေ့... ငါခေါ်ထားတာ"

'မေတင်'က အပေါ်ထပ်လှေကားထစ်က လှမ်းအော်သ ဖြင့် 'မေခင်' သော့လာဖွင့်ပေးသည်။တစ်ယောက်နှင့်တစ်ယောက အလွန်နီးကပ်စွာရှိနေကြသော်လည်း တစ်ယောက်မျက်နှာတ ယောက်မကြည့်မိကြပါ။

မိမိကို မခေါ်မပြောချင်သူကို 'စော' အောက်ကျမခံချ ပါ။ အိမ်ပေါ်ထပ်ဧည့်ခန်းကြီးက မွေးပွဲကော်ဇောကြီးများဆိုဖ များ၊ မှန်ဗီရိုထဲမှ အလှအပပစ္စည်းများနှင့် တဖိတ်ဖိတ် တလ လက်လှပနေသည်။

"လာ မောင်လေး... မမတို့က တီကောင်ကနေ ကြမ်းဖို ကအစ ကြောက်တတ်လို့ပါ... ရေအာန်ထဲမှာ ပြုတ်ကျနေတွေ ရေတွေပါ အကုန်သွန်ပစ်ရမှာ... 'စော'ပဲ လုပ်ပေးတော့နော်... မမမုန့်ဖိုးပေးမှာပါ"

"ရပါတယ် မမ... မုန့်ဖိုးပေးစရာမလိုပါဘူး... ကျွန်တော် အတွက် ပြီးပြည့်စုံအောင်ပေးပြီးသားပဲ"

"အေးပါကွယ်... ပေးပြီးတာတော့ ပေးပြီးတာပေါ့... ဆပ်ပေးတော့လည်း ထပ်ပေးတာပေါ့"

'စော'က 'မမတင်'ကို မျက်လုံးပင် စွေမကြည့်။ ဖြူဖွေး ဝင်းအိနေသော အသားဆိုင်များကိုမြင်တွေ့ရသောကြောင့်ဖြစ် သည်။ 'မမတင်'သည် ရင်လျားနှင့်ဖြစ်ပြီး မျက်နှာသုတ်ပဝါခြုံ ခထားပါ။ သူ့ကိုယ်သူ အိမ်ထောင်သည်အမေဆိုပြီး ရှက်ပုံ၊ ရွံ့ ပုံမပြသော်လည်း အရွယ်က ငယ်ပါသေးသည်။

'စော'နှင့်လည်း အသက်သုံးလေးနှစ်ခန့် အသက်ချင်း ကွာပါသည်။ အအိုဆိုသော်လည်း အပျိုရုံးအောင် လှပသူဖြစ်ပါ သည်။ 'စော'ကြွက်သေကိုခြံထဲသို့လှမ်းပစ်ပြီး ရေများကိုသွန် သည်။ ရေချိုးခန်းရော၊ အုတ်ကန်ရော၊ ဆပ်ပြာမှုန့်နှင့် တိုက်ချွတ် ဆေးပေးသည်။ အားလုံး လုပ်ကိုင်ပြီးသောအခါ 'စော' တစ်ကိုယ် လုံးရွှဲနစ်နေသည်။

"'မမတင်' ကျွန်တော် ဒီအတိုင်းဆင်းသွားရင် ကြမ်းတွေ အားလုံးပျက်စီးကုန်လိမ့်မယ်ထင်တယ်... ကျွန်တော့် ပုဆိုးတစ် ထည်လောက် ပြန်ယူခိုင်းလောက်အောင်လည်း 'အဘကြည်'က မရှိဘူး"

"ကွယ်... မခက်တာ ခက်အောင်လုပ်လို့... မင်းအန်ကယ် ပုဆိုးတွေ အများကြီးရှိတာပဲကွယ်... တစ်ထည် ယူသွားလိုက်... ပြန်ပေးမနေနဲ့တော့... သူပြန်လာရင် မမပြောလိုက်မယ်... ဟုတ် ပြီလား"







www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒါလေးလုပ်ပေးတာနဲ့ ပုဆိုးတစ်ထည်ယူသွားသလိုဖြစ်နေပါ့မယ်"

"ကဲပါကွယ်… မင်းကလည်း တယ်အားနာတတ်တာကိုး ယူသွားစမ်းပါ"

"ကဲ ရော့… တစ်ဆယ်"

"ဟာ မယူဘူး… ပုဆိုးရပြီပဲ"

"ကဲပါ… လူကြီးပေးရင် ယူစမ်းပါ"

'မခင်'က 'စော' လက်ထဲကိုအတင်းထည့်ပေးသဖြင့် 'စော' မျက်နှာနီနီဖြင့် ယူလိုက်ရသည်။ 'မခင်'က သိုးမွေးထိုးရင်း 'စော'ကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ဘယ်လိုမှ ခံစားမှုမရှိသောမျက်နှာဖြင့် တံခါးဖွင့်ပေးသည်၊ ပြန်ပိတ်သည်။ သူ့အစ်မ သဘောကောင်းသလောက် သူမက မျက်နှာထားတင်းလှသည်။ မာနကြီးလှသည်။

ညနေစောင်းသောအခါ 'စော' အချမ်းလွန်ပြီး ဖျားချင်သလိုဖြစ်နေသည်။ မနက်တုန်းက ရေကန်ထဲဝင်ဆေးခြင်းကြောင့်ဖြစ်သည်။

" 'စောလေး' ထမင်းသွားစားရအောင်လေ"

"ညနေဘက် ကျွန်တော် မစားတော့ဘူး အဘ"

"ဘာဖြစ်လို့လဲ… နေမကောင်းဘူးထင်တယ်… မင်း တစ်နေ့လုံးအိပ်နေတယ်"





"ကျွန်တော် နေမကောင်းဘူးဆိုတာ မမကို မပြောပါနဲ့နော်"

"ဘာဖြစ်လို့လဲကွ"

"မနက်က ရေကန်ထဲ ကြွက်ပြုတ်ကျသွားလို့ သွားဆေးပေးခဲ့သေးတယ်… တော်ကြာ မမခိုင်းတာနည်းနည်း ဖျားပြီလို့ ပြောမှာစိုးလို့ပါ"

'ဦးဘကြည်' ဘဝတူခြင်း နားလည်မှုရှိပါသည်။

"အေး… ငါ သူမေးရင် ကြည့်ပြောလိုက်မယ်"

ထမင်းစားခန်းထဲ 'ဦးဘကြည်' ဝင်လာပြီး အရံသင့်ခူးခတ်ထားသောဟင်းများကိုကြည့်ပြီး 'စောလေး'ကို စားစေချင်သွားသည်။ ငါးကြင်းကို ကြက်သွန်ဖြူနှင့် ပဲငံပြာရည်ထည့်ပေါင်းထားသည်။ ပဲပုတ်ကိုခရမ်းချဉ်သီး၊ ငရုတ်သီးဖြင့် စပ်စပ်ချဉ်ချဉ်ကလေးချက်ထားသည်။

ထို့နောက် ပုဇွန်ခြောက်၊ တိုဟူးခြောက်နှင့် ပဲလိပ်ပြာညွှန့်ဖြင့် ဟင်းချိုချက်သည်။ ကြက်သွန်မြိတ်၊ ပူစီနံ၊ တို့စရာလည်းပါသေးသည်။ 'ဦးဘကြည်' မြိန်ရေရှက်ရည်စားသည်။ ထမင်းတစ်ပန်းကန်ကုန်သောအခါ 'မခင်' ရောက်လာပြီး….

"ဟို တစ်ယောက်ရော အဘ"

"အေး… သူ ရင်ပြည့်နေလို့ မစားတော့ဘူးတဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



'ဦးဘကြည်'ယခုမှ အကဲခတ်မိသည်။ ဒီကောင်မလေး မိစိတို့ စားနေသည်ကို အမြဲစောင့်ကြည့်နေပုံရသည်။ 'စော'ပါမလာသဖြင့် 'ဦးဘကြည်'ခွေးထမင်းကျွေးသည်။ အိုးခွက်ပန်းကန်ဆေးသည်။ 'စော'ထမင်းလာမစားတာကိုရော၊ ခါတိုင်းလိုခြံထဲမဆင်းတာကိုရော၊ အပေါ်ထပ်မှ 'မေတင်' သတိထားမိသလို၊ အောက်ထပ်မှ 'မေခင်'ကလည်း သတိထားမိသည်။

'ဦးဘကြည်' စက်ဘီးဖြင့်အပြင်ထွက်ပြီး ပလပ်စတစ်ထုပ်လေးတစ်ထုပ်ဆွဲ၍ ပြန်လာတာတွေ့ရသည်။ ကော်ဖီလား၊ လဘက်ရည်လားတော့ မပြောတတ်။ တစ်ညနေလုံး 'ဦးဘကြည်' သာခြံအလုပ်ကို လုပ်ကြောင်းတွေ့ရသည်။ ခါတိုင်းရက်ဆိုလျှင် 'ဦးဘကြည်'ကို မတွေ့ရဘဲ 'စော'ကိုသာ တလှုပ်လှုပ်နှင့် တစ်မျိုးပြီးတစ်မျိုးလုပ်နေတာကိုတွေ့ရသည်။ ထူးကိုထူးခြားသည်။

ကောင်လေး နေမကောင်းလို့လား၊ ညနေဘက်တွင်လည်း 'စော' ထမင်းလည်းမစား...

"'အဘကြည်'... ဟိုတစ်ယောက် ဘာဖြစ်လို့ ထမင်းလာမစားတာလဲ... ဘာဖြစ်နေတာလဲ"

"သူ ခေါင်းကိုက်နေတယ် ပြောတာပဲ"

"နေ့ခင်းက အဘ ဘာထွက်ဝယ်တာလဲ... ကော်ဖီ မဟုတ်လား"

"ဟား... တယ်သေချာပါလားဟ"





"အိမ်မှာရေနွေးရော... နို့ဆီ... သကြား... ကော်ဖီမှုန့် အကုန်ရှိနေတဲ့ဟာ... အလကားပိုက်ဆံကုန်အောင်"

"ကောင်လေးက အားနာလို့နေမှာပါဟာ"

"အားနာရမယ့်လူတွေလား... တစ်အိမ်ထဲ... တစ်ခြံထဲ... တစ်မိသားစုထဲလို နေတဲ့ဥစ္စာ"

"နင်က မခေါ်မပြော ခပ်တည်တည် ရှောင်ဖယ်ဖယ်လုပ်နေတော့ သူလည်း တော်ရုံကို ဘယ်ပြောရဲပါ့မလဲ"

'မေခင်'က ရှုတည်တည်၊ မှုန်ကုပ်ကုပ်လေးဖြင့်...

"အို ဒါတော့ ကိုယ့်က မိန်းကလေးပဲ အဘရယ်... သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေလို့ ကောင်းမလား သူများ ဘာပြောမလဲ"

"ဟဲ့ တရင်းတနှီးနေဖို့ ပြောတာတော့ ဘယ်ဟုတ်မလဲ... သူက ဒီမှာအကြာကြီးနေမယ့်လူ... နင်တို့ မခေါ်မပြောနဲ့ ဘယ်လောက်အထိ ရှောင်ဖယ်ဖယ်လုပ်နေနိုင်ကြမလဲ... နင်တို့ကိုကြည့်ပြီး ငါဖြင့် နေရထိုင်ရကျပ်လိုက်တာ".

"ကဲပါ... အဲဒါတွေထားလိုက်ပါတော့... မနက်ကလည်း ထမင်းမစား... ညနေလည်းမစားနဲ့ ဗိုက်ဆာနေမှာပေါ့... 'မေခင်' ငါးဆန်ပြုတ် ပြုတ်ပေးမယ်... ပြီးရင် အဘကိုခေါ်လိုက်မယ်... လာယူနော်"

"အေး အေး ကောင်းတယ်... ငါလည်း ဆန်ပြုတ်တိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာပဲလို့ စဉ်းစားနေတာ"

ဂိုဒေါင်ရောက်တော့ 'မခေင်' ဆန်ပြုတ်ကျိုနေကြောင်း ပြောပြသည်။

"ဟာဗျာ... အဘ နေမကောင်းတဲ့အကြောင်းသွားပြော လိုက်လို့လား... အားနာစရာဗျာ"

"အားနာနေလို့ မပြီးဘူးငါ့လူ... ကော်ဖီ အပြင်ထွက်ဝယ် လို့ 'မခေင်' ဒေါပွနေတယ်... အိမ်မှာအကုန်ရှိတယ်... သူ့ကိုခိုင်း ရမှာအားနာရင် ကိုယ်တိုင်လာဖျော်လို့ ရတယ်တဲ့ခင်ဗျ"

'စော' အားနာတာပဲသိသည်။

"အဘရေ အဘ"

"အေး... လာပြီ"

ဆန်ပြုတ်အိုး၊ ပန်းကန်စောက်တစ်ချပ်၊ ဇွန်းတစ်ချောင်း ရေနွေးဓာတ်ဗူးတစ်ဗူး၊ ကော်ဖီမှုန့်တစ်ပုလင်း၊ သကြား နို့ဆီတို့ ကို ပုလင်းလေးများဖြင့်ခွဲထည့်ပေးလိုက်သည်။

"ဗိုက်ဆာရင် ဖျော်သောက်တဲ့"

"ဟာဗျာ... အရမ်းအားနာတာပဲဗျာ"

'စော'က ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ပြောသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ ဂရုစိုက်ခြင်းမခံရဘူးသဖြင့် မျက်ရည်ဝဲသည်ဟု ခံစားရပါသည်။

"အဘရေ"





"ဝေ"

အပေါ်ထပ်မှ 'မေတင်'က ခေါ်ခြင်းဖြစ်သည်။

"'စောလေး' ရော... ဒီမှာ ကလေးတွေက သူ့ဆီလာမလို့ တဲ့"

"ဟုတ်လား... အေး... အဘလာခေါ်မယ်လို့ ပြောလိုက် 'စောလေး' ခေါင်းမူးနေလို့"

"ဟုတ်လား... တော်တော်မူးနေတာလား... သံပုရာရည် လေး သွေးဆေးလေး တိုက်ထားလိုက်လေ... နေဦး... 'မေတင့်' ဆီမှာ ကျားပရုပ်ဆီ အကောင်းစားရှိတယ်... အဲဒါ ရှူလိုက်သိသိ သာသာ အမူးပြေလိမ့်မယ်... နေ နေ... 'မေတင်' လာခဲ့မယ်"

ခဏကြာသောအခါ 'မေတင်' ဂိုဒေါင်ထဲရောက်လာ သည်။ လူ မရောက်သေးခင်က မွှေးကြိုင်သောရေမွှေးနံ့၊ ပေါင်ဒါ နံ့၊ သနပ်ခါးနံ့များ အရင်ဝင်လာသည်။

"ကိုကို၊ ကိုကို"

အကြီးမ 'တင်မေခိုင်'က လက်မောင်းကိုလှုပ်ရင်း ခေါ် သည်။ 'စော' မျက်ရည်ဝဲသောမျက်လုံးအစုံဖြင့် ကလေးငယ်များ ကိုလှမ်းကြည့်နေသည်။

"ကြည့်စမ်း... ဒါ ခေါင်းမူးတာမှ မဟုတ်ဘဲ... ဖျားနေ တာမဟုတ်လား"

ထိုကဲ့သို့ပြောရင်း 'စော'၏ နဖူးကိုညင်သာစွာစမ်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို... ကိုယ်တွေပူခြစ်နေတာပဲ... ဆေးခန်းမပြဘူးလား အဘ"

'ဦးဘကြည်' ခေါင်းခါသည်။

"မသွားလို့ဘယ်ဖြစ်မလဲ... ဒီလောက်ဖျားနေတာ...ခုချိန်ဆို ဆေးခန်းတွေဖွင့်နေပြီပဲ... မရဘူး... ထ ထ... 'ဦးဘကြည်' ဆိုက်ကားသွားခေါ်လိုက်လေ"

'ဦးဘကြည်' အပြင်ထွက်သွားသည်။

"ထ ထ... အဝတ်အစားလေး ဘာလေးလဲ"

'မေတင်'က အစ်မကြီးတစ်ယောက်ကဲ့သို့ ဂရုစိုက်ရှာသည်။

"ဘယ်မှာလည်းသော့... အဝတ်အစားထုတ်ရအောင်"

ထိုစကားကြောင့် 'စော'လန့်သွားသည်။ သေတ္တာကိုဖွင့်ပြီး အဝတ်အစားတွေလှန်လှောလိုက်လျှင် ရွှေထည်ပစ္စည်းတွေကို မြင်သွားလိမ့်မည်။

"ရတယ် မမ... ကြိုးတန်းပေါ်က ပုဆိုးနဲ့ဂျာကင်ပဲဝတ်သွားတော့မယ်"

"ကဲ ရော့ ရော့... ထ ထ"

သူမကိုယ်တိုင် အဝတ်တွေယူပြီး 'စော'ကို ထူပေးဖို့ပြင်သည်။





"ရတယ် မမ... ကျွန်တော် သိပ်မဖြစ်ပါဘူး"

"ထင်တော့ ထင်သားပဲ... မနက်က ရေကန်ထဲဆင်းတာ သွားတာကိုး... ကဲ ရော့ ဆေးဖိုးနှစ်ဆယ် ယူသွား"

"နေပါစေ မမ... ကျွန်တော့်ကို ပေးထားတာတွေရှိပါတယ်"

"ပေးရင်ယူစမ်းပါကွယ်... စေတနာရှိလို့ ပေးတာ... မရှိရင်မပေးဘူး"

ရင်းနှီးလာပြီဖြစ်သော 'မမတင်'က ပြောစရာရှိလျှင် ပွင့်ပွင့်လင်းလင်းပြောသည်။ ဆူစရာရှိလျှင် ပြတ်ပြတ်သားသားဆူသည်။

"ဟော... ဆိုက်ကားလာပြီ"

'စော' ဆိုက်ကားပေါ်တက်ထိုင်ရင်း တစ်စုံတစ်ဦးကိုမြင်ရသည်။ ကြည့်မိ၍ မြင်ခြင်းဆိုလျှင် မမှားပါ။ အောက်ထပ်ပြတင်းပေါက်တွင် 'မခင့်'ကို ရိပ်ကနဲတွေ့လိုက်ရပါသည်။ 'စော' ရင်မှာ တသိမ့်သိမ့်ခံစားနေရသည်။ ဤအိမ်ကြီးရှိလူသားများသည် မာန်နာန မကြီးကြပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

"အဘရေ 'စောလေး' နေမကောင်းသေးရင်လည်း
နားနေနေ နေပစေနော်... နေကောင်းကောင်း ကောင်းမှ အလု
ခိုင်း"

"အေး အေး"

"ဆန်ပြုတ်တို့... ဘာတို့လည်း 'မေခင်' လုပ်ပေး
မယ်"

"အေး အေး"

'စော' နေမကောင်းသဖြင့် 'ဦးဘကြည်' မိုးလင်းမှမိုး
အလုပ်ရှုပ်နေသည်။

"အဘ ပင်ပန်းနေတာကို ကျွန်တော် စိတ်မကောင်းဘူ

"လုပ်မနေစမ်းပါနဲ့ကွာ... မင်း နေကောင်းတုန်းက





မလုပ်ဘဲ ဇိမ်နဲ့နေရတာပဲ... နေပြန်ကောင်းလာတော့ ငါ
အားရတာပေါ့ မဟုတ်ဖူးလား... ဘာမှ လျှောက်တွေးမနေပါ
ကဲ ငါအပြင် ခဏသွားလိုက်ဦးမယ်... ပြန်လာမှ ဆန်ပြုတ်
ယူပေးမယ်"

"ရပါတယ် အဘ... မဆာသေးပါဘူး"

'ဦးဘကြည်'သည် ခဏဆိုပြီး ထွက်သွားသည်မှာ တစ်
ခန့်ကြာသည်အထိ ပေါ်မလာ။

"အဘရေ... အဘ"

'မေခင့်' အသံ။ ခေါ်မရသဖြင့် သူမ အသံဆက်၍မကြား
တော့။

"အဘရေ... အဘ"

"အဘတို့ ဘယ်ရောက်နေလဲ"

'စော' မနေသာတော့ အိပ်ယာထဲမှထပြီး...

"အဘ အပြင်ခဏဆိုပြီး ထွက်သွားတာပဲ... 'မေခင်'
ခိုင်းစရာရှိလို့လည်း ဟင်"

နေမကောင်းနေသဖြင့် လူကဒယိမ်းဒယိုင်ဖြစ်ပြီး အသံ
လည်းဖျော့နေသည်။ ဖြူသောအသားမှာ ဝါထိန်နေသည်။

"ခိုင်းစရာရှိလို့ မဟုတ်ဘူး... ဆန်ပြုတ်လာမယူသေးလို့
ခေါ်တာ... သူ မရှိလည်း 'မေခင်' ပဲ လာပို့ပေးမယ်"

"ရတယ် 'မမေခင်'... ကျွန်တော် မဆာသေးပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



အဘ လာမှယူနိုင်းလိုက်ပါမယ်... 'မမေခင်' လာမပို့ပါနဲ့"

'မေခင်' စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ မိမိ သူ... သနားသဖြင့် သူရှိရာ ကိုယ်တိုင်လာပို့ချင်သဖြင့် ပြောခြင်း... သူက မလာစေချင်၍ ပိတ်ပင်လိုက်ခြင်း မဟုတ်လား။ 'မေ... အိမ်ထဲပြန်ဝင်လာပြီး အလုပ်ကိုလုပ်နေရသော်လည်း မခံချင်စိ... ကြောင့် မျက်မှောင်လေးကြုတ်ပြီး မကြည်မလင်ဖြစ်နေသ...

'စော' သိလိုက်သည်။ မိမိက သူမကို အားနာသ... နေပါစေဟု ပြောခြင်းကို သူမက တစ်မျိုးထင်ပြီ။ ထင်သည်... တိုင်းပင် အဘက ထမင်းစားပြီးပြန်လာသောအခါ...

"သူက မင်းကို ဂရုတစိုက်နဲ့ လာချင်လို့ပြောတဲ့ဟာ ... ကမလာနဲ့လို့ ပြောတယ်ဆို"

"ကျွန်တော် အားနာလို့ ပြောမိတာပါ... သူနဲ့ ကျွန်တေ... တော့ တစ်ယောက်နဲ့တစ်ယောက် ဘာမဟုတ်တာနဲ့ မခေါ်... မပြောရဲဖြစ်နေပါပြီ"

"ကိုယ်က ယောကျ်ားလေးပဲ... စ,ခေါ်ပေါ့ကွ"

"မခေါ်ရဲပါဘူး အဘရာ... ကိုယ်က သူ့အိမ်မှာလာ... မှီခိုနေရတဲ့သူ... သူ့ အုပ်ထိန်းသူတွေက မကျေနပ်ရင် ကျွန်တေ... ပြေးရမှာ"

"တစ်နေကုန် ဘယ်သူက ထိုင်စောင့်ကြည့်နေတာ မှ... လို့ကွာ... ထမင်းစားတဲ့အချိန် ခေါ်လည်းရတာပဲ"





"ဟင် သူဖြင့် ထမင်းစားခန်း တစ်ခါမှ မလာဘဲ"

"အေး... သူက မိန်းကလေး... အခုလို ခေါ်လို့ကောင်း... အကွက်ကောင်းကို ချောင်းနေတာ... မင်း စဉ်းစားကြည့်... ဘယ်လောက်ဟန်လုပ်လုပ် အခုလို မင်း နေမကောင်းဘူးဆို... သူ့ရင်ထဲက စေတနာတ အထင်းသားပေါ်လာတာပဲ မ...လား"

"အဘ"

"ဟေ"

"သူ့ အစ်မကျတော့ အဘောကြီးအိမ်ထောင်ပြုပြီး... သူ... တော့ရော"

"ငါပြောပြီးပြီပါရောလား... တစ်မိထဲပေါက်ကြမေမယ့်... ချင်းကတော့ တခြားစီပဲလို့... 'မေတင်'က အချစ်ထက် စည်း...ကိုမက်တယ်"

"'မေခင်'ကရော"

"အဟင်း... ဟင်း ဟင်း ဟင်း... မင်း ဘယ်လောက်ပဲ ...ဖုံးဖိဖိ မလုံပါဘူးကွာ... မင်း 'မေခင့်'ကို စိတ်ဝင်စားနေတယ် ...ဟုတ်လား"

'စော' မျက်နှာ နီနီဖြင့်...

"ဟာဗျာ... ရိုးရိုးတန်းတန်း သိချင်လို့မေးတာပါ... သူ... ...သည်း ရုပ်ရည်ရှိတဲ့ အပျိုရွယ်ဆိုတော့ အိမ်ထောင်မပြုသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင် ချစ်သူတော့ ရှိနိုင်တယ်လေ"

"ကဲ... မင်း စကားတိုင်းဆို မင်းလည်း လူပျိုချော
လေးပဲ... ချစ်သူတော့ ရှိနိုင်တယ်မဟုတ်လား... ပြောစမ်း

'စော' တစ်ချက်ငေးသွားသည်။ ရုတ်တရက် 'ပြည့်
သွားသတိရလိုက်မိသည်။ ရင်မှာလည်း သိမ့်ကနဲ၊ ကျဉ်ကန
သွားသည်။ 'ပြည့်' သည် မိမိဘဝတွင် ပထမဆုံးစိတ်လှုပ်
အောင်ပြုစားခဲ့သော မိန်းမတစ်ယောက်ဖြစ်သည်။

"ဟော ကြည့်စမ်း... ငါက မင်းကို ကလေးလို့ ထင်
တာ... မင်းက နောက်ကြောင်းရာဇဝင်တွေ... ဘာတွေနဲ့ပါ
ပြောစမ်း... ဘယ်သူလဲ"

"ရည်းစားမဖြစ်သေးပါဘူး အဘရာ... ဒါပေမဲ့ ကေ
မလေးက ကျွန်တော့်ကို စိတ်လှုပ်ရှားစေတာတော့ အမှန်ပဲ

"အေးကွ... အဲလို စိတ်လှုပ်ရှားစေတာကိုက အချစ်
ခေါ်တာ... ကဲ ဆက်ပြောပါဦးကွာ"

"ဒါပဲလေ အဘ... ကျွန်တော်နဲ့သူနဲ့ တစ်ယောက်နဲ့တ
ယောက်လှမ်းလှမ်းကြည့်မိကြတုန်း ရှိသေးတာ... သူ့အမေရို
သွားပြီး ခွဲတော့တာပဲ"

"ဟောဗျာ မင်းတို့ဟာကလည်း စ,တောင်မစ,ရသေး
အဆုံးသတ်ပြီလား"

"ဒါပဲအဘ... ဒါပဲရှိသေးတာ"





"ဖြစ်မှဖြစ်ရလေကွာ... မင်း ခံစားရတယ်ပေါ့... ဟုတ်
"

"ထမင်းမငတ်အောင် အလုပ်လုပ်နေရတဲ့ လူတစ်
...တို့အတွက် ထိုင်လွမ်းဖို့ အချိန်မရှိပါဘူး အဘရာ...အကြီး
...ယ်ခံစားရအောင်လည်း ကျွန်တော့်ဇာတ်လမ်းက စ,မှ မ,စ
...သေးတာ... ကျွန်တော့်ဘဝအတွက် စိတ်လှုပ်ရှားအောင် စလှုပ်
...မိန်းကလေးဆိုတာ သူပဲလို့ ဆိုလိုချင်တာပါ"

"အံမယ်လေး... ကိုကြီးကျယ်ရယ်... မင်းအဖြစ်က မနှစ်
...နဲ့ မတူပါလားနော်"

"ကဲပါ အဘရာ... စောစောက ကျွန်တော်မေးတာ မဖြေ
...သေးဘူးလေဗျာ"

"ဘာကိုတုန်း"

"'မေခင့်'မှာ ရည်းစားမရှိဘူးလားလို့ မေးတာလေ"

"သြော် သြော်... ဟုတ်သားပဲ... အင်း သူ့မှာ ရည်းစား
...လား... မရှိဘူးလားဆိုတာ ပြောရခက်တယ်ကွ"

"ဘာဖြစ်လို့တုန်း... အဘရ"

"သူတို့ ညီအစ်မနှစ်ယောက်အပြင် တခြား သူငယ်ချင်း
...လေးယောက်ရှိတယ်"

"နာမည်တွေက ဘယ်လိုခေါ်တုန်း... အဘ"

"အေး... ကျောင်းနာမည်တွေက ရှည်လို့ ငါ မမှတ်မိဘူး



www.burmeseclassic.com

www.burmeseclassic.com



သူတို့မူလတန်းအရွယ်… အလယ်တန်းအရွယ်တုန်းက ဘယ်သွ
သွား… မီးရထားတွဲလို တသီတစ်တန်းကြီး… တစ်အုံးတစ်ဖွဲ့သူ
တတ်လာတတ်လို့… တစ်မြို့လုံးနီးပါး… သူတို့အုပ်စုကိုမှတ်မိ
ကြတာ… ဘာတဲ့ 'မေခင့်' နာမည်က 'မေဂျီ'… 'မေတင့်' နာမ
က 'ကေရီ'… နောက် 'တာခ်'… 'တာခ်' နှမက 'ဗိုလ်မ'… 'အု
သီး'… 'ပေါက်ဆီမ' "

"နာမည်တွေကလည်း အစုံပဲ"

"လူတွေကလည်း ပုံစံမျိုးစုံပဲ… ကျောင်းပိတ်ချိန်ကျ
လာကြလိမ့်မယ်… တဝုန်းဝုန်း… တရုံးရုံး… ချက်ကြပြုတ်ကြ
စားကြသောက်ကြ… ကစားကြနဲ့… ပျော်စရာကြီးပါပဲ"

"ဗျာ… ဒီအရွယ်အထိ ဆော့ကြတုန်းပဲလား"

"သိပ်ဆော့တာပေါ့ကွာ… သူတို့အဖွဲ့ပြန်တွေ့ရင် နေရ
ထိုင်ရင်း ငယ်မူပြန်ကြတော့တာပဲ"

" 'ဦးတင်နိုင်'က ဘာမှမပြောဖူးလား"

"မပြောပါဘူး… သူတို့လာတဲ့အခါကျရင် ဆရာက ရှိ
မရှိတာ… ရှိနေရင်လည်း သူက သဘောကောင်းတဲ့လူဆိုတေ
စီးကရက်ခဲရင်း ပြုံးပြုံးကြီးကြည့်နေတတ်တာ"

"ဟုတ်လား… ဒါဆိုရင် ကျောင်းပိတ်ရင် သူတို့လာ
တော့မှာလား"

"လာမှာ လာမှာ… 'အုန်းသီး' တောင် ရောက်လာပြီပဲ





ကြည့်နေ-တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလိမ့်မယ်"

'စော'ရင်မှာ ဝေဒနာဖြစ်ရပြန်သည်။ 'မေခင့်' ရည်းစား များပါလာဦးမှာလား။ သူတို့အဖွဲ့ထဲတွင် ယောကျ်ားဆို၍ 'အုန်းသီး'နှင့် 'တာခ်' နှစ်ယောက်သာပါသည်။ 'တာခ်'က 'မေတင်'နှင့် ချစ်ဖူးသည်။ 'အုန်းသီး'က ယခုချိန်ထိ 'ဗိုလ်မ'ကို မရ၍ အချစ်ရူး ရူးနေသူ။ ဒါဆို 'မေခင်'နှင့် ပတ်သက်သူ မရှိတော့။

သို့သော် အဘပြောပုံက မရှင်း၊ 'မေခင့်'မှာ ရည်းစားလုံး ဝမရှိဟု ဝန်မခံ။ ကေန္တ မိမိကို တမင်စိတ်ဆင်းရဲအောင် ညှင်း ထားခြင်းဖြစ်မည်။ တစ်ညလုံး အတွေးများဖြင့် လုံးထွေးနေသည်။ မနက် မိုးလင်းသောအခါ 'မေတင်'က မုန့်ကျွတ်တစ်ထုပ်၊ ခွာတ် ဘူးသေးသေးဖြင့် ကာဖီဖျော်ယူလာသည်။

"ဘယ့်နှယ်လဲ… အဘ တူတော်မောင် သက်သာရဲ့လား"

"အေး… သက်သာပါတယ်"

"ဒီနေ့တစ်ရက် ဆရာဝန်ထပ်ပြလိုက်ဦး"

"ရပါတယ် မမ… ကျွန်တော် နေကောင်းပါပြီ"

"အို မရနဲ့… ထပ်ပြဆို ထပ်ပြ… ကပ်စေးနဲစရာ မဟုတ် ဘူး… လုံးဝ နေကောင်းမှ အလုပ်လုပ်ဖို့စဉ်းစား"

ဝေါက်သလိုလိုပြောရင်း ကော်ဖီကို ငှဲ့ပေးနေသည်။ချမ်း အေးသောဒဏ်ကို သူမတို့ ခံနိုင်ရည်အတော်ရှိနေပြီ ထင်သည်။ အနက်ရောင် ဇွဲရှိတ်ဆွယ်တာ လက်ပြတ်ကလေးကို တစ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တည်း ခပ်ကျပ်ကျပ်ဝတ်ထားသည်။ ပိုးပျော့လုံချည် မီးခိုးရောင်နှင့် အနီရဲရဲ ခုံမြင့်ဖိနပ်ကလေးကို စီးထားပြီး မျက်နှာမှာလည်း မိတ်ကပ်၊ နှုတ်ခမ်းနီနှင့် မွှေးကြိုင်လှပနေသည်။

'မမမေတင်'သည် ယခု ကလေးနှစ်ယောက်ရသည့်တိုင် ဤမျှလှပနေလျှင် အပျိုတုန်းက မည်မျှလှပနေမည်နည်း။ 'တာဖ်' ဆိုသောလူသည် မမလို အလှပဂေးကို ဘာကြောင့်များ လက်လွှတ်အဆုံးရှုံးခံပါလိမ့်။

"'မေခင့်'ကို ကြာဇံဟင်းခါးချက်ခိုင်းထားတယ်... ဆန်းပြ[illegible]ချည်းပဲဆိုတော့ သိပ်သောက်ချင်မှာ မဟုတ်တော့ဘူး"

'စော'မျက်နှာနီနီဖြင့်.ခေါင်းငုံ့ထားမိသည်။ အားနာလွန်းသဖြင့် သွက်တောင်ပြေးချင်လာသည်။

"ကဲ... ညနေ ဆေးခန်းသွားဖြစ်အောင် သွားနော်... ရော့ ငွေငါးဆယ်ယူထား"

"ဟာ နေပါစေ"

"ဟော လုပ်ပြန်ပြီ... ကဲ မင်း မမကိုအားကိုးပြီး လာနေတာ မဟုတ်ဖူးလား... မင်းအတွက် မမတို့ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ... တာဝန်ယူရမှာပဲ... နေကောင်းတုန်းက မင်းအလုပ်ကြိုးစားတာကို မမတို့ သိသားပဲ... နေမကောင်းတော့လည်း အနားယူရမှာပေါ့... ဒါကို အားနာလို့ဆိုပြီး နေမကောင်းပဲ ထအလုပ်လုပ်ပါပြီတဲ့... အကင်းမသေဘဲ ထပ်ဖြစ်တော့ရော-





ဘာထူးလဲ... ဒါကြောင့် ဘာမှ အားမနာပါနဲ့... အေးအေးဆေးဆေး အနားယူပါလို့ပြောနေတာ... အဘလည်း ရှိနေတာပဲ"

"ငါလည်း ပြောနေတာ... ဒီကောင် အားနာတတ်တာ"

"ကဲ... အိမ်ကိုစောင့်ကြည့်လိုက်ဦးအဘ... 'မေတင်'အပြင်ခဏထွက်လိုက်ဦးမယ်"

"ကလေးတွေရော"

"သူတို့အဒေါ်ဆီမှာ"

"ငါ သွားထိန်းထားလိုက်ပါ့မယ်... ကောင်မလေးက ချက်ရပြုတ်ရဦးမှာ"

အဘအိမ်ကြီးဘက် ထွက်သွားသလို၊ 'မေတင်'က စက်ဘီးဖြင့် ပိုက်ဆံအိတ်ကလေးလွယ်ကာ ခြံပြင်ဘက်ထွက်သွားသည်။ 'စော'ကတော့ အတွေးဖြင့် ကျန်ရစ်ခဲ့သည်။ မမသည် ယခုလို ရှိုးထုတ်ပြီး အပြင်ထွက်သွားမည့်အစား ချက်ပြုတ်သည့်အချိန်တွင် 'မေခင့်'နှင့် ဝိုင်းကူလုပ်ပေးဖို့သင့်သည်။

'မေခင့်' ခမျာ မနက်ဘက်ဆိုလျှင် ခေါင်းတွင်ပြာတလူးလူးဖြင့် ပျာယာခတ်ပြီး တစ်ယောက်တည်း ချက်ပြုတ်ရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

'စော' ရုတ်တရက် ထမင်းစားခန်းထဲဝင်လာသည်ကို မြင်လိုက်ရသောအခါ ချွေးသီးချွေးပေါက်လေးများ စို့နေသော 'မေခင်' မျက်နှာလေးမှာ ဖြူရော်ရော်ဖြစ်သွားသည်။ 'စော'က မျက်လုံးချင်းဆုံအောင်ကြည့်နေသည့်တိုင် သူမက ပြူးကြောင်ကြောင်လေးပြန်ကြည့်ပြီး မျက်လွှာချသွားသည်။

"အဘရော 'မေခင်' "

"အိမ်ရှေ့မှာ ကလေးထိန်းနေတယ်"

မျက်လွှာချလျက်က ဖြေသည်။

"ဆန်ပြုတ်ရပြီလား မသိဘူး... ကျွန်တော် ဗိုက်အရမ်းဆာနေလို့"

တမင် သူမနဲ့ရင်းနှီးအောင် စကားလာပြောခြင်းဖြစ်





သည်။

"ပြီးနေတာကြာပြီ... အဘပြန်ရင် ထည့်ပေးလိုက်မလို့"

"ရတယ်... ကျွန်တော် ဒီမှာပဲသောက်သွားလိုက်တော့မယ်... နေကောင်းသလောက်ဖြစ်နေပြီပဲ... ဒီမှာပဲ လာပြန်စားလို့ရပါပြီ"

"ဟုတ်လား... ခဏလေးစောင့်နေနော်... ပူသွားအောင် ပြန်နွှေးပေးမယ်"

"ရတယ်လေ... 'မေခင်' လုပ်စရာရှိတာ လုပ်လေ... ကျွန်တော့်ဘာသာပဲ နွှေးလိုက်ပါ့မယ်"

"ညနေဘက် ကြာဇံဟင်းခါးလုပ်ပေးမယ်... ရှောက်သီးသုတ်နဲ့ စားလိုက်ရင် ပါးစပ်တွေဘာတွေပြန်ကောင်းလာမှာပါ"

"ရပါတယ်... ပင်ပန်းနေပါ့မယ်... ဆန်ပြုတ်တွေလည်း အများကြီးပဲ... ညနေဘက်အထိ လောက်ပါတယ်"

"ရပါတယ်"

သူမက ပုစွန်ခြောက်တွေတစ်ပုံကြီး ထောင်းလျက်က ပြောသည်။

"ကျွန်တော် စကားလာပြောတာကို ကြိုက်ရဲ့လား"

"ဘာမကြိုက်စရာရှိလို့လဲ"

"ခြော်ဗိုလ်တ်ဆိုးမှာစိုးလို့ပါ... လူကြီးတွေကလည်း 'မေခင်' နဲ့စကားပြောတာကိုကြိုက်ပါ့မလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်လုံး အိမ်ရှေ့မှာရှိနေကြတာမှ မဟုတ်ဘဲ... သူတို့မရှိတဲ့အချိန်တွေမှာ ပြောလို့ရတာပဲ"

သို့မှ စကားက အဓိပ္ပါယ်နှစ်မျိုးထွက်နေသည်။ လူကြီးတွေမရှိသည့်အချိန်ကျမှ စကားပြောခွင့်ပေးသည်ဆိုတော့ မိမိနှင့်သူမကိုမရောစေချင်၍လား။ သူမကိုယ်တိုင်ကတော့ မိမိကို လိုလိုလားလား လက်ခံစကားပြောချင်ပုံရသည်။ စားသောက်ပြီးသောအခါ...

" 'မေခင်' ခိုင်းစရာရှိလျှင် ကျွန်တော့်ကိုခေါ်လိုက်ပါနော်ကျွန်တော်သွားပေးမယ်"

'မေခင်'က မရယ်မပြုံး တစ်ချက်လှမ်းကြည့်ရင်း ခေါင်းညိတ်ပြသည်။ တစ်နာရီလောက်ကြာသောအခါ 'မေတင်' အထုပ်တွေတစ်ပုံကြီးနှင့်ပြန်ရောက်လာသည်။

" 'စော' ဘာစားပြီးပြီလဲ"

"ခုလေးတင်ပဲ ဆန်ပြုတ်သောက်ခဲ့ပါတယ် မမ"

"ဟုတ်လား... ရော့ မင်းအတွက် ဘီစကစ်ထုပ်"

"ဟုတ်ကဲ့"

ညနေဘက် 'စော' စိတ်ကြည်လင်စေရန် ခြံထဲဆင်း၍ ပန်းများ ခူးခြင်း၊ အသီးအနှံများခူးခြင်းတို့ ပြုလုပ်နေမိသည်။

" 'မေဂျီ'ရေ 'မေဂျီ' "

အမျိုးသမီးတစ်ဦး၏ အသံ။ 'ဦးဘကြည်' ဈေးသိမ်းသွား





နေ၍ 'စော' ပြေးသွားလိုက်သည်။ ဖြူဝင်းသောအသားနှင့် ပါးဖေါင်းဖေါင်းလေးမှာ ကလေးယေသဖွယ် မို့၍တင်းတင်းလေးဖြစ်နေသည်။ အတော် ချစ်စရာကောင်းသောအမျိုးသမီးတစ်ဦးဖြစ်သည်။

"ဘယ်သူလို့ ပြောလိုက်ရမလဲ ခင်ဗျာ"

" 'ပေါက်စီ'လို့ ပြောလိုက်ပါနော်"

'စော' အောက်ထပ်ပြေးသွားပြီး...

" 'မေခင်' 'မေခင်' "

"ဘာလဲဟင်"

" 'ပေါက်စီ'ဆိုတဲ့ ကောင်မလေးတစ်ယောက်လာနေတယ်... ဖွင့်ပေးလိုက်ရမလား"

"ဩော်... အင်း အင်း... ဖွင့်ပေးလိုက်... 'မေခင်'တို့ သူငယ်ချင်းပဲ"

'စော' ခြံဝသို့ပြေးထွက်လာချိန်တွင် 'မေခင်'က အစ်မဖြစ်သူကိုလှမ်းအော်သည်။

"မမရေ 'ပေါက်စီ' လာနေတယ်"

"ဟုတ်လား... အေး အေး... အပေါ်ခေါ်ခဲ့လေ"

အပေါ်ထပ်တက်သွားကြသဖြင့် သူတို့စကားပြောသံများကို မကြားတော့။

" 'စော'ရေ ကလေးတွေလာခေါ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

ဧည့်သည်ရောက်လာတိုင်း ကလေးနှစ်ယောက်က 'စေ... ဆီရောက်လာမြဲ။ အပေါ်ထပ်မှ တဝါးဝါး၊ တဟားဟား ရယ်သ... များလည်းကြားရသည်။ 'မမမေတင်'တို့ထံ ဧည့်သည်များ မလာ... တတ်။ လာလိုက်လျှင် အနည်းဆုံး သုံးလေးနာရီဖြင့် မပြန်။ ထ... မင်းဘာတွေစားပြီးမှ ပြန်သည်။

ယနေ့လည်း ညနေမိုးသာချုပ်သွားသည်။ ဧည့်သည်အ... မျိုးသမီး မပြန်သေး။ ကလေးနှစ်ယောက်ကို 'ဦးဘကြည်' အိမ်ပေါ်... ပြန်ခေါ်သွားသည်။ ညရှစ်နာရီထိုးသည်အထိ ခြံတံခါးပိတ်ခြင်း... ဖွင့်ခြင်း၊ မရှိသေးသဖြင့်...

"အဘ... 'ပေါက်စီ' ဆိုတဲ့ ကောင်မလေးပြန်သွားပြီ... လား"

"မပြန်ဘူးလေ... ဒီမှာ အိပ်မှာ"

"သြော် ဒါကြောင့် ကျွန်တော် မပြန်သေးဘူး ထင်နေ... တာ"

"ငါပြောသားပဲ... သူတို့အဖွဲ့တွေ့ရင် ထမင်းမေ့... ဟင်း... မေ့ပဲဆိုနေ"

"ယောကျ်ားလေးတွေရော လာအိပ်တာပဲလား"

"အိပ်တာပဲ... ဒါပေမဲ့ ဒီကိုဒေါင်မှာ လာအိပ်ကြတယ်... ကြည့်နေ... နောက်ထပ် နှစ်ယောက်ထပ်ရောက်လာလိမ့်မယ်..."





...ဘူး"

ညဘက် ဆယ့်နှစ်နာရီခန့်အထိ အပေါ်ထပ်မှ စကား ...သံများ ရယ်သံများကြားနေရဆဲ။ နောက်တစ်နေ့မနက်တွင် ...သီး' စက်ဘီးဖြင့်ရောက်လာပြန်သည်။ ခြင်းတောင်းထဲတွင် ...ဆောင့်ချိုင့်တစ်လုံးပါလာသလို ဖက်ဖြင့်ထုပ်ထားသော အထုပ် ...ထုပ်လည်းတွေ့ရသည်။

"ဟေ့ 'အုန်းသီး'... ဘာတွေလာပို့တာလည်းဟ"

အပေါ်ထပ် ဝရံတာမှ 'ပေါက်စီမ'က လှမ်းအော်သည်။

"ဟာ... ကြည့်စမ်း... ဒီကောင်မလေး ဘယ်တုန်းကပြန် ...ောက်တာလဲ"

"မနေ့က မနက်ကပဲလေ"

"နင် ကြောင်နှာခေါင်းပဲ... ငါတို့အိမ်မှာ ဘုန်းကြီး မုန့် ...င်းခါး ဆွမ်းကပ်တာ"

"ရန်ကုန် မုန့်ဟင်းခါးလား"

"အေး"

"ဟွန်... ငါတို့အိမ်ကိုရော သွားမပို့ဘူးလား"

"မပို့ပဲနေမလားဟ... ဒီကပြန်ရင် သွားပို့မလို့ဘဲ... နင် ...မှာရှိနေရင် နင့်အတွက် လျော့ပို့လိုက်မယ်"

"ကောင်းစုတ်"

'အုန်းသီး' အိမ်နောက်ဘက်သို့ စက်ဘီးဆက်စီးလာပြီ...



www.burmeseclassic.com

www.burmeseclassic.com



" 'မေဂျီ' "

"လာပြီ... လာပြီ"

"ရော့ ချိုင့်... အမြန်လှယ်... တခြားအိမ်တွေ ဆက်ဦးမယ်"

"ပို့ပြီးရင် ပြန်လာခဲ့လေ...ဒီမှာ မနက်စာ စားလိုက်"

"အေး လာခဲ့မယ်"

ထိုစကားများကြောင့် 'စော'ရင်မှာ 'မေခင့်'ကို အပြစ်မိသည်။ ယောကျ်ားလေးကို အလည်လာဖို့ခေါ်ရတယ်လို့ ကိုအထင်ကြီးထားသမျှ အမှတ်တွေလျော့ကုန်လေပြီ။ 'အုန်းဆိုသောကောင်ကလည်း ချက်ချင်းရောက်လာသည်။

" 'စော' ရေ"

'မေခင့်' အသံဖြစ်၍ အံ့သြစွာဖြင့် အပြင်ထွက်ကြသည်။

"မုန့်ဟင်းခါး လာစားလေ... အဘတောင်စားပြီး"

"မစားတော့ဘူး... ဗိုက်ပြည့်နေလို့"

'စော'၏ အဖြေစကားနှင့် မျက်နှာထားကြောင့် 'မေ မျက်မှောင်လေး ကြုတ်သွားသည်။ မနေ့တုန်းက ပုံစံတစ် ဘာဖြစ်နေသနည်း။

" 'မေခင့်' ရေ"

"ဘာလဲ မမ"





"ကလေးတွေ 'စော'ဆီ ပို့လိုက်စမ်းကွယ်"

"အင်း အင်း"

မုန့်ဟင်းခါးကို ချိုင့်အသေးလေးဖြင့် ထည့်လာရင်း ကလေးတွေတစ်ဖက်ပွေ့ကာ 'စော' ဆီရောက်လာသည်။

" 'စော' ရေ"

'စော'က စာအုပ်ဖတ်ရာမှ မျက်လုံးလှန်ကြည့်သည်။ မျက်နှာပုံစံက မကျေနပ်သလိုလို။

"ကလေးတွေ ထိန်းပေးပါဦး... ရော့ မုန့်ဟင်းခါးလည်း"

"မစားချင်ဘူး"

'စော' အသံက နည်းနည်းမာနေသည်။

"ဘာဖြစ်နေတာလဲ"

'မေခင့်' အသံက စိတ်တိုတိုဖြင့်မေးသည်။

"ဘာဖြစ်နေလို့လဲ"

"ကိုယ့်ဘာသာကိုယ် အသိဆုံးနေမှာပဲ"

'စော'က ကလေးနှစ်ယောက်ကိုလက်ဆွဲပြီး အပြင်ထွက်ဖို့ပြင်သည်။

"ဘာဖြစ်နေတာလည်းလို့... မေးနေတယ် မဟုတ်လား"

'မေခင့်' အသံက တုန်ပြီးမာနေသည်။

"ဘာမှ မဖြစ်ပါဘူးလို့ ပြောနေတာပဲ 'မေခင်' "



www.burmeseclassic.com

www.burmeseclassic.com



"အို ဖြစ်ကိုဖြစ်နေတယ်"

"ဖြစ်နေတယ်လို့ထင်ရင်လည်း ပြီးတာပဲဗျာ"

ထိုသို့ပြောရင်း 'စော' အပြင်ကိုထွက်ခဲ့သည်။ 'မေ... ကဒေါသသံဖြင့် ခပ်ကျယ်ကျယ်လှမ်းပြောသည်။

"ကဲ... မစားချင်လည်းနေ... ခွေးတွေကျွေးရင် မြိန်... ရှက်ရေ စားဦးမယ်"

'မေခင်'က ပြောရင်းဆိုရင်း မုန့်ဟင်းခါးများကိုသွ... ပစ်လိုက်သည်။ 'မေခင့်' အမူအရာကို 'စော'က တစ်ချက်လှ... ကြည့်ပြီး ပြုံး၍အိမ်ရှေ့ခြံထဲထွက်သွားသည်။တစ်နေကုန်အေ... ထပ်ညှော်ခန်းတွင် စကားတွေဖောင်ဖွဲ့နေကြသည်။ ခြံထဲသို့ဆင်... လမ်းလျှောက်ကြသည်။

'အုန်းသီး' 'စော'ကိုလှမ်းပြုံးပြရင်း ဂိုဒေါင်ထဲဝင်... သည်။

"နေကောင်းလားကွ"

"ကောင်းပါတယ်"

"ငါ့ညီ အခန်းက သပ်သပ်ရပ်ရပ်ပဲကွ... ဒီတစ်ခါ ... အိပ်ရင် အဖော်တစ်ယောက်တိုးပြီပေါ့ ဟုတ်လား"

'စော'က ပြုံးရင်း...

"ဘယ်တော့ လာကြမှာလဲ"

"မကြာပါဘူး... နောက်သုံးလေးရက် နေရင်ပေါ့"





"ခဏခဏ လာအိပ်ကြတာပေါ့"

"ငါတို့ သူငယ်ချင်းတွေက သိပ်ချစ်ကြတာ... ကြည့်ပါ ...း... 'မေတင်' အိမ်ထောင်ကျသွားတာတောင် အခေါ်မပျက် ...ဘူး... တစ်ယောက်အိမ်တစ်ယောက် လိုက်အိပ်ကြတာ"

" 'မမေတင်'က အိမ်ထောင်ကျပြီးသားဆိုတော့ ဘယ် ...ထ်အိပ်လို့ရမလဲ"

"ဒါပေါ့... ဒါတော့ ခြွင်းချက်လေ"

" 'မေခင်' ရော လိုက်မအိပ်ဘူးလား"

"အိပ်တာပေါ့"

'စော'ရင်မှာ ဝေဒနာဖြစ်ရပြန်သည်။ သဝန်တိုခြင်း၊ ...ွန့်တိုခြင်းသည် အချစ်ဟုခေါ်မည်လား၊ သူမကို မိမိချစ်ခင်နှစ် ...ာက်နေပြီလား။ သူမကကော။ သူမကတော့ မိမိလိုလူကို ဘယ် ...တ်ကူးယဉ်ပါ့မလဲ၊ ထိုအတွေးဖြင့် 'စော'၏ရင်မှာ သိသိသာသာ ...ိုးငယ်နေသည်။

"ဟော 'စောလေး'... မျက်နှာမကောင်းပါလား... နေမ ...ကောင်းသေးဘူးထင်တယ်"

'မမေတင်'က ထိုကဲ့သို့ပြောရင်း 'ပေါက်ဟီ'ကရော 'မေ ...ခင်'ကပါ 'စော' မျက်နှာလှမ်းကြည့်ကြသည်။

"နေကောင်းပါတယ် မမ"

"ကေ့ ဒီကောင်လေး ရန်ကုန်ကို လွမ်းဖျား...နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်... အဟင်း ဟင်း"

'မေတင်'က 'စော'၏နဖူးကိုစမ်းရင်း ရယ်ရယ်မောမော ဖြင့် 'စော'၏ ကုတင်ပေါ် ထိုင်ချလိုက်သည်။ 'မေခင်'က တ ချက် မျက်လုံးဝေ့ကြည့်ရင်း ဂိုဒေါင်ထဲ ဝင်မလာဘဲ အိမ်ဘ ပြန်လျှောက်သွားသည်။ 'စော' နှုတ်ခမ်းကိုစေ့၍ ပြုံးရင်းကျန်ရ ခဲ့သည်။



## ၁၂

"ဟို တစ်ယောက် လာမစားသေးဘူးလား အဘ"

"မစားတော့ဘူးတဲ့"

"သူက ဘာဖြစ်နေတာလဲ... လွမ်းနေသလိုလို... ဆွေးနေ လိုလိုနဲ့ ရည်းစားရှိလို့လား"

"ရှိချင်ရှိမှာပေါ့... သူကလည်း လူချောပဲဟာ"

"ဒီလောက်လွမ်းနာကျနေရင်လည်း ပြန်ပေါ့ရန်ကုန်... လို့ ဒီကိုထွက်လာသေးလဲ"

"အေး... အဲသလို ထွက်လာတာကိုက ဒီကောင့်ဇာတ် မ်းပဲ... သူ့ကောင်မလေးက သိပ်ချော... သိပ်လှပြီး... ပိုက်ဆံ ပ်ချမ်းသာတာ... ရှင်းရှင်းပြောရရင် အလုပ်ရှင်ရဲ့သမီးဟာ... ာင်မလေးက စကြိုက်တဲ့ပုံစံပဲ... ကောင်မလေးရဲ့အမေသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ 'စော' လွင့်ထွက်လာတယ်ပေါ့ဟာ"

"ဩော် ဩော်"

"ဒါကြောင့် ကောင်လေးက အလုပ်ရှင်စိတ်ဆိုးမှာ
ငြင်မှာ သိပ်ကြောက်နေရှာတယ်... နင်တို့ မျက်နှာကို ရဲရဲ
ကြည့်ရဲတာပဲ"

'မေခင်' ယခုမှ သဘောပေါက်သည်။ ပြီးတော့ ရန်
သူအချောအလှနှင့် ရည်းစားဖြစ်ဖူးသည်ဆို၍ ရင်ထဲတွင် တ
ကြီးဖြစ်မိသည်။ စိတ်တိုသလိုလို ဘာလိုလို။ ငယ်ရာကကြီး
သည့် 'ဦးဘကြည်'က ရိပ်မိသည်။ 'စော'နှင့် 'မေခင်'တို့
ယောက် တစ်ယောက်ကိုတစ်ယောက် ဝေဖန်အကဲခတ်နေ
ကြောင်း လှေ့လာနေကြကြောင်း။

" 'စော'က လူတော်လေးပါ... သူ့ခမျာ မိမ့ရှိ ဖမ
လူ့ဘဝမှာ ကြီးပြင်းခဲ့ရပေမယ့် သူ့ဘဝပျက်စီးရာပျက်စီးကြေ
တစ်ခုမှမမြင်ဘူး... ဘာဖြစ်လို့လည်းဆိုတော့ သူ့ကိုယ်သူ ထိ
နိုင်လို့ပဲ... ကြည့်လေ... ငယ်သာငယ်တယ် သပ်သပ်ရပ်ရပ်
တယ်... သွားတတ်... စားတတ်တယ်... စုစုဆောင်းဆောင်းလည
ရှိတယ်... ရသမျှ လခ... ပေးသမျှ မုန့်ဖိုး အကုန်စုတော့တာပဲ
ငါ့တူ ငါ့သားအရွယ်လောက်ဖြစ်ပေမယ့် ငါ့ထက်တော်လို့
လေးစားတယ်... အပျင်းလုံးဝမကြီးဘူး... မိုးမလင်းခင်ကထ
အလုပ်မရှိ အလုပ်ရှာလုပ်နေတော့တာပဲ... ကျောင်းပညာကို





ဆုံးအောင်မသင်ခဲ့ရလို့ဆိုပြီး ညဘက်ဆို စာဖတ်ရတာလည်း အ
မောပဲ"

"အဘက သူ့အကြောင်းတွေ 'မေခင့်'ကို ဘာလို့လာပြော
ပြနေတာလဲ"

"ဘာမှ မဖြစ်ပါဘူး... စကားစပ်မိလို့ပြောတာပါ"

"သူ့ကိုပြောလိုက် အဘ... နောက်ကို မနက်စာဖြစ်ဖြစ်
ညစာဖြစ်ဖြစ် မစားဘူးဆိုရင် ကြိုပြောလို့"

"ဟော... နင်ပဲ အစကပြောတော့ တစ်မျိုးပါလား... အိမ်
မှာ လူတစ်ယောက်စာ နှစ်ယောက်စာအမြဲပိုနေကြဆို"

ထိုစကားကြောင့် 'မေခင်'က 'ဦးဘကြည်'ကိုမျက်စောင်း
ထိုးလျက်...

"အဘက သူ့ဘက်ကချည်းပဲ လိုက်ပြောနေတာပါပဲ
လား"

"ငါ အမှန်ကိုပြောတာ... အေး အေး... ငါပြောလိုက်ပါ့
မယ်"

ဂိုဒေါင်ရောက်သည်နှင့်

"မင်းတို့ဘာဖြစ်နေကြတာလဲ... စိတ်ကောက်နေကြတာ
လား... ခေါ်တာပြောတာမှ မကြားသေးဘူး... ဘယ်လိုဖြစ်ကြ
တာလဲ"

"သူက ဘာပြောလိုက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကို ထမင်းမစားဘူးဆိုရင် ကြိုပြောတဲ့ဗျ"

"ဟင်... အစကတော့ သူပဲအိမ်မှာ တစ်ယောက်စာ နှစ်ယောက်စာပို ချက်ထားစမြဲဆို"

"အေး... ငါလည်း အဲသလိုပြောခဲ့တယ်... ငါ့ကိုတောင် မင်းဘက်ကအမြဲရှေ့နေလိုက်တယ်လို့ ပြောလိုက်သေးတယ်"

"တော်ပြီဗျာ... အန်ကယ်ပြန်လာရင် ကျွန်တော့်ကို ကား အလုပ် ခိုင်းရင်ခိုင်းပါလို့ ပြောမယ်... မခိုင်းရင်လည်း ကျွန်တော် တခြားမှာပဲ သွားအလုပ်လုပ်တော့မယ်"

"ဟာ... အဲသလိုတော့ အပြတ်ကြီး မလုပ်သွားပါနဲ့ကွာ ဆရာရော 'မေတင်'ရော မင်းအပေါ်မှာကောင်းတာ... ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ကွာ... သည်းခံမှပေါ့... မင်းလောက် စာတွေဖတ်တာလည်း မရှိဘူး"

'စော' ငိုင်နေသည်။

"မင်းတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်ကောက်နေကြတာ မဟုတ်လား... ဘာကိုကောက်နေတာလဲ... ငါသိချင်တယ်ကွာ"

"ဒီလိုအဘရာ... သူလာပေးတဲ့မုန့်ဟင်းခါးကို ကျွန်တော်က မစားဘူးဆိုလို့... စိတ်ကောက်ပြီး ခွေးကျွေးပစ်တယ် "

"မင်းက ဘာလို့မစားတာလဲ... ဒီလောက်ကောင်းတာ... ရန်ကုန်မုန့်ဟင်းခါးဆိုတာ တစ်ခါတလေမှ ငါတို့ဆီမှာ စားရ





...တာ"

"မစားချင်လို့"

"သူက စေတနာနဲ့ စားစေချင်လို့လာပို့တာကို မင်းက ...းတော့ ခွေးကျွေးပစ်မှာပေါ့... အဟေး ဟေး... မင်းတို့နှစ် ...ယောက်တော့ တစ်ယောက်နဲ့တစ်ယောက် ကူလီကူမာလုပ်နေကြ ...တယ်... နေစမ်းပါဦးကွ... မင်းက မုန့်ဟင်းခါးကို ဘာလို့ ...စားချင်ရတာလဲ... ဘယ်သူ ဘာကျွေးကျွေး မစားချင်လည်း ...းလိုက်စမြဲပဲ... အခု ဘာကိစ္စငြင်းတာလဲ... မသိရင် ခက်မယ် ...ကွ... ငါလည်း ငယ်ရာကကြီးလာတဲ့ကောင်ပဲ... 'အုန်းသီး' ဝင် ...ထွက်တာ မင်း မနာလိုဖြစ်နေတာ... သဝန်တိုနေတာ မဟုတ် ...လား"

'စော' ဘာမှမပြော၊ နှုတ်ခမ်းကိုတင်းတင်းစေ့၍ ခြံထဲက ...န်းများကိုငေးနေသည်။

"ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့ ငါ့လူ... မင်း 'မေခင်'ကို စိတ်ဝင်စားနေတယ် မဟုတ်လား... တကယ်ကြိုက်ရင် တကယ်ရအောင်ယူပေါ့ ငါ့လူရ... မင်း ယောက်ျားပဲ... 'မေခင်' ဆိုတာ မိန်းမချော မိန်းမပြတ်လေးကွ... ပညာတစ်ဝက်တစ်ပျက် နဲ့ကျောင်းထွက်လိုက်ရရှာလို့... သူ့ သူငယ်ချင်းတွေက အခု ကော လိပ်ရောက်ကုန်ပြီ... 'အုန်းသီး'တို့... 'တာဖ'တို့ဆို ဒီနှစ်ကျောင်း ပြီးရင်ပြီးပြီ... ကြိုးစားကွ... ကြိုးစားရင် ဘာမဆိုဖြစ်တယ် လူ



www.burmeseclassic.com

www.burmeseclassic.com



ကလေးရယ်"

'စော'၏ပခုံးကိုဖက်၍ 'ဦးဘကြည်' အားပေးသည်။

"တော်ပါပြီဗျာ... ကျွန်တော့်လိုကောင်ကို သူ့အုပ်ထိန်း
သူတွေက သဘောတူမယ့်မထင်ဘူး"

"အားလျှော့လုချည်လားကွ... အရင်ဆုံး 'မေခင့်'အဖြေ
ကိုစောင့်ကြည့်ပါဦး... သူကမှ မချစ်ဘူးဆိုရင်တော့ တစ်မျိုးပေါ့
မဟုတ်ဘူးလား... ဒီကြားထဲမှာ မိန်းမတစ်ယောက်ကို ရာဇ
ကျွေးမွေးနိုင်လောက်တဲ့ အလုပ်အကိုင် မင်းရှာဖွေဦးပေါ့... 
ဟုတ်ဘူးလား"

ဟုတ်တာတွေချည်းပြောနေသဖြင့် 'စော' ငြိမ်နေမိ
သည်။

"ကဲ ငါသွားမယ်... မင်း အရင်လုပ်ရမှာက 'မေခင့်'
သဘောထားကို မေးဖို့ပဲ... ကံအတိုင်းပေါ့ကွာ... ဟုတ်လား"

'စော'လည်း ဒီအစီအစဉ်ကိုသဘောကျသည်။ 'မေခင့်'ကို
တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် ကြိုး
စားရမည်။ ညနေဘက် 'အုန်းသီး'နှင့် 'ပေါက်စိမ'ကို သူတို့ညီမ
နှစ်ယောက် ခြံဝအထိ လိုက်ပို့ကြသည်။ ထုံးစံအတိုင်း ခြံဝတွင်
အတော်ကြာကြာ စကားရပ်ပြောနေကြသေးသည်။

အိမ်ထဲပြန်အဝင်တွင် 'မေခင်'က ဂိုဒေါင်ဆီတစ်ချက်
လှမ်းကြည့်ကြောင်းသိရသည်။ 'မေတင်'က ကလေးများနှင့်ဆော





ရင်းကစားရင်း ဂိုဒေါင်ထဲရောက်လာသည်။

"အဘရော မောင်လေး"

"အပြင်သွားတယ် မမ"

"နက်ဖြန်ကျရင် အိမ်ကြီးထဲမှာ ကြပ်ခိုးတွေ... ဖုန်တွေ...
ရှင်းပေးပါဦးနော်... မှန်ပြတင်းပေါက်တွေလည်း တိုက်ချင်တယ်"

"ဟုတ်ကဲ့ မမ"

ညနေဘက် 'စော' ထမင်းသွားစားသည်။ စောစောက
မီးဖိုချောင်တွင် လှုပ်ရှားသွားလာနေသော 'မေခင်'တစ်ယောက်
ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားသည်။ သူမ အနီးအနားတွင်
ပုန်းနေကြောင်းသိပါသည်။

"အဘကပြောတော့တစ်မျိုး... အခု ကြည့်ပါလား...ကျွန်
တော်ထမင်းလာစားတော့ သူက ပုန်းနေပြန်ရော... ကိုယ့်ကို မ
တွေ့ချင်မှန်းသိလို့ကို ကျွန်တော် လာမစားတာသိရဲ့လား"

ထိုစကားကြောင့် 'ဦးဘကြည်'သည် မျက်နှာကြီးပြုံးပြုံး
စိစိဖြစ်သွားကြောင်းတွေ့ရသည်။

"ရတယ်... သူ မတွေ့ချင်လည်း ဒီတစ်ခါ အန်ကယ်လာ
ရင် ကျွန်တော် တခြားထွက်သွားတော့မယ်"

"မလုပ်ပါနဲ့ကွာ... ငါ လွမ်းကျန်နေရစ်ပါမယ်... ဟဲ
ဟဲ ဟဲ"

"တစ်လောကလုံး ကျွန်တော့်ကို လွမ်းမည့်သူဆိုလို့ အဘ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲရှိပါတယ်ဗျာ... အဘက ချစ်ပေမယ့် ကျွန်တော်တို့တွေက မျက်နှာတောင် ကြည့်ချင်တာ မဟုတ်ဘူး"

ပြောပြောဆိုဆို 'စော'က ထမင်းကို မကုန်ခင် ဆက်စားတော့ဘဲ ရပ်လိုက်သည်။

"ဟ ကောင်ကြီး... နည်းလှချည်လား"

"တော်ပြီ... အဘ"

"မင်းကလဲ ငါ့ရခွီးမှပဲ... ရည်းစားတောင် မဖြစ်သေးသေးမျက်နှာလေး မတွေ့ရတာနဲ့... ထမင်းတောင် မစားနိုင်တော့ဘူးလားကွ... ဒီလောက်အထိ မသည်းစမ်းပါနဲ့ကွာ"

'ဦးဘကြည်'၏ စကားကြောင့် အိမ်ထဲမှ ချောင်းကြည့်နေသော 'မေခင့်'မျက်နှာလေးရော၊ အိပ်ခန်းထဲသို့ မျက်လုံးရွှဲကြည့်များဖြင့် လှမ်းကြည့်သော 'စော'၏မျက်နှာပါ နီရဲသွားကြသည်။

"တိုးတိုးပြောပါ အဘရာ... သူကြားသွားလို့ ကျွန်တော်ပါး လာချသွားပါဦးမယ်... သူကြိုက်ရင် ကျွန်တော့်လို ကောင်မျိုးကိုကြိုက်မလားဗျ... အမြင့်က လူကိုမှကြိုက်မှာ... ပညာတတ်ကောလိပ်ကျောင်းသားတွေကိုမှ မှန်းမှာပေါ့... မဟုတ်လား"

"မင်းက စိတ်သိပ်ပျော့တာကိုးကွ"

"အဘ ထင်လို့ပါ... ကျွန်တော့်လိုကောင်က လိုချင်တာကို ရအောင်ယူမယ့်ကောင်ဗျ"

"သည်လိုစိတ်ထားမျိုးမှ ငါက ကြိုက်တာ"





"ကြည့်ထား... မနက်ဖြန် သူဈေးသွားရင် လိုက်ပြီးကို စကားပြောမယ်"

ထိုစကားကြောင့် 'မေခင့်' ရင်ထဲ ဒိုင်းကနဲမြည်ဟည်းသွားပြီး လက်ဖျား ခြေဖျားတွေ အေးစက်သွားသည်။ ချမ်းသလိုလို ဖျားချင်သလိုလိုဖြစ်သွားသည်။ အစက 'စော'ကို ဤမျှလောက်ရဲတင်းမည်ဟု မထင်ခဲ့။ ယခုတော့ သူ ဘာစိတ်တွေပေါက်နေပြီနည်း။ 'မေခင်' တစ်ညလုံး အိပ်မပျော်။ မိုးလင်းမှာကိုကြောက်သလိုလိုနှင့် စောင့်ကြိုနေမိသည်။

တစ်ညလုံးလည်း ဈေးသွားရကောင်းနိုး၊ မကောင်းနိုးနှင့် အိပ်မပျော်ဘဲ မိုးလင်းခဲ့သည်။ ထို့အတူပင် 'စော' တစ်ညလုံးအိပ်မပျော်။ မနေ့ညနေဘက်က မိမိ ပြောချင်တာကိုပြောခဲ့ပြီးမှ အဘကိုရှက်သလိုလို၊ 'မေခင့်'ကို အားနာသလိုလို၊ လန့်သလိုလိုဖြစ်နေမိသည်။

သူမ မနက်ဘက် ဈေးသွားပါဦးမလား။ မိန်းကလေးအတော်များများဈေးသွားကြပါသည်။ သို့သော် 'မေခင့်'လိုတော့ တစ်ရက်ကလေးမှ မပျက်မကွက် သွားနိုင်ကြပါ့မလား။ တစ်ခါတလေ ဈေးခြင်းအလေးကြီးဆွဲ၍ ဆိုက်ကားမစီးဘဲပြန်လာတတ်သည်။

ညီမအရင်းတွေဖြစ်ပါလျက် 'မေခင့်' ခမျာ မိုးမလင်းခင်မှ မိုးချုပ်သည်အထိ မအားရရှာ။ သူမကို မိမိသနားနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမက 'အုန်းသီး' လာလျှင်တော့ မြူးကြွနေသည်ကိုတော့ လုံးဝ
မကျေနပ်ချင်။

အို ဘာပဲဖြစ်ဖြစ် ကိုယ်က ယောကျ်ားလေးပဲ၊ မနက်
ကျရင် သူမ ဈေးမသွားခင် ကြိုစောင့်နှင့်မည်။



## ၁၃

'မေခင့်' ခြေလှမ်းများ ရပ်တန့်သွားသည်။ ခြံထဲက
က်ပြီး၊ ဟိုဘက် ဒီဘက် မျက်လုံးကစားလိုက်မိသည်နှင့် နှစ်
အကျော်တွင် ဂျာကင်အပြာလေး ဝတ်ထားသော 'စော'ကိုတွေ့
သည်။

ထူထူပူပူဖြစ်ပြီး ပြန်လှည့်ပြေးရမလိုလိုနှင့် မညီမညာ
စ်နေသော လမ်းတွင်ခလုတ်အကြိမ်ပေါင်းများစွာ တိုက်ရင်း
ရောက်လာခဲ့မိသည်။ တစ်ခါမှ ရည်းစားစကားအပြောမခံရဘူး
ဖြင့် ချစ်စကားအပြောခံရတော့မည်ကို ကြိုတင်သိရှိနေရသော
ခါ ရင်ထဲတွင် ဖိန်းကနဲ ရှိန်းကနဲဖြစ်နေတော့သည်။

'စော'လည်း 'မေခင့်'ကိုမြင်ရသောအခါ ရင်တွေတုန်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ 'မေခင်' ဈေးမလာလျှင် မိမိကို လုံးဝစိတ်မဝင်စား
ဆိုတာ တွက်ပြီးသား။ ယခုလို 'မေခင်' ဈေးခြင်းလေးဆွဲပြီး
သည်ကိုတွေ့လေသောအခါ မိမိအတွက် ရာခိုင်နှုန်း ငါး
သေချာနေပြီ နှစ်ယောက်လုံး နီးကပ်လာလေလေ အသက်
နှုန်းတွေ မြန်လာလေလေ လျှောက်လှမ်းနေသော 'မေခင့်'
ထောက်များသည် အပူပေးထားသောဖယောင်းလို ပျော့ညွတ်
ပြီး ခွေမကျသွားအောင် သတိထားနေပုံရသည်။

ဤမျှ သတိထားနေသည့်ကြားထဲကပင် 'စော' ရှေ့
အရောက်တွင် ခဲတစ်လုံးကိုနင်းမိပြီး ခြေခေါက်၍လဲကျ
သည်။

"အမေ့"

"'မေခင်'"

'စော'က ပြေးပြီး 'မေခင့်' လက်မောင်းကိုဆွဲမပေးသ
'မေခင်' ချက်ချင်းလမ်းမလျှောက်နိုင်သဖြင့် မျက်နှာရှုံ့မဲ့၍
ရည်တွေဝဲနေသည်။

"သိပ်နာနေသလား... 'မေခင်' ဈေးမသွားနဲ့တော့... ကျ
တော်ဆိုက်ကားငှားပေးမယ်နော်"

"ရပါတယ်... ဖြေးဖြေးလျှောက်သွားရင် ပြန်လျှောက်
မှာပါ"

"ဒါဆို ကျွန်တော် တွဲပေးမယ်နော်"





"အို နေပစေ... ရတယ်... ဖယ်ပါ"

'စော'ပြောဖို့ စီထားသောစကားများသည် မမျှော်
င့်သောဖြစ်ရပ်ကြောင့် ဘယ်ရောက်ကုန်မှန်းမသိတော့။ 'မေ
င်'က ထော့နင်း ထော့နင်းဖြင့် လျှောက်နေသည်။

"ကျွန်တော် တောင်းပန်ပါတယ် 'မေခင်'... အိမ်ပြန်ပြီး
နားယူလိုက်နော်... ကျွန်တော် ဈေးသွားလိုက်မယ်"

"အို ဖြစ်မလား... မမ မေးရင် ဘယ်လိုဖြေမလဲ... ခြင်း
တောင်းတခြား လူတခြားနဲ့"

"အင်း ဟုတ်သားပဲနော်... ဒီလိုလုပ် 'မေခင်' ဟောဟို
မ်ဆိုင်လေးနားမှာ ထိုင်စောင့်နေနော်... ကျွန်တော် ဈေးသွား
ယ်လိုက်မယ်နော်"

"ရပါတယ်ဆိုနေ"

"အို... မရနဲ့... တော်ကြာ ခြေသိပ်နာနေရင် ခက်မယ်...
ဘာဝယ်ရမလည်းဆိုတာသာပြော"

"ဈေးထဲမှာ ကြီးကြီးတို့တွေ့သွားရင်ကော"

"မတွေ့အောင် သွားမှာပေါ့"

"ကဲ ဒါဆိုရော့ ပိုက်ဆံ... ငါးမြင်းအစိတ်သားနဲ့ ကြက်ဥ
ဆယ့်ငါးလုံးဝယ်ခဲ့ပေး... တို့ဟူးအမာ ငါးကျပ်ဖိုးနှစ်ထုပ်လည်း
ဝယ်ခဲ့... ခရမ်းချဉ်သီး... ငရုတ်သီးစိမ်း... ချဉ်ပေါင်ရွက်နဲ့ ပဲ
နှန်လာလည်း သုံးပွင့်လောက် ဝယ်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပြီ”

‘စော’ ဈေးခြင်းဆွဲပြီး ခြေလှမ်းကျဲများဖြင့် ထွက်သ[...] သည်။ ခပ်လှမ်းလှမ်းရောက်သောအခါ လှည့်ပြန်၍ ‘မေခင်’ကို[...] ကြည့်သည်။ ‘မေခင်’ကလည်း အကြည့်ဖြင့် အကြည့်ခြင်းဆုံ[...] သည်။ ‘မေခင်’ တစ်ယောက်တည်း ပြုံးမိသည်။ တစ်ညလုံး ရ[...] စားစကားပြောဖို့ စိတ်ကူးယဉ်ထားသော ကောင်လေးတ[...] ယောက် ယခုဈေးခြင်းလေးဆွဲ၍ ခပ်သုတ်သုတ်သွားနေရှာသည်[...]

ဈေးကပြန်လာသောအခါ ဆိုက်ကားပါ ပါလာသည်[...] ‘မေခင့်’ကို ဆိုက်ကားပေါ်တွင် ထိုင်ခိုင်းပြီး အိမ်ကြီးဆီသို့ပြ[...] သွားခိုင်းသည်။ ‘စော’က ဆယ့်ငါးမိနစ်ခန့်နေမှ ပြန်လာသည်[...] ခြံထဲတွင် ကလေးများနှင့်ဆော့ကစားနေသော ‘မေတင်’က...

“ဟော ‘စောလေး’... ဘယ်က ပြန်လာတာလဲ”

“ဆေးရုံဘက်ကိုလမ်းလျှောက်တာပါ မမ... ကျွန်တော်[...] အောက်ထပ် မှန်ပြတင်းတွေ အရင်တိုက်ရမလား... အပေါ်ထ[...] ကိုအရင်တိုက်ရမလား မမ”

“အပေါ်ကို အရင်လုပ်လေ... အပေါ်က အမှိုက်တွေ[...] ဖုန်တွေ အရင်ရှင်းပြီးမှ အောက်ကိုကိုင်”

“ဟုတ်ကဲ့ မမ”

‘စော’ တစ်ယောက် အလုပ်သာလုပ်နေရသည်။ မျက်လုံ[...] က ‘မေခင့်’ ထံရောက်ရောက်သွားသည်။ တွေ့ချင်လျက်နဲ့ တစ်[...]





[...]ခင်းလုံးမတွေ့ရ။ ဆယ်နာရီခွဲလောက်မှ...

“ ‘စောလေး’ ထမင်းဆင်းစားလိုက်ဦး... စားသောက်ပြီး [...]း တာရေးတာမော အိပ်ချင်အိပ်... အနားယူချင်ယူပေါ့... နေ့ခင်း [...]နာရီလောက်မှ အပေါ်ပြန်တက်ခဲ့ကြားလား”

“ဟုတ်ကဲ့ မမ”

‘စော’ ရင်တဖိုဖိုဖြင့် အောက်ထပ်ပြန်ရောက်လာသည်။ [...]ိုထဲရောက်လာသည်။ အဘက ထမင်းစားခန်းကိုမြင်သာသည့် [...]ထဲရှိ ကွပ်ပျစ်ပေါ်တွင် သွားကြားထိုးနေသည်။ ‘မေခင်’က ထ[...]င်းစားခန်းမှ အပြင်သို့ထွက်သည့် တံခါးဝတွင်ထိုင်ကာ ဆန်ရွေးနေသည်။

‘စော’ ရင်မှာ ကျေနပ်ရပါသည်။ သူမ မိမိကိုရှောင်ပုန်း[...]ခြင်းမပြုတော့ပါ။ ထမင်းစားပွဲတွင် ထမင်းဟင်းများကို အရံသင့် [...]ခူးခပ်ထားပြီးသားဖြစ်သည်။

“အဘ စားပြီးပြီလား ‘မေခင်’ ”

“ပြီးပြီ”

“ ‘မေခင်’ ခြေထောက်သက်သာရဲ့လား... ဆေးမလိမ်းဘူးလား”

“သက်သာပါတယ်... ဆေးပူလိမ်းထားပါတယ်”

“ကျွန်တော့်ကြောင့်ဖြစ်ရတာမို့ စိတ်မကောင်းပါဘူး”

‘မေခင်’ ဘာမျှ ပြန်မပြော။



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ဈေးသွားရင် စောင့်နေမယ်"

"ဘာလုပ်ဖို့တုန်း"

"ပြောစရာရှိလို့"

"အခုပြောလည်း ရပါတယ်"

"နက်ဖြန်မှ ပြောမယ်"

"လမ်းမှာ စကားလိုက်ပြောရင် သူများတွေတစ်မျိုး… မည့်ထင်မှာပေါ့"

"ဘာလဲ… 'အုန်းသီး' မြင်ရင် စိတ်ဆိုးမှာစိုးလို့လား"

ထိုစကားကြောင့် လည်ပင်းကလေးလိမ်၍ မျက်မှော… ကြုတ်ကာ မကျေနပ်သလိုကြည့်ရင်း…

"ဘာစကားပြောတာလဲ… 'အုန်းသီး'နဲ့ 'ခင်'တို့ဟာ … ငယ်ငယ်ကလေး ပိစိညှောက်အရွယ်ကတည်းက ချစ်ခဲ့ကြ… သိရဲ့လား"

"အင်းလေ… အဲလိုသံယောဇဉ်မျိုးဆိုတာ ဖြတ်နိုင်ဖို့ခဲ… တယ် မဟုတ်လား"

"ဟုတ်တယ်လေ… 'ခင်'တို့ ခင်မင်မှုကို မဖော်ကားပါနဲ့ ပြီးတော့ သူနဲ့ 'ဗိုလ်မ'က ချစ်သူရည်းစားတွေ"

"အရင်က မဟုတ်လား… အခု 'ဗိုလ်မ'က နောက်တ… ယောက်နဲ့ယူတော့မှာမို့ 'ကိုအုန်းသီး' ဆွေးနေပြီ မဟုတ်လား"

'မေခင်' မျက်စောင်းထိုးရင်း…





"ဟွန်း… သို့ ချောင်းနားထောင်ထားတယ် မဟုတ်လား …င့်ကိုက မကောင်းဘူး"

'မေခင်'က မျက်နှာနီနီဖြင့်…

"ဘာဆိုင်တာ မှတ်လို့"

'စော'က တစ်ချက်ငိုင်သွားပြီး 'မေခင့်'ကို မျက်တောင် …စူးစိုက်ကြည့်နေသည်။ ပြီးတော့မှ ဝမ်းနည်းသောအသံဖြင့်

"ဒါပေါ့လေ… ကျွန်တော့်လို ဒီအိမ်မှာလာခိုကပ်စားနေ…အောင်ကို ဘယ်သူက ဆိုင်ချင်မှာလဲ… ကျွန်တော့်ကိုယ် ကျွန်…တ် အထင်ကြီးသွားတယ်ဗျာ"

'စော'က စားလက်စထမင်းကို ရပ်၍ ထိုင်ရာကထသည်။

"နေစမ်းပါဦး… ချက်ပြုတ်ကျွေးမွေးတဲ့သူကိုမှ အားမနာ… ထမင်းမစားဘဲနေလို့နေ… စားလျက်တန်းလန်းကနေ…တ်ပစ်လို့ တော်ပစ်… ဘာလဲ 'မေခင့်'ကို မခံချင်အောင်လုပ်နေ…လား"

"မလုပ်ရဲပါဘူးဗျာ"

'စော' ပန်းကန်တွေသိမ်းဆည်းသည်။ ပန်းကန်ဆေးရန် …ပ်ထားသော ကန်ထဲတွင် ရေနည်းနည်းသာရှိတော့သဖြင့် ရေ…ွင်းမှနေ၍ ခပ်ထည့်သည်။ 'စော' ရေခပ်နေစဉ် 'မေခင်' လှစ်…နဲ့ ကိုယ်ယောင်ဖျောက်သွားသည်။ 'စော'လည်း အလုပ်လုပ်…အပေါ်ထပ်တက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မျက်နှာချက်ကို တံမြက်စည်းရှည်ကြီးဖြင့် အ
လှည်းပြီး နံရံများကို ရေဝတ်များဖြင့် တိုက်ချွတ်ရသည်။ က
ငယ်နှစ်ယောက်က 'စော' အိမ်ပေါ်ရောက်နေသဖြင့် ပျော်
သည်။ မှန်ဗီရိုထဲရှိ ထူးဆန်းသော သူတို့၏ ကစားစရာအ
များကို ထုတ်၍ပြသည်။ ကြွားသည်။

'မမမေတင်'က ကလေးငယ်ကို နို့တိုက်ခြင်းနှင့် သို
ထိုးခြင်းအလုပ်ကိုသာလုပ်ကြောင်း တွေ့ရသည်။

"'စော' ရေ"

"ဗျာ မမ"

"မေးစရာရှိတယ်ကွယ့်"

"မေးပါ မမ"

"မင်းရဲ့အန်ကယ် ရန်ကုန်ပွဲရုံလာရင် အရက်တွေ
တွေ သောက်သလား"

သောက်ပါသည်။ သို့သော် မပြောရဲပါ။

"ကျွန်တော် မသိဘူး မမ"

"ဟော မင်းအန်ကယ်ကပြောတော့ အဲဒီပွဲရုံမှာ တစ်
လုံး မင်းပဲ ဝတ်ကြီးဝတ်ငယ်ပြုစုနေတာဆို"

"အဲဒါတော့ ဟုတ်ပါတယ် မမ"

"အဟင်း ဟင်း... မင်းက လူလည်ပဲကွ... မင်းဆရာ
ကောင်းကြောင်း မေးလို့မရဘူးထင်တယ်... ပွဲရုံကို မိန်းမတွေ





တွေ လိုက်လာတာရောတွေ့ဖူးလား"

"မတွေ့ဖူးပါဘူး"

ထိုသို့ဖြေရင်း 'ပြည့်'ကို သတိရမိသည်။ အန်ကယ့်ထံ
တစ်ခေါက်လာပြီး ဆွယ်တာမှာဖူးသည်။

"ဆရာကောင်းတပည့် ပီသပါပေတယ်... သူ့ဆရာအ
ကြောင်း တစ်လုံးမှမေးလို့ မရဘူး"

"တကယ်ပြောတာပါ မမ... မိန်းမတွေဘာတွေ လိုက်
လာတာမရှိပါဘူး... ပွဲရုံပိုင်ရှင် သမီး 'ပြည့်'တော့ ဆွယ်တာ
လာမှာတာတွေ့ဖူးပါတယ်... ဒါပါပဲ"

"သြော် 'ပြည့်'လား... 'ပြည့်'နဲ့ မမက ခင်ပြီးသားလေ...
ဟုတ်သားပဲ... 'ပြည့်' ထိုးခိုင်းထားတဲ့ ဆွယ်တာတွေတောင်ရွေး
ပေးရဦးမှာပဲ... အဲဒီကိုကိုတစ်ယောက်က သူများမှာတာတွေတာ
ဝန်ယူလာပြီး ပြန်ပို့ဖို့ချတော့ မေ့ရောပဲ"

'စော' နားထောင်ရင်း အလုပ်လုပ်နေသည်။

"ဒါနဲ့... 'စော'နဲ့ 'ပြည့်' ချစ်တိတ်တိတ်ဖြစ်ကြသေးတယ်
ဆို"

"မဖြစ်ပါဘူး မမ... သူ့အမေက စိုးရိမ်လွန်တာပါ...
ကျွန်တော်တို့ စကားတောင်မပြောဖူးပါဘူး"

"ဒါပေါ့ကွာ... လူကြီးတွေဆိုတာ ရှေ့ရေးကိုကြိုတင်မြင်
တတ်ကြတာပေါ့... မင်းက လူချောဆိုတော့ သူ့သမီးနဲ့ငြိသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရိုးလို့နေမှာပါ မဆန်းပါဘူးလေ… ကျွတ် ကျွတ် ကျွတ်”

စကားပြောရင်းက ‘မမမေတင်’ ဘစ်ယောက် မျက်နှာကို ရှုံ့မဲ့၍ ဂုတ်သားဝင်းဝင်းကို ညာလက်ဖြင့်ဆုပ်ကိုင်ရင်း တကျွတ် ကျွတ် လုပ်နေသဖြင့်…

“မမ ဘာဖြစ်လို့လဲ”

“အကြောတွေတက်တာ အရမ်းပဲကွယ်… တစ်နေ့တစ် နေ့ စာဖတ်လိုက်… သိုးမွေးထိုးလိုက်နဲ့ဆိုတော့ အညောင်းထိုင် တာများပြီး တစ်ကိုယ်လုံး တောင့်တင်းနေတာပဲ… ‘စောလေး’ ရေ့ …ဘာဒီဗီရိုပေါ်မှာ ပရုပ်ဆီအနီဗူးရှိတယ်… ယူခဲ့ပြီး ဇက်ကြော နည်းနည်းဆွဲပေးစမ်းပါ”

“ဟုတ်ကဲ့”

‘စော’ တစ်ကိုယ်လုံး ထူပူနေသည်။ မိန်းမများနှင့် တစ်ခါ မျှ နီးနီးကပ်ကပ်မနေဖူးသော ‘စော’ အတွက်တော့ အလုပ်ရှင် အိန္ဒိ ငယ်ငယ်ချောချော၏ အသားကိုကိုင်ရမှာ ရာဇဝတ်မှုကျူး လွန်ရသလိုဖြစ်နေသည်။

“ဟော ဟော… ဘာလုပ်နေတာလဲ… နှိပ်လေ”

‘စော’ တံထွေးမျိုချရင်း ဖြူဖွေး ချောမွတ်နေသော မမ ‘မေတင်’၏ ပခုံးသားပေါ်သို့ လက်နှစ်ဖက်ကိုတင်လိုက်မိသည်။

“ဖိနှိပ်လေ မောင်လေး… မမက ခဏခဏ ဇက်ကြော တက်တော့ အနှိပ်ခံနေကျဖြစ်နေပြီ… နာနာသာနှိပ်”





သူမ အညောင်းပြေစေရန် ဖိ၍နှိပ်ပေးမိသည်။ ဖြူဖွေး သော သူမ၏အသားများနီရဲလာသည်။

“ကျောကုန်းနဲ့ ခါးဆစ်တွေကိုပါ လက်မနဲ့နာနာထိုး”

‘စော’ စောချွေးတွေပင်ပြန်လာပြီ။ ခုချိန်မှာ အန်ကယ် ကတ်တရက် ပြန်ရောက်လာလျှင် မိမိကို အထင်လွဲလေမည်လား။

“ပခုံးကို တယောင်ဆစ်နဲ့ ထောက်ပေးဦးနော်”

အခုမှ ပိုဆိုးတော့သည်။ မိမိရင်ခွင်ထဲ သူမရောက်နေချေ ပြီ။ သူမ ဆံနွယ်များက မိမိ၏မျက်နှာနှင့် နှာဝတွင် လွင့်ကစား နေကြသည်။ မွှေးပျံ့နေသော ရနံ့များကလည်း ပြန့်လွင့်နေ သည်။

“ဒီနား ဒီနား… ဟုတ်ပြီ ဟုတ်ပြီ”

သူမက ‘စော’၏လက်များကိုကိုင်၍ နေရာပြပေးသည်။ ခြေသံဖွဖွကြားသဖြင့် ‘စော’ ဖျတ်ကနဲလှည့်ကြည့်မိသည်။ ‘မေခင်’ ထ တို့ဟူးကြော်များနှင့် အချဉ်ပန်းကန် လင်ဗန်းတစ်ခုတည်း ထည့်၍ အပေါ်ထပ်တက်လာခြင်းဖြစ်သည်။ ‘စော’နှင့် ‘မမမေ’ တို့၏ပုံစံကိုကြည့်ပြီး အံ့အားသင့်နေရာကနေ သရော်သလိုလို မဲ့ပြုံးလေးဖြင့် ကြည့်ရင်း…

“မမ”

“ဟင်”

“အကြော်လာပို့တာ”



www.burmeseclassic.com

"အေး အေး... လက်ဘက်ရည်လည်း ဖျော်ခဲ့ဦး... အသ
ကိုလည်း ကျွေးလိုက်ဦး"

"အင်း အင်း"

လည်ဟိုက်အင်္ကျီဝတ်ထားသော 'မမမေ'၏ပုံစံမှာ ဖရိုး
ရဲဖြစ်နေသည်။ ဖြူ ဖွေးသော အသားစိုင်များနှင့် ရင်ညွန့်မျာ
ပေါ်နေသည်။ 'မေခင်' မျက်စောင်းထိုးကြည့်ရင်း ပြန်ဆင်းသွာ
သည်။

" 'စော' လက်ပေါက်တယ်နော်... မမကို အားတဲ့အချိန်
တွေ လာနှိပ်ပေးကြားလား"

"ဟုတ်ကဲ့"

"ကဲ... အကြော်စား... တို့ဟူးမာမာကိုကြော်ထားတာ"

"ဟုတ်ကဲ့"

အလုပ်ချိန်ပြီးလျှင် 'စော' လှောင်အိမ်ထဲမှ လွတ်ထွက်
လာသော ငှက်ပမာ ပေါ့ပါးသွက်လက်စွာ ဆင်းခဲ့သည်။ 'မေခင်'
ဘယ်မှာ ပုန်းနေသည် မသိ၊ ရှာ၍မတွေ့။ ညနေဘက်တွင် ထမင်း
စားခန်းထဲတွင် မရှိ။ တစ်ညနေလုံး၊ တစ်ညလုံး 'မေခင်'နှင့်စကား
ပြောချင်၍ အလစ်ချောင်းနေသော်လည်း ရုပ်မမြင်၊ သံမကြားဖြစ်
နေသည်။



## ၁၄

စောင့်နေတာကြာပြီဖြစ်သော်လည်း 'မေခင်' ပေါ်မလာ
နာရီဝက်ခန့်ကြာသောအခါ 'ကြီးကြီးဌေး'နှင့် 'သေးသေး'တို့ထွက်
လာကြသည်။ 'သေးသေး' လက်ထဲတွင် ဈေးခြင်းဆွဲထားသည်။
ဒီနေ့ဈေးပိတ်၍ 'ကြီးကြီးဌေး' ဈေးဝယ်ထွက်ခြင်းကို မှင်သေသေ
ဖြင့် အိမ်ဘက်ပြန်လျှောက်လာခဲ့မိသည်။

'သေးသေး'က ရှိသမျှ သွားအကုန်ဖော်၍ မျက်လုံးလေး
များမှေးသွားသည်အထိ ရယ်ပြသွားသော်လည်း 'ကြီးကြီးဌေး'က
တော့ မျက်လုံးတစ်ချက်သာ စွေကြည့်သွားပါသည်။ ယခုတိုင်
မိမိကို ရောရောနှောနှောမနေဘဲ ခပ်တည်တည်လုပ်နေဆဲဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေတောင်မြှောက်ပေးနေသော အဘဆီလျှောက်သွား
ပြီး...

“ ‘မေခင်’ ဈေးသွားမယ်မှတ်လို့ သွားစောင့်နေတာ
အဘွားကြီးထွက်လာလို့ ပြန်လှည့်ခဲ့ရတယ် အဘရယ်...

“အေး... ဟား ဟား သူလည်း အဖိုးကြီးပဲကွ... မင်းပြော
ဖို့ စုဆောင်းထားတဲ့စကားတွေ ကြာရင်မေ့သွားလိမ့်မယ်... အ
ဘွားကြီးကိုသာ တစ်ခါတည်းပြောလိုက်”

“ဟာ မလုပ်ပါနဲ့ အဘရယ်... မိုးကြိုးပစ်နေပါ့မယ်
ကိုယ့်အမေအရွယ်... ကိုယ့်အဒေါ်အရွယ်ကြီး... ကျွန်တော်နဲ့
သင့်တော်ဘူး... အဘနဲ့ဆို သက်တူရွယ်တူပဲ အဘလိုက်ပြော
လား”

“ဟား ဟား ဟား အသက်ကြီးမှကွာ... နဂိုကမှ သွားမ
ရတဲ့အထဲ... သူ ပါးထပ်ချလို့ ရှိတဲ့သွားလေးကျိုးနေပါဦးမယ်

ထိုစဉ် ခြံဝမှ စက်ဘီးဘဲလ်သံကြောင့် လှမ်းကြည့်မိကြ
သည်။ ‘ပေါက်စီမ’က စက်ဘီးနင်းပြီး ‘မေခင်’က နောက်မှထိုင်
လာခြင်းဖြစ်သည်။

“ဝင်ဦးလေကွာ”

“မဝင်တော့ဘူး ‘မေကျီ’... နက်ဖြန်သဘက်ဆို အားလုံး
ဆုံကြမှာပဲ”

“ပြီးရော... ပြီးရော”





‘မေခင်’ သားရေအိတ်တစ်လုံးကိုလွယ်၍ ဝင်လာသည်။

“ဘယ်ကပြန်လာတာလဲ ‘မေခင်’ ”

“ ‘ပေါက်စီမ’တို့အိမ် သွားအိပ်တာလေ အဘရဲ့”

ထိုစကားကြောင့် ‘စော’က ‘မေခင့်’ကို စူးစူးရဲရဲလေး
စိုက်ကြည့်နေသည်။ ‘မေခင်’က ‘စော’ကို လုံးဝမကြည့်။ အပေါ်
ထပ်ရှိ အလုပ်များကိုသာလုပ်နေရသည်။ စိတ်ကတော့ အောက်
ထပ်မှာ။ ‘ပေါက်စီ’တို့အိမ် သွားအိပ်ခြင်းသည် မိမိကို တမင်
စိတ်ဆင်းရဲအောင်လုပ်ခြင်းလား။

အို သူမတို့ နဂိုတည်းက သည်လိုပဲ သွားနေကြ၊ လာ
နေကျပဲ။ အို စိတ်ညစ်သည်။ ‘မေခင့်’မနော့ကို နားမလည်နိုင်
သလို ‘မမမေတင်’၏ သဘောကိုလည်း နားမလ နိုင်ပါ။

“ ‘စော’ ရေ”

“ခင်ဗျာ”

“မင်း တူ တူမတွေ စောင့်ကြည့်ထားလိုက်ဦးနော်... မမ
ရေချိုးချင်လို့”

“ဟုတ်ကဲ့ မမ”

‘စော’ အလုပ်လုပ်ရင်းက ကလေးနှစ်ယောက်ကို လှည့်
ထိန်းရသေးသည်။ ငါးမိနစ်ခန့်ကြာသောအခါ...

“ဝုန်း... အမယ်လေးတော့”

အိမ်နောက်ဘက်ဆီမှ ဖုလုံပြုတ်ကျသံနှင့် ‘မမမေ’၏



www.burmeseclassic.com

www.burmeseclassic.com



အော်သံသဲ့သဲ့ကိုကြားရသဖြင့် ကလေးနှစ်ယောက်ဆွဲရင်း လာခဲ့မိသည်။ ရေချိုးခန်းတွင်းဝယ် 'မေတင်' ချော်လဲကျခြင်းဖြစ် သည်။ ခုံဖိနပ်တစ်ဘက်မှာ အခန်းပြင်ထွက်နေသည်။ ဒူးတွေ ပေါင်တွေမှေါပြီး ရင်လျားမှာ ပြေထွက်နေသဖြင့် 'မမေတင့်'က လက်နှစ်ဘက်ဖြင့် ကိုင်ထားသည်။

လက်တစ်ဘက်ကထောက်ပြီး ကုန်းထလာသော်လည်း မထနိုင်ဘဲမျက်နှာမှာ ရှုံ့တွ၍နေသည်။

"လာ ထူစမ်းပါကွယ်... မင်းကလည်း ဒီအတိုင်းကြည့် မနေရတယ်လို့"

'စော' ကလေးကိုချပြီး သူမရှိရာရောက်သွားသည်။ သူ ကိုတော်တော်ဆွဲထူယူရသည်။

"လျှောက်နိုင်လား မမ"

"ဟင့်အင်း... ပေါင်းရင်းက ဘာဖြစ်သွားလည်း မသိဘူး ဆရာဝန်များ ခေါ်ရမလား မသိပါဘူး"

သူမက ငိုသံလေးဖြင့်ပြောသည်။ 'စော' သူမရဲ့ မျက်လုံး နှစ်လုံးကိုသာကြည့်ရဲသည်။ မျက်နှာအောက်ပိုင်းကိုမူ မကြည့်ဝံ့ ယခုတိုင် ဖရိုဖရဲရှိနေဆဲပင်။

"မမ အဝတ်အစားလဲလိုက်လေ"

"အေး အခန်းထဲကိုပို့ပေးလေ... လမ်းမှ မလျှောက်နိုင်တဲ့ ဟာကို"





"ကျွန်တော် တွဲသွားပေးမယ်လေ"

နှစ်လှမ်းသုံးလှမ်း လျှောက်ကြည့်သည်။

"နာတယ်... မလျှောက်နိုင်ဘူး"

အိပ်ခန်းရောက်အောင် အတော်လျှောက်ရဦးမည်။

"ကျွန်တော် ပွေ့သွားရမလား"

"အင်း အင်း"

အလုပ်ရှင် ဇနီးကိုကူညီခြင်းဟု သဘောပိုက်ထား သော်လည်း 'မမတင်'သည် ပျို့ရွယ်ဆဲ။ မသင့်တော်ပါလားဆို သည့်အတွေးက ခေါင်းထဲဝင်လာသဖြင့် ခုတင်ပေါ်အမြန်ချလိုက် သည်။

"အို ကျွတ် ကျွတ် မင်းနှယ့်ကွယ်... နာပါတယ်ဆိုမှ ချရသလား"

"ဆောရီး မမ ဆောရီး... အရမ်းနာသွားသလားဟင်"

"ကဲပါကွယ်... ဟိုပေါ်က အင်္ကျီထူနဲ့ မရှိမသေ စင်ပေါ် လုံချည်တစ်ထည် ယူပေးစမ်းပါကွယ်... ပြီးရင် 'မခင့်'ကို ခေါ်ပေးစမ်းပါ"

"ဟုတ်ကဲ့"

'စော' အောက်ထပ်ပြေးဆင်းလာသည်ကို အဝတ်တွေ စပုံကြီး မီးပူထိုင်တိုက်နေသော 'မခင်'က မျက်စောင်းထိုး ကြည့်ပြီး အရေးမစိုက်သလို မျက်လွှာချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



" 'မေခင်' "

ကြားလျက်နဲ့ သူမက မထူး။

" 'မေခင်'လို့ ခေါ်နေတာရော"

"ဘာလဲ"

ရန်စွယ်ငေါငေါလေးထူးသည်။

"အပေါ်မှာ မမ ရေချိုးခန်းထဲမှာ ချော်လဲလို့... အ[...]

နာသွားတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ... လမ်းမလျှောက်နိုင်ဘူး"

"ဒါဆို ရေချိုးခန်းထဲမှာပေါ့"

"အခု အိပ်ယာပေါ်မှာ"

"ဟင် လမ်းမလျှောက်နိုင်ဘူးလည်း ပြောသေးတယ် ဘယ့်နှယ်လုပ် အိပ်ယာပေါ်ရောက်သွားတာလဲ"

"ဘယ်လိုလုပ် ရောက်ရမှာလဲ... ဒီကောင် သွားပို့ရ[...] ပေါ့"

"အိပ်ခန်းထဲအထိ ရောက်တယ်ဟုတ်လား... ခုတင်[...] အထိ တင်ခဲ့တယ်ဟုတ်လား... ပွေ့သွားရမှာပေါ့"

"အင်းပေါ့"

"ဒါဆိုလည်း 'မေခင့်'ကို ဘာလာခေါ်စရာလိုသေး[...]

"မသိဘူး... မမခေါ်ခိုင်းလိုက်တာ"





'မေခင်' ထိုင်ရာမှ ထသည်။

" 'မေခင်' "

"ဘာလဲ"

"ပြောစရာတွေ အများကြီးရှိတယ်... မနက်က ဈေးသွား [...]မှတ်ပြီး စောင့်နေသေးတာ... ဘာဖြစ်လို့ သူများအိမ်မှာ သွား [...]တာလဲ"

"ခုမှ အိပ်တာမဟုတ်ဘူး... ငယ်ငယ်ကတည်းက အိပ် [...]... ဒီမှာ 'မေခင့်'မှာ ရည်းစားရှိရင်ဖြစ်ဖြစ်... ယောကျ်ားရှိရင် [...]ဖြစ်... တစ်ခါတည်း အပြတ်မှာထားမှာ... 'မေခင့်' သူငယ် [...]မိန်းကလေးဖြစ်ဖြစ်... ယောကျ်ားလေးဖြစ်ဖြစ် အိမ်လာလည် [...] မကန့်ကွက်ရဘူး... မပိတ်ပင်ရဘူး... အုပ်မပုပ်ရဘူးလို့... ခင် [...]နဲ့ ချစ်တာနဲ့တခြားစီပဲ မဟုတ်ဘူးလား... နေရာတကာချုပ် [...]တာမျိုးတော့ မကြိုက်ပါဘူးလို့"

ထိုကဲ့သို့ပြောပြီး 'မေခင်'က အပေါ်ထပ်ပြေးတက်သွား [...]။ 'စော'တစ်ယောက် 'မေခင့်'စကားများကိုအဓိပ္ပါယ်ပေါက် [...]အားမိလေသောအခါ ပြုံးစိစိဖြစ်သွားသည်။ သူမကို မိမိချစ် [...]။ လက်ထပ်မည်ဆိုလျှင် သူမ၏စည်းကမ်းကို လိုက်နာဖို့ [...]ကြားသွားပြီ။

သဘောထားကြီးနိုင်ပါမည်လား။ သူမကတော့ ပြော [...]ပြီ၊ ချစ်တာတခြား၊ ခင်တာတခြားတဲ့။ အင်း သေချာစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့လည်း မိမိသည် မနေ့တစ်နေ့ကမှ သူမ၏ပတ်
ကျင်ကိုရောက်လာသူ။ သူမ သူငယ်ချင်းအပေါင်းအသင်း
သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရှိလာ
သံယောဇဉ်။

သူမကို မိမိချစ်မိမှတော့ သူမ တောင်းဆိုချက်ကို လို
လျော့နိုင်ရပေမည်။ အိမ်ကြီး၏အပေါ်ထပ်တွင် အလုပ်တက်
ရမှာကိုတော့ 'စော' ကြောက်နေမိသည်။ 'မမမေ'နှင့် မိမိ
ယောက်တည်းရှိနေခြင်းသည် ပတ်ဝန်းကျင်အမြင်တွင် မ
တယ်။ စိတ်ထဲမှာ သံသယရှိလာသည်။

'မမတင်'သည် သူ့ယောကျ်ားမရှိတုန်း မိမိကိုအိမ်
ခေါ်ခိုင်းခြင်းသည် မသင့်တော်မှန်းသိလျက်နှင့် ဘာကြောင့်
ခိုင်းသနည်း။ ပြီးတော့ 'မမမေ'သည် အနေအထိုင်လည်း ရဲ
လွန်းသည်။ ပြောဆို ဆက်ဆံရာတွင် ခေါင်းပုတ်၊ ကျောပုတ်
မျက်လုံးအကြည့်သည်လည်း ညှု၏။

ဤတစ်ရက်နှစ်ရက်အတွင်း မိမိနှင့် သူမ၏အနေအထ
သည် ထိတွေ့မှု နီးစပ်မှုတွေသိပ်များနေပြီ။ မိမိမည်မျှ စောင့်
ပါစေ၊ ရိုးသားပါစေ၊ သူမက မြူဆွယ်လွန်းအားကြီးလျှင်
မည်မျှ ထိန်းသိမ်းနိုင်ပါမည်နည်း။ ခက်နေသည်က အပေါ်ထ
က အလုပ်အကုန်မပြီးသေး။ ဆက်လုပ်ရဦးမည်။ ထမင်းစား
တွင်...



" 'မေခင်' "

"ဘာလဲ"

"လာစမ်းပါ... အကူအညီတောင်းစရာရှိလို့"

"ဘာလဲ"

'မေခင်' စားပွဲစွန်းနားတွင် လာရပ်ရင်း ရှုပုပ်ပုပ်လေးလုပ်
သည်။

"အပေါ်ထပ်မှာ ဒီညနေပိုင်း လုပ်ပြီးရင် ပြီးပြီး 'မေခင်'"

"အဲဒါဘာဖြစ်လဲ... ဝမ်းနည်းနေလို့လား"

"ဟော လုပ်ပြီ... အမြဲပဲ ရန်လိုနေတာပဲလား... ဝမ်းနည်း
့ မဟုတ်ဘူး 'မေခင်'... ဝမ်းသာလို့ပါ... ဒီညနေလေးအတွက်
အောင် မမဆူမှာစိုးလို့လုပ်ရမှာ... မသင့်တော်ဘူးဆိုတာ ကျွန်
တော်သိပါတယ်... ဒါပေမဲ့ ကျွန်တော်ဟာ 'မမမေ'ရဲ့ အလုပ်
သမားပါ 'မေခင်'... နှိပ်ခိုင်းလည်း နှိပ်ပေးရမှာ... နင်းခိုင်းလည်း
နင်းပေးရမှာပါ"

"ပြောစရာကုန်ပြီလား"

" 'မေခင်' အပေါ်ထပ်မှာ လာနေပါလား"

"မလွတ်မလပ်ဖြစ်နေပါ့မယ်"

"မခနဲ့ပါနဲ့ 'မေခင်'... 'မေခင်' မကြိုက်ဘူးဆိုတာ ကျွန်
တော်သိပါတယ်... ကျွန်တော် အိမ်အပေါ် မတက်ချင်ဘူးဆိုတာ
လည်း 'မေခင်' သိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



'မေခင်' 'စော'ကို စူးစူးလေးစိုက်ကြည့်ပြီး...

"သူတို့အပေါ်ထပ်ကို 'မေခင်' အကြောင်းမရှိဘဲ တ
တာမှ မဟုတ်ဘဲ... အခုမှတက်လာတော့ ကောင်းမလား"

"ဘာပဲဖြစ်ဖြစ် မကြာခဏတက်လာခဲ့ပါနော်"

'မေခင်'က ခေါင်းညိတ်၍ထွက်သွားသည်။ နောက်
နေ့ဆက်မလုပ်ရအောင် 'စော' အကြိုက်အနယ် အိမ်နံရံများ
သုတ်သည်။

" 'မမေ' ဆရာဝန်မပြဘူးလား"

"ပြမယ်လေ... ခုလောလောဆယ်တော့ ဆေးပူတွေလိ
ထားတယ်... ညနေဘက် ဆိုက်ကားငှားပေးဦးနော်"

"ဟုတ်ကဲ့ မမ"

'မေခင်' လင်ဗန်းထဲတွင် ထမင်းပန်းကန်များတင်
တက်လာသည်။

"ကလေးတွေရော 'မေခင်' "

"အဘဆီမှာ"

"အေး ထားခဲ့... ထားခဲ့"

'မေခင်' အိမ်အပေါ်ထပ်တွင် ကြဲဖန်၍ အလုပ်ရှာသည်
ဘုရားပန်းအိုးများကို အိမ်နောက်ဘက်သို့သယ်နေသည်။

"ဘာလုပ်ဖို့လည်း 'မေခင်' "

"ပန်းတွေလဲမယ်လေ"





"အလန်းကြီးရှိပါသေးတယ်"

"ခြံထဲမှာ မေမြို့ပန်းတွေ အရမ်းလှနေလို့ 'မေခင်' ဘုရား
န်းအိုး အသစ်လဲပေးမလို့ မမ"

'မေတင်'က ညီမဖြစ်သူကို မကျေနပ်သောမျက်နှာဖြင့်
ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ 'မေခင်'ကတော့ အိမ်ရှေ့နှင့်အိမ်
နောက်ဘက် သွားချည်ပြန်ချည်ဖြင့် ပန်းအိုးလဲနေသည်မှာ နာရီ
က်ခန့်ကြာသွားသည်။

" 'မေခင်' ရေ"

"ရှင် မမ"

"ပန်းအိုးလဲပြီးရင် ရုပ်ရှင်ရုံနားက အကြော်သွားဝယ်
လိုက်ဦး"

"စောင့်ရမှာပေါ့ မမရဲ့... ထမင်းအိုးကလည်း တည်ရဦး
ယ်... ဟင်းလည်း ထပ်လုပ်ရဦးမယ်"

"ကျွန်တော် သွားဝယ်ပေးမယ်လေ မမ"

"သွားဝယ်လေ... ရော့ ပိုက်ဆံ... ဂေါ်ရခါးသီးကြော်ရယ်
အကွင်းကြော်ရယ်... ဘယာကြော်ရယ် ဝယ်ခဲ့... အချဉ်လည်း
နှစ်ထုပ်လောက်တောင်းခဲ့"

"ဟုတ်ကဲ့"

"စက်ဘီးနဲ့ သွားလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



'စော'က စက်ဘီးကိုခွစီးရင်း 'မေခင်'ကို မျက်စိတစ်ဘ
မိတ်ပြသည်။ 'မေခင်'က မျက်စောင်းထိုးသည်။ ထမင်းဆန်
ရင်း 'မေခင်'က ပြုံးပြုံးလေး စဉ်းစားမိသည်။ 'စော'ကို ချစ်
ကောင်း၍၊ ချော၍၊ ရိုးသား၍ သူစရောက်လာကတည်း
'မေခင်' စိတ်ထဲက တိတ်တိတ်ကလေးမြတ်နိုးနေမိခဲ့သည်။

သို့သော် ကြီးဒေါ်က အိမ်က အလုပ်သမားများဖြင့်
ရင်းနှီးနှီး မနေရဟု ပိတ်ပင်ထားသဖြင့် 'မေခင်' ရှောင်နေမိ
သည်။ သို့သော် ဘယ်လိုကဘယ်လို ခေါ်မိပြောမိမှန်းတော
မသိတော့။ တစ်ယောက်သဘော တစ်ယောက်ဖွင့်ပြောမိသည်
ထိ ပွင့်ပွင့်လင်းလင်းဖြစ်နေကြပြီ။

ပါးစပ်က ချစ်တယ်ဟု ဖွင့်မပြောကြသေးသော်လည်
တစ်ယောက်ကိုတစ်ယောက် သဝန်တိုမိကြတာကလည်းအတူ
'မေခင်' အသံထွက်၍ပင် ရယ်မိသည်။ ရည်းစားစကားပြော
စောင့်နေသော သူ့ခမြာ တစ်လုံးမှမပြောလိုက်ရဘဲ ဈေးခြင်း
ဆွဲပြီး ဈေးဝယ်လိုက်ရသည်။ ခက်နေတာက မမ။

မမတစ်ယောက် 'စော'ကို အရေးပေးလွန်းသည်။ အရ
တုန်းက ကောင်လေးတစ်ယောက် အိမ်မှာလာနေသည်။ ရုပ်ဆို
ဆိုး၊ သွားခေါခေါလေး။ မမ ခိုင်းလွန်း နှိပ်စက်လွန်းသဖြင့် ကော
လေးခမြာ မျက်ရည်နှင့်မျက်ခွက်။ အစားဆိုလျှင် ခွဲခြား၍ကျွေ
သည်။ ယခုဆိုလျှင် 'စော' ကုတင်ပေါ် ထိုင်လို့ထိုင်၊ နဖူးကို





မ်းလို့စမ်း။

တစ်ချိန်လုံး တစ်စောတည်းစောနေတော့သည်။ အောက်မှာဆင်းတွေ့ယုံတင်မဟုတ်၊ အပေါ် ထပ်ကိုပါခေါ်နေတော့သည်။ ပြီးတော့ လင်ယောကျ်ားမရှိခိုက် သူစိမ်း ယောကျ်ားပျိုတစ်ယောက်၏ အပွေ့အပိုက် အယုအယကို ခံချင်သဖြင့် ဇက်ကြောဆွဲခိုင်းလို့ဆွဲခိုင်း၊ ချော့လဲပြုလို့ပြု လုပ်နေသည် မဟုတ်လား။

အသက်ကြီးကြီးယောကျ်ားကို ယူတုန်းက ဇွတ်တရွတ်ယူပြီး ယခု အသက်ငယ်ငယ်ကို ယူချင်ပြန်ပြီထင်သည်။ အို ဒါတွေစဉ်းစားရတာ ငါရဲ့ကြီးပါတယ်။ ကိုယ့်ကသာ အစ်မကြီးရယ်လို့ အားကိုးရ၊ ချစ်ရပေမယ့်၊ သူကတော့ မိမိကို ခိုင်းဖို့သာစဉ်းစားနေသူ။

ညီအစ်မ အရင်းခေါက်ခေါက်ဖြစ်သော်လည်း ဘာပစ္စည်းမှုမကျ၊ သူ မဝတ်ချင်သည့်အထည်မျိုး၊ အဝတ်အစားမျိုးကျမှ 'မေခင်'ကိုဆင်သည်။ သွားစရာ လာစရာရှိလျှင် ဆွဲကြိုးလေးလက်ကောက်လေးထုတ်ဆင်ပေးပြီး အိမ်ပြန်ရောက်သည်နှင့် ချွတ်သိမ်းတော့သည်။

ဘာပဲဖြစ်ဖြစ် 'မေခင်'ကတော့ ကျေးဇူးတင်နေပါသည်။ အိပ်စရာ စားစရာ ဝတ်စရာရှိနေလျှင် လူတစ်ယောက်အတွက်အဆင်ပြေပြီ မဟုတ်လား။ လုံခြုံမှုအတွက် ကြီးကြီးရှိနေသည်မဟုတ်လား။ 'မေခင်'ကတော့ အနေအထိုင်ဆင်ခြင်သည်။ ခဲအို



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးဖြစ်သော်လည်း တရင်းတနှီးမနေပါ။

"ဟိတ်"

အတွေးလွန်သွားသဖြင့် 'စော' ပြန်လာသည်ပင် မသိလိုက်

"ဘာလဲ"

"အိမ်ပေါ်လိုက်ခဲ့လေ"

"သွားစမ်းပါ... သူမှ မကြိုက်တာ... ကိုယ့်ဘာသာဆင်ခြင်နေပေါ့"

အကြော်များကို ပန်းကန်ထဲပြောင်းထည့်ပြီး 'စော' အိမ်ပေါ်ပြေးတက်သွားသည်။ 'မခေင်' အကြိုရသဖြင့်...

"အဘ အိမ်ပေါ်မှာ အကြော်တွေဝယ်ထားတယ်... သွားစားလေ"

"မစားချင်ပါဘူးဟာ"

'မတောင့်' အကြောင်းကို သိသဖြင့် မသွားချင်။

"ကလေးတွေ သွားကျွေးလိုက်လေ အဘရဲ့"

'ဦးဘကြည်' ကလေးနှစ်ယောက်ကိုပွေ့၍ အပေါ်တက်သွားသဖြင့် 'စော' တစ်ယောက် စိတ်ချမ်းသာသွားမည်ထင်သည်။



## ၁၅

ယနေ့ နှင်းတွေကျလွန်းပြီး အချမ်းပိုနေသည်။ဆွယ်တာခေါင်းစွပ်ပေါ်မှ ဂျာကင်ထပ်ထားပါလျက် ချမ်းနေဆဲပင်။ခေါင်းပေါ်တွင်နှင်းစက်များက စိန်မှုန်များနှယ် တွယ်ငြိနေကြသည်။ ချမ်းလွန်းသဖြင့် ကျောများပင် တွန့်သွားမိသည်။ ဟော 'မခေင်' လာနေပြီ။

ခေါင်းပေါ်တွင် သိုးမွေးဖြင့်ထိုးထားသော ဦးထုပ်နှင့်တဘက်နှစ်ခုတွဲထိုးထားသည့် အနက်ရောင်ဦးထုတ်တဘက်ကိုဆောင်း၍လည်ပင်းတွင်ပတ်ထားသည်။ အဖြူရောင်ဆွတ်ဆွတ်ဆွယ်တာနှင့် ငှက်ခါးရောင်ချိတ်ထမီကို ဝတ်ထားသည်။ ခြေထောက်တွင် ခြေအိတ်ဖြူဖြူလေးစွပ်ပြီး ကွင်းထိုးဖိနပ်အနက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးစီးထားသည်။

'မေခင်'လည်း 'စော'ကို မြင်ပါသည်။ ဟိုတစ်ခေါက် လောက်ဣန္ဒြေမမဲ့သော်လည်း ရင်ကတော့ခုန်နေဆဲပါ။'မေခင့်'ကို 'စော'က ကြို၍စောင့်နေသည်။

"ဒီလောက်နှင်းတွေကျနေတာ...ဘာလို့ ဦးထုပ်မဆောင်း လာတာလဲ"

"ဝယ်ရဦးမယ်"

" 'မေခင်' ဦးထုပ်ထိုးတတ်တယ်... ထိုးပေးမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ... ဒါပေမဲ့ 'မေခင်'က မိုးလင်း ကနေမိုးချုပ်အားမှမအားတဲ့ဟာ"

"ညဘက်စားသောက်ပြီးရင် အားပါတယ်... နှစ်ရက်ထိုး ရင်ပြီးတယ်"

"တော်ကြာ ကြီးကြီးက ဘယ်သူ့အတွက်လည်း မေးရင် ရော"

"ခြင်ထောင်ထဲ ဘက်ထရီမီးနဲ့စာဖတ်နေကြ... ကြီးကြီး က ဈေးကပြန်လာရင် စားသောက်ပြီးအိမ်ပေါ်တက်သွားပြီ... ဆယ်နာရီလောက်မှ အောက်ပြန်ဆင်းလာတာ... ဆင်းလာတာနဲ့ အိပ်တာသိုးလို့... သူ အပေါ်ထပ်တက်နေတုန်း အခန်းတံခါးပိတ် ပြီးထိုးရင် သုံးနာရီလောက်အချိန်ရတယ်...သူအိပ်ရင် ခြင်ထောင် ထဲ တစ်နာရီလောက်ထိုးမယ်... ကဲ စိတ်ချပြီလား"





'စော'က 'မေခင့်' မျက်နှာကိုပြုံး၍ ကြည့်နေသဖြင့် 'မေခင်' မျက်လွှာချသွားသည်။

" 'မေခင်' "

'မေခင်' မထူး။

"ကျွန်တော် ဘာတွေပြောချင်နေတယ်ဆိုတာကို 'မေခင်' သိမှာပါနော်... ကျွန်တော် 'မေခင့်'ကို ချစ်တယ်... ချစ်တယ်ဆိုတဲ့ စကားကို 'မေခင်' တစ်ယောက်ကိုပဲ ပြောဖူးတာပါ"

" 'ပြည့်'ဆိုတာကိုကော"

"စကားတောင် မပြောဖူးပါဘူး 'မေခင်'ရယ်... သူ့အမေ ကြီးအစီးရိမ်လွန်တာပါ... ကျွန်တော်ချစ်တဲ့မိန်းကလေးကို လက် ထပ်နိုင်အောင်ကြိုးစားမယ့်ကောင်ပါ"

'မေခင်' နားထောင်နေသော်လည်း ဘာမျှပြန်မပြော။

" 'မေခင့်'ဘက်က လူကြီးတွေက သဘောတူကြပါ့မ လား"

'မေခင်' သက်ပြင်းချသည်။

"ကျွန်တော့်လို အိမ်မှာခိုင်းထားတဲ့ အလုပ်သမားတစ် ယောက်ကို သူတို့တူမ... သူတို့ညီမနဲ့ ဘယ်ပေးစားချင်ပါ့မလည်း လေ... ဒါက အဓိကမဟုတ်ပါဘူး... ကျွန်တော်နဲ့ 'မေခင့်' ကိစ္စ ဟာ ကျွန်တော်နဲ့ 'မေခင်'နဲ့ပဲဆိုင်ပါတယ်... 'မေခင်' ကျွန်တော့် ကိုချစ်နိုင်ပါ့မလား... ချစ်နိုင်ရင် ကျွန်တော် 'မေခင့်'အတွက် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားမယ်"

ထိုစကားကြောင့် 'မေခင်' ပြုံးလျက်...

"မချစ်နိုင်ဘူးဆိုရင် မကြိုးစားဘူးပေါ့... ဟုတ်လား... ဘယ်သူချစ်ချစ် မချစ်ချစ်... ကိုယ့်ဘဝအတွက် တိုးတက်ကြီးပွား အောင် အမြဲကြိုးစားနေတာမကောင်းဘူးလား"

"ကြိုးစားပါတယ် 'မေခင်'... ဒါပေမဲ့ လူ့စိတ်ဆိုတာ သိတဲ့အတိုင်းပဲလေ... မိမိကိုယ်ထက် ချစ်သူအတွက်ဆို ပိုပြီးခွန် အားတွေရှိနေတတ်ကြတယ်... ဇီရိယတွေ ပိုနေတတ်ကြတယ်... အခု ကြည့်လေ... နှင်းတွေမိုးဖွားလိုကျနေတာတောင် ချမ်းရမှန်း မသိဘူး... ဖွဲ့ရှိရှိလာစောင့်နေတာကြည့်"

'မေခင်'က ပြုံးပြန်သည်။

" 'မေခင်' "

"ပြောပါ"

"ကျွန်တော် ဒီတစ်ခေါက် အနံကယ်လာရင် ကားစပါယ် ယာပဲလုပ်တော့မယ်"

'မေခင်'က မျက်လုံးလေးစွေ၍ ကြည့်သည်။

"လိုက်ခွင့်ပြုမယ် မဟုတ်လား"

"အို 'မေခင်'နဲ့ ဘာဆိုင်လဲ"

"ဘာမှ မဆိုင်ဘူးလို့ သဘောထားတုန်းပဲလား... 'မေခင်' ကျွန်တော့်လိုကောင်ကို စိတ်မကူးဘူးဆိုတဲ့သဘောလား"





'စော'၏အသံများ လှိုင်းထနေသည်။

"အင်းလေ... ကားနဲ့လိုက်သွားရင် ကားပေါ်က ပြုတ်ကျ သွားမှာ... ကားချင်းတိုက်မှာ... ချောက်ထဲကျမှာ ပူရမှာပဲ... အဲဒီ အပူက မမြင်ရတော့ ရင်သိပ်မထိဘူး... တော်သေးတယ်... အိမ် မှာနေရင်ပူရတာက ရင်ထိတ်စရာ"

"ဟင်... ဘာကိုလဲ 'မေခင်' "

"အိမ်ပေါ်ထပ်က ပြုတ်ကျမှာကိုလေ"

'မေခင်' ဘာကိုရည်ရွယ်ပြီးပြောသည်ကို 'စော' သိပါ သည်။

"ကျွန်တော်လည်း အဲဒါကြောင့် မနေချင်တာပေါ့... ပြီး တော့ အိမ်မှာတောက်တိုမယ်ရလုပ်နေတာထက် စပါယ်ယာလုပ် တာကပိုပြီး တိုးတက်မှုရှိတယ်ထင်တယ်လေ... ပြီးတော့ ကား ကောင်းတတ်အောင်လည်းသင်မယ်... ကားမောင်းတတ်ရင် ပိုက် ဆံစုပြီး ကားတစ်စီးဝယ်မယ်... 'မေခင်'နဲ့ လက်ထပ် မကောင်း ဘူးလား"

"အဟင်း ဟင်း ဟင်း... သူပြောတဲ့အတိုင်း ဖြစ်အောင် လုပ်ပြီးမှ လက်ထပ်မယ်ဆိုရင် ဒီတစ်သက် နီးစပ်ပါဦးမလား"

"ကဲ... စိမ်လိုက်လေ... ကားဝယ်ပြီးရင် လက်ထပ်မယ် လို့"

'မေခင်'က မျက်လုံးပြူးပြူးလေးဖြင့် လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ"

" 'မေခင်' ကားမမက်ပါဘူး"

"ဟော လုပ်ပြီကွာ"

"ဟုတ်တယ်… စည်းစိမ်တွေပုံပေးပြီး မေတ္တာမပါတာမျိုးတော့ ဘယ်ကောင်းပါ့မလဲ… ချစ်တယ်ဆိုတာကိုလည်း လွယ်လွယ်နဲ့မပြောစေချင်သလို… လက်ထပ်ပြီး လွယ်လွယ်နဲ့အချစ်မပြယ်စေချင်ဘူး…ဝတ္ထုတို့ ကာတွန်းတို့ဖတ်ရင်တောင် အိုအောင်မင်းအောင် ပေါင်းလေသတည်းဆိုတဲ့ ဇာတ်လမ်းမျိုးမှ ရွေးဖတ်တာသိရဲ့လား"

"ဒီကောင်ကလည်း 'မေခင့်'လို့ကောင်မျိုးပါပဲဗျာ… ကဲပါ 'မေခင်'ကသာ ကျွန်တော့်ကို ချစ်ပါတယ်လို့ အဖြေပေးလေ 'မေခင်' စိတ်တိုင်းကျဖြစ်စေရမယ်"

"အခု ကြိုက်တယ်ပြောပြီး… အခု အဖြေလိုချင်တာကတော့ လွန်တာပေါ့နော်"

"အဲဒါတွေ ခက်နေကြတာပေါ့… နောက်မှဖြေလည်း ဒီအဖြေပဲ… အချိန်ဆွဲထားလို့ ဘာထူးမှာလဲ… နောက်ကျမှ စိတ်ချမ်းသာရုံရှိတာပဲ… တစ်ဘက်သား စောစောစီးစီး စိတ်ချမ်းသာတော့ မကောင်းပါလား"

'မေခင်'က ပြုံးနေသည်။ ဈေးကိုရောက်လုပြီဖြစ်၍…

"ပြောလေ… 'မေခင်' "





"ကားဝယ်နိုင်ရင် လက်ထပ်မယ်"

"ကား အသစ်ကျပ်ချွတ်တော့ မဟုတ်ပါဘူးနော်"

"ဘာလဲ… လုံးဝသုံးမရတော့လို့ ပစ်ထားတဲ့ကားမျိုးလား"

"အထင်မသေးပါနဲ့ 'မေခင်' ရာ"

"အို… အထင်သေးလို့ ဘယ်ဟုတ်ပါ့မလဲ… အခုချိန်မှာ 'မေခင်' ပူဆာသမျှကို သူကြိုးစားမယ့် စိတ်ထားမျိုးရှိနေမယ် မဟုတ်လား"

"တတ်နိုင်ရင် နန်းတော်ကြီးတမျှ ခမ်းနားလှတဲ့ အဆောင်အယောင်တွေနဲ့ ထားချင်ပါတယ်"

"အိုး အဲသလိုမျိုးထားတိုင်းလည်း အထင်မကြီးပါဘူးနော်… နန်းတော်ကြီးနဲ့ အချွေအရံတွေနဲ့ထားပြီး အဆောင်ကူးတတ်တဲ့လူမျိုးနဲ့တိုးမှာ ကြောက်ပါတယ်"

"ကျွန်တော် အဲလိုလူစားမျိုးမဟုတ်ပါဘူး 'မေခင်' "

"အစတော့ ဒီလိုချည်းပြောကြတာပါပဲ"

" 'မေခင်'ကသာ သစ္စာရှိပါလို့ မှာချင်တာ"

'မေခင်'က မျက်စောင်းထိုးလျက်…

"ဟိုတစ်နေ့ကလည်း တစ်ခါပြောပြီးပြီ… အခုလည်း ထပ်ပြောမယ်… 'မေခင့်' သူငယ်ချင်းတွေနဲ့တော့ မပေးစားနဲ့ ကြိုက်ဘူး… ဒီကောင်တွေ ဟိုးငယ်ငယ်တုန်းကတည်းက တွဲခဲ့တာ… နောက်လည်း တွဲဦးမှာ… သူတို့လာလို့… သူတို့နဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့... သူတို့နဲ့လျှောက်လည်လို့ သူတို့အိမ်လိုက်လည်အိပ်
မကျေနပ်ဘူးဆိုရင်တော့ ခုကတည်းက သံယောဇဉ်ဖြတ်ထ
လိုက်ပေတော့"

"ချစ်မှန်းသိလို့ 'မေခင်'က အပြတ်တင်းနေတာပေါ့
ဟုတ်လား"

"'မေခင်' ပြောပြီးပြီပဲ... ချစ်တာနဲ့ ခင်တာက တခြား
ပဲလို့"

"ကျွန်တော်က 'မေခင့်' အချစ်ကိုမရသေးတော့ နာ
လည်သေးဘူး... မခွဲခြားတတ်သေးဘူး"

မျက်ဆောင်းလေးများက 'စော'၏ မျက်နှာပေါ်သို့ တ
ပြီးတစ်ခု ကျရောက်လာသည်။

"ကဲ... 'မေခင်' ဈေးဝယ်တော့မယ်"

"အပြန်စောင့်နေဦးမယ်"

"ဘာမှ မစားရသေးဘူးမဟုတ်လား... တို့ဟူးပျော့လို
စားလေ... ပြီးရင် ပြန်နှင့်ပေါ့... တော်ကြာ မမရိပ်မိသွားဦးမယ

'မေခင်'တို့နှစ်ယောက် ဈေးမရောက်ခင်တွင် ဆိုင်ခ
ရောင်းသော တို့ဟူးဆိုင်တွင် ဝင်စားကြသည်။ ဆိုင်ရှင် အ
သမီးကရော လာရောက်စားသောက်သူများကပါ 'မေခင်'
'စော'တို့နှစ်ဦးကို သိသိသာသာအကဲခတ်နေကြသည်။

ဤမြို့သည် 'မေခင့်' မွေးရပ်မြေ၊ မွေးကတည်းက ယခ





ဆို 'မေခင်' ဤမြို့တွင်နေခဲ့သူဖြစ်၍ တစ်မြို့လုံးက ဈေးရောင်း
မှန်သမျှ 'မေခင့်'ကို သိကြသည်။ ဈေးသွားဈေးလာများက
သည်။ 'မေခင်' ဆုံးဖြတ်ချက်ချလိုက်ပါသည်။ သူ့ကို ချစ်မိပြီ
သူကလည်း မိမိကို မြတ်နိုးနေပြီပဲ။

လက်ထပ်ခွင့်တောင်းထားပြီပဲ။ သူ ပြောတဲ့ကတိအတိုင်း
လာလျှင် လက်ထပ်မည်ဟု မိမိကိုကတိပေးပြီးပြီပဲ။ သည်
တော့ သူနှင့်တွဲသွားသဖြင့် ဖြစ်ပေါ်လာသောကောင်းကျိုးဆိုးကျိုး
န်သမျှကို မိမိခံနိုင်ရည်ရှိရပေမည်။ အမှန်အတိုင်းပြောရလျှင်
ပြန့်သားဖြစ်၍ ရှမ်းအစားအစာများကိုမစားတတ်သေး။

ကုလားပဲကိုကြိတ်၍ ပြန်လည်ကျိုချက်ထားသောတို့ဟူး
ပျော့သည် ရှမ်းပြည်နယ်၏ အဓိကသွားရည်စာဖြစ်သည်။
မ်းထောင့်တိုင်းသည် တို့ဟူးပျော့၊ တို့ဟူးမာ၊ တို့ဟူးကြော်ဆိုင်
ားကို ပွနေအောင်တွေ့ရသည်။ 'စော'တို့ရန်ကုန်ဘက်မှာတော့
ဆိုးနားကြည့်ကြည့်၊ ဒီနားကြည့်ကြည့် မုန့်ဟင်းခါးဆိုင်၊ အုန်းနို့
ခေါက်ဆွဲဆိုင်၊ ဘူးသီးကြော်ဆိုင်။

"ထပ်ယူဦးလေ 'စော'"

"တော်ပြီ 'မေခင်'... ကျွန်တော် သိပ်မစားတတ်ဘူး"

'မေခင်'က ပြုံးလျက်...

"ရှမ်းပြည်နယ်မှာ နေမယ်ဆိုရင်တော့ စားတတ်အောင်
ကျင့်ထား 'စော'... ဒီမှာက ဒါပဲရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် 'စော'က 'မေခင့်'ကိုပြုံး၍ကြည့် သည်။

"ကဲ... 'မေခင်' သွားတော့မယ်"

'စော'က ပြုံး၍ခေါင်းညိတ်သည်။ ခပ်လှမ်းလှမ်းရော မှ 'မေခင်' နောက်ဘက်သို့ပြန်၍လှည့်ကြည့်သည်။

'စော'က လက်ပိုက်လျက် 'မေခင့်'ကို လှမ်းကြည့်နေ 'မေခင်'က ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့၍ဆက်လျှောက်သွားသ နောက်တစ်ခါ ထပ်လှည့်မကြည့်ရဲတော့။ ထပ်ကြည့်လျှင်လ ခပ်ပြုံးပြုံးရပ်ကြည့်နေသော 'စော'ကို မြင်နေရဦးမည်ဖြစ်သ

❀❀❀❀❀❀



# ၁၆

ဝါးလှေကား၊ တံမြက်စည်းရှည်ဖြင့် 'စော' အိမ်အပြင် ာက်နံရံများကို အမှိုက်လှည်းခြင်း၊ ပြတင်းမှန်များကို သုတ်ခြင်း ို့ပြုလုပ်နေသည်။ 'မေခင်'က ချက်ပြုတ်နေသည်။ အဘက လေးထိန်းရင်း 'မေခင့်'ကို ကူသည်။ ချက်ပြုတ်ပြီးသောအခါ ုံးစံအတိုင်း 'မေခင်' အဝတ်လျှော်သည်။

တစ်ယောက်ကိုတစ်ယောက် သတိရတိုင်း ခိုးကြည့်တတ် ာပြီး မျက်လုံးချင်းဆုံလေတိုင်း ပြုံးစေ့စေ့ဖြစ်သွားကြသည်။ ဦးဘကြည်'က လူငယ်နှစ်ဦး၏အခြေအနေကို ရိပ်မိသဖြင့် တစ် ယောက်တည်း ခေါင်းတညိတ်ညိတ်လုပ်နေတတ်သည်။ အိုးချင်း ားတော့လည်း အိုးချင်းထိ ဆိုသလိုပါပဲ။

ဒီကလေးနှစ်ယောက် ဘယ်တော့ဘယ်လိုဖြစ်ကြမယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိပါဘူးပေါ့လေ။

"ဒီနေ့ ထမင်းစားရတာ ပိုမြိန်သလိုပဲ"

'စော'က လူလစ်သဖြင့် 'မေခင့်'ကို စသည်။ ငါးရှ
ကြော်၊ သီးစုံချဉ်ဟင်းနဲ့ ပဲသီးကြော်။ 'မေခင်'က ပြုံးစေ့စေ့မျ
နှာဖြင့် မျက်လွှာချပြီး ဆန်ရွေးနေသည်။

"နက်ဖြန်လည်း ဈေးသွားရင် စောင့်နေမှာနော်"

"ဘာလုပ်မှာလဲ... ဒီမှာ ဒီလောက်တွေ့နေရတာပဲ"

"မတူဘူးလေ"

"လမ်းမှာ သူများတွေအတွေ့များရင် လူကြီးတွေဆီ
တင်းရောက်သွားမှာပေါ့"

"တကယ်လို့ ကျွန်တော့်ကို ဒီအိမ်က မောင်းထုတ်လို
ရင်ကော"

"အဲဒီတော့လည်း လွမ်းရုံပေါ့"

"လွမ်းရုံပဲလား"

"ဘာလဲ... ငိုစေချင်တာလား"

"ကိုယ့်ချစ်သူ ငိုတာ ဘယ်သူက မြင်ချင်မှာလဲ 'မေခ
ရာ... ကျွန်တော်နဲ့ တစ်ခါတည်းလိုက်ခဲ့လေ"

"အို... ဒီလို လွယ်လွယ်စကားမပြောနဲ့လေ... 'မေခင့်'
ချစ်တဲ့လူဟာ 'မေခင့်'ကို ဘယ်လောက်အထိတန်ဖိုးထားတယ်
တာ 'မေခင့်' အသိုင်းအဝိုင်းကသိအောင် ကြိုးစားဦးမှပေါ့...အ





ဖြင့် 'မေခင့်'ကို မဘယ်လောက်နှိမ်တယ်ဆိုတာ သူလည်း
သားပဲ"

"ကျွန်တော် ဆန္ဒစောသွားတယ် 'မေခင်'... အနေဝေး
သွားတဲ့အခါကျရင်သာ 'မေခင်' စိမ်းကားသွားမှာစိုးတာပါ"

"သူက ရုပ်ချောတဲ့လူပဲ... မိန်းကလေးတွေ သွားလေရာ
တွေ့မှာပါ... မပူပါနဲ့"

"'မေခင်' တို့အချစ်ကို စော်ကားတယ်ကွာ"

ခြေသံကြားသဖြင့် နှစ်ယောက်လုံးကပါးစပ်ပိတ်သွားကြ
သည်။ လှေကားပေါ်မှ 'မေတင်' ဆင်းလာခြင်းကြောင့်ဖြစ်သည်။

"မမ လမ်းကောင်းကောင်းလျှောက်နိုင်ပြီပဲ"

"အေး ဟုတ်တယ်"

'မမတင်' မျက်နှာက မကြည်မသာဖြစ်နေသည်။ စကား
သိပ်မပြောဘဲ ခြံထဲဆင်းသွားကြောင်းတွေ့ရသည်။

"တွေ့လား... သိပ်မဟန်ဘူး... ရိပ်မိသွားပြီလားမသိဘူး"

"မပြောတတ်ပါဘူး... 'မေခင်' ရာ"

"ကဲ... စားပြီးသွားတော့လေ"

ထင်သည့်အတိုင်း နေ့ခင်းဘက် 'မေခင်' မီးပူတိုက်ပြီး
သားအဝတ်များ အပေါ်ထပ် သွားပို့စဉ်...

"'မေခင်'"

"ဘာလဲ... မမ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ယောကျ်ားလိုချင်ပြီလား"

"မမ... ဘာပြောတာလဲ"

'မေခင်'က အသံမာမာဖြင့် ပြန်ပြောခြင်းဖြစ်သည်။ လေကားဖြင့် အလုပ်လုပ်နေသော 'စော'လည်း သူတို့ပြော[illegible] ကို ကောင်းစွာကြားရပါသည်။

"ဘာပြောရမှာလဲ... နင် ထ ရှုနေတာ ငါ မသိဘူးမှ[illegible] နေလား... ဘယ်နှယ် ယောကျ်ားလေးထမင်းစားတဲ့နားသွား[illegible] ပြီး ဆန်ရွေးရတယ်လို့... နေရာ ဒီလောက်ရှားသလား"

ထိုစကားကြောင့် 'မေခင်'က မရှိုမချဉ်လုပ်နေသည်[illegible] ရယ်တောင် ရယ်ချင်သေးသည်။ ထနေ ရှုနေတာ 'မေခင်' မဟု[illegible] ဘူး။ လင်ကြီးရှိလျက်နှင့် ယောကျ်ားပျိုတစ်ယောက်၏ ယုယမှု[illegible] ခံယူချင်သဖြင့် မြူဆွယ်သူက သူသာ။

"နောက်ကို ပရောပရီ မနေနဲ့... ညာသွားမယ် [illegible] လည်လား"

"ဘာဖြစ်လဲ ညာတော့... အပျိုနဲ့ လူပျိုယူတာ ဆန်း[illegible] လား"

"ဟင်... နင် ဘာစကားပြောတာလဲ... အားကိုးရှိ[illegible] ထောင်တာလား... ရုပ်ကလေးကြည့်ပြီးကြိုက်ရင် ဒူးနဲ့မျက်ရည်[illegible] သုတ်နေရမယ် နားလည်လား... ထမင်းငတ်မယ် နားလည်လား[illegible]

'မေခင်' ဘာမှဆက်မပြောတော့။ 'စော'ကို မောင်းထုတ်[illegible]





[illegible]ိုက်လျှင် မိမိလွမ်းရပေလိမ့်မည်။

"ပြောထားလျက်နဲ့ အနေအထိုင်မဆင်ခြင်ရင် ဟိုကောင့် ကိုမောင်းထုတ်မယ်"

'စော' အံ့သွားသည်။ တစ်ချိန်လုံး မိမိကိုမောင်လေးခေါ် ထိုက်၊ 'စောလေး' ခေါ်လိုက်နှင့် တယုတယဆက်ဆံတတ်သော 'မမမေ'သည် ယခု ဘယ်လိုစိတ်ထားပြောင်းသွားပါလိမ့်။ မိမိတို့ နှစ်ယောက် ဈေးသွားရင်း စကားပြောတာကို တစ်ယောက် ယောက်ကလာပြောပြီထင်သည်။

ယခင်က ကြည်ဖြူခဲ့သော 'မမမေ'က မျက်ထားတော် ညိုလေပြီ။ ယခင်က ခပ်တည်တည်လေးနေခဲ့သော 'မေခင်'က မိမိကို အချစ်တွေမျှဝေခဲ့ပြီ။ မိမိအတွက် ဘာမှဆုံးရှုံးမှုမရှိပါ။ မိမိချစ်သူက မိမိကိုချစ်နေမှတော့ မိမိဘာကိုမှ စိုးရိမ်စရာမလိုပါ။ အန်ကယ်ပြန်လာ၍ မိမိကိုအိမ်မှ မောင်းထုတ်ခိုင်း၍ မောင်းထုတ် လျှင်လည်း ကုသိုလ်ကံသာ။

သို့သော် အချစ်စစ်အချစ်မှန်ဟူသည် မည်မျှဝေးကွာနေ ပါစေ၊ မည်မျှ အချိန်ကြာညောင်းပါစေ လျော့၍မသွား၊ မေ့ ပျောက် မသွားနိုင်ပါချေ။ ညနေဘက် ထမင်းစားချိန်တွင် 'မမမေ' က ခြံထဲလမ်းလျှောက်နေသဖြင့် 'မေခင့်'ကို တွေ့ခွင့်မရတော့။

" 'မေဂျို'ရေ 'မေဂျို' "

ခြံဝမှ ယောကျ်ားများ၏အော်သံများဖြစ်၍ စာဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော 'စော' တစ်ယောက် ခေါင်းထောင်ကြည့်မိသည်။ 'မခေင့်'ကို ခေါ်ခြင်းဖြစ်သည်။ 'အုန်းသီး' တစ်ယောက်တည်းမဟုတ် ယောကျ်ားနှစ်ယောက်၏အော်သံ၊ 'မခေင်'က ပြတင်းဝထွက်လာ ပြီး...

"အဘ... 'အုန်းသီး' ထင်တယ်"

"အေး အေး"

ဟုတ်ပါသည်။ စက်ဘီးနှစ်စီးဝင်လာသည်။

"ဗျို့... အလှဘုရင်မကြီး ကေရီ... ကျွန်တော်မျိုး 'တာဓံ' ရောက်ရှိလာပါပြီ ခင်ဗျာ"

ခပ်မြင့်မြင့်ခပ်ထွားထွားလူရွယ်က အပေါ်ထပ်ဆီသို့ လက်နှစ်ဘက်အုပ်၍ အော်ခြင်းဖြစ်သည်။ 'တာဓံ' ရောက်လာပြီ ဆို၍ 'စော' မဆီမဆိုင်ရင်ခုန်သွားသည်။ ခပ်ဝေးဝေးကကြည့်ရုံ ဖြင့်ပင် 'တာဓံ'သည် ခပ်ထွားထွား လူချောတစ်ဦးမှန်းသိပါသည်။

"ဘယ်တုန်းက ရောက်လာလဲ... 'တာဓံ' "

"ညနေ ကားနဲ့ရောက်တယ်"

" 'ဗိုလ်မ'ရော ပါလား"

"သူ ပါမလာသေးဘူး"

"လာလေ... ဝင်ကြလေ"

"မဝင်တော့ဘူး... နက်ဖြန်... ဒီမှာ ထမင်းစားမယ်ဆို တာအကြောင်းကြားထားတာ"





"အကြောင်းမကြားလည်း ရပါတယ်ဟာ...ကဲ ဘာဟင်း စားချင်လည်းပြော"

"ဆိတ်ကလီစာ ချက်ပဟာ"

"အေး အေး"

'မတင်' ရောက်လာပြီး...

"ဟဲ့ အိမ်ထဲဝင်ကြလေ... ဖင်ပါမလာကြဘူးလား"

"အေး ရန်ကုန်မှာကျန်ခဲ့လို့... ဟား ဟား"

"အဟင်း ဟင်း... ကောင်စုတ်တွေ"

"ကောင်စုတ်တွေ ကောင်စုတ်တွေနဲ့ ဒီကောင်စုတ်လေး တွေကိုပဲ မျှော်နေတာ မဟုတ်လား"

'တာဓံ' ဆိုသူသည် စကားပြောလျှင် ဟာသဖောက်၍ ပြောတတ်သလို သူ့ကိုယ်သူကိုလည်းတင်စား၍ ပြောတတ်ပုံရ သည်။

"ဒီတစ်ခါမျှော်တာ နင့်ကို မေးစရာတွေမေးစရာစကား တွေ အများကြီးရှိလို့ဟဲ့ သိရဲ့လား"

"မေး... ကြိုက်တာပြော... နင်တို့ ပြောစရာတွေတစ်ပုံ ကြီးရှိနေမယ်ဆိုတာသိလို့ ငါ နဖာချေး မကလော်တာ နှစ်လရှိပြီ"

"သွား... နင် သိပ်စုတ်ပဲ့တယ်"

'မတင်'က 'တာဓံ' ကျောပြင်ကို အုံးခနဲ ထုသည်။

"သိတယ်... အဲသလို ထုမယ်ဆိုသိထားလို့ အင်္ကျီခပ်ထူ



www.burmeseclassic.com

www.burmeseclassic.com



ထူဝတ်လာခဲ့တယ်"

"ကြည့်"

'မေတင်'က လက်မောင်းကိုဆွဲဆိတ်သည်။

"သိတယ်... အဲသလို ဆွဲဆိတ်တတ်မှန်းသိလို့ကို နင့်ကို မယူတာ"

"အံမာ လူပါးဝလို့... ငါကမယူတာလား... နင်က မယ တာလား"

"နင့် ရွာလွန်းလို့ ဟိုးငယ်ငယ်လေးကတည်းက နင့်ကို မယူ ူးလို့ စိတ်ကူးထားပြီးသားဗျ"

'မေတင်' မျက်နှာလေး သိသိသာသာပျက်သွားပြီး ချာ နဲလှည့်၍ ခြေသံပြင်းပြင်းဖြင့်အိမ်အပေါ်ထပ်သို့ ပြေးတက်သွား လေပြီ။

"ဟား ဟား ဟား... တွေ့လား ရောက်ရောက်ခြင်း အိမ် ပေါ်တောင် တက်မထိုင်ရသေးဘူး... တစ်ယောက်တော့ ငိုပြီး တက်သွားပြီ... နောက်ထပ်ငိုဖို့ တစ်ယောက်ပဲကျန်တော့တယ်... 'မေဂျီ'ကတော့ ငယ်ငယ်ကတည်းက ဂျီကျနေလို့ ဂျီမကျတော့ ဘူးမဟုတ်လား"

'မေခင်'က ပြုံးနေသည်။

"ဟုတ်တယ်... ငါလာတိုင်း 'မေဂျီ့'ကို သတိထားမိတယ် တစ်နေ့တခြား ဣန္ဒြေရှိရှိ လှလှလာတယ်"





"အို..."

'မေခင်'က ရှက်ပြုံးပြုံးရင်း 'စော'ကို လှမ်းကြည့်သည်။ 'စော'က ဂိုဒေါင်ဝမှ လက်ပိုက်၍လှမ်းကြည့်နေသည်။ သူ့ချစ်သူ တခြားအမျိုးသားတစ်ယောက်က လှသည်ဟုပြောခြင်းကို သူ စိတ်ဆိုးမှာလား၊ သဘောကျမှာလား။

"ကဲ ပြန်မယ် 'မေဂျီ'... နက်ဖြန်ကျမှ 'ပေါက်စီမ'ပါခေါ် လာပြီး ငိုအောင်လုပ်ရမယ်"

"နင်တို့လေ တွေ့မယ်မမကြီးသေးဘူး နှိပ်စက်ဖို့ကစဉ်း စားနေပြီ"

"ချစ်လို့ စတာပေါ့ဟ... ငါတို့မှာ ချစ်စရာဆိုလို့ နင်တို့ပဲ ရှိတာ"

"ဟာ ဟ ရယ်စရာကြီး... ရန်ကုန်မှာ ကောင်မလေးတွေ ထည်လဲတွဲနေတာ မသိတာမှတ်လို့"

"အေးဟ... ခက်တာပဲ... ငါ့ကုသိုလ်ကလည်း တစ်မျိုး... ကောင်မလေးတွေက ငါ့ကိုမြင်ရင် တအားချစ်ချင်ကြတော့တာ ပဲ... ကိုကိုမောင် ကိုကိုမောင်ဆိုပြီး အတင်းလိုက်ဆွဲတော့တာပဲ... တစ်ခါတလေများဆို ထွက်တောင်ထွက်ပြေးရတယ်"

"အဟား ဟား ဟား... ရယ်တောင် ရယ်ချင်သေးတယ်... သူ့ကိုယ်သူဆို ကောင်းတာချည်းပဲရွေးပြော... လိပ်ကြီး"

"ဟော 'တာခ'ကနေ လိပ်ကြီးဖြစ်ရပြန်ပြီ... ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းလို့ပြောဦးမယ် မသိဘူး… ကဲ ပြန်မယ်”

“အင်း အင်း”

‘တာဖံ’ ‘မေဂျီ’ ခေါင်းကိုလက်သီးဖြင့် ချစ်စနိုးထုပြီး ထွက်သွားသည်။ ခပ်လှမ်းလှမ်းရောက်မှ…

“ ‘ဂျီ…’ ”

“ဘာတုန်း”

“ညကျရင် အိပ်မက်ထဲမှာရယ်မနေနဲ့ဦး”

“အဟင်း ဟင်း ဟင်း”

‘မေခင်’ပါးစပ်ကိုလက်ကလေးဖြင့်အုပ်၍ ရယ်ရင်းကျန်ရစ်ခဲ့သည်။ အိမ်ထဲဝင်ခါနီး ‘စော’၏ ဂိုဒေါင်ဆီသို့ လှမ်းကြည့်မိသည်။ ‘စော’ မရှိတော့။ ပြတင်းတံခါးကိုပိတ်ထားသည်။ စောစောက စိတ်လက်ပေါ့ပါးစွာရယ်ခဲ့သော ‘မေခင်’ တစ်ယောက် သက်ပြင်းလေးချပြီး အိမ်ထဲဝင်ခဲ့သည်။

ကြီးကြီးအိမ်အပေါ်ထပ်ရောက်နေသဖြင့် ‘စော’အတွက် ထိုးထားသောဦးထုပ်ကို လက်စသပ်ထိုးနေလိုက်သည်။

‘စော’ တစ်ယောက် စာလည်းဖတ်၍မရတော့။ ဘုရားလည်း ရှိခိုး၍မရတော့။ အိပ်ယာထဲ တလူးလူးတလိမ့်လိမ့်ဖြင့် ညဥ့်နက်လာခဲ့သည်။

❦❦❦❦❦❦



## ၁၇

‘မေခင်’ စောင့်နေတာ ဆယ်မိနစ်ခန့်ရှိပြီ။ ‘စော’၏အရိပ်အယောင်ပင်မတွေ့ရ။ သူ့ကိုပေးဖို့ ‘မေခင်’ အိပ်ရေးပျက်ခံပြီး ဦးထုပ်နှစ်လုံးထိုးထားခဲ့သည်။ သူ ညက ‘တာဖံ’တို့လာ၍စိတ်ကောက်ပြန်ပြီထင်သည်။ အစအနောက်သန်သော ‘တာဖံ’ စကားသည် ‘စော’အတွက် အထင်လွဲစရာဖြစ်သွားပြီထင်သည်။

သဝန်တိုတတ်သူကို ချစ်ရသူသည် စိတ်မောရပါသည်။ စိတ်မကောင်းစွာဖြင့် ဈေးဝယ်ပြီးပြန်ခဲ့ရသည်။ အပြန်လမ်းတွင် သူ့ကိုရှာမိသည်။ ယနေ့လည်း ‘တာဖံ’တို့လာကြဦးမည်။ သူစိတ်ကောက်ဦးမည်။ ‘မေခင်’ သက်ပြင်းချမိသည့်အကြိမ်ပေါင်းမနည်းတော့။

ဆိုက်ကားလီစာဟင်းနံ့က ‘စော’၏ နှာဝကိုမြူဆွယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်မနက်ခင်းလုံး 'မေခင့်'ကို ရှောင်ပုန်းနေမိသည်။ သူမ ကချက်ရင်းပြုတ်ရင်း ခြံထဲကိုဖြတ်ရင်း မိမိအခန်းကိုလှမ်းကြည့် တတ်ကြောင်းတွေ့ရသည်။

မိမိချစ်သူကို တစ်ပါးသောယောကျ်ားများက ထိတ်ပုတ် ခေါင်းပုတ်လုပ်ခြင်းသည် မိမိအသည်းနှလုံးကို ကျွဲခတ်ခံရသကဲ့ သို့ ခံစားနေရပါသည်။ မမြင်ချင်ပါ။ မကြားခင်သူတို့လာကြ တော့မည်။ မိမိက ဤအိမ်ကြီး၏အလုပ်သမားဖြစ်၍ တခြားနေ ရာကို သူတို့အမိန့်မရှိဘဲ ထွက်သွား၍မဖြစ်။

ထို့ကြောင့် မမြင်ချင်၊ မကြားချင်သော်လည်း မြင်နေ ကြားနေရပေမည်။

"ကလင် ကလင် ကလင်"

"ကလင် ကလင် ကလင်"

"ကလင် ကလင် ကလင်"

စက်ဘီးဘဲလ်သံများက ဆူညံပွက်လောရိုက်သွားတော့ သည်။ ခြံရှေ့တွင် စက်ဘီးသုံးစီး။ အမျိုးသားနှစ်ဦး အမျိုးသမီး နှစ်ဦး။ 'အုန်းသီး' 'တာဇံ' 'ပေါက်ဆိမ'နှင့် တခြားအမျိုးသမီးတစ် ယောက်။ အမျိုးသမီးမှာ ဖြူဖွေးသောအသားနှင့် မြင့်မြင့်သွယ် သွယ်လေးဖြစ်သည်။

ဆံပင်များ နီညိုညို၊ ရွှေရောင်လိုလိုနှင့် တစ်ခေါင်းလုံး လှိုင်းတွန့်လေးများလိုကောက်နေပြီး ကျောလယ်ခန့်အထိရှည်





သည်။ ဖားလျားချထားသဖြင့် ဗိုလ်မလေးနှင့်တူသည်။

"ဟိတ်ကောင်မလေးတွေ ငါတို့လာပြီဟေ့"

'တာဇံ'က အော်ခြင်းဖြစ်သည်။ အပေါ်ထပ်ပြတင်းဝမှ 'မေတင်' ထွက်လာပြီး...

"ဟယ်... ကြည့်စမ်း အကောင်စုတ်... ညတုန်းကပြော တော့ 'ဗိုလ်မ' ပါမလာသေးဘူးဆို"

"အေးလေ... မနက်က လေယာဉ်ပျံဖြတ်သွားတာမကြား ဘူးလား... လေယာဉ်ပျံပေါ်က သူ့ကို ကန်ချသွားတာလေ"

"သွား... ပေါက်ကရပြောဖို့ စဉ်းစားနေတဲ့အကောင်"

'မေခင်'ကတော့ မီးဖိုချောင်ထဲမှထွက်လာပြီး အတောင့် ကိုက်ကလေးရပ်နေသည်။ ဖွတ်မြီးရှည်တစ်ချောင်းနှင့် ညိုညိုမြင့် မြင့်လေးရပ်နေသော 'မေခင့်'ကို 'တာဇံ'က ခပ်ပြုံးပြုံး လှမ်းကြည့် နေသည်ဟု 'စော' ထင်သည်။ 'တာဇံ'က တကယ့်လူချောတစ်ဦး။ ညတုန်းကမြင်ရတာထက် ယခုပိုချောသည်။ 'တာဇံ'နှင့် 'ဗိုလ်မ' မောင်နှမဆိုတာ မပြောဘဲနှင့်သိသည်။

ဖြူဖြူမြင့်မြင့်ကြီးတွေ၊ မျက်ခုံးထူထူ၊ မျက်တောင်ထူထူ ပြင့် နှာတံချွန်ကြသဖြင့် နိုင်ငံခြားသားများလို့ဖြစ်နေသည်။ မောင်နှမနှစ်ယောက်လုံးနှုတ်ခမ်းပါးများဖြင့် ဖြူဖွေးသောသွား များပေါ်အောင် ရယ်မောရှဲပြောတတ်ကြသည်။ ဖြူဖွေးသော ဖြုပ်အကျီလက်ရှည်ပေါ်မှ အနီရောင်ခေါင်းစွပ်ဆွယ်တာလက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကို ထပ်ဝတ်ထားပြီး ဘောင်းဘီရှည်အနက် ဘွတ်ဖိနပ်… ဖြူ။

'ဗိုလ်မ'ကလည်း အနက်ရောင်ဆွယ်တာခေါင်းစွပ်လ… ရှည် ဘောင်းဘီရှည်ကိုဝတ်၍ ဘွတ်ဖိနပ်စီးထားသည်။ 'အုန်းသီ… ငိုမည်ဆိုလည်း ငိုလောက်ပေသည်။ 'ဗိုလ်မ'ကလည်း စွဲမ… လောက်ပါသည်။ သူတို့ အဆင်မပြေဘူးသာပြောသည်၊ ယ… တော့လည်း အတူတူတွဲလာကြသားပဲ။

'အုန်းသီး'က တစ်ချိန်လုံး 'ဗိုလ်မ'ကို ငေးကြည့်နေသည်… ယခင်က 'အုန်းသီး'နှင့် 'မေခင့်'ကိုကြိုက်သွားမှာစိုးရိမ်နေခဲ့ရ… 'စော' တစ်ယောက် ယခုမှ၍ စိတ်ပူနေရပြီး 'အုန်းသီး'ထက် ပို… ကောင်းဆိုက်ကောင်း ကိုလူချောတစ်ယောက်ထပ်ရောက်လာ… ထို ကိုလူချော၏မျက်လုံးများက 'မေခင့်'ကိုခပ်ပြုံးပြုံးကြည့်… တတ်သည် မဟုတ်လား။

'ပေါက်စီမ'ဆိုသည့် မိန်းမလှလေးကတော့ တစ်ချိန်… 'တာဖ'ကို ခိုး၍ကြည့်နေတတ်သည်။ အင်း သူတို့သူငယ်ချ… အုပ်စု၏သံယောဇဉ်ကတော့ အတော်ကြီးမားပုံရသည်။ ဘယ်… တွေနှင့်ဘယ်လိုချစ်ကြမည်၊ ယူကြမည်တော့မသိ။ ခုချိန်ထိ… သူတို့အချင်းချင်း မယူဖြစ်ကြသေးပေ။

"ဟော့ အပေါ်ထပ်က မမ အောက်ကိုဆင်းခဲ့... နေ… လုံ့ရင်း စကားပြောမယ်"





"အေး အေး"

အားလုံး အိမ်ထဲမှာ ကြိမ်ကုလားထိုင်များထုတ်လာကြသည်။ သူတို့စကားပြောကြမည့်နေရာနှင့် 'စော'၏ဂိုဒေါင်ဘာမှ…ား။ ဆယ်ပေခန့်သာရှိမည်။

"ကလေးတွေရောဟ"

"အဘနဲ့ လမ်းလျှောက်ထွက်သွားကြတယ်"

'မေတင်'က ယုန်မွေးဆွယ်တာအနက်၊ ဖလန်…လုံ…ည်ပန်းရောင်၊ ခုံမြင့်ဖိနပ်အဖြူဖြင့် သိုးမွေးထိုးထိုးလက်စခြင်း…ောင်းလေးကိုဆွဲ၍ ရောက်လာသည်။ ပြင်ဆင်ထားသည်မှာ…နေသည်။ မွှေးကြိုင်နေသည်။

"'တင်'က ကလေးနှစ်ယောက်အမေဆိုတာ ကျိန်ပြောရ…ာက်အောင်လှတုန်းပဲကွ"

'ဗိုလ်မ'က 'မေတင့်'ကိုကြည့်ရင်း ပြုံးပြုံးလေးပြောသည်။ …တင်'က ပခုံးတွန့်ရင်း စီးကရက်ကိုညှိရင်း...

"မပြောစမ်းပါနဲ့ကွာ... ဝမ်းနည်းလွန်းလို့"

"ဘာလို့ ဝမ်းနည်းနေတာလဲ"

"လင်ယူမိတာကိုပေါ့"

"မင်းပဲ 'ဦးတင်ခိုင်'ကို သဘောကျလို့ လက်ခံခဲ့ပြီးတော့…ဘာဖြစ်ပြန်ပြီလဲ"

"ယူတုန်းကတော့ ပိုက်ဆံချမ်းသာတာ တစ်ခုတည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ယူခဲ့တာကိုကွ… ပြီးတော့ ငါနဲ့ ယူခါနီးတုန်းက
သလိုဖြစ်နေတော့ ယူပြီးလို့ မကြာခင် ကြွမှာပဲလို့တွက်ထာ
ခုတော့ ပြန်နေကောင်းပြီးချောလို့… မောလို့"

"ဟား ဟား ဟား"

"အဟင်း ခုတော့ နင် အဘိုးကြီးကိုချစ်သွားပြီမ
လား"

"ချစ်တာ မချစ်တာတွေ ဘေးချိတ်ထားလိုက်စမ်းပါ
ဘယ်လောက်ခံပြင်းစရာကောင်းလဲ… ငယ်ငယ်ချောချော
အိမ်မှာ ကလေးနှစ်ယောက်ကိုထိန်းပြီး သူ့ကိုမျှော်နေရတဲ့
ရောက်နေတယ်… သူက ငွေအရှာကောင်းသလောက် မိန်းမ
လေးတွေကို ထည်လဲတွဲနေတဲ့ လူကြီးပဲ"

"အင်း နင် ထင်သလို ဟုတ်ချင်မှဟုတ်မှာပါဟာ

"ငါ သူ့ကိုမပေါင်းချင်တော့ဘူး"

စီးကရက်ကို ရှိုက်ဖွာရင်း 'မေတင်'က စိတ်ကုန်သ
ပြောသည်။

"ခက်တယ် 'မေတင်'… နင်လေ ငယ်ငယ်လေးကတ
ကထင်ရာလုပ်တတ်တဲ့အကျင့် အခုထိမပျောက်သေးဘူးလား
ယူတုန်းကလည်း နင်ပဲခွတ်ယူ… အခု နင်ပဲကွာချင်ပြီ…က
တွေမျက်နှာရှိသေးတယ်လေဟာ… 'ဦးတင်ခိုင်' နင့်ကိုဘ
လောက်ချစ်တယ်ဆိုတာ ငါတို့အားလုံး သိကြတာပဲဟာ"





'မေတင်' ဘာမှမပြောတော့။ စီးကရက်ကိုသာဖွာနေ
သည်။

"ကဲ တစ်ယောက်တော့ ရင်ဖွင့်ပြီးပြီ… ဒီတစ်ခါ 'အုန်း
း' အလှည့်"

'တာခံ'က 'အုန်းသီး' ပခုံးကိုဖက်ရင်းပြောသည်။ 'အုန်း
း'က 'ဗိုလ်မ'ကို ဆွေးမြေ့သောမျက်လုံးများဖြင့် လှမ်း၍ကြည့်ပြီး
ငယ်သောမျက်နှာနှင့် ခေါင်းငိုက်စိုက်ကျသွားသည်။ 'ဗိုလ်မ'၏
လုံးများမှာ မျက်ရည်များလျှံတက်လာပြီး တအိအိရှိုက်သည်။

"ဟော့ ဟော့ မငိုပါနဲ့ငါ့နှမ… ငါစိတ်ဆင်းရဲတယ်… ငါ
ပျော်ပျော်ပဲနေချင်တယ်… အဲဒီတော့ ငိုဖို့အချိန်ပေးမယ်… နင်တို့
ယောက်သွားပြီး ပြောချင်တာပြောကြ… ငိုချင်တာငိုကြ…
ပါ 'ပေါက်စီမ'… ငါတို့ 'မေခင့်'ကို သွားဝိုင်းကူပေးမယ်"

'တာခံ'က ပြောရင်းဆိုရင်း ထိုင်ရာမှထသည်။

" 'ပေါက်စီမ' နင် 'မေခင်'နဲ့ သွားဝိုင်းကူလိုက်ဟာ…
ါ 'တာခံ'နဲ့ စကားပြောစရာရှိတယ်"

"အေး အေး"

'ပေါက်စီမ'က ထ၍သွားသည်။ 'တာခံ'က မျက်ခုံးတွန့်
၍ 'မေတင့်'ကို ကြည့်သည်။ ပြီးတော့ 'မေခင်'ရှိရာ မီးဖိုချောင်
တက်လှမ်းကြည့်သည်။ 'တာခံ' ပုံစံက 'မေခင့်'ထံ အရမ်းသွားချင်
နေပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ပြော 'ဒေါ်ကေရီ' "

'တာဓံ'က 'မေတင့်'ကို ခပ်ပြုံးပြုံးကြည့်ရင်း ပြောသည်။ 'မေတင်' စီးကရက်ကို ဖိချေရင်း 'တာဓံ'ကို စိုက်ကြည့်ရင်း...

" 'တာဓံ' "

"နားထောင်နေပါတယ် ခင်ဗျာ"

"ငါ့ကိုပြန်တွေ့တော့ နင်ဘယ်လိုခံစားရလဲ"

"နင့်အတွက် ခံစားနေရတဲ့အချိန်က ကုန်လွန်ခဲ့ပြီပဲ 'မေတင်'... ငါပူဆွေးနေချိန်တုန်းက နင် စိန်တွေ... ရွှေတွေ... ကို တွေ... ကားတွေကြားမှာပျော်မွေ့ပြီး ငါ့ကိုမြင်ရင် မျက်ခုံးလေး ရင်ကလေးကော့ပြီး ပြုံးစေ့စေ့ကြည့်တဲ့ပုံစံတော့ ငါ့တစ်သ မမေ့ပါဘူး"

"အဲဒီတုန်းက နင် တကယ်ခံစားရတယ်ပေါ့"

'မေတင်' စိတ်ဝင်စားစွာမေးသည်။ သူမအတွက် 'တာ ခံစားရသည်ဆို၍ ကျေနပ်နေပုံရသည်။

"အဲဒီတုန်းက ငါငိုတာ ချောင်းထဲရေလျှံသွားတာ"

"ကြည့်... အကောင်းပြောနေတာ ဖေါက်လာပြီ"

"ဟုတ်တယ်လေ... သတင်းစာထဲတောင် ပါသေးတ ရော"

"အကောင်းပြောကွာ"

"အေးကွ... အဲဒီတုန်းက ခံစားရတာတော့ ခံစားရတာ ပေမဲ့ အခုအဲဒါတွေကို ပြန်ဖီလင်ဝင်ယူလို့ ဘယ်ရတော့မလဲ"

ထိုစကားကြောင့် 'မေတင်' မျက်နှာလေး သိသိသာသာ ငယ်သွားပါသည်။

"အခု မခံစားရတော့ဘူးလေ"

"အဟင်းဟင်း...နင်ပဲ စဉ်းစားကြည့်လေဟာ ယောကျ်ား သွားတဲ့ချစ်သူကို ဘယ်သူကရေရှည်လွမ်းနေပါတော့မလဲ... ကိုယ့်ထက်သတ္တိရှိလို့... ကိုယ့်ထက်ပြတ်သားလို့ အိမ်ထောင်ပြု ကလေးနှစ်ယောက်တောင်ရနေတဲ့ အချစ်ဟောင်းကို ဘယ်သူ ကြာတော့လည်း မေ့ပျောက်သွားမှာပဲ... ဒါပေမဲ့ ငါက တခြား ကောင်တွေထက်တော့ ထူးတယ်ဟ... တခြားကောင်တွေဆို ဒီလို ရွာမဲ့တဲ့ချစ်သူရဲ့မျက်နှာကို ပြန်တောင်ကြည့်ကြမှာ မဟုတ်ဘူး ခြေဦးလှည့်တော့မှာ မဟုတ်ဘူး... နင်နဲ့ငါနဲ့ဆိုတာက ချစ်သူဘ နဲ့ပဲ စတွေ့ကြတာ မဟုတ်ဘူးလေဟာ... ဟိုးငယ်ငယ် ပိစိကွေး ရွယ်ထဲက လုံးထွေးပြီးကြီးလာတဲ့ သူငယ်ချင်းတွေ...ယ်ပေါင်း တွေ... အဲဒီသံယောဇဉ်က ဘယ်လောက်ကြီးလည်းဆိုရင် ကနေ့ အထိ နင့်ဆီ ငါဝင်ထွက်နေတာသာကြည့်တော့... နင်အိမ်ထောင် ပြုစက တွေ့တုန်းကတော့ ငါ့ရင်တွေ တလှပ်လှပ်နဲ့ပေါ့ဟာ... ကျောင်းပိတ်လို့ တစ်နှစ်တစ်ခါ နှစ်ခါပြန်လာတိုင်း တွေ့ပါများ လာတော့လည်း ခံစားမှုတွေ တဖြည်းဖြည်းလျော့ပါးသွားခဲ့ပြီပေါ့ သူများမယား ကြာခိုတဲ့စိတ်မျိုး အလျဉ်းမရှိဘူးဆိုတာယ်ပါ...



www.burmeseclassic.com

www.burmeseclassic.com



ဲ ကျိန်ပြီး ပြောရပါတယ်… နင့်ကိုစိတ်သန့်သန့်နဲ့ ခင်နေဆဲ

'မေတင်' ငိုနေပြီ။

"ဟော နင်ဘာလို့ ငိုတာလဲ 'မေတင်' "

"ငါ မှားပါတယ် 'တာဇံ'… ငါ နင့်ကိုအရွဲ့တိုက်ပြီး

မိဘတွေကို အရွဲ့တိုက်ပြီး 'ဦးတင်ခိုင်'ကို ယူခဲ့ပေမယ့် တစ်

နင့်ကိုမမေ့ဘူး… နင်ပြန်လာတိုင်း ငယ်စိတ်တွေ… ချစ်စိတ်

ပြန်ပေါ်လာတယ်"

"ဟာကွာ ဒီစကားတွေ နင့်လူကြီးကြားသွားရင်

ကောင်းပါဘူးကွာ… ငါတို့ကို လာခွင့်ပေးတာကိုပဲ ကျေးဇူးတ

နေရတာ… ကိုယ့်လင်သားအပေါ် သစ္စာမဲ့တဲ့စကားတွေ မပြော

နဲ့ 'မေတင်'ရာ… ငါ့ကြောင့် နင့်အိမ်ထောင်ရေးပြိုကွဲမယ်ဆိုရ

ငါ မလာတော့ပါဘူး"

ချောင်း၍နားထောင်နေသော 'စော'တစ်ယောက် '

တင့်'စကားများကြောင့် 'မေတင့်'ကို အထင်သေးမိသလို လူ

ဗရုတ်ကျသော်လည်း ရိုးသားသော 'တာဇံ'ကို လေးစားမိပါသည်

'တာဇံ'သာ ရုပ်ပွေသူဆိုလျှင် စိတ်ဓာတ်ပျက်ပြားနေသောချစ်သူ

ဟောင်းနှင့် ဓာတ်ရှုပ်လို့ရပါသည်။

" 'မေတင်' "

"ဟင်"

"ငါလည်း ငါ့စိတ်ကို ငါအံ့ဩမိတယ်ဟာ… နင့်အပေါ်





အားမိတဲ့သံယောဇဉ်ကြောင့်ပဲလား… နင်တို့ညီအစ်မကပဲ ရွဲ့ဆောင်ကောင်းနေလို့လားပဲတော့ မသိဘူး… အခု ငါဘာဖြစ်နေတယ်မှတ်လဲ"

"ဘာဖြစ်နေလို့လဲ"

"ငါ ဟိုတစ်ခေါက်ပြန်လာကတည်းက 'မေခင့်'ကိုစွဲလမ်းနေတယ်ဟာ"

'မေတင်'တစ်ယောက် အကြီးအကျယ်အံ့ဩသွားသည်။ ချောင်း၍နားထောင်နေသော 'စော'တစ်ယောက်လည်း အသည်းနှလုံးများကို ဆွဲယူအနှုတ်ခံလိုက်ရသလို ရင်မှာနာကျဉ်သွားရရှာပါသည်။ လုံးဝမမျှော်လင့်သောစကားကို 'တာဇံ'က ပြောချလိုက်ခြင်း မဟုတ်ပါလား။

ပထမ 'မေတင်'စိတ်ဆိုးသလိုဖြစ်သွားသော်လည်း လုံးဝ မဖြစ်နိုင်တော့သောဘဝတွင် စိတ်ကူးမယဉ်နိုင်သောဘဝတွင် 'တာဇံ'ကို မျှော်လင့်နေ၍မဖြစ်တော့။ 'တာဇံ' ကိုယ်တိုင်က မိမိကို လက်မခံချင်တော့။ တကယ်တော့ 'တာဇံ'သည် မိမိကိုတကယ် မချစ်၍သာ မယူရဲခြင်းဖြစ်သည်။

အခုချိန်မပြောနှင့် ဟိုးငယ်ငယ်က အရူးအမူးချစ်ခဲ့ကြစဉ်ကတည်းက မိမိကို မယူရဲခြင်း၊ သတ္တိမရှိခြင်းဖြစ်သည်။ ယခုတော့ သူက ပြတ်ပြတ်သားသားပြောနေပြီ။ 'မေခင့်'ကို စွဲနေသည်တဲ့။ 'မေခင့်'ကို ဟိုတစ်ခေါက်ပြန်လာကတည်းက စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းတဲ့၊ 'ခေခင်' တယ်စိန်းပွင့်နေပါကလား။

'စော'ကလည်း 'မေခင့်'ကို အတော်ရေးမြှတ်နိုးနေမှန်း သိသာသည်။ 'စော'နှင့် 'တာဇံ'သည် ယောကျ်ားများထဲတွင် ရုပ် ရည်ရော အပြုအမူအပြောအဆိုပါ ထူးခြားစွာစွဲဆောင်နိုင်သူများ ပင်။ ထိုသူ နှစ်ယောက်လုံးက 'မေခင့်'ကို စွဲလမ်းနေကြသည်သ တဲ့။

ပိုပြီး ခံစားရခက်သည်က မိမိကိုချစ်ခင်နှစ်သက်ခဲ့ဖူး သော မိမိအရူးအမူး ချစ်ခဲ့သောချစ်သူက 'မေခင့်'ကို ယခု စွဲလမ်း နေကြတဲ့။ 'စော'က ရုပ်ရည်သာရှိပြီး ဉစ္စာ ဓနမရှိ၊ ပညာမရှိ။ 'တာဇံ'က ရုပ်ရည်ရော ပညာရော ဉစ္စာရော အရာရာပြည့်စုံသူ။ သို့သော် 'တာဇံ' တို့မိသားစုတွေက ပိုက်ဆံရှိသလောက် အလွန် မာနကြီးသူတွေ။ တော်ရုံကို မရောချင်၊ မခေါ်ချင်ကြ။

မိမိနှင့် 'တာဇံ' ချစ်ကြိုက်တုန်းက သူ့မိဘတွေ ယမ်းပုံး မီးကျဖြစ်ကျသေးသည်။ မိမိနှင့် 'တာဇံ' နှစ် အိမ်တစ်အိမ် ဝင် ထွက်စားသောက်နေသူများဖြစ်ပါလျက် မိမိကို ချစ်ခင်ပါလျက် တကယ်တမ်း ချစ်သူတွေဖြစ်လာကြပြီဆိုတာကို သိသောအခါ သဘောမတူကြတော့။

'မေတင့်'ကို အိမ်ခေါ်ပြီးသူ့သားနှင့်မပေးစားနိုင်ကြောင်း ခပ်ပြောင်ပြောင်ပင်ခေါ်ပြောသည်။ ထိုအချိန်က 'မေတင်'အသား တွေ တဆတ်ဆတ်တုန်သည်အထိ ခံပြင်းခဲ့ရပြီး၊ 'တာဇံ' အမေကို





ပြန်ချိုးချင်သည့်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေခဲ့သည်။ ထို့ ကြောင့် 'ဦးတင်ခိုင်'ကို မချစ်ဘဲ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

"နှင့် အမေက သဘောတူမှာတဲ့လား"

"ဒီတစ်ခေါက်တော့ မာမီသဘောမတူလည်း သတ္တိတွေ ရှိနေပြီ... ရင်ဆိုင်ရဲနေပြီ... သံပုရာသီးလိုပေါ့... ကြီးလေ ချဉ် လေပဲ... ငယ်ငယ်တုန်းကနဲ့ မယူနဲ့ မလုပ်နဲ့ဆိုရင် မတို့ရဲဘူး... အခု မာမီတို့က ပညာတွေပိုသင်ပေးတော့ ပိုတတ်မြောက်နေပြီ"

'တာဇံ'က ရယ်စရာလုပ်ပစ်သည်။

"နှင့်အမေသဘောတူရင် ပေးစားမယ်... မတူရင်တော့ ဆောရီးပဲ"

"'မေ့ခင့်'ကို ဖွင့်ပြောဦးမှာပေါ့ဟ... 'မေခင်'က လက်ခံ ရင် မာမီ သဘောမတူလည်း ငါယူမှာပဲ"

"ရန်ကုန်မှာ လေးနှစ်တောင်နေလာတာပဲ... နှင့်မှာ ချစ် သူမရှိဘဲနေမလား"

"ခင်လို့ တွဲတာကလွဲရင် မူပိုင် တစ်ယောက်မှမရှိဘူး... ရှင်းရှင်းပြောရရင် ပထမနှစ်တုန်းက နှင့်စိတ်နဲ့ဆွေးနေခဲ့ရတာ အဲ နောက်ပိုင်းတော့ အနည်ထိုင်ပြီး အချစ်ကိုစိတ်မဝင်စားတဲ့ပုံ စံမျိုးဖြစ်သွားတယ်... အဲ အချိန်တန်အရွယ်ရောက်လို့ အိမ် ထောင်ပြုတော့မယ်... ချစ်သူရှာတော့မယ်ဆိုတော့ 'မေခင့်'ကို သဘောကျလာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"'မေခင့်'ကို ဘာလို့ သဘောကျတာလဲ"

"'မေခင်'က ကျွန်ရုတယ်... သိပ်မိန်းမပီသတယ်"

ထိုစကားကြောင့် 'မေတင့်' မျက်နှာနီရဲပြီး တင်းမာသွား သည်။

"နင့် စကားက ငါက မိန်းမ,မပီသဘူး... ကျွန်မရဘူး ဆိုချင်တာပေါ့လေ"

"ဟောဗျာ... ဘုရားပေးပေး... ကျမ်းပေးပေးပါဟာ... ငါပြောသွားတဲ့စကားထဲမှာ နင့်ကိုစော်ကားတဲ့စကားမျိုးတစ်လုံး မှမပါဘူး... 'မေခင်'ဟာ တစ်နေ့တခြား အလှတွေတိုးလာ တယ်... သူ့မျက်နှာ... သူ့ဆံပင်... သူ့ကိုယ်လုံး ကိုယ်ထည် ဟာ ယောက်ျားတစ်ယောက်အတွက်တော့ လေးစားမြတ်နိုးစရာ ကောင်းနေတယ်"

"မမ ထမင်းဟင်းကျက်ပြီ... 'အုန်းသီး' 'ဗိုလ်မ'ရော ထ မင်းစားရအောင်လို့"

'မေခင့်' အသံကြည်ကြည်လေးက တိုက်ထဲမှ လွင့်ပျံ့ လာသည်။ 'စော' တစ်ယောက် ခေါင်းအုံးကိုမျက်နှာအပ်၍ ထား လိုက်သည်။ ခေါင်းအုံးထဲကိုထိုးဖေါက်၍ မျက်ရည်ကြည်များ စီးဆင်းသွားကြသည်။



# ၁၈

"'မေခင်'"

"ဟင်"

'စော'နှင့် အဘနားတွင် ခူးခတ်နေသော 'မေခင်'ကို 'တာ စံ'က လှမ်းခေါ်ခြင်းဖြစ်သည်။

"မအားသေးဘူးကွာ ပြီးမှလာမယ်"

'မေခင်' မသွားချင်သေးပါ။ 'စော'၏ မျက်နှာကိုမြင် လိုက်ကတည်းက 'မေခင်' လုံးဝစိတ်မကောင်း၊ တစ်မျက်နှာလုံးနီ ရဲပြီး ငိုထားသလားမပြောတတ်၊ ဘာများဖြစ်တာပါလိမ့်၊ ချစ်စ ခင်စဖြစ်၍ ချစ်သူမျက်နှာကိုတွေ့မြင်ချင်နေပါသည်။ စကားတွေ အများကြီးပြောချင်နေပါသည်။ သို့သော် အခြေအနေက မပေး သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို စိတ်မပါဘဲ စားနေမှန်းသိသာပါသည်။ ပန်း
ကန်ထဲ ထမင်းနည်းနည်းထည့်စားသည်။ ပြီးတော့ ဟင်းလုံး
ထည့်မစားဘဲ ငါးပိရည်နှင့်တို့စရာသာစားသည်။

"ဟင်းထည့်စားလေ 'စော' "

"ဟုတ်ကဲ့"

'စော'က 'မေခင့်'ကို တစ်ချက်မျှမကြည့်။ ငုံ့၍သာစား
သည်။ ထို့နောက် ထုံးစံအတိုင်း ခွေးကျွေးသည်။ အိုးခွက်ဆေး
သည်၊ ရေဖြည့်သည်။

" 'မေတင်'ရေ ဘယ်ကကောင်လေးလဲ"

"အဘိုးကြီး မွေးစားသားလေ"

"ချောချောဖြောင့်ဖြောင့်လေးပါလား... တော်ကြာ 'မေ
ခင်' နဲ့ငြိသွားဦးမယ်ဗျာ"

'တာခံ'က စိုးရိမ်စွာ ပြောသည်။ အမြင်ကတ်နေသော
'မေတင်'က...

"ကြိုက်နေကြပြီလား မသိပါဘူး... အနေနီးတယ် မ
ဟုတ်လား... မနေ့ကပဲ ဆူထားရသေးတယ်"

'တာခံ'စိတ်အနှောင့်အယှက်ဖြစ်သွားပုံရသည်။'စော'ကို
ငေးကြည့်နေသည်။

" 'စော' "

"ခင်ဗျာ"





"ပြီးရင် လာခဲ့ပါဦး ခိုင်းစရာရှိလို့"

"ဟုတ်ကဲ့"

'စော'က ချက်ချင်းရောက်လာသည်။

"ညကျရင် 'တာခံ'တို့ ဒီမှာအိပ်ကြမှာ... ဂိုဒေါင်ထဲမှာ
အိပ်စရာပြင်ပေးဦး"

"ဟုတ်ကဲ့"

" 'မေခင့်' ဆီက စောင်တွေ ခေါင်းအုံးတွေယူလိုက်"

"ဟုတ်ကဲ့"

'စော' ထွက်သွားသည်နှင့်...

"တော်တော်ချောတဲ့ကောင်ပဲ... ကျောင်းမနေဘူးလား"

"ကိုးတန်းအောင်တယ်လေ... ခုလည်း ညဘက်စာတွေ
ဖတ်နေတာပဲ... အလုပ်လည်း ကြိုးစားပါတယ်"

"ဘာလဲ... ညီမနဲ့ သဘောတူနေပြီပေါ့ ဟုတ်လား"

"အိုကွယ်... အခြေအမြစ်မရှိတဲ့လူတစ်ယောက်နဲ့ ကိုယ့်
ညီမကိုပေးစားပါ့မလား... မင်းတစ်ယောက် 'မေခင့်'ကို မြတ်နိုး
တယ်ဆိုရင် သဘောတူပါတယ်... မင်းမိဘက သဘောမတူလို့
အမွေဖြတ်မယ်ဆိုရင်တောင် ကိုယ်က ထမင်းကျွေးထားနိုင်ပါ
တယ် 'တာခံ' "

'မေတင့်' စကားများကိုနားထောင်ရသော 'တာခံ' တစ်
ယောက် အခုဖြူ၊ အခုမည်းမို့ နားမလည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင် ထဲတွင်ဖြစ်သည်။

"မမကာ ပြောစရာယ်... ဂိုဒေါင်ထဲမှာ အိပ်ယာပြင်ပေး မယ်တဲ့... စောင်တွေ ခြင်ထောင်တွေ ခေါင်းအုံးတွေပေးပါ"

'စော'က မျက်နှာကိုမကြည့်ဘဲ စကားပြောနေခြင်းဖြစ် သည်။ 'စော'၏ စကားသံမှာတုန်နေသည်။ 'မေခင်'က 'စော'ကို သေချာစိုက်ကြည့်ပြီး...

" 'စော' "

"ဟုတ်ကဲ့"

"စိတ်ကောက်နေပြန်ပြီလား 'စော'ရယ်... ကြိုတင်ပြီး 'စော'ကို ပြောထားပြီးပြီပဲ"

'စော' ခေါင်းငုံ့၍ရပ်နေသည်။ 'စော' ဘာတွေခံစားနေ ရသည်ကို 'မေခင့်'မှ မသိဘဲလေ ချစ်သူကိုစွန့်လွှတ်ရတော့မည့် အကြောင်း ကြိုသိထားသော 'စော'အတွက်တော့ ဝမ်းနည်း၍နေ ပါသည်။ လုံးဝ မပျော်တော့ပါ။ 'စော'၏ မလှုပ်မယှက်ပုံစံကို ကြည့်ပြီး 'မေခင်'လည်း စိတ်မချမ်းမြေ့တော့ပါ။

သည်လို အူပုပ်တာ၊ အူတိုတာမျိုးကို မကြိုက်ပါဘူးဟု သူ့ကို ကြိုတင်သတိပေးထားခဲ့ပြီးပြီ။ ယခုတော့ စိတ်ကောက်နေ ရုံတင်မဟုတ်၊ 'မေခင့်'ကို လုံးဝမဆက်ဆံချင်တော့သလို စိတ်ကုန် သွားသလိုမျိုးကြီးဖြစ်နေပါသည်။

" 'စော' လို့"





"နားထောင်နေပါတယ် 'မေခင်' "

"နက်ဖြန် ဈေးသွားရင် စောင့်နေမယ်နော်... မနက်က ည်း 'မေခင်' စောင့်နေသေးတာ... သူ့အတွက် ထိုးထားတဲ့ဦး ုပ်နှစ်လုံးလည်းပြီးနေပြီ... လာခဲ့နော်"

"အဲဒီအချိန် အလုပ်ရှိနေရင် ဘယ်လာနိုင်မလဲ"

"ဟင်"

'မေခင့်' အသံကတုန်လို့။ မျက်ရည်တွေလည်း ဝဲတက် လာသည်။ 'စော' ချာကနဲ လှည့်ထွက်သွားသည်။ စောင်တွေ ခေါင်းအုံးတွေလည်း မပါတော့။ 'မေခင်' အိပ်ခန်းထဲပြေးဝင်ပြီး ငိုချလိုက်မိသည်။ အမူအယာအပြောင်းကြီးပြောင်းသွားသော ချစ်သူကို ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

" 'မေခင်'... 'ဒေါ်ဧမေခင်' "

'တာစ်' အသံ။

"လာပါဟ... နင်ကလည်း ဘယ်ပျောက်ပျောက်သွားမှန်း မသိဘူး"

'မေခင်' မျက်နှာကို ငိုထားမှန်းမသိအောင် ပြုပြင်ခဲ့ရ သည်။

"ဘာလဲ... 'တာစ်' "

"လာစမ်းပါ... ထိုင်စမ်းပါ... အလုပ်ချည်းလုပ်နေတာပဲ တစ်ခါတလေ လာလည်တဲ့သူတွေကို စကားလေးဘာလေးပြော



www.burmeseclassic.com

www.burmeseclassic.com



ဖို့ စဉ်းစားဦးမှပေါ့"

"မအားလို့"

'မေတင်' အလိုက်တသိထသွားသည်။

"နင့်ကို စကားပြောချင်လို့ စောင့်နေတာကြာလှပြီ... ဟိုတစ်ခေါက်လာတုန်းကလည်း ဒီလိုပဲ... တစ်ခါတည်း ... ပြုတ်လျှော့ဖွတ်နေတော့တာပဲ"

'မေခင်' ရင်တွေခုန်နေမိသည်။ 'တာဇံ' မျက်လုံးကြည့်... က တစ်မျိုးကြီးပါလား။ မနေ့ညက ပြောသွားတဲ့ စကားကလ... ကြည့်ဦး။

"တစ်နေ့တခြား လှလှလာတယ်တဲ့"

ဟုတ်ပါပြီ။ သည်စကားကို 'စော' ကြားသွားသဖြင့်မ... ဆင်းရဲသွားခြင်းဖြစ်မည်။ ယခုမှ 'စော' ခံစားမှုကိုကြည့်ပြီး သ... နေမိသည်။ သူချစ်သူကို တစ်ပါးသော အမျိုးသားတစ်ဦးက ... သည်ပြောပြီး အရေးတယူပြုမူခြင်းကိုမြင်နေရသော 'စော' ... စိတ်ဆင်းရဲနေပေလိမ့်မည်။

'စော' နှင့်ကျတော့ လွတ်လွတ်လပ်လပ် စကားပြော... မရှိ၊ တွေ့ခွင့်မရှိ။ တစ်အိမ်တည်းနေရသော်လည်း လူကြီးတွေ... ကြောက်နေရသဖြင့် အနေဝေးနေရသည်။

" 'ဂျီမလေး' "

"ဟင်"



"ငယ်ငယ်ကလို ငါ့ကိုဂျီမကျတော့ဘူးလား... နင် ဘာ... ...နေတာလဲ... 'ဂျီ' စကားပိုနည်းသွားသလိုပဲ... လာစမ်းပါ... ...ထဲမှာ လမ်းလျှောက်ရင်း စကားပြောရအောင်"

"ဟင် သူများတွေ တစ်မျိုးထင်မှာပေါ့... ဒီမှာပဲ ကောင်း...တယ်"

"ဟား ဟား ဟား နင်နဲ့ငါနှစ်ယောက်တည်းလမ်း...လျှောက်တာကို ဘယ်သူတွေက တစ်မျိုးထင်မှာလဲ...အဆန်း...ပ...ဗျာ... ခုမှ လျှောက်တာမှတ်လို့... ငယ်ငယ်ကလေးကတည်း...လျှောက်ခဲ့တာပါနော်"

'တာဇံ'က 'မေခင့်' ဖွတ်မြီးရှည်ကြီး ဆောင့်ဆွဲရင်းပြော...သည်။

"အား နာတယ်ကွာ... အရမ်းမဆွဲနဲ့လေ"

'မေခင်'က ပုတ်သိုးသိုးမျက်နှာလေးဖြင့် ပြောရင်းဆံပင်...ကို ပြန်ဆွဲကာလက်နှစ်ဘက်ဖြင့် ဆုတ်ထားလိုက်သည်။

"မျက်နှာပုံစံကတော့ ငယ်ငယ်ကနဲ့ တစ်ပုံစံတည်းဖြစ်...တာပဲ... ဒီမှာ နင့်ကိုစကားပြောစရာရှိတယ်ဗျ... အဲဒီစကားပြော...ရင် နင်အရမ်းအံ့သြမှာပဲ"

"ဘာလဲ... နင်မိန်းမ ယူတော့မယ့်စကားလား .. ဒါများ...ဆန်းတာမှတ်လို့"

"ဟား သိပ်မှန်တာပေါ့ဗျာ... ငါ မိန်းမယူဖို့ရှာထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရှာမနေနဲ့... နင့် မာမီရှာပေးလိမ့်မယ်... နင့် တွေ့ပေးစားတာပဲယူ"

"အို... ဒီတစ်ခါ မရဘူး 'မေဂျီ'... ဒီတစ်ခါ ငါ ပြ တာ ငါရှာယူမှာ"

"သဘောတူဦးမှကို:"

"မတူလည်း နင်တို့အိမ်ခိုးပြေးလာခဲ့မယ်... ဘယ် ခေါ်ခဲ့ရမလား"

"မသိဘူးလေ... တို့ကအိမ်ရှင်မှ မဟုတ်တာ... မေးကြည့်ပေါ့လို့"

"မမက သဘောတူပါတယ်တဲ့ဗျာ"

"ဒါဆိုလည်း ပြီးတာပဲ"

"ငါမိန်းမခိုးလာရင် နင်က ချက်ပြုတ်ကျွေးမှာလား"

"ဟာ ခဏတဖြုတ်တော့ ချက်ပြုတ်ကျွေးမှာပေါ့... ကြာကြီးတော့ မကျွေးနိုင်ပါဘူး... ကျွန် မှတ်လို့"

"ကဲ ဒါဆိုရင် ငါတစ်ယောက်တည်းဆိုရင်ရော... တစ်သက်လုံး ချက်မကျွေးနိုင်ဘူးလား"

"ဟင်"

'မေခင်' ပါးစပ်ဟောင်းလောင်းလေးဖြင့် 'တာဓံ'ကို လုံးပြူးပြီးကြည့်နေရှာသည်။ 'တာဓံ' စကားကိုလုံးဝသဘော ပေါက်သလို ဖြစ်နေပါသည်။





" 'ဂျီမလေး' ငါမေးနေတာပြေလေ... ငါတစ်ယောက် ည်းဆိုရင်ရော နင် တစ်သက်လုံးချက်ကျွေးမှာလားလို့"

'တာဓံ' မျက်နှာကို 'မေခင်' စိုက်ကြည့်နေဆဲ။ 'တာဓံ' ခပ်ပြုံးပြုံးမျက်နှာဖြင့် မေးနေခြင်းဖြစ်သည်။ 'မေခင့်'ကို တစ် လုံးအရည်ကြည်ရွှန်းလဲ့သော မျက်လုံးဖြင့်စိုက်ကြည့်နေသ 'မေခင်' အနေရခက်လှပါသည်။

"ပြောလေကွာ"

" 'မေခင်' သူ့စကားကိုနားမလည်ဘူး... ဘာအဓိပ္ပါယ် ပြောမှန်းမှ မသိတာ"

'တာဓံ'က ပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

" 'ဂျီ' နင်မှတ်မိသေးလား ငယ်ငယ်တုန်းက ဇရတ်ခွန်မှာ ားဆော့ကြတာလေ... အဲဒီရေတံခွန်နားက ကျောက်ဆောင် တွလျှိုတွေထဲမှာ ငါက 'တာဓံ'လေ... 'မေတင်'က အလှဘုရင်မ ကရီ'ပေါ့... 'တာဓံ'နဲ့ 'ဇကရီ' နောက်ဆုံးညားတော့ နင်ကငိုပြီး ာဓံ'ကို ဘယ်သူမှမယူရဘူး... 'မေခင်'ပဲယူမယ်... 'မေခင်'ပဲ ယူမယ်ဆိုပြီး အော် အော်ငိုတာလေ... မှတ်မိသေးလား"

"အို သွား... ဘာတွေလာပြောနေမှန်း မသိဘူး... အဲဒါ ငယ်ငယ်တုန်းက မနာလိုလို့ပြောတဲ့ဟာပဲ"

'မေခင်' မျက်နှာနီနီလေးဖြင့် ရှက်ရမ်းရမ်းပြီး 'တာဓံ'ကို ဆူသည်၊ အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနာလိုတယ်ဆိုတာ ချစ်လို့ပဲမဟုတ်ဘူးလား..အဲဒီ
က နင်နဲ့ 'ပေါက်စိမ' ငါ့ကိုမရလို့ ငိုကြတာရော... ဟား
ဟား... သိပ်ရယ်ရတယ်ကွာ"

'တာဇံ'က အဟုတ်ကိုသဘောကျပြီး ရယ်နေ
သည်။

"ကဲ အခု ငါပြောတဲ့အဓိပ္ပါယ်ကို နင် နားလည်ပြီ
'ဂျီလေး' "

"ဘာကိုလဲ"

"ငါ့ကို တစ်သက်လုံး ချက်ပြုတ်ကျွေးမှာလားဆိုတာ
ငယ်ငယ်တုန်းက နင်ငါ့ကိုမရလို့ အော် အော်ငိုတယ်မဟုတ်
အခု နင်ငါ့ကိုယူမလားလို့မေးတာ... ကဲ အူ့အမလေး နားလ
ပြီလား... ရှင်းပြီလားခင်ဗျ"

'မေခင်'က မျက်နှာကိုမဖော်ဘဲ...

"ဒါဆို အဲဒီတုန်းက 'ပေါက်စိမ'လည်း ပြောတာပဲ...
ကိုသွားမေးပါလား... တစ် သက်လုံးချက်ပြုတ်ကျွေးမှာလား
"မေးစရာမလိုပါဘူး... 'ပေါက်ဆီ'က တစ်ဦးတည်းသော
သမီးမို့အလိုလိုက်ထားတာ... ဘာမှ မချက်တတ် မပြုတ်တ
ဘူး... ငါသူငယ်ချင်းတွေအားလုံး အကြောင်းရော... 'ဗိုလ်မ'
ကြောင်းရော ငါအကုန်သိတယ်"

'မေခင်' ဤနေရာမှ ထပြေးချင်နေပြီ။ 'ဇော်' မြင်သွား





တို သိပ်ကြောက်နေသည်။

"ငါ အဝတ်တွေလျှော်ရဦးမယ်... ညနေစာလည်း လုပ်ရ
မယ်... သွားတော့မယ်"

"ဟော့ ဟော့... ဒါမျိုး လစ်ပြေးလို့မရဘူး... ကိုယ့်လူ လာ
နဲ့ထိုင်... ပြန်ထိုင်"

'တာဇံ'က 'မေခင့်' လက်မောင်းကိုရုတ်တရက်ဆွဲကိုင်ပြီး
နဲ့ထိုင်ခိုင်းသည်။ 'မေခင့်' ရင်ထဲ လှိုင်းထသွားသည်။ အစက
ကိုက်နေ ဖြောင်နေသည်ဟု ထင်ခဲ့သည်။ ယခုတော့ 'တာဇံ'
ဆွဲလမ်းလမ်းဖြစ်နေခြင်းကိုး။ သူ့မျက်လုံးနှင့် သူ့မျက်နှာက
အတ္တာကို တကယ်တောင်းခံနေမှန်းသိသာလွန်းသည်။

'မေခင်' စိတ်ဆင်းရဲသွားသည်။ တိုက်ဆိုင်မှုပဲ ပြောမ
သား။ 'မေခင့်'ဘဝအတွက် ဖူးစာစန်းပွင့်ချိန်ဟု ပြောရမလား။
ဤနှစ် ဤလ ဤရက်ပိုင်းအတွင်း အချစ်စန်းပွင့်ရန် ဇာတာပါ
သည်ထင်၏။ 'တာဇံ'အတွက် 'မေခင်' စိတ်မကောင်းဖြစ်သွား
သည်။

အမှန်အတိုင်းဝန်ခံရလျှင် 'တာဇံ'၏အချစ်ကို မမနှင့်
'ပေါက်စိမ'တို့ အပြိုင်အဆိုင် မျှော်လင့်ခဲ့ကြခြင်းဖြစ်သည်။ 'တာ
'ကတော့ သုံးယောက်လုံးကို မျှမျှတတချစ်ခဲ့ပါသည်။ အခုချိန်
ကျမှ 'တာဇံ'ရယ်။ 'မေခင်' သူ့ကိုသနားတယ်။

"ဟိတ်... ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ အိမ်က သဘောမတူမှာစိုးလို့လား"

'တာဓိ'က အပိုင်တွက်ပြီးမေးနေသည်။

"အင်းပေါ့"

'မေခင်' ကြည့်ကောင်းအောင်ပြောသည်။

"သဘောတူတယ်ဆိုရင်ကော"

"မတူပါဘူး... သိပါတယ်နော်... ဒီလောက်ကြီးကျ တာ"

"ကဲ... သဘောမတူဘဲထားကွာ... ငါက နင့်ကိုချစ် နိုးပြေးမယ်ဆိုရင် နင်လိုက်မှာလား"

"မလိုက်ပါဘူး"

"ဘာဖြစ်လို့လဲ... နင့်မှာ ရည်းစားရှိနေပြီလား 'မေခ ငါပြောတာတွေကို နင်စိတ်မဝင်စားဘူးလား... အစက ငါ ထားခဲ့တာက ငါက ချစ်ခွင့်ပန်ရင် နင်သိပ်ပျော်သွားလိမ့်မယ် ငါ မျှော်လင့်ခဲ့တာ... အခုတော့ နင့်ပုံစံက ငါ့ကိုစိတ်မဝင်စားသ ပဲ"

ထိုစကားကြောင့် 'မေခင်' မျက်လုံးအိမ်ထဲတွင် မျက်ရ ကြည်များဝဲတက်လာသည်။ ဟုတ်ပါသည်။ တကယ်လို့ သ 'စော' ရောက်မလာခဲ့ဘူး။ 'စော' ချစ်ခွင့်မပန်ခဲ့ဘူး။ 'စော' သံယောဇဉ်မတွယ်ခဲ့ဘူးဆိုလျှင်တော့ 'တာဓိ'သည် ငြင်းစရာ တစ်ယောက်မဟုတ်။





အခုတော့...

"ဟိတ်"

"ဟင်"

'မေခင်' လန့်၍ပင်သွားသည်။

"ဟော ဘာတွေစဉ်းစားနေတာတုန်း... ပြောစမ်း...နင့်မှာ ရည်းစားရှိနေပြီလား"

'မေခင်' အမှန်အတိုင်း မပြောဝံ့။ ပြောလိုက်လျှင် မမတို့ သိသွားမည်။ သိသွားလျှင် 'စော'ကို မောင်းထုတ်ကြလိမ့်မည်။

"ပြောလေ... ရည်းစားရှိလားလို့ မေးနေတာ"

"ဟင့်အင်း"

"ဒါဆို နင် ငါ့ကိုအဖြေပေးမှာပေါ့"

"စဉ်းစားဦးမယ်"

"နင်နဲ့ငါနဲ့ကြားမှာ ဘာတွေစဉ်းစားစရာလိုသေးသလည်း 'မေခင်'... တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတာပဲ... ငါဆိုရင် နင့်ကိုချစ်နေတဲ့သံယောဇဉ်ကြောင့် ငါ့အေးမှာ အချောအလှတွေ သည်လောက် ဝိုင်းဝိုင်းလည်နေတာတောင် ခင်တာထက်မပိုဘူး... နင့်ကိုတော့ ခင်တာထက်ပိုပြီးလို့ အားလုံး ဒီကနေ့ပဲ ကြွေးကြော်လိုက်ပြီ"

"ဟင်... အားလုံး သိကုန်ပြီဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမရော"

"ခုနကပဲ ပြောလိုက်တယ်"

"ဟင် မမ စိတ်မဆိုးဘူးလား"

"ဘာလို့စိတ်ဆိုးရမှာလဲ… သူ့တောင် လင်ယူလို့ကလေး နှစ်ယောက်တောင်ရနေပြီ… ပြီးတော့ သူနဲ့ငါနဲ့ချစ်တယ်… ကြိုက် တယ်ဆိုတာကလဲ… ငါမပြောချင်ပါဘူးကွာ… နင့် အစ်မအ ကြောင်း မကောင်းပြောရင် နင်က စိတ်ဆိုးဦးမှာ… ငါနဲ့သူ ချစ်သူအဆင့်ကို ကောင်းကောင်းမရောက်ခဲ့ခင်မှာပဲ ငါ့အိမ်က သိသွားပြီး ပြဿနာတက်တော့တာပဲ"

" 'မေခင်' လည်း သိသင့်သလောက်သိပါတယ်"

"ကဲပါကွာ… တခြားဟာတွေထားစမ်းပါ… နင့်ပါးစပ်က အဖြေပေးစမ်းပါ… ငယ်ငယ်တုန်းကလို 'တာဖံ'ကို ငါပဲယူမယ်… ငါပဲယူမယ်လို့ အော်လေကွာ"

"သွား… နင်သိပ်လူလည်ကျတယ်… ဘယ်တော့မှ မ အော်ဘူးသိလား"

"ဒါဆို ငါက အော်ပစ်လိုက်မယ်… ဟောဒီမှာ 'မေခင်'… ကျွန်တော့်ကို မရရင် ငိုမယ်တဲ့ဗျို့"

'တာဖံ'က အသံနည်းနည်းချဲ့၍ အော်သည်။

"အို အို… မအော်နဲ့လေ 'တာဖံ'ရယ်… သူများတွေ ကြားကုန်ပါ့မယ်"





'မေခင်' ကြောက်အားလန့်အားဖြင့် 'တာဖံ' ပါးစပ်ကို ပိတ်သည်။ 'စော' ကြားသွားမှာစိုး၍ဖြစ်ပါသည်။ မိမိပါးစပ်ကို လိုက်၍ပိတ်နေသော 'မေခင့်' လက်ကိုဆွဲယူလိုက်သဖြင့် 'မေခင်' အရှိန်ဖြင့် 'တာဖံ' ရင်ခွင်ထဲရောက်သွားသည်။ 'တာဖံ'က 'မေခင့်' ကိုယ်လုံးလေးကိုသိမ်း၍ ဖက်ထားပြီး ပါးကိုနမ်းထည့်လိုက်သည်။

"ဟင် နင်… သိပ်လူလည်ကျဦး… ကဲ"

'မေခင်' ရှက်ရှက်ဖြင့် 'တာဖံ'ကို တွန်းထည့်လိုက်သဖြင့် 'တာဖံ' နောက်ဘက်သို့လန်ကျသွားသည်။

"အားပါးပါး… နင် တကယ်ရက်စက်တယ်ကွာ"

'တာဖံ' နောက်လန်ကျသွားသဖြင့် ခေါင်းနှင့်နံရံစောင့်မိ သွားသလိုဖြစ်သွားသည်။ တံတောင်ဆစ်တွင်လည်း ခိုက်မိသွား သည်။ 'မေခင်' ရယ်ရမလို ငိုရမလိုမျက်နှာလေးဖြင့် 'တာဖံ'ကို ကြည့်နေမိသည်။

"နင်လုပ်တာ… နင် ပရုတ်ဆီပြန်လိမ်းပေး"

"မလိမ်းပေးပါဘူး"

"မလိမ်းပေးရင် မလွှတ်ဘူးနော်"

'တာဖံ'က ရုတ်တရက် တစ်ပတ်လှိမ့်လိုက်ပြီး ထွက်သွား မည်ဟန်ပြင်နေသော 'မေခင့်' ခြေထောက်တစ်ဘက်ကိုလှမ်းဆွဲ ထားသည်။

"အို… ဘာလို့ ခြေထောက်ကိုဆွဲထားရတာလဲ… လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လေ… ထဘီနဲ့ထိနေပြီ… ငရဲကြီးလိမ့်မယ်… လွှတ်လေ”

“လိမ်းပေးမလား… ပြော”

“လိမ်းပေးမယ်… လိမ်းပေးမယ်… လွှတ်ပေး”

“လိမ်းပေးမယ်ပြောပြီး… ထွက်ပြေးမလို့မဟုတ်လား… ကျိန်ပြော… ကိုယ်တိုင်လိမ်းပေးပါ့မယ်… ညာပြောရင် နင်သိပ်ချစ်တဲ့သူနဲ့ကွဲလို့”

“လိမ်းပေးပါ့မယ်ဆိုဟယ်… ဘာတွေ လျှောက်ကျိန်ခိုင်းနေတာလဲ”

‘တာဇံ’ လွှတ်ပေးလိုက်သည်။ ‘မခေင်’ အိမ်ထဲပြေးဝင်ပြီး ပရုတ်ဆီပုလင်းယူခဲ့သည်။ ‘တာဇံ’က ထိုင်စောင့်နေသည်။ ‘မခေင်’ ပရုတ်ဆီပုလင်းကိုလှမ်းပစ်ပေးဖို့ လုပ်သေးသည်။ သို့သော် ‘မခေင်’ သိပ်ချစ်သူနဲ့တော့ အကွဲမခံနိုင်ပါ။ ထို့ကြောင့် ကိုယ်တိုင်လိမ်းပေးရင်း…

“နောက်တစ်ခါ အဲသလို လက်ရဲဇက်ရဲ ကိုဖိုးကဲလုပ်ရင် ခေါင်းပါခွဲပစ်မယ် သိလား… ဟွန်း”

“ခေါင်းကွဲတာ ကိစ္စမရှိပါဘူး… အသည်းမကွဲဖို့ပဲ အရေးကြီးတယ်”

ဒါတောင် ‘တာဇံ’က လျှာရှည်သေးသည်။ ‘မခေင်’တို့နှစ်ယောက်၏ ဇာတ်လမ်း အစအဆုံးချောင်းကြည့်ပြီး မျက်ရည်ဝဲနေသူက ‘ပေါက်စိမ်’ပါ။ ‘ပေါက်စိမ်’ တစ်ယောက် ‘တာဇံ’ အချစ်၊





‘တာဇံ’ မေတ္တာကိုမျှော်လင့်နေခဲ့တာ အခုမှ မဟုတ်ပါဘူး လေ။ ဟိုး ငယ်ငယ်လေးတည်းကပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

" 'စော' ရေ"

"ခင်ဗျာ"

"ရှေ့ မြို့ထဲမှာ ခေါက်ဆွဲကြော်သွားဝယ်စမ်း... ပြီးတော့ လက်ဘက် ကြက်သွန်ကြော် အကုန်ဝယ်ခဲ့... ဂုက်ပျောသီးမှည့်တို့ အချိုအချဉ် မုန့်မျိုးစုံကြည့်ဝယ်ခဲ့ကွာ"

"ဟုတ်ကဲ့"

"ဘယ်သူတွေ ဘာမှာဦးမလဲဆိုတာ မေးလိုက်ဦး"

"ဟုတ်ကဲ့"

'စော'၏ အမူအယာညိုးနွမ်းနေတာ သိသာလွန်းနေသည်။ စက်ဘီးဖြင့်ထွက်သွားသော 'စော'ကို ကြည့်ပြီး 'မေခင်' စိတ်မကောင်းဖြစ်နေမိသည်။ ထင်ထားသည့်အတိုင်း ညနေဘက်





'စော' ထမင်းလာမစား။

"အဘ"

"ဟေ"

"သူ ဘာဖြစ်နေပြန်ပြီလဲ"

"မသိပါဘူးဟာ... မျက်နှာတော့ မကောင်းဘူး"

"ဒီစာနဲ့ ဒီပစ္စည်းတွေပေးပေးစမ်းပါ... အဘရယ်"

"အေး အေး"

မည်သူမျှ မမြင်အောင် အရဲစွန့်ပြီး ပေးလိုက်ရခြင်းဖြစ်သည်။ ထိုစာဖတ်ရလျှင် 'စော' တစ်ယောက် စိတ်ချမ်းသာနိုင်ပါစေ။

"ရော့... မင်းအဆက်ကပေးလိုက်တာ"

"ဘယ်သူလဲ"

"မင်းအဆက်ဘယ်သူရှိလဲ... 'မေခင်' ပေါ့"

"တော်ပါပြီ အဘရာ... သူ ကျွန်တော့်ကို သိပ်နှိပ်စက်တယ်... ကျွန်တော် စိတ်ညစ်တယ်ဗျာ"

"မင်းအထင်နဲ့ပဲ မပြီးသေးဘူးလေကွာ... သူ့ဆီက စာ ဖတ်ကြည့်ဦးလေ... အဲဒီတော့ ရှင်းသွားတာပေါ့... သွား သွား အခန်းထဲသွားဖတ်"

'စော' အခန်းထဲဝင်ခဲ့သည်။ စာဖတ်ရမှာကိုကြောက်နေသည်။ ဖြတ်စာပေးတာများလား။



www.burmeseclassic.com

www.burmeseclassic.com



စော

စော စိတ်ကောက်နေလားဟင်...

တမင်း လာမအားတာတော့ မကောင်းဘူးနော်

အဲသလိုတော့ မောင့် ကို မနှိပ်စက်ပါနဲ့...

မောင် မျှော်နေမယ်ဆိုတာသိလျက်သားနဲ့ မလာတာဟာ မောင့်ကို မချစ်လို့ပေါ့ [illegible] တကယ်ချစ်တဲ့သူဆိုရင် ကိုယ့်ချစ်သူကို မတွေ့ရင် မမြင်ချင်ဝဲနေပါ့မလား... ခုတော့ မောင့် မျက်နှာကိုတောင်မကြည့်တော့ဘူးလားဟင်... စကားလည်းမပြောဘူးနော်... မောင် မှာ ဘာအပြစ် ရှိလို့လည်း စော ရယ်... ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ရောတာ စော မကြိုက်ဘူးဆိုတာသိ တယ်လေ... ဒါပေမဲ့ စောရယ် ဓမတို့ ကြိုးကြိုးတို့ကို မောင် ရှောက်ရသေးတယ်လေ...

မောင် သဘောဆိုရင်တော့ ဝကားနတွေ မလိုပါဘူးလေ... မောင့်ကို တစ်[illegible] အောင် ပျော် နိုင်ရင် လက်ထပ်ဖို့အသင့်ပဲ... ကာလတစ်ခုမှာ လက်ထပ်မယ်လို့ ပြောလိုက်မိ[illegible] စိတ်မကောင်းဖြစ်မိတယ်... စောရဲ့ အင်အားနဲ့ ဘယ်လောက်ပဲကြိုးစားကြိုးစား ကာလတစ်ခု ယ်လေဆိုတာတော့ မလွယ်ပါဘူးလေ... တမင် စော ကြိုးစားအောင်... ခုဆောင်းအောင် ပြောလိုက် မိတာပါ...

စောရယ်...

မောင့်ကို နားလည်ပါနော်...

မောင် စောကိုချစ်ပါတယ်...

မောင် စေတနာနဲ့ထိုးပေးတဲ့ ဦးထုပ်လေးတွေကို စေတနာတန်ဖိုးထားချင် [illegible] ပါနော်...

မောင့်ဆီ စာရေးနော်...





ချစ်တဲ့ မောင်

စာဖတ်ပြီး 'စော' စိတ်ချမ်းသာသွားသည်။ 'မေခင်' ပေး [illegible]သော အညိုရောင်ဦးထုပ်နှင့် အပြာရောင်ဦးထုပ်လေးများကို [illegible]ယစွာကိုင်တွယ်ပြီး ရှိုက်နမ်းမိသည်။

"ဘာတဲ့လဲကွ"

"ကျွန်တော် စိတ်ချမ်းသာအောင်ရေးထားတာပါ"

"အေး ဒါကြောင့် ငါပြောထားတယ်မဟုတ်လား"

ညနေစောင်းသည်နှင့် အမှောင်ကကြီးစိုးလာသည်။ မီး [illegible]က်နီးဖို့ 'စော' ကားကိုဒေါင် တစ်ဘက်ထောင့်ဆီသို့ လျှောက်လာ [illegible]သည်။

" 'ဗိုလ်မ' နင် အဲဒီစကားကိုမပြင်တော့ဘူးလား"

"ဘာမှ မတတ်နိုင်ဘူး မောင်ရယ်"

'ဗိုလ်မ'က ငိုသံလေးဖြင့်ပြောသည်။

"မင်း ငါ့ကိုတကယ်ချစ်ရင် ငါ့နောက် လိုက်ခဲ့ရုံရမှာပေါ့ ကွ... အခုတော့ ငါ မင်းကြောင့် မူးနေ... ရူးနေမှန်းသိလျက်နဲ့ မင်း ငါ့အတွက် မစဉ်းစားတော့တာဟာ... ငါ့ကို တကယ်မချစ်လို့ ဆိုကွာ မင်းပါးစပ်က ဟိုကောင်ကို ငါ့ထက်ပိုချစ်လို့ ငါ့ကိုဖြတ် တာလို့ပြောကွာ... ပြောကွာ"

"အင့်"

'အနီးသီး'က 'ဗိုလ်မ' ပါးနှစ်ဘက်ကိုခပ်ကြမ်းကြမ်းပေါ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းနေခြင်းဖြစ်သည်။ 'ဗိုလ်မ'က ငိုသည်။

"ငိုမနေနဲ့အပိုပဲ... နင့်ပါးစပ်က ပြောလေ... ငါ့ကို
ဘူးလို့"

"မပြောဘူး... မပြောဘူး... 'ယုန္တယ်' သချင်တ
'ယုန္တယ်' သချင်တယ်"

'ဗိုလ်မ'၏ အသံက အူတွေအသည်းတွေပြုတ်ထွ
တတ်ဖြစ်သည်။ သူမ၏နာမည်အရင်းမှာ 'ယုန္တယ်'ဖြစ်ပုံရသ
သူတို့နှစ်ဦး၏အဖြစ်ကလည်း စိတ်မချမ်းသာစရာ...

"နင်ကြောင့် ငါအရက်သောက်တတ်နေပြီ 'ဗိုလ်
နင် ဆရာဝန်နဲ့ယူပြီး ဆရာဝန်ကတော် လုပ်နေချိန်မှာ င
အရက်ဆိုင်ထဲက အမူးသမားပေါ့... ဟား ဟား ဟား"

"မောင်... 'ယုန္တယ်'ကို မနှိပ်စက်ပါနဲ့ကွာ"

"ဟား ဟား ဟား မောင်ကနှိပ်စက်တာလား... မင်း
နှိပ်စက်တာလား 'နွယ်'... မင်းနဲ့ငါနဲ့အချစ်က မနေ့တစ်နေ့က
လား... ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့တာပါကွ... ခုတေ
မင်းက မနေ့တစ်နေ့ကမှတွေ့တဲ့လူတစ်ယောက်ကို ငါ့ထက်ပို
ရတယ်လို့ကွာ"

"'ယုန္တယ်' သူ့ကိုမချစ်ဖူးလို့ပြောပြီးပြီပဲ"

"ဘာ... မချစ်ဘဲနဲ့ မင်းယူမယ်ဟုတ်လား... နေစမ်းပါဦ
အဲသလိုယူတော့ရော မင်း ပျော်မလား... ဟား ဟား ဟား သိ





ရယ်စရာကောင်းတယ်ဗျာ... ဟား ဟား ဟား"

တဟားဟား ရယ်နေသော်လည်း 'အုန်းသီး'၏ မျက်လုံး
အိမ်ထဲတွင် မျက်ရည်တွေနှင့်ပါ။

"'ယုန္တယ်'"

"မောင်"

"မောင်လည်း ရှာဖွေကျွေးတတ်ပါတယ်ကွာ... မောင့်
နောက်ကိုလိုက်ခဲ့ပါနော်... မောင်တို့အိမ်ကလည်း မွဲနေတာမှ
မဟုတ်ဘဲ... လိုက်ခဲ့နော်"

"လိုက်ချင်ပါတယ်မောင်ရယ်... မေမေက သူ့စကားနား
မထောင်ရင် သူ့မျက်နှာကို သေရင်တောင်လာမကြည့်နဲ့တဲ့... ဖေ
ဖေကလည်း သူ့မိတ်ဆွေရဲ့သားဖြစ်နေလို့ ပြောပြီးသားဖြစ်နေလို့
သူ့မျက်နှာကို အိုးမည်းမသုတ်ပါနဲ့တဲ့... 'ယုန္တယ်' လုပ်ချင်ရာကို
လုပ်မယ်ဆိုရင် သူ့ကို အရင်သတ်သွားပါတဲ့... 'ယုန္တယ်' ဘာလုပ်
ရမလဲ မောင်ရဲ့"

'ယုန္တယ်'က ငိုသည်။ 'အုန်းသီး'က ရယ်သည်။ 'အုန်းသီး'
၏ရယ်သံသည် နှလုံးသားကွဲအက်ရာမှပေါ်လာသော အသံ
လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

"ဟား ဟား ဟား... ပြောပြီးဆိုပြီးသားမို့တဲ့လား... သူ့
မိတ်ဆွေရဲ့သားမို့တဲ့လား... ဒါဆို ငါနဲ့တော့ နင့်မိဘတွေနဲ့ မခင်
ဘူးလား... နင့် မိဘတွေနဲ့ ငါ မိဘတွေနဲ့ မခင်ဘူးလား... တ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲအတူနေခဲ့ကြတဲ့ သူတွေပါဟာ... ဘာလဲ နင့်အမေ...
သူ့လိုပဲ ဆရာဝန်ကြီးတွေမှ ခင်တာလား"

ရှိုက်သံများသာ ပြန့်လွင့်လာသည်။ 'စော' ခြေသံမကြ...
အောင်ပြန်လှည့်လာပြီး ခဏကြာသောအခါမှ မီးစက်ပြန်နိုး...
စဉ်းစားမိသည်။

" 'စော' ရေ"

"ခင်ဗျာ"

"မီးစက်နိုးတော့လေ"

"ဟုတ်ကဲ့"

သည်တစ်ခေါက် 'စော' ပြန်လာသောအခါ 'ဗိုလ်မ...
စုံတွဲအသံကိုမကြားတော့။ မီးစက်နိုးဖို့ချောင်းကြည့်မိသည်။ 'ဗို...
မ'က 'အုန်းသီး' ရင်ခွင်ထဲမှာ။ မှောင်လာသည်အထိ သူတို့ထွ...
မလာကြ။ 'မခင်' စာရေးပါဟု ပြောထားသဖြင့် စာတစ်စော...
ကောက်ရေးမိသည်။

**ချစ်သော မခင်**

**မခင့် စာလေးတိုစလိုက်ရတဲ့အတွက် ကျွန်တော်အားနာမိပါတယ်...**

**ကျွန်တော့်ကိုချစ်တယ်ဆိုလို့ ဝမ်းသာရပါတယ် မျှော်လည်း မင်မိပါ...**

**မခင့် စာထဲမှာရေးထားတယ်နော်... တစ်ဝမ်းတစ်ခါးဝရင်တော် ပါ...**

**ကျွန်တော့်စိတ်ထဲမှာတော့...**

**'လေးကြိုးမှ ထွက်သွားသောမြားသည် မျိုသည့်အခါမှ ပြန်လာ...**

မဟုတ်တော့' ဆိုသလို...'ထွက်ပြီးသောဆင်စွယ် ပြန်ဝင်တယ်လို့ မရှိ' ဆိုသလို... ပြောပြီးသားစကားလည်း ပြန်ဝင်ဖို့ မရှိတော့ပါဘူး မခင်... ကျွန်တော် ယောကျ်ားပါ...

မမခေတို့က ကျွန်တော့်ကိုအထင်သေးတယ်... မွဲတယ်ဆိုတာ အဆန်းမှ မဟုတ်ဘဲ... ကျွန်တော်က သူတို့အထင်ကြီးအောင် ဘာမှ လုပ်ဆုပ်လုပ်ကိုင်မပြနိုင် သေးဘဲကိုး...

မခင့် ကိုသူဘယ်လောက်ပဲနှိမ်နှိမ် ကျွန်တော့်ကို သူ့အိမ်က အလုပ်သမား တစ်ယောက်နဲ့တော့ ဘယ်ပေးစားချင်ပါ့မလဲ... သူတို့ပေးစားချင်လာအောင် အထင်ကြီးလာ အောင် ကြိုးစားရမှာက ကျွန်တော့်တာဝန်လေ... မခင်က မိန်းမလှတစ်ယောက်ပါ... ဝန်းခွင့်ကို မိတုန်း လိပ်ပြာဝဲတာအဆန်းမှမဟုတ်ဘဲ... ကြားဖူးလား တော့ မသိဘူး 'လှပသောဝန်းပွင့်များသည် လမ်းဘေး မှာကြာရှည်မခံနိုင်ပါ' တဲ့... 'အဆင်းလှသောပန်း ပွင့်များသည် လမ်းမပေါ်ကြွေပေါ်၌ မကျန်ခဲ့လေ' တဲ့...

မခင်ဟာ အဆင်းသဏ္ဍာန်ရော အတွင်းသဏ္ဍာန်ရော လှပတဲ့ဝန်းကလေးတစ် ပွင့် မဟုတ်လား... ဒါကြောင့် လိုချင်ဝန်ဆင်သူတွေများမှာပဲ... စဉ်းစားပါဦး မခင် ... မခင့် ဘဝမှာသင့်တော်မယ်ထင်တဲ့သူကို ရွေးပိုင်ခွင့်ရှိပါတယ်... ကျွန်တော့်ကြောင့်တော့ စိတ်အနှောက်အယှက်မဖြစ်စေချင်ဘူး... တရားစဉ်အမြင်နဲ့ ကြည့်ရင် သဲလောစဉ်သည် လူတိုကြီးမှာဒုက္ခပေး၏...ဒုက္ခနယ်သား ပုထုဇဉ်သားများသည် ဒုက္ခ၌ဝင်မွေ့ပျော်ပွယ်ဖြစ်သည်ဟု ဆိုထားတယ်မဟုတ်လား...

နောက်ဆုံး ပြောချင်တာကတော့... ထံကြွမှာကောင်းသောအခါ သတိထား နေပါတဲ့...မကောင်းသောအခါ သည်းခံ၍နေပါတဲ့... ထံကြွမှာကောင်းလို့ လှပသိမ် မွေ့တဲ့ မိန်းမလှ မခင်နဲ့ဆုံဆည်းရပါတယ်... ချစ်ခွင့်ရခဲ့ပါတယ်... ထံကြွမှာ







www.burmeseclassic.com

www.burmeseclassic.com



မကောင်းတဲ့အခါ တွေတွင်းရ... စွန့်လွှတ်ရတဲ့အခါကျတော့လဲ သည်းခံရင်း

ဆွတ်ရမှာပါ။ ။

ချစ်သော မောင် တော်ဇွေပါမေ

စော

စာကို ချက်ချင်း အဘဖြင့်ပေးခိုင်းလိုက်ပါသည်။ စာဖ

ပြီး 'မေခင်' ငိုင်သွားသည်။ 'စော'၏ စာများသည်ဖတ်၍ကော

ပါသည်။ ကျေနပ်အားရမိပါသည်။ သို့သော် အဆုံးသတ်

သည် 'မေခင့်'ကို ခွဲခွာရမည်ဆိုလျှင် ခွဲခွာဖို့အသင့်ဟုဆိုထ

သည်မဟုတ်လား။ 'တာဖွဲ့'နှင့် 'မေခင့်'ကိစ္စကိုသူများသိနေ၍လ

" 'မေဂျို' "

" 'ဂျိုမ' "

အိမ်ပြင်မှ အော်သံများကြောင့် 'မေခင်' စာကိုခြ

ထောင်ပေါ်ပစ်တင်ပြီး...

"ဘာတုန်း"

"အခန်းထဲဘာလုပ်နေတာလဲ... ခုနစ်နာရီတိတိဂိုဒေါ

မှာဆုံမယ်"

"အင်းပါ"

ဂိုဒေါင်မှာ ပေါက်ကရလျှောက်ပြောလျှင်တော့ ဒုက္ခပါ

အင်းလေ ခါတိုင်းလည်း ညဘက်ဆိုလျှင် ဂိုဒေါင်မှာပြောနေကြ

ဆယ်နာရီခွဲခန့်မှ မိန်းကလေးများ အိမ်ကြီးပေါ်တက်ကြသည်။





"ငါတို့ အကြော်နဲ့ ခေါပုတ်သွားဝယ်မယ်... နင်တို့ရေ

များများထည့်ထား"

"အေး အေး"

'မေခင်' မီးဖိုချောင်ကိစ္စများပြီးပြီဖြစ်၍ အဝတ်အစား

သပ်ရပ်ရပ်လဲပြီး အပြင်ထွက်ခဲ့သည်။ အောက်ထပ်တွင်

သူ့ကိုမျှ မတွေ့။ ထို့ကြောင့် ခြံထဲဆင်းခဲ့သည်။ 'စော'ဆီကို

တွေချင်သဖြင့် အလစ်ချောင်းပြီးပြေးဝင်လာခဲ့သည်။ သို့

'စော'အခန်း သော့ပိတ်ထားသဖြင့် 'မေခင်' စိတ်ဓာတ်ကျ

သည်။

ခြံထဲထွက်လာသောအခါ 'ဦးဘကြည်'ကို ခပ်တွေတွေပုံ

ဖြင့်တွေ့ရသည်။

"အဘ 'စော'ရော"

"ခုနက နင့်အစ်မပဲ ရုပ်ရှင်ကြည့်ခိုင်းလိုက်တာပဲ"

"ဪ..."

ပထမ စိတ်မကောင်းဖြစ်သွားသော်လည်း နောက်အ

ကောင်းအမြင်မိသည်။ သူရှိနေလျှင် 'တာခ'ပေါက်ကရလျှောက်

ပြောနေသဖြင့် စိတ်ဆင်းရဲပေမည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀

"ဟော ငါ့ညီက ခုမှပြန်လာတာကိုကွ... စောစောက်ဒီမှာ အုပ်စုဖွဲ့ပြီး စကားတွေပြောကြတာ ပျော်စရာကြီး"

'အုန်းသီး'က လှမ်းပြောခြင်းဖြစ်သည်။

"ဟုတ်ကဲ့ အစ်ကို... ကျွန်တော် ရပ်ရှင်သွားနေတာပါ"

'တာဖ' ဆိုသူကလည်း 'စော'ကိုပြုံးပြရင်း...

"ငါ့ညီက လူချောပဲကွ"

"အစ်ကိုလောက် မချောပါဘူး"

"ကဲ... ဘယ်သူပိုချောလဲ ပြိုင်ရအောင်... 'အုန်းသီး'ငါတို့ နှစ်ယောက်ကို ဆွဲထား... မလွှတ်စေနဲ့နော်... လွှတ်ထွက်သွားတဲ့ သူက ပိုချောသွားမယ်"

'ကိုတာဖ'သည် တကယ့်ကိုနောက်တတ်သူဖြစ်သည်။ မိမိပင်လျှင် ပြုံးမိပါသည်။

"ကျွန်တော့်ကို အိပ်ခွင့်ပြုပါ... မနက်စောစော ထရမှာမို့





ပါ"

"အိပ်ကွာ... အိပ်... ငါတို့ကတော့ တစ်နေ့လုံးစကား မပြောရသေးလို့ ဆက်ပြောဦးမယ်ကွာ... ငါ့ညီ နားငြီးရင် စိတ်ထဲ တကျိန်ဆဲမနေနဲ့ဦး"

"ဟာ... ကျွန်တော် အဲသလို စိတ်ထားမျိုး မရှိပါဘူး... အိပ်လိုက်ရင် တုံးပါပဲ"

"ဟုတ်ပြီ... ဒါဆို အိုကေပဲ"

'စော' ဘယ်လိုလုပ် အိပ်ပျော်မှာလည်းဗျာ။ ကိုယ့်ချစ်သူကိုလုမယ့်သူတစ်ယောက်လုံး ကိုယ့်ဘေးနားရောက်နေသည် မဟုတ်လား။ 'မခင်' ပေးသည့်ဦးထုပ်လေးကို ခေါင်းအုံးအောက် မှဆွဲထုတ်ပြီး ရှိုက်နမ်းမိသည်။

"ဒီနေ့... ငါ 'မခင့်'ကို ဖွင့်ပြောလိုက်တယ်"

"သူ အရမ်းအံ့သြသွားမှာပဲနော်"

"ဘာပြောကောင်းမလဲ... ပါးစပ်လေး ဟောင်းလောင်း... မျက်လုံးလေးပြူးပြီး ကြည့်နေတော့တာပဲ"

"သူက ဘာတဲ့လဲ"

"စဉ်းစားဦးမယ်တဲ့"

ထိုစကားကြောင့် သိုးမွေးဦးထုပ်ကလေးကိုင်ထားသော 'စော'၏လက်များ ဦးထုပ်ကို လုံးချေပြီးသားဖြစ်သွားသည်။

"သူလည်း ချောတာပဲ... ရည်းစားတွေဘာတွေများ ရှိပြီ



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်နေလား မသိဘူး... မေးမကြည့်ဘူးလား"

"မေးတာပေါ့... ဝေ့လည်ကြောင်ပတ်နဲ့ သူ ဘာပြန်ဖြေ မှန်းတောင်မသိတော့ပါဘူးကွာ... သူက ဣန္ဒြေလေးနဲ့ဆိုတော့ အတော်ကိုကွေ့ဝိုက်ပြီးပြောယူရတာ... ငယ်ငယ်တုန်းက ရေတာ ခွန်နား... လျှိုနားမှာ 'တာဇံ' လုပ်တမ်းကစားတုန်းက သူ့နဲ့ 'ပေါက်စိမ' ငါ့ကိုမရလို့ဆိုပြီး အော်အော်ငိုတဲ့အကြောင်းပြော ပြီးမှ သူ့ကိုရည်းစားစကားပြောရတာ... ဟော ဒီမှာ 'မေခင်'... ကျွန်တော်ကို မရရင် ငိုမယ်တဲ့ဗျိုလို့လည်း အော်ရော... သူလန့် ဖျန့်ပြီး ငါ့ပါးစပ်ကိုလာပိတ်တာ... ဘယ်ရမလဲ... ဒီကောင်က ရတဲ့အခွင့်အရေး လက်လွှတ်မခံဘဲ သူ့လက်ကို လှမ်းဆွဲပြီး ဖက် နမ်းပစ်လိုက်တာ"

"ပါးရိုက်သွားရောလား"

"ပါးရိုက်ရင်တော်သေးတယ်... ဆောင့်တွန်းပစ်လိုက် တာ... အုတ်နံရံနဲ့ခေါင်းနဲ့ဆောင့်ပြီး အာလူးသီးကြီးထွက်လာတာ ခုထိ ဖုကြီးရှိသေးတယ်... တစ်တောင်ဆစ်လည်း လန်ထွက်သွား တာ... ဒီမှာ ကြည့်စမ်း"

"ဟား ဟား ဟား... ခွီး ခွီး ခွီး"

'အုန်းသီး'က ကြမ်းပြင်ကိုလက်ဝါးဖြင့်ရိုက်ပြီး အကြီး အကျယ်သဘောကျနေတော့သည်။

"ခွေးမသား... ငါအဆော်ခံရတယ်ဆိုလို့... အကြီးအ





ကျယ်သဘောကျနေတယ်ပေါ့လေ"

"ဟား ဟား... မင်းလည်း တခြားကောင်မလေးတွေတုန်း ၁ မူခဲ့သမျှ သူနဲ့ကျမှအတော်တာပဲ"

"ဝုတ်... ဝုတ်လို့လား"

"မဟုတ်ဘူး... ဂူး ဂူးလို့... အဟား ဟား ဟား"

"'မေတင့်'ကိုလည်း ပြောပြီးပြီ"

"ဘာတဲ့လဲ"

"ငါ့အမေက သဘောတူပါ့မလားတဲ့... တကယ်လို့ 'မေ ခင်'နဲ့ယူလို့ ငါ့အမေ အိမ်ပေါ်က နှင်ချရင်ဖြစ်ဖြစ်... အမွေပြတ် ရင်ဖြစ်ဖြစ် တစ်သက်လုံး ငါတို့စုံတွဲကို အိမ်ပေါ်မှာတင်ကျွေး ထားမယ်တဲ့"

"ဟာ တယ်ဟုတ်ပါလားကွ... ဒီလို အစ်မမျိုး ငါ့မှာရှိရင် သိပ်ကောင်းမှာပဲ"

"အင်း မင်းက ဒီစကားပြောရအောင် 'ဗိုလ်မ'က မင်း နောက်လိုက်ဦးမှကိုး... ဒီကောင်မလေး မာမီကိုသိပ်ကြောက်တာ မာမီက ငါ့ကိုစွဲထဲက သူ့ကိုအပြတ်ပုံသွင်းထားတာ... သူကလိမ္မာ သွားပြီ... ငါက မိုက်သွားတာလေ... ဟား ဟား... အလုပ်ရရင် ဝင်ငွေကောင်းကောင်းရရင် 'မေခင့်'ကို လက်ထပ်မယ်"

'ဆော'တစ်ယောက်နှုတ်ခမ်းကိုသွားဖြင့် ကိုက်ထားသည် မှာ သွေးခြေဥမတတ်ဖြစ်သည်။ 'အုန်းသီး'က 'ဗိုလ်မ'အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေးပြီး အိပ်မပျော်။ 'တာဖ်'နှင့် 'စော'က 'မေခင့်' အကြောင်းတွေးပြီး အိပ်မပျော်။ 'ပေါက်စီမ'က 'တာဖ့်' မေတ္တာကိုမျှော်လင့်နေသူဖြစ်၍ ယနေ့ 'တာဖ်'က 'မေခင့်'ကို ချစ်ကြောင်းဖွင့်ပြောလေသောအခါ 'ပေါက်စီမ' တစ်ယောက်ဆွေးသွားရှာသည်။

အားလုံး ကိုယ့်အပူနှင့်ကိုယ်ဖြစ်၍ မျက်နှာညှိုးနေတာကို မည်သူမျှ သတိမထားမိကြ။ 'မေတင်'ကတော့ 'တာဖ်'ကို နာကျည်းနေသည်။ မိမိကို တန်ဖိုးမထားခဲ့သလောက် 'မေခင့်'ကိုကျတော့ မြတ်မြတ်နိုးနိုးရှိနေလိုက်တာ။ 'စော'လည်း 'မေခင့်'ကို ကြိုက်နေပုံရသည်။

'စော' ဆိုသည့်ကောင်က မိမိ သူ့ကိုစေတနာထားမှန်းသိပါလျက်၊ ပေးကမ်းမှန်းသိပါလျက်၊ အို ကုန်ကုန်ပြောမည် 'စော'ကို ခေါ်လာစဉ်ကတည်းက ရုပ်ရည်ချော၍ သန့်သန့်ပြန့်ပြန့်ရှိ၍ သဘောကျခဲ့ခြင်းဖြစ်သည်။ သက်ကြီးရွယ်အိုနှင့်တွဲခဲ့ရသောကြောင့် 'မေတင်' မပျော်ရွှင်ခဲ့။

သည်ကြားထဲ လင်ဖြစ်သူက 'မေခင့်'ကိုပစ်ပြီးသွားတာတော်သေးသည်။ တခြားမှာ အပျော်မယားတွေရှိသေးပုံရသည်။ 'မေတင်'စိန်တွေ၊ ရွှေတွေ၊ တိုက်တွေ၊ ကားတွေရခဲ့ပေမယ် နွေးထွေးသောမေတ္တာ ကြင်နာယုယမှုနှင့် ကင်းကွာခဲ့ရသည်။ ထို့ကြောင့် စိန်ရွှေတွေထက် ယုယသော၊ နွေးထွေးသော မေတ္တာကိုတောင်းတနေမိသည်။





'စော'က မိမိကိုရိုသေသည်။ ခိုင်းသမျှကို အပြုံးမပျက်လုပ်တတ်သည်။ 'စော'၏ မျက်နှာကိုမြင်နေရခြင်းသည်'မေတင့်' အတွက် ရင်ခုန်စေခဲ့သည်။ ထို့ကြောင့် 'စော'ကို အနားတွင်ခေါ်ယူထားမိသည်။ သို့သော် 'စော'သည် 'မေခင့်' ထံပါး အခစားဝင်နေမှန်း တဖြည်းဖြည်းသိလာရသည်။

ဟော 'တာဖ်'ကလည်း 'မေခင့်'ကို လက်ထပ်ချင်သည်တဲ့ 'တာဖ်'နှင့် 'မေခင်' ယူဖြစ်လျှင် 'စော' တစ်ယောက်ကျန်ရစ်ဖြစ်ရှာမည်။ ထိုအခါ 'စော'သည် မိမိထံပါး ပြန်ရောက်လာမည်။ မိမိခင်ပွန်းကို ကွာရှင်းပြီး 'စော'ကို ယူမည်။

'မေခင်' အိပ်ယာထဲ တလူးလူးတလိမ့်လိမ့်ဖြစ်နေသည်။ နေ့ခင်းဆီက 'တာဖ်' လူလည်ကျတာတွေက 'မေခင့်'ကို ဒေါသဖြစ်စေသည်။ ရင်ခုန်ခဲ့သည်။ ရှက်သွေးပိုစေခဲ့သည်။ 'တာဖ်' တစ်ယောက် ခဏလေးတွေ့ရသည့်အချိန်အတောအတွင်း မိမိကိုလက်ကိုဆွဲ၊ ခြေကိုဆွဲ၊ ဆံပင်တွေဆွဲ၊ ဖက်လို့ဖက်၊ နမ်းလို့နမ်းနှင့်ချစ်စကားတွေဆို လက်ထပ်ခွင့်တွေတောင်းသွားခဲ့သည်။

တကယ်တော့ 'တာဖ်'က မိမိကို ယခုမှချစ်တာပါ။ မိမိက 'တာဖ်'ကို ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့ရတာပါ။ 'မေခင့်' မျက်နှာလေးပြုံး၍နေသည်။ ငယ်ငယ်ကအကြောင်းတွေပြန်စဉ်းစားတိုင်း ပြုံးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၁

"ခစ် ခစ် ခစ်"

"အဟီး ဟီး ဟီး"

ရယ်သံများနှင့်အတူ သူတို့သုံးယောက်လှစ်ကနဲပျော
သွားကြသည်။ 'မေခင်' တစ်ယောက်တည်း အူကြောင်ကြောင်
ကျန်ရစ်ခဲ့သည်။

"အီး ဟီး ဟီး"

"အီး ဟီး ဟီး"

'မေခင်' အာခေါင်ချစ်၍ ငိုပစ်လိုက်သည်။ စူးဝါးသော
'မေခင့်' အသံကြောင့် အမေပြေးထွက်လာပြီး...

"သမီးလေး ဘာဖြစ်တာတုန်း"

"မမရယ်ပေါ့... မီးကိုမခေါ်ချင်လို့ တိတ်တိတ်ကလေး
ထွက်ပြေးသွားကြတယ်... အီး ဟီး ရှုတ်"





'မေခင်'က လျှောခနဲထွက်ကျလာသော နှပ်ချေးများကို
ရှုံ့းကနဲ ပြန်ရှိုက်သွင်းရင်း ဝမ်းနည်းစွာပြောသည်။

"အေး... အကြီးမတော့ ပြန်လာမှ ကျောကွဲအောင်ရိုက်
ဦးမယ်... ကလေးထိန်းပါဆို ထားထားပြီး ထွက်သွားတယ်"

သူတို့ပြန်အလာကိုစောင့်ရင်း 'မေခင်'ပင် မေ့ပျောက်
သွားခဲ့သည်။ တစ်နာရီကျော်ခန့်ပျောက်နေသဖြင့် အမေတို့စိတ်
ပူနေကြသည်။ တစ်အိမ်နှင့်တစ်အိမ် လှမ်းမေးကြသည်။ ဘယ်
သွားကြမှန်း မသိ၊ ရှာ၍ မတွေ့။ အမေတွေငိုကြသည်။

'မေခင်'ကတော့ 'တာဖဲ'တို့ကို တခြားဂြိုဟ်က လာသည့်
ပန်းကန်ပြားပျံကြီးနှင့် ပါသွားပြီထင်သည်။

"မေမေ"

"ဘာလဲ သမီးလေး"

"မမတို့ လေးယောက်ကို ပန်းကန်ပြားပျံကြီးနဲ့ လာခေါ်
သွားတာပဲ ဖြစ်မယ်"

"ဘာရယ်... ပန်းကန်ပြားပျံဟုတ်လား"

"အင်း"

အမေပင် မျက်လုံးပြူးသွားသည်။ 'တာဖဲ'တို့တိုက်ဘက်
ကူးပြီးသွားပြောပြသည်။ 'တာဖဲ့' အမေက...

"မဖြစ်နိုင်တာကွယ်"

'တာဖဲ့' အဖေက ကားကြီးဖြင့်ပြန်ရောက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဂတ်တိုင်ခဲ့တယ်... ကူရာပေးဖို့လည်း တောင်းဆ[...] တယ်"

"ဟုတ်လား... ဒီမှာ ရှင့်တူမယေ်က သူတို့ကိုပန်း[...] ပြားပုံနဲ့ လာဖမ်းသွားတာဖြစ်မယ်တဲ့"

"ဟာ ပေါက်ကရတွေ"

ဆရာဝန်ကြီး 'ဦးမောင်မောင်'က မျက်နှာကိုရှုံ့တွ၍[...] သည်။ 'မေခင်'က ပန်းကန်ပြားပုံနှင့်ပါသွားတာကို ယုံကြ[...] သည်။ 'ခင်မောင်ရင်' အမြဲပြောသည်။ မြို့အစွန့်က ရေတံ[...] နား လျှိုနားကို ပန်းကန်ပြားပုံကြီးတစ်ခု ရောက်ရောက်လာတ[...] တယ်တဲ့။

'မေခင်' လိုက်မှာစိုးလို့ သူတို့လစ်ထွက်သွားကြတာ[...] အဲဒီပန်းကန်ပြားပုံပေါ်မှာ စက်ရုပ်တွေပါတယ်တဲ့။ အဲဒီစက်ရုပ်[...] တွေက ပါးစပ်နဲ့စကားမပြောဘူးတဲ့။ စိတ်နဲ့စကားပြောတာတဲ့[...] 'ခင်မောင်ရင်'အဖေက ဆရာဝန်ကြီးဆိုတော့ စာအုပ်မျိုးစုံဖတ်[...] သည်။

ပြီးတော့ သားနှင့်သမီးကိုပြန်ပြောပြသည်။ ထို့ကြောင့် 'ခင်မောင်ရင်'သည် ငယ်သော်လည်း ဗဟုသုတစုံသည်။ ပုံတ[...] ပတ်စလေးများ မကြာခဏပြောပြတတ်သည်။ ညနေစောင်းတွင် အိမ်ရှေ့သို့ ရဲကားရောက်လာပြီး ကားပေါ်မှ မမ၊ 'ခင်မောင်ရင်' 'စောယုနွယ်'၊ 'မြင့်အောင်'တို့လေးယောက် ကုပ်ချောင်းချောင်း[...]





[...]ားဖြင့် ပါလာကြသည်။

တစ်ကိုယ်လုံးညစ်ပတ်ပေထူးပြီး ရေတွေစိုရွှဲနစ်နေ[...]

"ဘယ်ကတွေ့လာတာလည်း ခင်ဗျ"

"မြို့စွန် ရေတံခွန်နားဆော့နေကြတာပါ... နောက်ကို [...]တ်နဲ့ဗျ... အန္တရာယ်ကြီးတယ်... ရေတံခွန်ဟိုဘက်ကမ်းနဲ့ [...]ဘ်ကမ်းကြိုးတန်းခိုစီးနေကြတယ်"

"အမယ်လေးတော်... ပြုတ်ကျရင်တော့ သေကုန်တော့ [...]နော်... ဒီကလေးတွေ ကြိုကြိုဖန်ဖန် ဆော့လည်းဆော့ကြ [...]... နောက်တစ်ခါသွားရင်တော့ ခြေထောက်ကိုရိုက်ချိုးထား[...]"

ဆရာဝန်ကတော်ကြီးက ရင်ဘတ်စည်တီး၍ အော်[...]ည်။ အော်မယ်သာ အော်တာပါ၊ သူ့သား 'ခင်မောင်ရင်'က [...]က်သေပြီး ဝင်စားတာလားမပြောတတ်၊ ဆော့နည်းပေါင်းစုံ [...]ာ်သည်။ 'မေတင်'တို့ အားလုံး ခြေချုပ်မိသွားကြသည်။ ဘယ် [...]သွားရသဖြင့် 'ခင်မောင်ရင်'တို့ခြံထဲတွင် ငုတ်တုတ်ကလေး [...]ထိုင်နေကြသည်။ 'မေခင်'က အိမ်ရှေ့လှေကားထစ်မှာထိုင်ပြီး

"ဝမ်းသာလိုက်တာဟော့... ဝမ်းသာလိုက်တာဟော့... မ [...]းရလို့စိတ်ညစ်နေကြပြီဟော့... ငါ့ ကိုမခေါ်လို့ အရိုက်ခံရတာ [...]အားဝမ်းသာတာဟော့"

၆



www.burmeseclassic.com

www.burmeseclassic.com



အသံအေးအေးလေးဖြင့်လှမ်းအော်နေသော 'မေခ
ခြင်းအောင်'က ခဲနှင့်လှမ်းပစ်သလို 'ခင်မောင်ရင်'ကလည်း
ရေကြွင်းနှင့်လှမ်းပစ်သည်။

"အမေရေ... နာလိုက်တာ... အီးဟီး... မီးကိုခဲနဲ့ပ
သားရေကွင်းနဲ့လည်း ပစ်တယ်... မျက်လုံးကန်းပါပြီ... အီ
'မေခင်'က အသံကုန်ဟစ်၍ ငိုပစ်လိုက်သည်။ '
အသံကကျယ်လွန်းသဖြင့် 'ခင်မောင်ရင်'တို့တစ်သိုက်နား
၍ထွက်ပြေးကြသည်။

"အီး ဟီး ငါ့ကို ခေါ်မကစားချင်တဲ့ဟာတွေ ကော
တွေ... ကောင်စုတ်တွေ"

တစ်နေ့တစ်နေ့ 'မေခင့်'မှာလည်း ပြဿနာ၊ သူတို့
က 'မေခင့်'ကို ခေါ်မကစားချင်ကြ။ 'မေခင်'က ငယ်၍၎င်း၊
ကစားရင်အနှောက်အယှက်ဖြစ်၍၎င်း မခေါ်ချင်ကြခြင်
သည်။ သူတို့ခေါ်မကစားလေတိုင်း 'မေခင့်'မှာ ရင်ကွဲမ
အော်အော်ငိုရသည်။

'မေခင့်' အသံပြုလွန်းသဖြင့် နားကိုပိတ်ထားကြရသ
အာပြီမ၊ နဂိုမဟု အဝေးမှလှမ်းခေါ်ကြသဖြင့် 'မေခင်'က
သည်။ မျိုးစုံဆဲသည်။ ခဲဖြင့်ပစ်သည်။ 'မေခင်' သူတို့ကိုစိ
သည်။ အတူတူကစားတာ ဘာဖြစ်မှာမို့လို့လဲ။ ကောင်စုတ်
ကောင်မစုတ်တွေ။





သူတို့ချည်းပဲ သူငယ်ချင်းရှိတာတဲ့လား။ 'မေခင်'လည်း
ကျောင်းတက်တော့ သူငယ်ချင်းရတာပဲပေါ့။ ဟိုဘက်လမ်းက
ပေါက်စီ'နဲ့လေ။ 'ပေါက်စီ'က 'မေခင်'တို့အိမ် လာလာဆော့
သည်။ မိန်းကလေးတွေမို့ ဟင်းသီးဟင်းရွက်ရောင်းတမ်း ဆော့
သည်။ အမေတို့ဟင်းချက်၍ လွှင့်ပစ်ထားသော အသီးအရွက်
လေးများကို အမှိုက်ခြင်းထဲမှကောက်ပြီး လှီးကြ၊ ဆော့ကြခြင်း
ဖြစ်သည်။

"ခေါက်ဆွဲကြော်ရမယ်... အစိမ်းကြော်ရမယ်"

'မေခင်'က အသံပြာပြာလေးဖြင့်အော်သည်။ 'ပေါက်
စီမ'က...

"တစ်ကျပ်ဖိုးပေးပါ"

"အစ်မကြီးက ဘယ်ကလည်းရှင့်"

"ဒီကပဲရှင့်"

"အစ်မကြီး ကလေးရောရှင့်"

"အိမ်မှာ ထားခဲ့တယ်လေ"

'မေခင်'တို့နှစ်ယောက် ပြောသံဆိုသံများကို တစ်ဖက်ခြံ
ထဲမှ 'ခင်မောင်ရင်'တို့ကြားပြီး တခွီးခွီးရယ်ကြသည်။ 'ခင်မောင်
ရင်'က 'ပေါက်စီမ'ကို လှမ်းမေးသည်။

"အစ်မကြီး 'ဒေါ်ပေါက်စီ' "

"ဘာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



'ပေါက်စီ'က နှပ်တစ်ချက်ရှုံ့ရင်း မျက်စောင်းထိုး၍ သည်။

"အစ်မကြီးက ကလေးရှိတယ်ဟုတ်လား"

"ရှိတယ်... ရှိတယ်"

"ဒါဆို အစ်မကြီးယောကျ်ားက ဘယ်သူတုန်းဗျ"

"နင်လေ... နင်ပေါ့"

'ပေါက်စီမ'က ရဲတွတ်နေသော ပါးဖောင်းဖောင်း ကို တုန်နေအောင်အော်ပြီး 'ခင်မောင်ရင့်'ကို သူ့ယောကျ်ား ဖြေလိုက်သဖြင့် အားလုံးသဘောကျပြီးရယ်ကုန်တော့သည်။

"ဟား ဟား ဟား ကောင်းတယ်... မင်းကို သူ့ယောကျ်ား တဲ့"

"ခွီး... နင့်ကိုမယူပါဘူး... နှပ်တွေနဲ့ ရှုံ့စရာကြီး"

"မယူနေပေါ့... မယူနေပေါ့"

'ပေါက်စီမ'က ခါးထောက်ပြီးရန်ထောင်သည်။

" 'ပေါက်စီ' သူတို့နဲ့ မခေါ်နဲ့လေ... ငါတို့ကိုဖြင့် မခေါ် ချင်ဘဲနဲ့"

"အေးလေ"

'ခင်မောင်ရင်'က 'ပေါက်စီမ'ကို မကြားတကြားလုပ် ပြောသည်။

" 'မေတင်'ရေ... နင်တို့ကိုပုံပြောပြမယ် နားထောင်





 အား"

"နားထောင်မယ်... နားထောင်မယ်... ဘာပုံလဲ"

"အရုပ်ပုံပြင်လေ... အရုပ်ကလေးတွေချည်းထားရင်းက ထားသွားတဲ့ ပုံပြင်"

"ဟင်... အရုပ်ကလူမှ မဟုတ်ဘဲ... ဘယ်လိုလုပ်ညားမှာ လဲ... သွား... မဟုတ်ဘဲနဲ့"

" 'မေတင်'နော်... နင် နားမထောင်ချင်နေ... ငါ နား ထောင်မယ်... ဟောကောင် ပြော"

'မြင့်အောင်'က ပြောခြင်းဖြစ်သည်။

"ပုံပြင်က ဒီလိုကွ... ညှော်ခန်းကြီးတစ်ခုထဲမှာ ဗီရိုကြီး တစ်လုံးရှိတယ်... အဲဒီ ဗီရိုကြီးက ပိုက်ဆံသိပ်ချမ်းသာတဲ့ နှုတ် ခမ်းမွေးကော့ကော့ကြီးနဲ့ မုဆိုးဖိုကြီးအရုပ်ရယ်... တရုတ်အဘိုး ကြီးကြွေရုပ်ရယ်... သိုးကျောင်းသူမလေး ကြွေရုပ်ရယ်... မီးခိုး ခေါင်းတိုင် ရှင်းသမားလေးကြွေရုပ်တွေကို ဓာတ်လမ်းဆင်ထား တာကွ"

ဆန်းပြားသောပုံ၊ မကြားဖူးသောပုံဖြစ်၍ 'မေခင်'ရော 'ပေါက်ဆိမ'ပါ နားထောင်ချင်ကြသည်။ ပို့တစ်ခါ 'ခင်မောင်ရင်' ပြောပြသည့် အာလာဒင်ပုံပြင်လည်း အလွန်ကောင်း၏။

"ဟင်... ငါလဲ နားထောင်ချင်တယ်"

'မေခင်'က လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ချင်ရင် မှန်ကျွေးရမယ်"

'မေခင်' လက်ထဲတွင် နေကြာစေ့ထုပ်ရှိနေသည်။

"ကျွေးမှာပေါ့"

"ဒါဆိုလာခဲ့"

'မေခင်'သည် သူ့မုန့်ဆိုလျှင် အလွန်ကပ်စေးနဲ့သူ။ အ[illegible] တော့ဖြစ်ဖြစ် မကျွေးချင်။ ထို့ကြောင့် 'မေခင်'ကို ပညာပြ[illegible] ဖြစ်သည်။

"ရော့"

'မေခင်'က သူ့နေကြာစေ့ထုပ်လေးကို နှမြောသလို [illegible] ချက်ကြည့်ရင်းပေးရှာသည်။ 'ခင်မောင်ရင်'က ဒူးတနန့်နန့်[illegible] စားနေလေသည်။

"ပြောလေ"

"ဘာပြောရမှာလဲ"

"ဟင်... ခုနက နင်ပဲ အရုပ်ပြောမယ်ဆို"

"ဘာ... ခွေးချေးပုံဟုတ်လား... ဟိုမှာလေ... မတွေ့[illegible] လား... ကျော်နီပါထားတဲ့ ခွေးချေးပုံ"

"ဟမ်း... သူများမုန့်ကိုညာစားပြီး ပုံလည်းမပြောဘူး[illegible] အီး ဟီး ဟီး"

'မေခင်'က တောင်ပေါ်ကိုကုန်ကားတက်သလို တအီ[illegible] အီးဖြင့်ငိုပါတော့သည်။





"ဟော့ ဟော့ နားညည်းလွန်းလို့ပါ... နဂ္ဂိမလေးရယ[illegible] [illegible]ပါနော်... ပြောပါ့မယ်... မယ်ဖုရားလေးရယ်"

'ခင်မောင်ရင်'က နားနှစ်ဘက်ကို လက်ဝါးဖြင့်အုပ်ရင်း [illegible]ောင်းပန်သည်။

"ပြော... မပြောရင် ကိုက်မှာ"

"နင်... ခွေးလား"

"ခွေး ခွေး မခွေးခွေးပဲ... ပြောဆို ပြော"

"ကဲ... ပြောပြီ... ဗီရိုကြီးထဲက ပိုက်ဆံရှိတဲ့ နတ်ခမ်းမွေး [illegible]ာ့ကျော့ကြီးနဲ့ မုဆိုးဖိုကြီးအရုပ်ရယ်... တရုတ်အဘိုးကြီးကြွေ [illegible]ပ်ရယ်... သိုးကျောင်းသူမလေး ကြွေရုပ်ရယ်... မီးခိုးခေါင်းတိုင် [illegible]င်းသမားလေး ကြွေရုပ်တို့ရဲ့ ဇာတ်လမ်းပဲ"

"အင်း... ခုနက ပြောပြီးပြီပဲ... ဆက်ပြောလေ"

"ပြောမှာပေါ့ဟ... နင် မကြားမှာစိုးလို့ထပ်ပြောတာ... သိုးကျောင်းသူအရုပ်နဲ့ မီးခိုးခေါင်းတိုင် ရှင်းသမားအရုပ်တို့ အ ရုပ်ချင်းထားလို့ အရုပ်ချင်းငြိပါသရော"

"ဘာလဲ... ငြိတယ်ဆိုတာ"

"ကြိုက်တာဟ... ကြိုက်တာ"

"ဟင်... အရုပ်ချင်းဘယ်လိုလုပ်ကြိုက်မှာလဲ"

"ဘယ်လိုပဲကြိုက်ကြိုက်... ပုံပါလို့ဆိုမှ နားမထောင်ဘူး [illegible]လား 'နဂ္ဂိ'... ဆက်မပြောတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြော… နားထောင်မယ်"

ထဲက မုဆိုးဖိုကြီးအရုပ်က သိုးကျောင်းသူမ

ရုပ်နဲ့သဘောကျပြန်ရော"

"နှုတ်စေ့ကျတယ်ဆိုတာဘာလဲ"

"သဘောကျတာဟာ… ကြိုက်တာဟာ… မုဆိုးဖိုကြီး

အဲဒီသိုးကျောင်းသူမလေးအရုပ်ရဲ့ အဘိုး တရုတ်ကြွေရုပ်ကြီး

ဘမ်းလှမ်းတယ်… တရုတ်အဘိုးကြီးကြွေရုပ်က ခေါ

ညိတ်တ… ကာ… ခေါင်းညိတ်ပြီး သဘောတူလိုက်ရော…

အခါ ချစ်သူ ဦးကွဲရတော့မှာမို့ စိတ်ဆင်းရဲဒုက္ခကြုံတွေ့ရ

ပေါ့… နောက်ဆုံး ချစ်သူနှစ်ဦးထွက်ပြေးကြရော… အဘိုး

အရုပ်ကတားတယ်… မရဘူး… တီတ်တီတ်ကလေးထွက်ပြေ

တယ်… ဒါပေမဲ့ ဝေးဝေးမပြေးနိုင်ဘူး… ကောင်မလေးက မ

ရက်ဘူး… သိုးကျောင်းသူမလေးက စားပွဲခုံပေါ်မှာပဲပြန်နေ

တယ်… ပြန်လာကြတယ်… အဲဒီအချိန်မှာ တရုတ်အဘိုး

ကြွေရုပ်က ပြုတ်ကြပြီးကွဲနေလို့ လည်ပင်းမှာသံစိုနဲ့ရိုက်

ပြန်ဆက်ထားရတယ်… ဗီရိုပေါ်က မုဆိုးဖိုအရုပ်ကြီးက သို

ကျောင်းသူမလေးကိုလက်ထပ်ဖို့ တောင်းဆိုမြဲ တောင်းဆို

တယ်… ဒါပေမဲ့ ဒီတစ်ခါ တရုတ်အဘိုးကြီးကြွေရုပ်ခမျာ လည်

ပင်းမှာသံစို့နဲ့ရိုက်ထားတဲ့အတွက် ခေါင်းမညိတ်နိုင်တော့ဘူး…

ဒါကြောင့် ချစ်သူနှစ်ဦးရွှေလက်တွဲ၍ နေနိုင်ကြတယ်တဲ့… ကဲ ပုံ





ပြင်လေးကတော့ ဒါပါပဲ"

'မေခင်'က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့်…

"တိုလိုက်တာ ပုံကလဲ"

"နဂိုတည်းက ဒီလောက်ပဲရှည်တာ"

'မေခင်'တို့ အသက်တစ်နှစ်ကြီးလာသဖြင့် ဆယ်တန်းကျောင်းသူကြီးဖြစ်လာသည်။ လူရာဝင်လာသည်။ 'ခင်မောင်ရင်'တို့ဘယ်သွားသွား ထားမသွားကြတော့။ ဘယ်သွားသွား ဘယ်ဆော့ဆော့ ခေါ်သွားကြသည်။

"ငါနဲ့ 'ပေါက်စီ'… ရေတံခွန်ကို မရောက်ဖူးသေးဘူးလေ… လိုက်ပို့ဦးလေ"

"'မေကျီ'ရယ်… ငါတို့ကို ခြေထောက်ရိုက်ချိုးပစ်မယ်ပြောထားတာရော"

"အဲဒါက ဟိုဘက်တစ်နှစ်တုန်းကပဲဟာ… ခုလောက်ရှိလူကြီးတွေမေ့ကုန်ပါပြီ… ပြီးတော့ အကြာကြီးမနေနဲ့ပေါ့"

ရေတံခွန်ကိုတော့ အားလုံးသွားချင်နေကြသည်။ အရွယ်လေးတွေက ကြီးလာပြီဆိုတော့ ညဏ်များလာပြီ။ ရေတံခွန်ကိုသွားလျှင် တော်တော်နှင့်ပြန်မလာချင်ကြ။ ဟိုရောက်လျှင် အလွန်ပျော်ပြီး အိမ်ကိုမေ့ကုန်ရော။ ဆယ့်နှစ်နှစ်သား 'ခင်မောင်ရင်' ညဏ်များသည်။

"မာမီရေ… သားတို့အုပ်စု ဘုရားတောင်တွေပါ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားထွက်ချင်လို့ ထမင်းကျိုင့်ထည့်ပေးနော်"

"ဘယ်တော့လဲ သားရဲ့"

"နက်ဖြန်"

"အေး အေး... အဝေးကြီးတော့ မသွားရဘူးနော်"

"စိတ်ချပါ မာမိရဲ့"

ကလေးတွေပျော်ပွဲစားထွက်မည်ဆို၍ မိခင်များက ထမင်းချိုင့်များကို ဖွယ်ဖွယ်ရာရာထည့်ပေးသည်။ မုန့်ပဲသွားရည်စာများလည်း ထည့်ပေးသည်။ ရေဗူး ရေပုလင်းတွေလည်းပါသည်။ အားလုံးထဲတွင် 'မေတင်' ညီအစ်မက အဆင်းရဲဆုံး။ ထမင်းချိုင့်ကပိန်ပိန်လိန်လိန်နေသည်။

ရေဗူးမရှိ၍ ဆီပုလင်းကိုဆေး၍ ရေထည့်ခဲ့သည်။ စားသည့်ထမင်းမှာ အေးလေ မာလေဆန်မျိုး။ ငါးခြောက်အပေါစားကြော်၍ ပဲဟင်းနှင့်ဟင်းရွက်စုံကြော်ပေးသည်။ ငှက်ပျော်သီးနှစ်လုံးပါသည်။ ကျန်သူများမှာ ကြက်သားဟင်း၊ ငါးကြော်၊ ပုဇွန်ထုပ်နှင့် ပေါင်မုန့်ထောပတ်သုတ်၊ ချိုချဉ်၊ ကိတ်မုန့်တွေနှင့်။

အဝတ်အစားအသစ်တွေနှင့် 'မေခင်'တို့ညီအစ်မကတော့ ဂါဝန်ခပ်နွမ်းနွမ်းနှင့်ပင်။ အို ဘာဖြစ်နေနေ ခုလို တစ်အုပ်စုလုံးထွက်ခဲ့ရသဖြင့် တခိုးခိုး တခစ်ခစ်ရယ်ပြီး ပြေးလွှားထွက်လာကြသည်။

"ဟယ် သာယာလိုက်တာနော်"





'မေခင်'က ခုန်ဆွခုန်ဆွနှင့်အော်သည်။ 'ပေါက်စီ'က သွားကျိုးလေးဖော်၍ရယ်နေသည်။ 'မေခင်'တို့အတွက်တော့ တကယ့် စုံတောမြိုင်ကြီးပါပဲ။ သစ်ပင်ကြီးတွေက နွယ်ကြိုးကြီးတွေ တွဲလောင်းကျလို့။ ရေတံခွန်က ရေစီးသံကလည်း တဝေါဝေါနှင့်။

"ဟို အလယ်မှာရေရွှေးကန်ရှိတယ်... အဲဒီတစ်နေရာထဲ ရေကနွေးနေတာ"

"ဟုတ်လား... ငါတို့လည်း ဆင်းကြည့်ချင်တယ်"

"မလုပ်နဲ့ မလုပ်နဲ့... ရေနက်ထဲရောက်သွားရင် သေလိမ့်မယ်"

"ကဲ... ထမင်းစားမယ်... ပြီးရင် ဆော့မယ်"

ဝိုင်းထိုင်ပြီး စားကြသည်။

"ဘာတမ်း ကစားမလဲ"

"နေဦး မကစားနဲ့ဦး... ငါ ဗိုက်နာနေလို့ ချုံသွားပါးလိုက်ဦးမယ်"

'မြင့်အောင်'က ထိုသို့ပြောပြီး ချုံတစ်ခုထဲ တိုးဝင်သွားသည်။ 'ခင်မောင်ရင်'က...

"ဟုတ်ပြီ... ငါ 'တာခံ' လုပ်မယ်"

"ငါက အလှဘုရင်မ 'စကေရီ' လုပ်မယ်"

'မေတင်'က ထိုသို့ပြောသဖြင့် 'ဇော်ယုနွယ်'က မျက်စောင်းထိုးသည်။ 'မေတင်' တစ်ယောက်တည်း လှတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလုကြသည် မဟုတ်လား။ နေရာတကာ သူချည်းသဲ
ကောင်းလုပ်ချင်သည်။

" 'မြင့်အောင်' မြန်မြန်ပါလေ... မြင့်အောင်က တော
ပုန်းကြီးလုပ်ရမယ်... ပြီးရင် ဘုရင်မကို လမ်းက ဖြတ်လု"

"ဟင် ဒါဆို... ငါတို့က ဘာလုပ်ရမှာလဲ"

'မေခင်'က စိုးရိမ်ပူပန်စွာမေးသည်။

"နင်နဲ့ 'ပေါက်စီမ'က ဘုရင်မရဲ့ရှုံ့ရွှေတော်တွေလုပ်"

သူတို့နှစ်ယောက် သိပ်မကျေနပ်ကြ။

" 'တောယုန္တယ်'ကရော"

" 'တာခ်'ရဲ့ ညီမ 'ကြာခ်' လုပ်"

"အဟား ဟား ဟား"

"ဟွန်း ကိုကိုနော်... သူများကျတော့ မကောင်းတာချည်း
လုပ်ရတယ်"

"ဟာ ငါ့ညီမို့ 'တာခ်' ညီမ လုပ်ခိုင်းတာပေါ့"

"ဟင့်အင်း... သူများ ညောင်ပင်စောင့် နတ်သမီးလုပ်
မယ်"

"ဟာ မလုပ်ကောင်းတာတွေ... ဒီလိုဆို နင်က မိုလ်မနဲ့
တူတယ်... မိုလ်မ လုပ်... နင်နဲ့ငါနဲ့က လေယာဉ်ပျက်ကြပြီး ဒီ
တောကြီးထဲမှာ ကျန်နေရစ်ခဲ့တဲ့... နိုင်ငံခြားသားမောင်နှမပေါ့
ဟာ... ဗမာစကားကလည်း မတတ်တော့ ငါက တောထဲက သစ်





ပင်း သစ်ဥ သစ်ဖုတွေ... သားငါးတွေကို သစ်ပင်ကနွယ်တွေကိုခို
ပြီး 'တာခ်' လုပ်ပြီး မိုလ်မကို ရှာဖွေကျွေးမယ်... အဲဒီအချိန်မှာ
တာထဲက တောပုန်းကြီးက ဘုရင်မနဲ့ ရှုံ့ရွှေတော်တွေဖမ်းလာလို့
ငါက ဝင်ကယ်မယ်... နောက်တော့ ဘုရင်မနဲ့ 'တာခ်'နဲ့ကြိုက်
သွားရော... ဘုရင်မက 'တာခ်' နောက်ကိုလိုက်မယ်လို့ 'တာခ်'က
နွယ်ကြိုးတွေခိုစီးရင်း ဘုရင်မကို တောထဲခေါ်သွားရော"

"အင် ဒါဆို ငါနဲ့ 'ပေါက်စီမ' နှစ်ယောက်တည်း တော
ထဲမှာကျန်ခဲ့မှာပေါ့လို့"

'မေခင်' မျက်နှာငယ်လေးဖြင့်ပြောသည်။

"ဒါကတော့ ဇာတ်လမ်းအရပဲလေ"

"ဟွန်း ဇာတ်လမ်းကလည်း သူတို့ပါးစပ်ထဲက ဇာတ်
လမ်းတွေ... သိပ်လည်တယ်... သူတို့ကျတော့ ဇာတ်လိုက်ပဲလုပ်
ချင်တယ်"

" 'ဂျိမ' ဂျိမကျနဲ့ကွာ... အချိန်မရှိတော့ဘူး... ကဲ စမယ်"

"နေဦးဗဲလေ... နင်က 'တာခ်'နှင့်တူအောင် လုပ်လေ...
ငါက ဘုရင်မနဲ့တူအောင် သစ်ရွက်ကလေးတွေ သရဖူလုပ်မယ်...
ပန်းပွင့်ကလေးတွေကို လည်ဆွဲ... လက်ကောက်လုပ်မယ်"

ဇာတ်လမ်းထဲကအတိုင်း ဘုရင်မကို ရှုံ့ရွှေတော်နှစ်ဦးက
သစ်ရွက်ထီးမိုး၍ တောလမ်းအတိုင်းလျှောက်လာကြသည်။ တော
ပုန်းကြီးက ပုဆိုးကိုမျက်လုံးနှစ်လုံးသာဖော်၍ ခေါင်းမှနောက်ခြုံ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ 'မေခင်'တို့ ရင်တထိတ်ထိတ်ဖြင့်လျှောက်လာ
သည်။

"ဟယ်... ဟိုမှာ ဟိုမှာ"

'ပေါက်စီမ'က မျက်လုံးအပြူးသားနှင့် လက်ညှိုးထိုး
ပြီး လက်တစ်ဖက်က နှစ်ခေါင်းကိုပိတ်ထားသည်။ လတ်လ
ဆတ်ဆတ် ပါထားသော ချေးပုံတစ်ပုံ။

"ဒါက ခုနက 'မြင့်အောင်' ပါထားတဲ့ ချေးတုံးတွေ
ဖြစ်မှာပဲ"

'မြင့်အောင်' တစ်ယောက် ရှက်ရမ်း ရမ်းပြီး...

"ဟာ ချေးပါတာ ဆန်းသလား... စားချင်လို့လား... စား
လိုက်ကြ"

ပေါ့ပုန်းကြီးလည်း စိတ်တိုပြီ...

"ကဲ ပြေးကြနော်... တောပုန်းကြီးတဲ့ဟေ့... ဘုရင်မရှေ့
ရုံရွှေတော်ရော... ဘာသော ညာသော နားမလည်ဘူး... တွေ့ရင်
အကုန်သတ်ပစ်မယ်"

"အံမယ်လေး ကယ်ကြပါဦး... တောပုန်းကြီး ချေးတုံး
လိုက်လာလို့ပါ"

"ကယ်ကြပါရှင်... အုန်းသီး အဲလေ အီးတုန်း လိုက်လာ
လို့ပါ"

ကြောက်အားလန့်အားနှင့် 'မေခင်'တို့ယောက် ပါးစပ်ထဲ





တွေ့ကရာလျှောက်အော်ပြေးကြသည်။ 'မြင့်အောင်' တစ်ယောက်
တည်း သူ့အီးပုံကိုလူမြင်သဖြင့် ရှက်ရမ်းရမ်းနေရသည့်အထဲ သူ့
တောပုန်းကြီး အီးတုံးလို့ခေါ်၊ အုန်းသီးလို့ ခေါ်နှင့်မို့ ဒေါကန်ပြီး
အတင်းလိုက်ဖမ်းနေတော့သည်။

"အံမာလေး ကယ်ကြပါ"

"ဝူး ဝူး ဝူး"

ထိုအချိန်တွင် ဝူးဆိုသည့်အသံနှင့်အတူ သစ်ပင်ပေါ်က
'တာခံ'က နွယ်ကြိုးကိုခိုစီးရင်း ပြုတ်ကျလာသည်။ ထို့နောက်
ဘုရင်မကိုပွေ့ချီပြီး တောထဲခေါ်သွားသည်။

"ဟင် ငါတို့လည်းလိုက်မယ်လေ... ငါတို့ကိုလည်း ခေါ်
လေ"

'မေခင်'က ငိုတော့မလိုပြောသည်။

"ဂူး ဝါး ဟား ဟား ဟား... နင်တို့ကို 'တာခံ'က ခေါ်မ
လား... သူက ဘုရင်မကိုခေါ်ပြီး ယူမှာ"

"အို... ဒါဆိုလည်း ငါတို့လည်း 'တာခံ'ကို ယူမှာပေါ့...
'တာခံ' ငါတို့ကိုလည်း ခေါ်လေ... ငါလည်း နင့်ကိုယူမှာ... မြန်
မြန်ခေါ်ပါ... တောပုန်းကြီး အီးတုံးလိုက်လာပြီး... ငါတို့လည်း
'တာခံ'ကို ယူမှာ"

'မေခင်' ကြောက်အားလန့်အားဖြင့် အော်လိုက်သည်။

"'တာခံ' 'တာခံ'... ငါ့ကိုလည်းယူလေ... ငါ့ကိုလဲယူလေ"



www.burmeseclassic.com

www.burmeseclassic.com



'မေခင်' လန့်နိုးလာသည်။ ချွေးစေးတွေပင်ထွက်နေ လောက်အောင် အကြောက်ပိုနေခြင်းဖြစ်သည်။ ပါးစပ်ကလည်း 'တာဓံ' 'တာဓံ'နှင့် အသံထွက်ရင်း လန့်နိုးလာခြင်းဖြစ်သည်။ တစ်ခြင်ထောင်တည်းအိပ်နေကြသော 'ဗိုလ်မ'နှင့် 'ပေါက်စီမ' ပင်လန့်နိုးသွားကြသည်။

" 'မေခင်' ဘာဖြစ်တာလဲ"

"ဟင် အိပ်မက်မက်တာထင်တယ်... ငယ်ငယ်တုန်းက ရေတံခွန်မှာ သွားဆော့တဲ့အကြောင်း အိပ်မက်ပြန်မက်တာ... 'အုန်းသီး'က သတ်မယ်ဆိုလို့ ပြေးလိုက်ကြတာ"

'ပေါက်စီမ'နှင့် 'ဗိုလ်မ'က မရယ်ချင့်ရယ်ချင် ရယ်ပြရင်း ပြန်အိပ်နေကျသဖြင့် 'မေခင်'လည်း အိပ်မပျော်ဘဲ ခွေနေမိတော့ သည်။ အားလုံးရင်ထဲ ဝေဒနာကိုယ်စီနဲ့ဆိုတော့ အရင်ကလို ပျော် စရာမကောင်းတော့ပါဘူးလေ။



# ၂၂

ဈေးခြင်းလေးဆွဲပြီး ထွက်လာသော 'မေခင့်'ကိုမြင်လိုက် သဖြင့် 'တာဓံ' မျက်နှာသစ်ပြီး အမီလိုက်သွားသည်။ 'မေခင်' ..ာ'ကိုရှာသည်။ မတွေ့သဖြင့် နောက်ဘက်လှည့်ကြည့်မိသည်။ ..မျှော်လင့်ဘဲ 'တာဓံ'ကိုတွေ့လိုက်ရသောအခါ ထူထူပူပူနှင့်လန့် ..ပ်သွားသည်။

ယုန်မွေးဆွယ်တာအဝါ၊ ဘောင်းဘီအရှည်အနက်၊ ဦး ..ုပ်အပြာဆောင်းထားသော 'တာဓံ'သည် တကယ့်ကိုချောလှပါ သည်။

" 'တာဓံ'တဲ့နော် ပြေးနိုင်မှာလွတ်မယ်"

ထိုသို့အော်ရင်း 'တာဓံ'က ခပ်သုတ်သုတ်လေး လျှောက် နေသော 'မေခင့်'နား ဝေါကနဲရောက်လာသည်။ စောစောက



www.burmeseclassic.com

www.burmeseclassic.com



'စော'ကိုရှာနေသော 'မေခင်' တစ်ယောက် ယခုတော့ 'စော
လျှင်အထင်လွဲမည်စိုး၍ ရောက်မလာပါစေနှင့်ဟု တိတ်တိ
လေးဆုတောင်းနေမိသည်။

"'ဂျိမ်'"

"ဘာလဲ"

"ညက ငါ အိပ်မက်မက်တယ်သိလား"

မိမိအိပ်မက်ကိုတော့ 'မေခင်' မပြောချင်တော့ပါ။

"အိပ်မက်ထဲမှာ နင်က ငါ့ကိုလက်ထပ်ခွင့်ပေးလိုက်
ဝမ်းသာအားရနှင့်ဖက်နမ်းပစ်လိုက်တာ အပြင်မှာတကယ်တ
ကျတော့ 'အုန်းသီး' ဖြစ်နေတယ်သိလား"

"သွား စော်စော်စီးစီး ပေါက်ကရတွေ နှာဘူးစကား
လာမပြောနဲ့"

"ဟော နင်က ငါဘာပဲပြောပြော မယုံဘဲကိုး... မယုံ
'အုန်းသီး'ကို သွားမေးကြည့်"

ထိုသို့ပြောရင်း 'တာဓဲ'က 'မေခင့်'ကို မြတ်နိုးစွာစို
ကြည့်နေတော့သည်။ ရိုးရိုးယဉ်ယဉ်ကလေး ပြင်ဆင်ထားသ
'မေခင့်' မျက်နှာပေါ်မှ အလှများက အထင်းသားပေါ်လွင်
သည်။ 'မေခင့်' နှာတံနှင့် မျက်ခုံး၊ မျက်လုံးများသည် 'တာဓဲ'ကို
ဖမ်းစားထားနိုင်သည်။ မငြီးငွေ့နိုင်သလိုကြည့်သော အကြည့်
'တာဓဲ' ပိုစွဲခြင်းဖြစ်သည်။





"မကြည့်နဲ့ကွာ"

"ဘာဖြစ်လဲ ကြည့်တော့"

"မနေတတ်ဘူး"

"အဲဒီအထဲက မရိုးသားတာ"

"ဘယ်သူက မရိုးသားတာလဲ"

"ကဲပါဟာ ရန်ဖြစ်ရမယ်အရွယ်တွေ မဟုတ်တော့ဘူး...
နှ်ချစ်ရမယ့် အရွယ်တွေဖြစ်ကုန်ပြီ... ဈေးမဝယ်ခင် ငါတို့အိမ်
က် ဝင်ရအောင်"

"ဘာလုပ်ဖို့တုန်း"

"မားသားကြီးကို ချွေးမ သွားပြမလို့"

"အို မလိုက်ပါဘူး... နင့်အမေ ဒီလောက်မာနကြီးတာ...
အုန်းသီး'လို ဘွဲ့ရပညာတတ်တစ်ယောက်ကိုတောင် 'ဗိုလ်မ'နဲ့
ပေးစားနိုင်တာ"

"ဒါက 'ဗိုလ်မ'ကိစ္စ... သူ သတ္တိမရှိတာ 'အုန်းသီး'ကို
တကယ်မချစ်လို့... တကယ်ချစ်ရင် အားလုံးကိုရင်ဆိုင်ရဲရမယ်"

"ဗိုလ်မ'က 'အုန်းသီး'ကို တကယ်မချစ်ဘူး ဟုတ်လား...
'အုန်းသီး' သနားပါတယ်နော်"

"ငါ ဒေါပွလို့ ပြောမိတာပါဟာ... မချစ်လို့တော့ ဘယ်
ဟုတ်မလဲ... တစ်သက်လုံး ပေးကမ်းကျွေးမွေးလာတဲ့မိဘကို
ကြောက်တာရယ်... စိတ်ဆင်းရဲအောင် မလုပ်ချင်တာရယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်းဖြစ်မှာပေါ့... ကဲပါ ငါ့ကိုအဖြေပေးလေ"

'မေခင်' အမှန်တိုင်း ဖွင့်ပြောဖို့ဆုံးဖြတ်ရပြီ။ တ
တမ်း ဖွင့်ပြောမယ်ဆိုတော့ 'တာဓံ'ကို သေချာစိုက်ကြည့်ပြီ
ပြောမိသည်။ အနှစ်နှစ် အလလက 'တာဓံ' မေတ္တာကိုမျှော်
ခဲ့တာ အမှန်ပါ။ အခုတော့ 'မေခင်' ဘာမှမတတ်နိုင်တော့။
ကိုမေတ္တာပိုရခြင်းကတော့ 'စော'နှင့်ယှဉ်လျှင် မိမိကို အထင်
မည့်သူ မရှိ။

'တာဓံ'နှင့်ယှဉ်လျှင်တော့ 'တာဓံ' မိဘအသိုင်းအဝိုင်း
နိမ့်ကို ခံရပေလိမ့်မည်။ မိမိသည် ပညာပြည့်စုံသူ မဟုတ်။
တန်းအထိသာ ပညာသင်ခဲ့ရသူ။ ပစ္စည်းဥစ္စာဆိုလျှင် ရွှေတစ်
မှမရှိ။ အစ်မဖြစ်သူ ပေးမှ ကျွေးမှ စားရသူ။

" 'မေခင်' လိုက်ခဲ့နော်"

"ဟင့်အင်း"

"လာပါကွာ"

'တာဓံ'က လက်ကိုဆွဲ၍ခေါ်သည်။ 'မေခင့်'ရင်ထဲ က
ကနဲဖြစ်သွားသည်။ ခပ်လှမ်းလှမ်းတွင် 'မေခင်'ထိုးပေးထားသော
ဦးထုပ်ကိုဆောင်း၍ ခေါင်းငိုက်စိုက်ချ၍လာသော 'စော'ကို
လိုက်ရသောကြောင့်ဖြစ်သည်။ 'စော' ခပ်စောစောကြို၍ သွ
စောင့်နေခြင်းဖြစ်သည်။

သို့သော် 'မေခင်'နှင့် 'တာဓံ'တို့စုံတွဲကိုမြင်သဖြင့်





က်သုတ်ခြေတင် လျှောက်သွားပြီးမှ လေနံ့နစ်ဘက်နှင်းချင်
သာ 'မေခင့်'ကို ပြတ်သားစေချင်သဖြင့် ပြန်လျှောက်လာခြင်း
သည်။ 'မေခင်' ဘာလုပ်ရမှန်း မသိတော့။ ခြေဖျားလက်ဖျား
အေးပြီး ငိုချင်လာသည်။

'စော' ခပ်ပြုံးပြုံးတစ်ချက်စိုက်ကြည့်ပြီး အိမ်ဘက်ဆီသို့
က်လျှောက်သွားသည်။ ပြုံးသွားသော 'စော'၏အပြုံးမှာ မရှိ
ုးပါ။

" 'တာဓံ' "

"ဘာလဲ 'မေခင်' "

"သူ့ကို လှမ်းခေါ်ပေးစမ်းပါ"

"ဘယ်သူ့ကိုလဲ"

" 'စော'ကို"

"ဘာလုပ်မလို့တုန်း... ဒီမှာ ချစ်စကား ကြိုက်စကား
ပြောမလို့ဟာ"

"ပြီးမှ ဆက်ပြောပါလား 'တာဓံ'... သူ့ကိုခေါ်ပေးစမ်း
ပါ"

"ရှိ ရှိ... 'မောင်စော' "

'စော' လှည့်ကြည့်သည်။

" 'မေခင်' ခေါ်ခိုင်းတာပါ"

'စော' လေးကန်သောခြေလှမ်းများဖြင့် လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကဲ ရောက်လာပြီလေ... ဘာပြောစရာရှိလဲ 'မေခ

'မေခင်' သက်ပြင်းတစ်ချက်ချပြီး...

"ခွင့်လွှတ်ပါ 'တာခံ'... သူဟာ 'မေခင့်' ချစ်သူ
သူ့ကို 'မေခင်' လက်ထပ်ဖို့ကတိပေးပြီးပါပြီ"

ထိုစကားကြောင့် 'တာခံ' မျက်နှာကြီးနီရဲသွားသ
'စော' မျက်နှာမှာလည်း နီရဲ၍နေပါသည်။ ပြတ်သားသော 'မေ
စကားကြောင့် အမျိုးသားနှစ်ယောက်လုံး နေရထိုင်ရခက်နေ
သည်။

"ကျွန်တော်သာ ချစ်ခွင့်မပန်မိရင် 'ကိုတာခံ'ဟာ 'မေ
ရဲ့အချစ်ဦးဖြစ်မှာ သေချာပါတယ်... ကျွန်တော့်ကြောင့်တော
စိတ်မဆင်းရဲစေချင်ပါဘူး... 'မေခင်' စိတ်ချမ်းသာရာကိုရွေး
ချင်ပါတယ်"

'မေခင်'က 'စော'ကို မျက်စောင်းထိုးလျက်...

"အခုထိက ပြတ်ပြတ်သားသားပြောမယ်နော် 'စော'
'စော'နဲ့လက်ထပ်ပြီးလို့ရှိရင် 'မေခင့်'အပေါင်းအသင်းသူငယ်ချင်
တွေလာလည်ရင် သဝန်မတိုပါနဲ့... အူမပုပ်ပါနဲ့လို့"

ထိုစကားကြောင့် 'စော' အားနာရပြန်သည်။

"ကဲ 'မေခင်' ဈေးသွားတော့မယ်"

'မေခင်' ခပ်သွက်သွက်ကလေးလျှောက်လာခဲ့သည်။ ခပ်





မ်းလှမ်းရောက်မှ နောက်ဘက်လှမ်းကြည့်မိသည်။ 'စော'က
မ်ဆီသို့ ခေါင်းငိုက်စိုက်ချလျက် သွားနေသလို 'တာခံ'ကလည်း
အိမ်ဘက်ဆီသို့ ခေါင်းငိုက်စိုက်ချ၍ သွားနေသည်။ 'မေခင်'
းကပြန်ရောက်သည်အထိ 'တာခံ' မရောက်သေး။

'စော' သတ္တိမွေးထားပါသည်။ 'ဒေါ်မေတင်' ဘယ်တော့
ါ ဆွမည်နည်းဟု စောင့်စားနေမိသည်။ ယနေ့မနက်စား
သောက်ပြီးလျှင် အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကြမည်ဖြစ်သည်။
နောက်တစ်ပတ်တွင် တစ်ကြိမ်ပြန်ဆုံကြမည်ဖြစ်သည်။

"'တာခံ' မလာသေးဘူးလားဟ"

'အုန်းသီး'က တစ်ချိန်လုံး 'တာခံ'ကို မေးနေခြင်းဖြစ်
သည်။

"'ဂျိမ်'"

"ဘာလဲ"

"မနက်က 'တာခံ' နင့်နောက်လိုက်သွားမယ်ဆိုပြီး ထွက်
သွားတာပဲ... နင်နဲ့တွေ့တယ် မဟုတ်လား"

အားလုံးက 'မေခင့်'ကို ဝိုင်းကြည့်နေကြသည်။

"မတွေ့ပါဘူး"

'ပေါက်စီ'ကို အားနာသဖြင့် 'မေခင်' ညာလိုက်သည်။

"ဟာ... ဒါဆို နင်နဲ့ဒီအိမ်ကြီးကြားမှာ ဒီကောင့်ကို ပန်း
ကန်ပြားပျံဖမ်းသွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ နောက်မနေစမ်းပါနဲ့ ဟယ်... လိုက်ရှာ ပါ"

"ကေန္တ 'မေခင့်'ကို ရည်းစားစကားပြောလို့... 'မေ များ ရေမြောင်းထဲတွန်းချလိုက်ပြီးလား မသိဘူး"

"အို မဟုတ်တာ မပြောပါနဲ့"

'မေခင်' မလုံမလဲ ပြောသည်။

"ကဲပါ 'အုန်းသီး'ရယ်... သူ့အိမ်များ ဝင်နေလား မသိ သွားရှာပေးစမ်းပါ... မတွေ့ဘူး တွေ့တယ်ဆိုတာ ဒီကိုလာ ကြောင်းပြန်ဦး"

"ဟုတ်ကဲ့ ခင်ဗျာ"

'အုန်းသီး' ရောက်သွားချိန်တွင် 'တာဖီ' အိပ်ယာထဲ နေသည်။

"ဟော့ကောင်... ငါရွှီးမှုပဲ... မင်းက ဒီမှာလာသေ တာကိုး... ဟိုမှာ မင်းပျောက်လို့လိုက်ရှာနေကြတာ... ထထ ထမင်းစားဖို့စောင့်နေကြပြီ"

"ငါ မလိုက်ချင်တော့ဘူးကွာ"

"ဟာ... ဘာဖြစ်လို့တုန်း"

"စိတ်ညစ်နေလို့ကွာ"

"အမာ... မင်းကများ စိတ်တွေဘာတွေညစ်လို့... နောက် စရာမရှိ... ကြံဖန်နောက်မနေနဲ့ကွာ... ထ ထ"





"ငါ နောက်နေတာ မဟုတ်ဘူး... တကယ်စိတ်ညစ်နေ တာ"

"နေရင်းထိုင်ရင်း ဘာကိုစိတ်ညစ်နေတာလဲကွ... ငါ့ကို များ အားနာပါဦးတော့... စိတ်ညစ်တာဘေးချိတ်ပြီး အားလုံးပျော် ဖို့အတွက် ငါလည်းဟန်လုပ်ပြီးနေလာတာပဲ"

"မင်းဝေဒနာက ပူပူနွေးနွေးမဟုတ်ဘူး... နှစ်ချီနေပြီ... ငါ့ဝေဒနာကွ ပူပူနွေးနွေးကွ"

"ဘာလဲ... မင်းနဲ့ 'မေခင်' မပြေလည်ဘူးလား... 'မေခင့်' မှာရည်းစားရှိနေပြီလား"

"ဟုတ်တယ်... 'စော'ဆိုတဲ့ကောင်လေးကို သူ လက်ထပ် မယ်လို့ ကတိပေးထားပြီးပြီတဲ့"

"ဟာ ဟုတ်လား... ဒါဆို မင်း ဆွေးပြီပေါ့"

"ဆွေးပြီပေါ့ကွာ"

'တာဖီ'က ခေါင်းပေါ်က ဆံပင်များကိုဖွရင်း ပြောသည်။

"မင်းက တော်ပါသေးတယ်ကွာ... မနေ့ကဖွင့်ပြောပြီး... ဒီနေ့ခံစားရတော့ အသည်းသိပ်မကွဲဘူးပေါ့"

"မထူးပါဘူးကွာ... ငါလည်း သူ့ကိုချစ်တဲ့အချစ်တွေ အ နှစ်နှစ် အလလတည်းကဖြစ်နေခဲ့တာပါ... ဒါပေမဲ့ 'မေတင်'နဲ့ ကိစ္စကရှိခဲ့ဖူးတော့ ဖွင့်ပြောရမှာခက်နေလို့... အချိန်တွေဆွဲနေ ခဲ့တာ... တော်ရုံတန်ရုံမေတ္တာနဲ့ သူ့ကိုချစ်တာမဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါပြောသားပဲ... 'ပေါက်စီ'ကို ကြိုက်လိုက်ပါ လို့"

"ဟာ... မင်းကလည်း အသည်းနှလုံးကိုခိုင်းလို့ရတာမှ မဟုတ်တာ... သူ့ဘာသာ ကြိုက်ချင်ရာကြိုက်တဲ့ဟာ... ဒါဆို 'ဗိုလ်မ' မင်းကိုရက်စက်တာ ဘာဖြစ်လို့ 'ဗိုလ်မ'ကို မင်းကြိုက်နေ သလဲ... 'ပေါက်စီ'လည်း ချောတာပဲ... 'ပေါက်စီ'ကိုကြိုက်ပါ လား"

"ဟာ... ဘာတွေလာပြောနေတာလဲ... ငါ 'ဗိုလ်မ'ကိုချစ် တာ ဒီနေ့တစ်နေ့ကမှ မဟုတ်ဘူးကိုယ့်လူ... ငယ်ကအချစ် အနှစ် တစ်ရာမမေ့သာ... ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ ကောင်းဘူးဆိုတာ မကြားဖူးဘူးလား"

"ဟူး... အဲဒါတွေ ငါ့လာပြောမနေနဲ့ကွာ... အခု လော လောဆယ် ငါ အရမ်းစိတ်ညစ်နေတယ်"

"အေး... နောက်မှညစ်... ဟိုမှာ ထမင်းစားပွဲကြီးနဲ့စောင့် နေကြလိမ့်မယ်... လာလိုက်ခဲ့"

"မစားချင်တော့ပါဘူးကွာ"

"မဟုတ်သေးဘူးလေ... ငါတို့သူငယ်ချင်းတွေရဲ့ ခင်မင် မှုသံယောဇဉ်ဟာ အင်မတန်ကို ကြီးမားပါတယ်ကွာ... ကိုယ့်ကို မချစ်တာနဲ့ မမြင်ချင် မတွေ့ချင်ဘူးဆိုတာတော့ ဘယ်ဟုတ်ပါ့မ လဲ... ငါပြောရဲပါတယ်... 'မေခင်'ဟာ မင်းအချစ်ကို တစ်ချိန်လုံး





မျှော်လင့်ခဲ့မှာပဲ... မင်းက တယ်နှုတ်နွေးတာကိုး... 'စော'ဆိုတဲ့ ကောင်ကလည်း ခပ်ချောချောဆိုတော့ အနေနီးပြီးငြိသွားတာနေ မှာပေါ့... မင်းလိုကောင်ကို ငြင်းပယ်ဆိုကတည်းက သူတို့နှစ် ယောက်ရဲ့မေတ္တာဟာ ထုထည်အတော်ကြီးမားနေပြီဆိုတာ သိ သာတယ်... ကဲပါကွာ လာစမ်းပါ... စောင့်နေတဲ့လူတွေကို အား နာဦးမှပေါ့"

ခေါင်းစုတ်ဖွားနှင့်ပါလာသော 'တာဖ'ကိုကြည့်ပြီး 'မေ ခင်' စိတ်မကောင်းဖြစ်သွားသည်။ သုံးပွင့်ဆိုင်အချစ်ရေးတွင် မည်သူ့မျှ မပျော်နိုင်ပါ။ 'စော'လည်း စိတ်မချမ်းသာပါ။ 'မေခင်' တစ်ယောက် မိမိကိုကတိပေးပြီးသားဖြစ်၍ 'တာဖ'ကို စွန့်လွှတ် လိုက်ခြင်း မဟုတ်ပါလား။

မိမိကိုသာ ကတိပေးမထားလျှင် 'တာဖ'ကို သူမ ငြင်း မည်မဟုတ်။ မိမိသည် ဤအိမ်တွင်ရှုပ်သလိုဖြစ်နေပြီ။ 'မေခင်' လည်း ပါးစပ်က မချစ်နိုင်ဘူးပြောလိုက်ရပေမယ့် ဖြစ်မှမဖြစ်နိုင် တော့တာပဲလေ။ အမြဲနောက်ပြောင်နေသော 'တာဖ'သည် ယခု ငြိမ်ချက်သားကောင်းနေသောကြောင့် အားလုံးသတိထားမိ သည်။ မျက်နှာလည်း ညှိုးနေသည်။

'မေခင့်'ကိုလည်း အရင်ကလို နောက်ပြောင်ချင်းမရှိ တော့ဘဲ စကားနည်းနေမှန်း သတိထားမိသည်။

"တို့ကိုကို တောမိ ဖြစ်နေပါလား... ဧကန္တ 'မေခင်'နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ထားတယ်နဲ့ တူတယ်"

**ထိုစကားကြောင့်** 'တာဓိ'က 'မေခင့်'ကို အရောင်မလ
သောမျက်လုံးဖြင့်လှမ်းကြည့်သည်။ 'မေခင်'ကတော့ လုံးဝခင်
မှ မပြောင်းလဲသွားသည့်အပြင် ကြင်နာသောမျက်လုံးဖြင့်
ပြုံးပြုံးလေးကြည့်ရင်း...

"ကဲ စားကြလေ ဟင်းတွေအေးကုန်လိမ့်မယ်"

'မေခင်'က 'တာဓိ'ကို အရင်ဆုံးစ၍ ခူးခပ်ထည့်
သည်။ 'တာဓိ'က မော့၍ပြုံးပြရင်း...

"တော်ပြီ 'မေခင်'... ငါ သိပ်နေမကောင်းလို့"

"မရဘူး... အားလုံးပျော်ပျော်ပါးပါးစားစေချင်လို့ ပင်
ပန်းပန်းချက်ထားတာ... စားရမှာပဲ"

'မေခင့်'ပုံစံသည် ယခင်ကထက်ပင် ဂရုစိုက်နေသလိုပါ
ပဲ။ မချစ်နိုင်ဘူးဟု ပြောပြီးမှ 'မေခင်' သနားနေပုံရသည်။ 'တာ
ဓိ'ကတော့ လုံးဝငြိမ်ချက်သားကောင်းသွားသည်။ နေ့ခင်းဘက်
တွင် အားလုံးကိုယ့်အိမ်ကိုယ်ပင် ပြန်ရန်ပြင်ကြသည်။ 'မေခင်'
က 'တာဓိ'ကို မကြာခဏပြုံးပြသည်။ သို့သော် 'တာဓိ' အပြုံးက
အသက်မဝင်ပါ။

ပြန်ခါနီး 'အုန်းသီး'နှင့် 'တာဓိ'က 'စော'ဆီသွားနှုတ်ဆက်
သည်။ 'တာဓိ'က 'စော'ကို စလဲပေးသလိုလို၊ စလွှတ်ရိုက်သလိုလို
လုပ်ပြီး နှုတ်ဆက်ခြင်းဖြစ်သည်။





"ကျွန်တော် အနိုင်မယူချင်ပါဘူး အစ်ကို"

"ကိုယ် မင်းကို သဘောပေါက်ပါတယ်ကွာ... 'မေခင်'
ပြောသလိုပေါ့... နောက်လည်း ကိုယ့်ကိုလာခွင့်ပြုပါလို့"

"လာပါ အစ်ကို... ကျွန်တော် အမြဲတံခါးဖွင့်ထားပါ
တယ်"

'စော'နှင့် 'တာဓိ'တို့၏ စကားကို 'အုန်းသီး'က အူကြောင်
ကြောင်နားထောင်ရင်း...

"ကိုယ်လဲ သွားမယ်"

"ဟုတ်ကဲ့ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၄

ညနေစောင်းတွင် 'ဦးတင်ခိုင်' ရောက်လာသည်။ ညဘက်တွင် အိမ်ပေါ်ထပ်မှ ရန်ဖြစ်သံ၊ ငိုသံများကြားရသည်။ 'မေခင့်'ကိုများ ဆူနေသလားဟု စိုးရိမ်မိသေးသည်။ နောက်တစ်နေ့မနက်တွင် 'ဦးတင်ခိုင်'နှင့်တွေ့သဖြင့်...

"အန်ကယ် ကျွန်တော့်ကို စပယ်ယာလုပ်ခွင့်ပြုပါ"

"အေး အေး... အိမ်က ကားတွေက သူ့လူနှင့်သူပြည့်နေတော့ ဒီမြို့ထဲက အန်ကယ့်အသိကားတွေမှာ ပြောပေးမယ်... ကားနားနေလို့ရှိရင်တော့ ဒီမှာပဲ နေပေါ့"

"ရပါတယ် အန်ကယ်... သူများကားကိုသွားလုပ်ပေးပြီး ဒီမှာနေမယ်... ဒီမှာစားမယ်ဆိုရင် 'မမေ'တို့ စိတ်ခုစရာဖြစ်ပါ





မယ်... ကျွန်တော် တခြားကားမှာလုပ်ရင်တော့ တခြားမှာပဲအိမ်ငှားနေပါရစေ"

"မဟုတ်တာကွာ... ဒီမြို့မှာနေသရွေ့ ငါ့အိမ်မှာပဲနေရမယ်... ဒါ ငါ့အမိန့်ပဲ"

'ဦးတင်ခိုင်' စေတနာကိုလေးစားရပါသည်။ သို့သော် 'မမေ'ကို ကြောက်ပါသည်။ ထို့ကြောင့် မြို့စွန်တွင် အိမ်ငှားနေဖို့စုံစမ်းမိသည်။

"အဘ 'မေခင့်'ကို ဒီစာလေး ပေး,ပေးပါလား"

"အေး အေး"

**မေခင်**

**ကျွန်တော် စပယ်ယာလုပ်ဖို့ မီစဉ်လိုက်ပြီ...**

**မေခင်နဲ့ ပြောစရာရှိတယ်... နက်ဖြန် နေ့ခင်းဘက်တွေ့ချင်တယ်။**

**ဇော**

ပန်းခြံတွင် လူရှင်းနေပါသည်။ ပန်းရောင်စုံတို့ကြားတွင် 'မေခင်'ဆိုသော ကန္တေ့မလေးကိုလှပစွာတွေ့နိုင်ပါသည်။

"အိမ်ကကားမှာ မလုပ်ဘဲနဲ့တော့ အိမ်မှာနေလို့မဖြစ်ဖူးထင်တယ် 'မေခင်'... အန်ကယ်က ဘယ်လိုပဲသဘောကောင်းကောင်း မမနဲ့ကြီးကြီးက ကြည်ဖြူမှာမဟုတ်ဘူး"

"'ဇော'က ဘယ်လိုစီစဉ်ချင်လဲ"

"အိမ်ငှားနေမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံရှိလို့လား"

"စုထားတာရှိတယ်"

"စားတော့ သောက်တော့ရော"

"ကိုယ်တိုင် ချက်စားမှာပေါ့"

"အို ပင်ပန်းမှာပေါ့... ဒါ ယောကျာ်းလေးအလုပ်မှ ဟုတ်တာ"

"ဒီလိုပြောလို့ဘယ်ရမလဲ 'မေခင်'ရယ်... ထမင်းဆိုင်တွေမှာယောကျာ်းတွေပဲ ချက်ပြုတ်ရောင်းနေကြတာပဲ"

"အိုးတွေ ခွက်တွေကျတော့ရော"

"ဝယ်မှာပေါ့"

"ဟင် ပိုက်ဆံကုန်မှာပေါ့"

"စုထားတာရှိပါတယ်"

"အို တစ်သိန်းလောက်စုထားတာကျနေတာပဲ... ပြောနေလိုက်တာ"

"အဲသလောက်တော့ ဘယ်ရှိမလဲလေ... ဒါပေမဲ့ အိမ်ကလေးတစ်လုံးကို လေးငါးထောင်နဲ့ငှားပြီးတော့ အိုးခွက်လေး လေးငါးရာဖိုးလောက်တော့ ဝယ်နိုင်ပါတယ်"

"အမယ် သူက အဲသလောက်စုထားနိုင်ပြီလား"

"အင်းပေါ့... အိုးတွေ ခွက်တွေကတော့ ရှိရှိသေသေကိုင်ရမယ်... မိန်းမယူပြီးရင် ဆက်သုံးလို့ရအောင်လေ"





ထိုအပြောကြောင့် 'မေခင်'က 'ဘော'ကို စိတ်ဆွဲသည်။ 'မေခင့်' လက်ကလေးကိုမဝံ့မရဲလှမ်းကိုင်ရင်း...

" 'မေခင်' "

"ဟင်"

" 'မေခင့်' လက်ကို ကျွန်တော့်အရင် ဆွဲဖူးတဲ့လူရှိလား"

"ဟင့်အင်း"

" 'မေခင့်' ပါးကိုရော နမ်းဖူးတဲ့လူရှိလား"

"ဟင့်အင်း"

" 'မေခင်' ညာတာ"

'မေခင်' မျက်လုံးပြူးလေးဖြင့် ပြန်ကြည့်နေသည်။

"မညာနဲ့နော်... 'တာခဲ'နဲ့ 'အုန်းသီး' ပြောနေတာကြားပြီးပြီ... 'မေခင့်'ကို ဖက်ပြီးနမ်းလို့ 'မေခင်'ကတွန်းထည့်လိုက်လို့ ခေါင်းကိုခိုက်မိသွားတယ်ဆို"

"ဘာလဲ... အဲဒီကိစ္စကို မကျေနပ်ဖူးလား"

"မကျေနပ်ဖူးလို့ မပြောမိပါလား"

"ကျွန်တော့်ချစ်သူကို ကျွန်တော်တောင် လက်ဖျားနဲ့တောင် မတို့ရသေးပါဘူးဗျာ"

'မေခင်'က ခပ်ပြုံးပြုံးလေးကြည့်နေသည်။

"အင်း တခြားမှာသွားနေရင် ဒီမျက်နှာလှလှလေးကိုတွေ့ရမှာ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



'မေခင်' မျက်နှာလေးညှိုးသွားသည်။

"မြန်မြန်နီးအောင်ကြိုးစားရမှာ ကျွန်တော့်တာဝန်ပါ 'မေခင်'... ကျွန်တော် ကြိုးစားပါ့မယ်... ကျွန်တော် ခရီးထွက်ရင်ဖြစ်ဖြစ်... တခြားမှာ သွားနေရင်ဖြစ်ဖြစ်... ပစ္စည်းထုပ်တစ်ခု 'မေခင့်'ဆီမှာ အပ်သွားပါရစေ... အဘိုးဆီက အမွေရထားတဲ့ ပစ္စည်းလေးတွေပါ"

"စိတ်ချလို့လား... ဘာပစ္စည်းတွေလဲ"

"ကျွန်တော့်ဘဝမှာ 'မေခင့်'ကိုမှ မယုံကြည်ရတော့ရင် တခြားဘယ်သူ့ကို ယုံကြည်ရတော့မလဲဟင်"

"ယုံရင်ပြီးတာပါပဲ... 'စော'က ဘယ်တော့သွားမှာလဲ"

"နက်ဖြန်"

"ဟင် နက်ဖြန်ဟုတ်လား... မြန်လှချည်လား"

'မေခင့်' မျက်လုံးအိမ်တွင် မျက်ရည်တွေရစ်ဝိုင်းသွားပြီး ငိုပါတော့သည်။ အတူတူ နေလာတာကြာပြီ မဟုတ်လား။ မိုးလင်းမှ မိုးချုပ်မြင်နေကျ တွေ့နေကျတွေ။ ခုတော့ တစ်ယောက်တစ်နေရာစီခြားလေပြီ။

"မငိုပါနဲ့ 'မေခင်'... မြန်မြန်ကြိုးစားမှ အတူတူနေရမှာ မဟုတ်လား"

"အို... သူ အိမ်တစ်လုံး ငှားနိုင်တယ်... အရင်းအနှီးရှိတယ်ဆိုရင် အတူနေလို့ရပြီပဲ"





" 'မေခင်' ဒီလိုပြောတော့ ကျွန်တော်ပိုဝမ်းသာမိပါတယ် ...ပေမဲ့ ကျွန်တော့်ရည်မှန်းချက်ပြည့်အောင် ကြိုးစားပါရစေ... များဆုံး နှစ်,နှစ်ပေါ့"

ငိုနေသော 'မေခင့်' ကိုယ်လုံးလေးကိုသိုင်းဖက်ရင်း 'စော' ပြောသည်။

" 'မေခင်'တော့ လွမ်းနေမှာပဲ"

"ဒီကောင်က ပိုလွမ်းရမှာပါဗျာ... တစ်ယောက်တည်း နေရမှာပါ... ဒါနဲ့ အိမ်ကိုဘယ်လိုပြောပြီး ထွက်ခဲ့တာလဲ"

" 'ပေါက်စီ'တို့အိမ်ဆိုပြီး ထွက်လာတာ"

"ဟုတ်လား... ဒါဆို အပြန်ကျရင် 'ပေါက်စီ'တို့ဆီဝင်မှ ဖြစ်မှာပေါ့"

"အင်းပေါ့"

"ဒါဆို ပြန်ကြရအောင်"

"အိမ်က ဘယ်တော့ရှာမှာလဲ"

"အခု ပြန်တာနဲ့ရှာမှာပဲ... ကဲ ဒီအထဲက ပိုက်ဆံခြောက်ထောင်လောက် ထုတ်ပေးစမ်းပါ"

"ယူလေ... ကိုယ့်ပစ္စည်း ကိုယ်ယူတာပဲ"

"ပိုင်ရှင်ကို အပ်ထားပြီးပြီလေ"

"အို ယူမှမယူရသေးတာ... မအပ်ပါနဲ့"

"ဘာလဲ... သိမ်းမထားချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“သူများတွေသိသွားရင် ယောကျ်ားလေးဆီက ညာ ထားတယ်လို့ ပြောကြမှာပေါ့”

“သူများတွေ မသိစေနဲ့ပေါ့… ကျွန်တော့်မှာ ဒီပစ္စည်း တယ်ဆိုတာ သေသွားတဲ့အဘိုးရယ်… ကျွန်တော်ရယ်… ‘မေခ ရယ်ပဲသိတယ်”

“အဟုတ်”

“အဟုတ်ပေါ့… ကဲ အချိန်မရှိဘူး ‘မေခင်’ ”

လွယ်အိတ်ထဲမှ လွယ်အိတ်သေးသေးလေးတစ်လုံးထွ လာသည်။ ငွေသားသုံးသောင်းနှင့် ရွှေနှစ်ကျပ်သားထွက်လာ ဖြင့် ‘မေခင်’ အံ့အားသင့်သွားသည်။

“ဟင် ပိုက်ဆံတွေရော… ရွှေတွေရော မနည်းပါလား

“ဟုတ်တယ်… ငွေနှစ်သောင်းက အဘိုးနဲ့ကျွန်တော် နောက်ဆုံးနေခဲ့တဲ့အိမ်လေးကိုရောင်းခဲ့တာ… ရွှေတွေကတော့ အဘိုးစုဆောင်းထားတာရယ်… အပေါင်ဆုံးတွေရယ်ပေါ့”

“အို အများကြီးပဲ… ‘မေခင်’ သိမ်းမထားချင်ဘူး”

“တစ်သက်လုံးလည်း ‘မေခင့်’ကိုပဲအပ်ရမှာပါကွာ… ကဲ တခြားမှာသွားနေရင် ကျွန်တော်က တစ်နေ့ကုန်အပြင်သွားနေ မှာ… ဒါကိုအိမ်မှာထားသွားရင် စိတ်ချရမလား… သွားလေရာ သယ်သွားလို့ရော ကောင်းမလား”

“‘မေခင်’ အထင်တော့ ဒီရွှေကိုရောင်းလိုက်ရင် အိမ်တစ်





မ် ကားတစ်စီးတော့ရမှာပဲ… သူက ဒါတွေရှိလို့ ကားတစ်စီး ယ်နိုင်ရင် လက်ထပ်မယ်လို့ ပြောတာကိုး… ဟွန်း”

“ဝယ်နိုင်ရုံနဲ့မပြီးသေးဘူးလေ… ကိုယ်တိုင်မောင်းတတ် ီး… ရှာဖွေတတ်မှ… မလုပ်တတ်တဲ့လုပ်ရင် ရှိတာလေးပါပြောင် သွားမှာ… ဒါကြောင့် စပယ်ယာတစ်နှစ်လောက် လုပ်လိုက်မယ် ဒီအတောအတွင်း ကားကျွမ်းကျွမ်းကျင်ကျင် မောင်းတတ် အောင် လုပ်ထားရမယ်”

‘မေခင်’ ဝမ်းသာနေမိသည်။ သူ့ကိုပုံစံကြည့်ပြီး အထင် ကြီးခဲ့သည်မှာ မှန်လေပြီ။ သူသည် လူပေါ့လူရမ်း မဟုတ်မှန်း ကြိုးစားသူမှန်း ‘မေခင်’ သိသည်။ ယုံကြည်အားကိုးမိတာမှန်လေ ပြီ။

“သူ့ပစ္စည်းတွေ ‘မေခင့်’ဆီတစ်ပုံကြီးအပ်ထားပြီး… ‘မေ ခင်’ တခြားတစ်ယောက်ကောက်ယူလိုက်ရင်ရော”

“အဟင်း ဟင်း ‘မေခင့်’ စိတ်ဓာတ်ကို ကျွန်တော်အများ ကြီးစမ်းသပ်ပြီးပြီ… ‘မေခင်’ ကျွန်တော့်ကိုရွေးတယ်ဆိုကတည်း က အားကိုးလို့ ယုံကြည်လို့ နောက်ကြောင်းရှင်းလို့ မဟုတ်လား ‘မေခင်’ ‘တာဓံ’ကိုရွေးလည်း ရသားပဲ.. ဒါပေမဲ့ ‘ကျွန်တော့်ကို ရွေးတယ်ဆိုကတည်းက ကျွန်တော့်ကိုမလိမ်ရက်လို့ပဲ… မဟုတ် လား”

“ဟုတ်တာမှ သိပ်ဟုတ်တာပေါ့… မဖြစ်နိုင်တာကို ‘မေ



www.burmeseclassic.com

www.burmeseclassic.com



ခင်' မမျှော်လင့်ချင်ဘူး... 'တာခဲ'ဟာ ဟိုးအရင်ကတည်းက
ခွင့်ပန်နိုင်ရက်သားနဲ့... ခုမှ လာပြောတော့လည်း 'မေခင်'
မတတ်နိုင်ဘူးလေ... အချိန်ကို တန်ဖိုးရှိအောင် အသုံးမှမချ
ဘဲ... နော့လေ"

"ဟုတ်ပါ့... ကျွန်တော်တောင် တော်သေးလို့ လက်
ရင် ကျွန်ရစ်ဖြစ်မှာ"

"ကဲ ပြန်တော့မယ်"

"ဒီမစ္စည်းထုပ်ကို မလိုအပ်ဘဲ... မမတို့ကို မပြန်နဲ့... '
ခင်' တစ်နေ့ လိုအပ်လာမှ ပြကြတာပေါ့"

"'မေခင်' သဘောပေါက်ပါတယ်"

"ကဲ ဒါဆိုပြန်မယ်... ကိုယ် အိမ်မှာမနေတော့ရင် '
ခင်'နဲ့ တွေ့ဖို့ကျတော့ရော"

"အင်းနော်... 'မေခင်'တော့ အဲဒါတစ်ခု စိတ်ညစ်တာ
ဒီလိုလုပ်လေ... မနက်ဘက်ဈေးသွားချိန်နဲ့ ညနေဘက်တွေ '
ခင်' စာအုပ်ထွက်ငှားမယ်... အဲဒါနဲ့ ဆက်သွယ်လည်း ရတာပဲ

"ဟုတ်ပြီ... ဟုတ်ပြီ"

'ပေါက်စီ'က 'ဗိုလ်မ'တို့အိမ်ရှေ့ရောက်နေသဖြင့် 'ဗိုလ်မ'တို့
အိမ်လိုက်ရပြန်သည်။

"အမယ်... ရှိုးနဲ့မိုးနဲ့ ဘယ်ကပြန်လာတာလဲ"

"ဒီကိုပဲ လာတာပါ"





"မညာနဲ့နော်... စောစောက 'အုန်းသီး'ရယ်... နင်တို့အ
တွဲကိုပန်းခြံမှာ မြင်ခဲ့တယ်တဲ့"

"ဟုတ်လား"

'မေခင်' ပါးစပ်ပိတ်သွားသည်။ မျက်နှာလည်း ပျက်နေ
သည်။

"ဟား ဟား ဟား... ကြည့်စမ်း... တစ်ချက်ပဲ အစ်လိုက်
တယ်... တစ်ခါတည်း ပေါ်တော့တာပဲ"

"ကြည့်စမ်း... ခွေးစုတ်မတွေ... နင်တို့ သိပ်လည်တယ်"

'မေခင်'က 'ဗိုလ်မ'နဲ့ 'ပေါက်စီ'ကို လိုက်ထုရင်းရိုက်နေ
သည်။ 'ဗိုလ်မ'က 'မေခင်'ကို သေချာစိုက်ကြည့်နေသဖြင့်...

"ဟဲ့... ဘာကြည့်နေတာလဲ"

"အံ့သြလို့"

"ဘာလဲ... ငါ့ခေါင်းမှာချိုပေါက်နေလို့လား"

"နင့်ခေါင်းမှာ ချိုပေါက်တာမဟုတ်ဘူး...နင့်အသည်းမှာ
နင့်ချိုနဲ့ထွေ့လိုက်လို့ ငါ့အစ်ကိုတော့ ခွေနေပြီ"

'မေခင်' ငြိမ်ကျသွားသည်။

"သိပ်အံ့သြစရာကောင်းတာပဲ 'မေခင်'ရယ်... ကိုကို့လို
လူတစ်ယောက်နဲ့ နင့်အိမ်ကခိုင်းတဲ့လူတစ်ယောက်ကို ရွေးတဲ့နေ
ရာမှာ ကိုကို ရှုံးသွားတယ်ဆိုတော့ ရှိသမျှသိက္ခာတွေကုန်တော့
တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်မ' မျက်နှာမှာ သိသိသာသာမာကျောနေသည်။ ... မ၏အဖ်ကိုကို မချစ်ဘဲ 'စော'လို လူတစ်ယောက်ကိုရွေးလိုက်... ဖြင့် အကြီးအကျယ်အစ်ကိုအတွက် ခံပြင်းနေပုံရသည်။

"အစက နင့်ကိုသိပ်အထင်ကြီးခဲ့တယ်... ကိုကို့ကိုကြိုက်... တဲ့မိန်းကလေးတွေအများကြီးပါနော်... ကိုကိုက နင့်ကိုကြိုက်... တယ်... ဖွင့်ပြောမယ်လုပ်တုန်းက ငါကနင့်အစား ဝမ်းတွေသာ... လိုက်ရတာ... နင်တော့ သိပ်ဝမ်းသာမှာပဲလို့ ထင်ခဲ့မိတာ... မာ... ကိုလည်း နင်တော်ကြောင်း... မိန်းမပီသကြောင်း... ဣန္ဒြေ... ကြောင်း အမြဲပြောထားတာ... မာမီကလည်း နင့်ကိုဈေးမှာတွေ... တိုင်း အမြဲလေ့လာနေတာတဲ့... ခုတော့ ဒါတွေပြောလည်း အ... ပါပဲ"

'မခင့်' ပါးပေါ်သို့ မျက်ရည်ဥများ စီးကျလာသည်။

"နင့်ကိုမုန်းလို့ မဟုတ်ပါဘူးဟာ... ငါ့အစ်ကိုလို လူမျိုး... ကိုပစ်ပြီး အရည်အချင်းမရှိတဲ့လူတစ်ယောက်ကိုရွေးလို့ ဂရုဏာ... ဒေါသနဲ့ပြောမိတာပါ"

ထိုစကားကြောင့် 'မခင့်' တစ်ကိုယ်လုံးတောင့်တင်း... သွားသည်။ 'စော'ကိုများ အရည့် အချင်းမရှိတဲ့လူတဲ့၊ ပြောရက်... လိုက်တာ၊ အေးလေ တစ်နေ့ 'စော' အရည်အချင်းရှိတယ် မရှိဘူး ဆိုတာ သိလာရမှာပေါ့။ အချိန်က သက်သေပြလာမှာပေါ့။

"နင့်အစ်မကလည်း နင်တို့အကြောင်းသိရင် ပြီးသနာ...





လုပ်မှာသေချာတယ် 'မခင်'... နင် သိပ်မိုက်တယ်ဟာ... ဘာပဲ ဖြစ်ဖြစ် ကိုကို နင့်ကိုဒီလောက်ချစ်နေတာ... ဟိုကောင်လေးကို ဖြတ်ပစ်လိုက်ပေါ့... သူ့လောက်တော့ ငါ့အစ်ကိုလည်း ချောပါ တယ်ဟာ... နင်က ရုပ်ကိုကြည့်ကြိုက်တာ"

'မခင်' ဘာမျှပြန်မပြောပါ။ 'မခင်' စဉ်းစားပြီးပြီပဲ။ အပြောင်းအလဲမြန်သည့် မိန်းမစားထဲတွင် 'မခင်' မပါပါ။

" 'တာဖ့' ရော"

"ရှိတယ်... အိပ်နေတယ်"

"နေကောင်းရဲ့လား"

"လူတော့ နေကောင်းမှာပေါ့... ခေါ်ပေးရမလား"

"နေပါစေတော့"

"တွေ့လိုက်ပါ... သူက နင့်ကိုတွေ့ချင်မှာပါ"

'မခင့်'ကို အိမ်ထဲအတင်းခေါ်သဖြင့် 'မခင်' လိုက်လာ ခဲ့သည်။

"ဟော 'မဂျို' "

'မခင့်'ကို မမျှော်လင့်ဘဲတွေ့သဖြင့် 'တာဖ့' ဝမ်းသာ အားရဖြစ်လာသည်။

" 'ပေါက်စီ'ရော ပါလာတာကိုး... လာ ထိုင်ကြလေ"

'မခင်'က ကျောက်ရုပ်။

" 'ဗိုလ်မ' စားဖို့သောက်ဖို့ တစ်ခုခုသွားလုပ်ခိုင်းလေ...



www.burmeseclassic.com

www.burmeseclassic.com



မာမီရောရှိလား"

"မာမီ အပြင်သွားတယ်... ကဲပါ ကိုကို စကားပြောချင်ပြောကြပါ... 'ဗိုလ်မ' တို့ အပြင်ကပဲ စောင့်ပါ့မယ်"

'ဗိုလ်မ'က သူ့အစ်ကိုအတွက် အတင်းလော်ဘီသည်။ 'ပေါက်စီ'ကတော့ 'တာဖဲ'ကိုကြည့်နေသည်။ 'တာဖဲ'က 'မေခင်'ကိုသာ တစ်ချိန်လုံး ဂရုစိုက်နေသဖြင့် 'ပေါက်စီ' တိတ်တခိုး ဝမ်းနည်းနေရသည်။ မရတာကိုမှ လိုချင်သည်မှာ လူ့သဘာဝများလား။

" 'မေခင်' ဒီနေ့ ပိုလှနေပါလား"

'မေခင်' ပြုံးနေသည်။

" 'စော'ဆိုတဲ့ လူချောလေးသာ 'မေခင်'တို့ဆီရောက်မလာခဲ့ရင်... ဒီအချိန်ဟာ 'တာဖဲ'တို့ ပျော်ရမယ့်အချိန်ပေါ့... ဟုတ်လား 'မေခင်' "

'မေခင်' ယဲ့ယဲ့လေးပြုံးရင်း ခေါင်းညိတ်သည်။

" 'မေခင်'တို့ ဘယ်တော့လက်ထပ်မှာလဲ"

"နှစ်နှစ်လောက်စောင့်ရဦးမှာပါ... စုရ ဆောင်းရဦးမှာပါလေ"

" 'မေတင်' သဘောတူပါ့မလား"

"ဘယ်တူမလဲ"

"အင်း... 'မေခင်'တို့ ညီအစ်မနှစ်ယောက်ဟာ ရုပ်ချင်း





လည်း မတူဘူး... စိတ်ချင်းလည်း မတူဘူး... 'မေတင်'တုန်းက မာမီ သဘောမတူဘူးဆိုတာနဲ့ တစ်ခါတည်း အရွဲ့တိုက်ပြီး ချမ်းသာတဲ့လူကိုယူပြလိုက်တယ်... ဒီ့ အသည်းနှလုံးတွေကိုလည်း ရွှေရည်စိမ်ပစ်လိုက်တယ်... ဟော 'မေခင်'ကျတော့ ကိုယ့်မာမီ အစကြည်ဖြူပါလျက် ကိုယ်ကလည်း မက်မက်မောမောရှိပါလျက်... နှစ်နှစ်ကာကာချစ်ပါလျက်နဲ့ ဟိုတစ်ယောက်ကိုရွေးတာဟာ 'မေတင့်'အတွက် ကိုယ့်မာမီကိုရော... ကိုယ့်ကိုရော ကလဲ့စားချေလိုက်တာလားကွယ်"

"အဲ့သလိုမထင် လိုက်ပါနဲ့ 'တာဖဲ'ရာ... 'မေခင်'နဲ့ 'တာဖဲ'ကြားမှာ အဲ့သလိုစိတ်ထားမျိုး တစ်ခါမှ မထားဖူးပါဘူး... 'မေခင်' ပြောပြီးပြီပဲ... 'တာဖဲ' အတွက် အချိန်တွေအများကြီးပေးခဲ့ပါတယ်... အမှန်အတိုင်းပြောရရင် တစ်ချိန်လုံး 'တာဖဲ'ကို မျှော်လင့်နေခဲ့တာပါ... ဒါပေမဲ့ 'မေခင့်'ကို ချစ်ခွင့်ပန်လာတဲ့အချိန်ဟာ 'စော'ကို အဖြေပေးပြီးတဲ့အချိန်ဖြစ်နေပါပြီလို့... 'မေခင်'ဟာ ခုတစ်မျိုး... တော်ကြာ တစ်မျိုးလုပ်မယ့်မိန်းမစားမျိုး မဟုတ်ပါဘူး 'တာဖဲ'... တကယ်လို့ 'တာဖဲ'ကို အဖြေပေးပြီးပြီဆိုရင်လည်း တခြားဘယ်အမျိုးသားမှ 'မေခင့်' ကိုထပ်ဆွဲဆောင်လို့မရတော့ပါဘူး... 'မေခင်' စိတ်မကောင်းတာက 'မေခင်' တစ်ချိန်လုံးမျှော်လင့်ခဲ့သူတစ်ယောက် 'မေခင်'အဖြေမပေးနိုင်တော့တဲ့အချိန်ကျမှ ချစ်ခွင့်ပန်လာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် 'မေခင်'ရယ်… အချစ်ဆိုတာ ဝယ်ယူလို့ရတာမျိုးမှ မဟုတ်ဘဲ… ကိုယ့်ကို 'မေခင်' မျှော်လင့်နေခဲ့တယ်ဆိုတာကိုသိရလို့ ကိုယ်ဖြေသာပါတယ်"

"ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်မရပေမယ့် ခင်မင်ရင်းနှီးခွင့်ရနေတာကိုပဲ ကျေးဇူးတင်ဝမ်းသာနေရပါတယ်ကွာ… ကိုယ့်ဘဝမှာ အချစ်ဆိုတာ ပွဲဦးထွက်လည်း ကံမကောင်းခဲ့ဘူး…ပွဲသိမ်းလည်း ကံမကောင်းခဲ့ဘူး"

"'တာဖဲ' လိုလူမျိုးအတွက် ချစ်သူမရှားပါဘူးလေ"

"ဒါပေမဲ့ ကိုယ် တော်တော်တော့လန့်သွားပြီ"

"'မေခင်' စိတ်မကောင်းပါဘူး 'တာဖဲ'"

"ကိုယ်ညံ့တာပဲကွာ… ကိုယ်ခံရမှာပေါ့"

"'မေခင်'ပြန်တော့မယ်… အိမ်က ထွက်လာတာကြာပြီ မမ ယောကျ်ားတောင်ပြန်လာပြီ"

"ဟုတ်လား… ဒါနဲ့ 'မေတင်'နဲ့ သူ့ယောကျ်ားအဆင်ပြေရဲ့လား"

"အင်း… မမက အချစ်ရေးမှာကံမကောင်းပါဘူးလေ… 'တာဖဲ'နဲ့တုန်းကလည်း သူ စိတ်ဆင်းရဲခဲ့တယ်… အခုလည်း မထူးပါဘူး… 'ဦးတင်ခိုင်'က အရက်သောက်တယ်… ခရီးတစ်ခုထွက်သွားရင် ပြန်ပေါ်မလာဘူး"

"'မေတင်'က ဇွတ်တရွတ် သိပ်နိုင်တယ်ဟ… နောက်ပြီး





ကလက်တယ်"

ထိုစကားကြောင့် 'မေခင်'က 'တာဖဲ'ကို မကျေနပ်သလို ကြည့်သည်။

"ဟော သူ့အစ်မအကြောင်း မကောင်းတာပြောမှာများ သိပ်ကြောက်တာကိုး… ဒီမှာ 'မေခင်' ငါတို့ယောကျ်ားတွေအကြောင်း ငါတို့အသိဆုံးပဲ… ကလက်တဲ့မိန်းကလေးမျိုးကို ခဏလေးပဲစွဲလမ်းကြတယ်ဟ… ငါနဲ့ 'မေတင်' တုန်းက ငါသူ့ကိုချစ်ခွင့်မပန်လိုက်ရဘဲနဲ့ အားလုံးက ငါနဲ့သူ့ကိုရည်းစားအဖြစ်သတ်မှတ်လိုက်ကြပြီး ငါ့အိမ်က သိသွားတာပဲ"

"ဟွန်း သူတို့ ချိန်းချိန်းပြီးသွားတာ မသိတာမှတ်လို့"

"ငါက စ,ကိုမချိန်းလိုက်ရဘူး… သူ ခေါ်လို့ငါသွားတာချည်းပဲ"

"ယောကျ်ားတွေများ ကောင်းကိုမကောင်းဘူး… ကြိုက်တုန်းကတစ်မျိုး… မကြိုက်တော့ တစ်မျိုးပြောချင်ကြတယ်"

"ဒါတော့ နင်ပြောလည်း ငါခံရမှာပဲ… မိန်းကလေးတစ်ယောက်ကို ငါ့ပါးစပ်ကစပြီး ချစ်တယ်လို့ပြောခဲ့ဖူးတာတော့ နင်တစ်ယောက်ပဲရှိသေးတယ်"

"ငါ့လို ဆယ်တန်းမအောင်တဲ့ မိန်းကလေးတစ်ယောက်ကို နင် ဘာလို့ရွေးတာလဲ"

"အဲဒါတော့ ငါလည်း မသျှောက်တတ်ဘူး… နင့်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မိတဲ့ ငါ့အသည်းနှလုံးကိုပဲ မေးကြည့်တော့"

"မမေးတော့ပါဘူးနော်... ပြန်တော့မယ်"

"ငါ လိုက်ပို့ပေးမယ်"

"ပို့လေ"

"တော်ကြာ နင့်အဆက်အထင့်လွဲနေရင်ကော"

"သူ့ကိုပြောထားပြီးသား... သူငယ်ချင်းတွေနဲ့ သွားတာ၊ လာတာကို စိတ်မကောက်ရဘူး... သဝန်မတိုရဘူးလို့"

"သဝန်မတိုတတ်ရင် အချစ်စစ် မမည်သေးဘူးတဲ့ဟ"

"သဝန်တိုတတ်လွန်းလို့ ကြိုတင်ပြီး သတိပေးထားပြီးသား"

"ဟား ဟား... သူ့အဆက်ဘက် အပြတ်ထောက်ခံနေလိုက်တာ... ကဲ ဒါဆို ငါလိုက်ပို့ပေးမယ်"

'မခင်'တို့နှစ်ယောက်ကို 'ပေါက်စီ'တို့က ကြည့်နေကြသည်။

"ငါ 'မခင့်'ကို လိုက်ပို့ပေးလိုက်ဦးမယ်... 'အုန်းသီး' လာရင် စောင့်ခိုင်းထားလိုက်"

"အင်း အင်း"



## ၂၄

"မြန်မြန်ပြောင်းသွားတာကောင်းတယ်... ဒီကောင့်ပုံစံ ကြည့်ရတာ ကုတ်ကမြင်းပုံစံ"

ထမင်းစားခန်းတွင် ကြီးဒေါ်က ပြောနေ[illegible]ဖြစ်သည်။

"ကြီးကြီးက ဝမ်းသာမနေနဲ့...ဘာအကြံအစည်နဲ့ပြောင်းသွားတာလည်းမှ မသိတာ... 'မခင်'နော်... ညည်းမိုက်ရင် ညည်းခံပဲ... ဒီကောင်နဲ့ယူလို့ကတော့ ငါးပြားတစ်စေ့မှ မပေးဘူးမှတ်"

'မခင်' ပါးစပ်ပိတ်ထားသည်။ စကားများများပြောလျှင် အမှားများများပါမည်။

"ဟွန်း ကောင်မကိုက မြူစေ့စေ့နဲ့... ပြောလိုက်ရ ဂရုမစိုက်သလိုပုံစံ အမြဲလုပ်နေတယ်... ကြီးကြီးတူမ ကြီးကြီးဆုံးမဦး"

"ဆုံးမရလောက်အောင်လည်း 'မခင်'က ဆိုးသွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာမှမဟုတ်ဘဲ”

“ငါမသိရင်ခက်မယ်... နင် ‘တာခံ့’ကို ပြန်မကြိုက်ဘူး ဆို”

‘မေတင့်’ စကားကြောင့် ကြီးကြီးက ရင်ဘတ်ကိုလက်ဖြင့်ဖိလျက်...

“အလိုတော်... ‘တာခံ့’ ကြိုက်တာကို ‘မေခင်’က ပြန်မကြိုက်ဘူး ဟုတ်လား”

“ဟုတ်တယ်... သူနဲ့ ‘ငစော’နဲ့ ငြိကိုငြိနေမှာသေချာတယ်”

“ဟုတ်လား ‘မေခင်’ ”

‘မေခင်’ မဖြေ။

“နင် မမိုက်နဲ့နော်... နင်မိုက်လို့ကတော့ ငါတို့က လှည့်ကြည့်မှာမဟုတ်ဘူး”

“ ‘တာခံ့’ လိုလူမျိုးကို ဘာမှပြန်မကြိုက်နိုင်စရာမရှိပါဘူး ဒါပေမဲ့ ‘စော’ကိုအဖြေပေးပြီးမှ သူက လာပြောတာတော့ ‘မေခင်’လည်း မတတ်နိုင်ဘူး... သူ့အတွက် အချိန်တွေအများကြီးရှိခဲ့တာပဲ... အခုမှ လာဖွင့်ပြောတော့ ‘မေခင်’လည်း ဘယ်တတ်နိုင်မှာလဲ”

“ဘာပြောတယ်... ညည်းနဲ့ဟိုကောင်နဲ့က တကယ်ကြိုက်နေတာပေါ့ဟုတ်လား”

“ ‘မေခင်’ သူ့ကိုစောင့်ကြည့်ဦးမှာပါ... နှစ်နှစ်အတော





အတွင်း သူကြိုးစားမယ်တဲ့”

“အဟင်း ဟင်း... တိုက်တစ်လုံး ကားတစ်စီးနဲ့ တင်တောင်းမယ်တဲ့လား”

“ ‘မေခင်’ တိုက်လည်း မမက်ဘူး... ကားလည်း မမက်ဘူး... ‘မေခင့်’ကို သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းပြီး တစ်ဝမ်းတစ်ခါး ဝအောင်ရှာကျွေးနိုင်ရင်တော်ပြီ”

“နင့်စကားက ဘာစကားလဲ”

‘မေတင်’က တိုက်မက်သူ ကားမက်သူဖြစ်၍ ယခုအိမ်ထောင်ရေး မသာမယာဖြစ်နေသူဖြစ်၍ ‘မေခင့်’ စကားသည် စောင်းပြောသလိုဖြစ်သွားသည်။

“လူပါးမဝနဲ့ ငါ့အိမ်မှာနေ ငါ့ထမင်းစားပြီး ငါ့ကိုစော်ကားချင်တာလား”

“ ‘မေခင်’ ဘယ်သူ့ကိုမှ မစော်ကားပါဘူး”

“တော်တော့... တော်တော့... ဟိုမှာ ညည်းယောကျ်ား ပြန်လာပြီ... ပါးစပ်ပိတ်တော့”

အားလုံးလူစုခွဲလိုက်ကြသည်။

“မင်းသူငယ်ချင်းအိမ်ရှေ့မှာ ‘အုန်းသီး’ အရက်တွေမူးပြီး အရမ်းနေလို့... ‘တာခံ့’က ထွက်တောင်းပန်နေတယ်”

“ဘယ်တုန်းကလဲ”

‘ဦးတင်ခိုင်’က ထမင်းစားရင်း ပြောခြင်းဖြစ်သည်။ ‘မေ



www.burmeseclassic.com

www.burmeseclassic.com



ခင်'လည်း ရုပ်၍နားထောင်နေမိသည်။

"သူ အရင်က သည်လိုမဟုတ်ပါဘူး... ဘယ်လိုဖြစ်
လဲ"

"ငါ မေးကြည့်တော့ 'ဗိုလ်မ'ကိုပေးစားမယ့်ကောင်
ရန်ကုန်က လိုက်လာလို့တဲ့"

"ဟုတ်လား"

'မေခင်' စိတ်မကောင်းဖြစ်သွားသည်။ 'အုန်းသီး'တ
ယောက်တော့အတော်လေးခံစားနေရပြီ၊ တော်ပါသေးရဲ့၊ 'တာ
တာစ်ယောက် မိမိကိုမရသဖြင့် မူးမူးရူးရူးမလုပ်တာ၊ တူမှမတူ
လ။ 'အုန်းသီး'နဲ့ 'ဗိုလ်မ' ချစ်ကြိုက်ခဲ့နှစ်သက်က လေးငါးနှ
ကြာခဲ့ပြီပဲ။

'ဗိုလ်မ'မို့ ရက်ရက်စက်စက် တစ်ပါးသူနှင့် ယူရက်သည်
မိမိဆိုလျှင် ကတိလေးတစ်ခုပေးပြီးသည်နှင့် သစ္စာရှိရှိနေခဲ့သည်

" 'အုန်းသီး'... အရက်မူးရမ်းနေတဲ့အချိန်မှာ ရန်ကုန်က
လိုက်လာတဲ့ 'ဗိုလ်မ'နဲ့ ပေးစားမယ့်လူရှိနေလား"

"မပြောတတ်ပါဘူးကွာ"

"နေ့ခင်းကျရင် 'မေတင်' သွားလိုက်ဦးမယ်"

"သွားလေ"

နေ့ခင်းဘက် 'မေတင်' ထွက်သွားချိန်တွင် 'အုန်းသီး'
ရောက်လာပြီး...





" 'မေခင်'... 'မေခင်' "

"ဘာတုန်းဟဲ့"

"ငါစိတ်ညစ်တယ်... ငါသေချင်တယ်... ငါရှက်တယ်"

'အုန်းသီး'၏မျက်နှာမှာ နီရဲတွတ်နေသည်။

"နင် အရက်တွေသောက်ထားတယ် ဟုတ်လား"

"ဟုတ်တယ်... ငါ မနေ့ကတည်းက သောက်တာ... မ
က်ကလည်းသောက်တယ်... နက်ဖြန်လည်း သောက်မယ်...
သတဲ့အထိသောက်မယ်"

"နင်ကလည်းဟယ်... ဘာလို့ ကိုယ့်ကိုယ်ကို ဖျက်ဆီးနေ
ာလဲဟင်... သူကမှ မကြင်နာလို့ တခြားလူကိုချစ်ရက်သေး
ာ... နင် ဘယ်လောက်သောက်ပြ သောက်ပြ... ဘယ်လောက်
စ်ပြ ချစ်ပြ... သူကမှ နင့်ကိုမသနားတာ... နင့်ထက် သူ့မိဘကို
ချစ်လို့... သူ့မိဘစကားကိုနားထောင်တာပေါ့... မဟုတ်ဘူး
ား"

"မဟုတ်ဘူး... သူ့မိဘကို ပိုချစ်လို့မဟုတ်ဘူး... ငါ့ထက်
ကိုကောင့်ကိုပိုချစ်လို့ လုပ်ရက်တာ"

"အေးလေ... နင့်ထက် ဟိုတစ်ယောက်ကိုပိုချစ်တဲ့မိန်း
ကလေးကို နင်ဘာလို့ တစွတ်ထိုးလိုက်ကြိုက်နေတာလည်းဟယ်
သူကမှ မကြင်နာတာ"

"တော် တော်ပြီ... နင်တို့မိန်းကလေးတွေ သိပ်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



တယ်... သိပ်ရက်စက်တယ်"

'အုန်းသီး' ဒယိမ်းဒယိုင် ဖြင့် အော်ဟစ်ပြီး ထွက်သွား ဖြင့် 'မေခင်' စိတ်ဆင်းရဲစွာ ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ 'ဗိုလ် ကိုရန်ကုန်ပို့လိုက်သောအခါ 'အုန်းသီး' အရူးတစ်ပိုင်းဖြစ်၍ ရစ်ခဲ့သည်။ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ကြောင်းလည်းသ သည်။ 'အုန်းသီး'အတွက် ရင်နင့်ရသည်။

'စော'နှင့်ဝေးကွာရသဖြင့် လွမ်းရသည့်ဒဏ်သည် 'အု သီး'အတွက် မျှဝေခံစားရသဖြင့် သိပ်မသိသာတော့။ 'မေခ ဈေးသွားတိုင်း 'စော' လာစောင့်တတ်သဖြင့် စိတ်ချမ်းသာသွ သည်။ ခရီးထွက်သွားလျှင်လည်း တစ်ပတ် ဆယ်ရက်ကြာသဖြ 'မေခင်' အလုပ်လုပ်ရင်း၊ ဆွယ်တာထိုးရင်း၊ အလွမ်းဖြေရင်း ရေးကိုကြိုတွေးထားလိုက်သည်။

**ချစ်တဲ့ မေခင်**

**ဘာလိုလိုနှင့် ကိုယ်တို့ခွဲခွာနေကြတာနှစ်လရှိပြီနော်... အန်ထယ် ပေးတဲ့အလုပ်ရှင်က သဘောကောင်းပါတယ်... ကိုယ်ကလည်း သူတို့သဘောရ အောင်နေတယ်လေ... စဝယ်ယာဆိုတော့ လခ ဘယ်တောင်းမလဲ... ဒါကြောင့် သိပ်မစုမိသေးဘူး...အခုတော့ တစ်ခုစီခွဲထားတယ်... အရင်းအနှီးလုပ်ပြီး ထား ရင်း အရောင်းအဝယ်လေးလုပ်မလားလို့... ဒရိုင်ဘာဖြစ်ရင်လည်း ကိုမြို့ထဝ ဒီမြို့ရောင်း... ဒီမြို့ကပစ္စည်း ဟိုမြို့ရောင်းရင်း စီးပွားနှစ်ခုဖြစ်တာပေါ့...**

**ကြိုးစားရမယ် ကြိုးစားရမယ်...ကိုယ့်ချစ်သူကို ကိုတ်ကြီးနဲ့မထားနိုင်အော**





**အိမ်ပိုင် ထားပိုင်လေးနဲ့ ထားနိုင်အောင်ကြိုးစားရမယ်... အိမ်မှာနေရင် တစ်လတစ်လ လေးရမယ့် အိမ်လခဆာ နှမြောစရာနော်...**

**အခု မိတ္ထီလာမှာနေ စာရေးနေတာ... 'မေခင့်' အတွက် ရှမ်းသားစနဲ့ ခေါင်တစ်ထည် ဝယ်ထားသေးတယ်... ထားဆောင်းတတ်နေပြီ... ကျွမ်းကျွမ်းကျင်ကျင် တတ်ပြီး လိုင်စင်ရပြီဆိုရင်တော့ အဆင်ပြေပြီပဲပေါ့။**

**မေခင့်ကို လွမ်းနေတဲ့**

**စော**

'စော'စိက စာလာတိုင်း အားတက်မိစမြဲပါ။ သိုးမွေးကို အပျော်မထိုးတော့ဘဲ ဦးထုပ်ထိုးရောင်းသည်။ အပ်ထည်လက်ခံ သည်။ ထို့ကြောင့် 'မေခင်'လည်း တစ်လကိုသုံးရာလောက်တော့ စုမိသည်။ 'စော' အပ်ထားသောပစ္စည်းထုပ်ကိုလည်း ပျောက် သွားမှာစိုး၍ လူလစ်တိုင်းဖွင့်ကြည့်မိသည်။

" 'မေခင်'ရေ 'မေခင်' "

"ဝေ... လာပြီ 'ပေါက်စီ' "

'ပေါက်စီ'က ဖိတ်စာလေးကိုင်၍ လာခြင်းဖြစ်သည်။

"အမယ်မယ်... ဖိတ်စာနဲ့ပါလား...ဘာလဲ နင်ယောကျ်ား ယူတော့မလို့လား"

"သွား... ပေါက်ကရတွေပြောတော့မယ်... ဗိုလ်မ'ဖိတ် တာဟဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



'မေခင်' ရင်တွေခုန်နေသည်။ တုန်ရင်သောလက်က လေးဖြင့် မရဲတရဲဖွင့်ဖတ်မိသည်။

'ဒေါက်တာ မောင်မောင်နှင့် ဓားယူဿယ်'

"အို... 'ဗိုလ်မ' သိပ်ရက်စက်တယ်ဟယ်"

'မေခင်' အသံတွေတုန်နေပြီး မျက်ရည်တွေလည်း ဝဲ တက်လာသည်။ 'ပေါက်စီ'လည်း ထို့အတူပင်။

"ငါလဲ စိတ်မကောင်းပါဘူးဟယ်... ရင်ထဲမှာ 'အုန်းသီး' ကိုမြင်တိုင်း ဝမ်းနည်းနေသလိုပဲ... 'အုန်းသီး'ကိုကြည့်လိုက်ရင် မှုန်ရှုးနေတာပဲ... ငါ့ဆီမှာ ခဏခဏလာငိုပြတယ်... 'အုန်းသီး' အမေကလည်း သူ့သားအတွက် မျက်ရည်တဝဲဝဲနဲ့... ငါ့ဆီလာ လည်းပြောရော ငါလည်း ငိုမိတာပဲ"

သူငယ်ချင်းနှစ်ယောက် ထိုင်၍ငိုမိကြသည်။

"'မေတင်' ရော"

"ရှိတယ်"

"နင်တို့နှစ်ယောက်လည်း သိပ်မတည့်ဘူးဆို"

"ဟုတ်တယ်... ဟိုးအရင်ကတည်းက သူနဲ့ငါက သိပ်စကားပြောကြတာမဟုတ်ဘူး... လုပ်စရာရှိတာလုပ်ပေးပြီး... ငါ ဘာသာငါနေတာပဲ... အခု 'စော'နဲ့ကြိုက်တယ်ကြားတော့...ငါ့ကို လုံးဝစကားမပြောတော့ဘူး"

"အင်း... 'တာခ'လည်း ဆွေးတော့ဆွေးတာပဲ...'အုန်းသီး'





လို အရက်တွေဘာတွေ မသောက်တော့ တော်သေးတာပေါ့"

"မတူဘူးလေဟယ်... ငါတို့က ချစ်သူမှ မဖြစ်ခဲ့ကြတာ 'အုန်းသီး'နဲ့ 'ဗိုလ်မ'က ဒီလောက်တွဲထားတာ"

"ဟုတ်ပါ့... 'ဗိုလ်မ' သိပ်လုပ်ရက်တယ်...ဆရာဝန်က တော် သိပ်လုပ်ချင်တယ်"

"ဒါတော့ဟယ်... သူတို့အသိုင်းအဝိုင်းက ဒါတွေချည်းပဲ ဟုတ်လား... သူ့ကိုလည်း အပြစ်မပြောချင်တော့ပါဘူး... သူ့မှုး စာပဲပေါ့"

"ဟွန်း"

သက်ပြင်း မကြာခဏချမိသည်။

"'ဗိုလ်မ'အမေက ငါတို့အားလုံးကိုရန်ကုန်ကိုလိုက်ခဲ့ရ မယ်တဲ့... သူ အကုန်အကျခံပြီး ခေါ်သွားမယ်တဲ့"

"ဘာလုပ်ဖို့လဲ"

"အင်းလျားလိပ်မှာလုပ်မယ့် 'ဗိုလ်မ'မင်္ဂလာပွဲကိုသွားဖို့ လေ"

"မလိုက်ပါဘူး... 'အုန်းသီး'နဲ့အတူ ဝိုင်းငိုနေလိုက်မယ်"

"ငါ့ကိုတော့ အတင်းခေါ်မှာထင်တယ်... ငါလည်း မ လိုက်ချင်ပါဘူးဟာ... စိတ်ညစ်လိုက်တာ... ကဲ ပြန်မယ်ဟာ... 'မေတင်' နိုးလာရင် ဖိတ်စာပေးလိုက်... သိလား"

"အေး အေး"



www.burmeseclassic.com

www.burmeseclassic.com

## ၂၅

" 'မေခင်' "

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ"

"သြော် 'အုန်းသီး'အတွက် စိတ်ဆင်းရဲလွန်းလို့ပါ 'စော' ရယ်... လုံးဝ အရက်သမားဖြစ်သွားပြီ... ဟိုတစ်နေ့က မြို့ထဲမှာ မူးပြီး မြောင်းထဲပြုတ်ကျနေလို့ သူ့အမေ လာတွဲခေါ်သွားရတာယ်တဲ့"

"ဟုတ်လား... အဲသလောက်တောင်ပဲလားကွာ... ကိုယ်နဲ့ ခင်နေတဲ့လူဆိုတော့ တကယ်စိတ်မကောင်းဖြစ်မိပါတယ်... 'မေခင်'စိတ်မကောင်းဖြစ်နေမယ်ဆိုတာလည်း ကိုယ် ယုံပါတယ်... ဘယ်တတ်နိုင်မလဲ 'မေခင်'ရယ်... သူ့ကုသိုလ်နဲ့သူ ဖြစ်လာကြ





တာချည်းပဲ မဟုတ်လား... လူတွေရဲ့ စိတ်တွေဟာ အမျိုးမျိုးရှိတယ် မဟုတ်လား... လူတွေဟာ အမျိုးမျိုးဆုံးရှုံးနေကြတာပဲ... လူတစ်ယောက် စီးပွားဥစ္စာ ဆုံးရှုံးပါက များစွာဆုံးရှုံးသည်မည်၏တဲ့... အဆွေခင်ပွန်းကောင်းတစ်ဦး ဆုံးရှုံးပါက ပို၍ဆုံးရှုံး၏တဲ့ လူတစ်ယောက်မှာ စိတ်ဓာတ်ပျက်ပြားဆုံးရှုံးလျှင်ကား အလုံးစုံဆုံးရှုံးခြင်းမည်၏တဲ့... 'အုန်းသီး'ဟာ လုံးဝအဖတ်ဆယ်လို့ရရင်ကံကောင်းပဲ 'မေခင်' ရယ်"

" 'စော' "

"ဟင်"

"အရက်တွေဘာတွေ မသောက်နဲ့နော်"

"စိတ်ချပါ 'မေခင်'ရယ်... ကိုယ်ချစ်တဲ့မိန်းကလေးကလည်း ကိုယ့်ကိုဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူးဆိုတာယုံကြည်နေသလို... ကိုယ်ကလည်း 'မေခင့်'အပေါ် ဘယ်တော့မှဖောက်လွဲဖောက်ပြန် မလုပ်ဘူးဆိုတာ ယုံစေချင်တယ်... ပျက်ရာပျက်စီးကြောင်း ဘာမှ မလုပ်ဘူးဆိုတာ ကိုယ် ကတိပေးပါတယ်ဒါနဲ့ 'မေခင်'နဲ့ 'တာဇံ' တွေသေးလား"

ထိုစကားကြောင့် 'မေခင်'က ဖြတ်ကနဲကြည့်ရင်း...

"ဘာဖြစ်လို့ မေးတာလဲ"

'စော'က ရယ်လျက်...

"သိချင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ရန်ကုန်သွားနေတယ်… ဟိုမှာ 'ဗိုလ်မ' နေတော့ ဟိုနဲ့ဒီနဲ့ ကူးချည်သန်းချည်ပဲ… ရန်ကုန်မှာ အလုပ်လျှောက်ထား တယ်လို့ပြောတယ်… 'ပေါက်စီ'လည်း ကျောင်းပြန်သွားပြီ… ဒီမှာ 'အုန်းသီး'နဲ့ 'မေခင်'တို့ ညီမတွေပဲရှိတယ်"

"ဘာလိုလိုနဲ့ ကိုယ်တို့ အတူနေရမယ့်ရက်တွေ နီးလာပြီ နော်… လိုင်စင်ရပြီးတာနဲ့ ကားဝယ်ပြီး 'မေခင့်'ကို လက်ထပ်မှာ"

'မေခင်'က ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့နေသည်။

" 'မေခင်' "

"ဟင်"

"ကိုယ့်ကို တကယ်ချစ်တာပါနော်"

"မယုံလို့လား"

"အိပ်မက်လိုပဲ 'မေခင်'ရယ်… ကိုယ့်ကို မရွေးဘဲ 'တာခုံ' ကိုရွေးလိုက်ရင် ကိုယ်တော့ ခုလောက်ဆို ဆွေးကောင်းနေပြီပေါ့"

"ခုလောက်ဆို ဆွေးကောင်းမှာလား… နောက်တစ် ယောက်တွေမှာလား"

"ယောက်ျားတွေ သစ္စာမဖောက်တတ်ဘူးဗျ… 'အုန်းသီး' ကိုကြည့်မလား… 'တာခုံ'ကိုကြည့်မလား… မိန်းမတွေသာရက် စက်တာ"

ထိုစကားကြောင့် 'မေခင်'က မျက်လုံးလေးဝင့်၍ 'စော' ကိုကြည့်သည်။ 'စော'က ပြုံးလျက်…





"ရက်စက်တဲ့မိန်းမတွေထဲမှာ 'မေခင်' မပါဘူး"

"ကဲပါ ပြန်မယ်… ဘယ်နေ့ ခရီးထွက်မှာလဲ… သူ့အ တွက်ဆွယ်တာထိုးနေတာ လက်နှစ်ဘက်ပဲကျန်တော့တယ်"

"ဟုတ်လား… ဆွယ်တာ တစ်ခါထိုးရင် ဘယ်လောက် ကြာလဲ"

"မြန်ရင် ဆယ့်ငါးရက်… ကြာရင်တော့ တစ်လ နှစ်လ ပေါ့"

"အခု ကိုယ့်ဆွယ်တာထိုးတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ဆယ့်ငါးရက်ရှိပြီ"

"အင်း… ဆယ့်ငါးရက်လုံး ကိုယ့်ကိုသတိရနေမှာပေါ့"

'မေခင်'က မချိုမချဉ်ကြည့်လျက်…

"သတိမှရရဲ့လားလို့… သိချင်လို့ အစ်နေတာမဟုတ် လား… ဆွယ်တာထိုးမှ သတိရတာမဟုတ်ပါဘူးနော်… 'စော'ရဲ့ ပစ္စည်းထုပ်ကို မနက်မိုးလင်းကနေ ညမိုးချုပ်ထိ စားသတိ… အိပ်သတိနဲ့ စောင့်ရှောက်ထားတာမို့ အချိန်တိုင်း သတိရနေပါ သတဲ့"

"အင်း… ဒါဆို ဒီပစ္စည်းထုပ်ကို ကျေးဇူးတင်ရမလိုဖြစ် နေပြန်ပြီ… ပစ္စည်းထုပ် အပ်မထားရင်တော့ သတိမရဘူးပေါ့ ဟုတ်လား"

"ပြန်ယူသွားကြည့်လေ… အဲဒီတော့ သတိမရလား…



www.burmeseclassic.com

www.burmeseclassic.com



ရလားဆိုတာ နောက်တစ်ခါလာရင် ပြောပြမယ်"

"'မေခင်'... ကိုယ်ငှားထားတဲ့အိမ် လိုက်လည်ပါလား"

"မလုပ်ပါနဲ့... ဘေးလူတွေ တောပြောတောင်ပြော လုပ်နေပါ့မယ်... ပြီးတော့ ယူဖို့ကလိုသေးတယ်လေ"

'စော'က 'မေခင့်'ကို စိုက်ကြည့်နေသဖြင့်...

"ဘာလဲ စိတ်ဆိုးနေတာလား"

"ဟင့်အင်း မဆိုးပါဘူး... မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရမယ့်တာဝန်ရှိတယ်ဆိုတာ ကိုယ် သဘောပေါက်ပါတယ်"

"ဒါနဲ့... သူ အရောင်းအဝယ်လုပ်ချင်တယ်ဆို... 'မေခင့်'ဆီမှာ ငွေယူချင်ယူလေ... 'မေခင်' စုထားတာ သုံးလေးထောင်လောက်ရှိတယ်"

"ဟာ မလုပ်ပါနဲ့... မိန်းကလေးဆီက လက်ဖြန့်တောင်းခံတဲ့ ယောကျ်ားမျိုးလောက်ရှက်စရာကောင်းတာ မရှိဘူးလို့ ကိုယ်သိထားတယ်... ယောကျ်ားဆိုတာ ကိုယ်ယူမယ့်မိန်းမကို ရှာကျွေးနိုင်ရင် ပေးကမ်းနိုင်ရင် အကောင်းဆုံးပဲ"

"'မေခင်' ပြောတဲ့အဓိပ္ပါယ်က 'မေခင့်'မှာ ပိုနေလို့ပြောတာ... ဒီအတိုင်းထားလို့လည်း တိုးပွားလာမှာ မဟုတ်ဘူးလေ... ရင်းနှီးမြှုပ်နှံထားတော့ တိုးပွားလာတာပေါ့... တိုးပွားလာတော့လည်း 'မေခင်'တို့နှစ်ယောက်အတွက်ပဲ မဟုတ်လားလို့"





"သိပ်ဟုတ်တာပေါ့ဗျာ... ဒါဆို နက်ဖြန် ဈေးအလာကျရင် ယူလာခဲ့... ကိုယ် သန်ဘက်ခါ ခရီးထွက်ရမယ်"

"ဒါဆို နက်ဖြန် စောင့်နေလေ"

"စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မမလေး"

"ဘာလဲ 'မောင်ထွန်းအေး' "

"ကျွန်တော် ဒီအလာမှာ 'မောင်စော'နှင့် 'မခင်'တို့နှစ်ယောက်ကို လမ်းမှာတွေ့တယ်... 'မခင်'က စက္ကူနဲ့ထုပ်ထားတဲ့အထုပ်တစ်ထုပ်ကို 'မောင်စော'ကို လှမ်းပေးတာတွေ့ရတယ်... ကျွန်တော့်အထင်တော့ ပိုက်ဆံတွေထင်တာပဲ"

"ဟင် ဟုတ်လား... အေး အေး ကျေးဇူးပဲ 'မောင်ထွန်းအေး'ရယ်... ရော့ ရော့... ခုလို လာသတင်းပေးတာ ကျေးဇူးတင်ပါတယ်ကွယ်... မုန့်အတွက် မုန့်ဖိုး"

"ဟာ ကျွန်တော် ဒီလိုအကျိုးကိုမျှော်ကိုးလို့ လာပြောတာမဟုတ်ပါဘူး... မဖြစ်သင့်တာ မဖြစ်ရအောင်ပါ"





"ယူပါကွယ်"

"ရတယ် မမလေး... ကျွန်တော် မယူပါဘူး"

'ထွန်းအေး' လုံးဝ မယူဘဲထွက်သွားသည်။

" 'မခင်' "

"ဘာလဲ မမ"

"လာစမ်းပါဦး"

တင်းမာသော မျက်နှာနှင့်အသံကြောင့် 'မခင်' တစ်စုံတစ်ခုဖြစ်တော့မယ်ဆိုတာ သိသည်။

"နင်... ဟိုကောင့်ကို ဘာခိုးပေးတာလဲ"

"ဘာမှ ခိုးမပေးဘူး"

"နင် မညာနဲ့... မြင်တဲ့လူက မြင်လို့ လာ ၊ ောင်းပို့သွားပြီ... ဟိုကောင့်ကို ငါတို့ဆီက ပစ္စည်းတွေခိုးခိုးပေး ၊ မယ်ဆိုရင်တော့ နင့်ကို ဒီအိမ်မှာ ဆက်မထားနိုင်ဘူး... နင်ထွက်သွားရင်ကောင်းမယ်"

'မခင်' ဘာမျှ မပြောဘဲလုပ်စရာရှိတာ လုပ်နေသည်။

"ဟေ့ ငါပြောနေတာကို နင် ဘာပမာမခန့်လုပ်လုပ်နေတာလဲ... အရေးမလုပ်တာလား... အားကိုးရှိလို့ အာခံနေတာလား... နင့်အချိုးကို ငါ မကြိုက်ဘူး"

'မတင်'က အသံကုန်အော်သည်။

" 'မခင့်'ကို အလကားနေရင်း ရန်လုပ်မနေနဲ့ မမ..."



www.burmeseclassic.com

www.burmeseclassic.com



မမတို့ပစ္စည်း ဘာတစ်ခုမှ ခိုးမပေးဘူး"

"ဟား ဟား ရယ်ချင်လိုက်တာ... ငါတို့ပစ္စည်း ခိုးမပေး လို့... ညည်းက ဘယ်နှစ်ပြားရာနိုင်လို့လဲ... မယူခင်ကတည်းက ခိုးပေးနေရတဲ့ယောကျ်ားမျိုးကိုကြိုက်တာ ယူပြီးရင် သူတောင်းစားဖြစ်မှာပဲ... ငါ့အိမ်မှာ ယောင်လို့တောင်လာမတောင်းနဲ့... လက်ဝါးပဲရမယ်"

ရုပ်လှသလောက် အပြောအဆိုရိုင်းစိုင်းကြမ်းတမ်းသော အစ်မဖြစ်သူကို 'မေခင်'က ကြောင့်တောင်တောင်လေးကြည့်နေသည်။

"ဟော့ကောင်မ ဘာကြည့်နေတာလဲ... ငါ့ကို ပမာမခန့် မလုပ်နဲ့... ကဲ ကဲ"

"ဂလွမ်... ချလွမ်"

အနီးရှိ ပန်းကန်ပြားတစ်ချပ်ဖြင့် 'မေခင့်'ကို ပစ်ပေါက်လိုက်ခြင်းဖြစ်သဖြင့် 'မေခင့်' နဖူးကိုထိမှန်ပြီး သမံတလင်းပေါ် ပြုတ်ကျသွားသည်။ 'မေခင့်' နဖူးတွင်လည်း အဖုတစ်ဖု ထွက်လာသည်။ 'ဦးဘကြည်' ခြံထဲမှနေ၍ မသိမသာလှမ်းအကဲခတ်နေသည်။

"သွား... နင့်မျက်နှာလည်း မကြည့်ချင်ဘူး... နင့် အသံလည်း မကြားချင်ဘူး... သွား အခုထွက်သွား"

'ဦးဘကြည်' အိမ်ထဲဝင်လာခဲ့ပြီး ...





"ဘယ်လိုဖြစ်ကြတာလည်းဟယ်... ရိုက်ဟယ်... ပုတ်ဟယ်နဲ့ သူ့ခများ နင့်ကိုအားကိုးပြီး နင့်အရိပ်မှာ နေရရှာတာပါ"

"အရိပ်နေနေ အခက်ချိုးချိုးဆိုတာ ဒီကောင်မမျိုးပဲ... ယောက်ျား လင်ကို အိမ်ကပစ္စည်းတွေကို ခိုးခိုးပေးနေတာ အဘ ဘာသိသလဲ... ဒီလိုကောင်မမျိုးကို အိမ်မှာဆက်ထားစရာလည်း မလိုတော့ဘူး... ဆက်ထားရင် အဆိပ်ပင်ရေလောင်းတာနဲ့ အတူတူပဲ တစ်နေ့ သူ့အကောင်နောက် လိုက်သွားမှာပဲ... မြန်မြန်ထွက်သွားလကောင်းလေပဲ"

'မေခင်'က တရှုံ့ရှုံ့ငိုနေသည်။ ဖြစ်နိုင်လျှင် ယခုချက်ချင်းပင် အိမ်ကထွက်သွားချင်ပါသည်။ သို့သော် ကိုယ်က မိန်းကလေး စခိုးပါတော့ဟု ပြောရမှာလည်း ရှက်သည်။ 'စော'ကိုယ်တိုင်က နောက်ရှစ်လလောက်နေမှ လက်ထပ်ဖို့ပြောထားပြီးသားဆိုကြောင့် အိမ်ကထွက်သွားဖို့ မစဉ်းစားမိသေးပါ။

သို့သော် 'မေခင့်'ကို ကောင်းကောင်းပညာပြလေပြီ။ ညနေဘက် ကြီးကြီးဈေးကပြန်လာသောအခါ အိမ်အောက်ထပ်ရှိ မီးဖိုဆောင်ပစ္စည်း ဘာတစ်ခုမှ အောက်ထပ်တွင် မထားတော့။ ရေခွက်တစ်ခွက်ပင် ထားမသွားကြ။ 'ဦးဘကြည်'ကတော့ နှစ်ယောက်လုံး ကိုယ့်သမီးလိုဖြစ်နေသဖြင့် 'မေခင့်'ကို သနားသော်လည်း လက်ပိုက်ကြည့်နေရတော့သည်။

'မေခင်' ယခုမှ ဒုက္ခတွေ့သည်။ သုံးစရာ ပိုက်ဆံလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ အကုန်ခြစ်ချုပ်၍ 'စော'ထံသို့ပို့လိုက်ပြီ။ ညစာထ
ပင် မစားရ။ 'ဦးဘကြည်'ယခုလို အနိုင်ကျင့်တာတော့ မကြိုက်
ထို့ကြောင့် 'စော' နေထိုင်သော မြို့စွန်ရှိအိမ်ကလေးဆီသို့ ထ
ထွက်ခဲ့ပြီး ဖြစ်ပုံကိုပြောပြသည်။

"ခုမှတော့ မထူးတော့ပါဘူး ငါလူ... ဟိုအိမ်မှာဆက်
ရင် မင်းကောင်မလေး ဝေတ်သေမှာပဲ.., ကောင်းကောင်းပညာ
နေကြပြီ"

"သူက လိုက်ရဲပါ့မလား"

"သူ သတ္တိမရှိရင် သူ့ထိုက်နဲ့ သူ့ကံပေါ့... ကဲပါကွ
စာတစ်စောင်ရေးပေးလိုက်စမ်းပါ... ငါ သွားပေးပေးပါ့မယ်"

ချစ်တဲ့ မေခင်

အဘပြောပြလို့ အားလုံးသိရပြီးပြီ...

စိတ်ဆင်းရဲခံပြီး မနေချင်ပါနဲ့တော့နော်...

ကိုယ့်ကို ယုံကြည်တယ်ဆိုရင် ကိုယ့်ဘဝထဲကို အပြီးအပိုင်ဝင်ခဲ့ပါတော့
နော်... ည ဆယ်တစ်နာရီလောက် လာခေါ်မယ်... စောင့်နေနော်

အချစ်များစွာဖြင့်

စော



# ၂၆

ထိုညမှာပင် 'မေခင်' ချစ်သူနောက်အပြီးလိုက်ခဲ့ပါတော့သည်။ 'စော'၏ မေတ္တာရိပ်မြုံသည် ကျဉ်းမြောင်း သေးငယ်လှသော်လည်း နွေးထွေးလုံခြုံလှပါသည်။ အိမ်ကလေးမှာသေးသေးလေးဖြစ်သည်။

ကိုးပေကျယ်၍ ပေနှစ်ဆယ်သာရှည်ပါသည်။ အခန်းနှစ်ခန်းကပ်ထားပြီး တစ်ခန်းကိုဧည့်ခန်း၊ တစ်ခန်းကို အိပ်ခန်းလုပ်ထားသည်။ ထမင်းဟင်းကို အပြင်မှာထွက်ချက်ပြီး ညဘက်အိုးခွက်များကို အိမ်ထဲသွင်းထားသည်။ လူပျိုလူလွတ်ဖြစ်သော်လည်း 'စော'က သေသပ်သူဖြစ်၍ အိမ်အတွင်းမှာ ထုံးတွေဖွေးနေအောင် သုတ်ထားပြီး ပြက္ခဒိန်လေးများတပ်ထားသဖြင့် သန့်ရှင်းသပ်ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"'မေခင်'"

"ဟင်"

"စိတ်ဆင်းရဲနေလား"

"ဘာဖြစ်လို့ စိတ်ဆင်းရဲရမှာလဲ"

"အိမ်ကိုလွမ်းလို့လေ"

"'မေခင့်'ကို လွမ်းအောင်မှ သင်မပေးလိုက်ကြတာ"

"ကိုယ့်နောက် လိုက်လာရတာ ပျော်ရဲ့လား"

"သူရော"

"စမ်းကြည့်စမ်း... ကိုယ့်ရင်ခုန်သံကို"

"မမျှော်လင့်ဘဲ မိန်းမခိုးလာရလို့ စိတ်ညစ်နေတာလား"

"ဘယ်ဟုတ်မလဲ... မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာလို့ ပျော်နေတာ... 'မေခင်' အိမ်ကျဉ်းလို့ မနေတတ်ရင် ဒီအိမ်ကိုပြန် အပ်ပြီး အိမ်ဝယ်ချင်ဝယ်လေ"

"အို... မဝယ်ပါဘူး... နှစ်ယောက်တည်းရှိသေးတာ... အိမ်အကျယ်ကြီးနေပြီး ဝင်ငွေမရှိသေးရင် အလကားပဲ... ကား ဝယ်ရင် ပိုက်ဆံရမယ်... ပိုက်ဆံကိုစုပြီး အိမ်ဝယ်မယ်... အဲဒီ တော့ အိမ်လည်းရမယ်... ကားလည်းရမယ်... မဟုတ်ဘူးလား"

"သိပ်ဟုတ်တာပေါ့... ကိုယ့်ချစ်ချစ်က သိပ်လိမ္မာပြီး... မိန်းမပီသပြီးသားပဲ... တစ်ခုပဲစိုးရိမ်တယ်... ကိုယ့်ဆီမှာ မပျော်လို့ ပြန်ပြေးမှာကိုပေါ့"





"အို... ကလေးကစားတာမှ မဟုတ်ဘဲ... လင်နောက် လိုက်ပြေးပြီးမှ အိမ်ပြန်ပြေးလို့ကတော့ ဘယ်သူ အပျိုပြန်ဖြစ်မှာ မှတ်လို့"

"ဒါဆို ကိုယ်နဲ့နေရတာ မပျော်သည့်တိုင် ပြန်မပြေးဘူး ပေါ့ ဟုတ်လား"

"သူ သိပ်လည်တယ်... ပျော်လား... မပျော်လားသိချင် လို့ အစ်နေတာ မဟုတ်လား"

"ကဲ... ပြောပါဦး..၊ ပျော်ရဲ့လား"

"ကိုယ့်ချစ်သူနဲ့ အတူနေရတဲ့သူတိုင်း မပျော်ဘဲရှိပါ့မ လား 'စော'ရယ်... 'စော'သာ ဒီကောင်မလေးကိုရှာကျွေးရတော့ မှာပဲဆိုပြီး စိတ်များညစ်သွားမလားပဲ"

"မညစ်ပါဘူးဗျာ... ရှာကျွေးချင်လွန်းလို့... စိတ်ချမ်းသာ အောင်ထားချင်လွန်းလို့ ကြိုတင်စီစဉ်... စုဆောင်းထားတာရော ဗျာ... အင်း ခက်တာက နက်ဖြန်ခရီးထွက်ရမှာက အခက်ပဲ... မိန်းမရကာစ ခရီးထွက်ရမှာတော့ မထွက်ချင်ပါဘူးကွာ"

"အို အဲသလို မပြောနဲ့လေ... အလုပ်ကိုလေးစားမှပေါ့... သူက ကိုယ့်ကို ထမင်းကျွေးမှာ"

"တစ်ပတ်လောက်ကြာမှာကွ... စဉ်းစားလည်းကြည့်ဦး ပူပူနွေးနွေးဇနီးချောလေးကို တစ်ယောက်တည်းထားသွားရမှာ... စိတ်မချပါဘူး... လိုက်ခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာ... သူများဘာပြောမလဲ... အိမ်နီးနား ကောင်းချင်းတွေရှိတယ်မဟုတ်လား... အယ်သွားပေါ့... နောက် လည်း သူခရီးသွားရင် 'မေခင်' ဒီလိုပဲနေခဲ့ရမှာပဲဟာ"

"နောက်ဟာက နောက်... အခုဟာက တစ်ခါမှ နှင်း တောင် မနမ်းဘူးသေးတဲ့ အချစ်ကိုပိုင်ရတဲ့နေ့ဆိုတော့ ခရီးကို မထွက်ချင်ဘူး"

"အဟင်း ဟင်း"

'မေခင်'က ရယ်သည်။

"သိပ်ချစ်တာပဲ 'မေခင်'ရယ်... သိပ်ပျော်တာပဲကွာ... ခုလို 'မေခင်' ကိုယ့်ဆီမြန်မြန်ရောက်လာတာ... မမကြောင့်ပဲ... ဘာဖြစ်ဖြစ် မမကိုပဲ ကျေးဇူးတင်နေမိတယ်"

"ဟွန်း... ခုမှ ဒီစကားပြောနေ... သူနဲ့ မမနဲ့ တစ်ချိန်က ရှုပ်ရှုပ်ယှက်ယှက်ဖြစ်ခဲ့သေးတာ မသိဘူး မှတ်လား"

"ဟာဗျာ... ဘာတွေလျှောက်ပြောနေတာလဲ... ကိုယ် လေ မမကို ကိုယ့်အလုပ်ရှင်... ကိုယ့်ကျေးဇူးရှင်ရဲ့ ဇနီးတစ် ယောက်အဖြစ် တလေးတစားဆက်ဆံခဲ့တာပဲရှိပါတယ်... ကျိန် ပြောရဲပါတယ်ကွာ... ညာပြောရင် 'မေခင်'နဲ့ ကွဲရစေရဲ့"

"အို... ကျိန်စရာရှားလား... သူက ခွဲနိုင်ပေမယ့်...'မေခင် က မိန်းကလေးရှင့်... တစ်ယောက်ဆိုတစ်ယောက်တည်းပဲ တစ် သက်လုံးပေါင်းသင်းချင်တယ်"





"ကိုယ်ကလည်း ဒီဘဝမှာ ဒီတစ်ယောက်သာပါဗျာ"

'မေခင်'တို့ မင်္ဂလာဦးညသည် ခေါင်းအုံးတစ်လုံး၊ ဖွမ်းပုံ တစ်ထည်၊ အခင်းတစ်ခု၊ ခြင်ထောင်တစ်လုံးဖြင့် မိုးလင်းခဲ့ပါ သည်။ မနက်မိုးလင်းတော့ အိမ်နီးနားချင်းများက အုံ့ဩနေကြ သည်။ ကားမထွက်ခင် 'စော'က ဈေးပြေးဝယ်ပေးသည်။ မင်္ဂလာ ‌ဆွမ်းအဖြစ် ဘုန်းကြီးကျောင်း ဆွမ်းပို့ကြမည်။

အိမ်နီးနားချင်းများကို ထမင်းဟင်းပို့မည်။ ဒါပါပဲ။ 'မေ ခင်'နှင့် 'စော' ဘယ်တရားရုံးမှ လက်မှတ်မထိုးဘဲ ပေါင်းသင်း လိုက်ကြခြင်းဖြစ်သည်။ ရုစ်နာရီခန့်တွင် 'စော' 'မေခင့်'ကို မရေ ကွက်နိုင်သော အနမ်းများဖြင့် နှုတ်ဆက်ပြီး အလုပ်ရှိရာထွက် သွားခဲ့သည်။

မျက်စိတစ်ဆုံး စောင့်ကြည့်နေသော 'မေခင့်'ကို နောက် ပြန်လက်ပြနှုတ်ဆက်ရလွန်းသဖြင့် 'စော' တစ်ယောက်မကြာ ခဏခလုတ်တိုက်နေတော့သည်။ 'မေခင်' အိမ်လေးထဲတွင် ရှင်း ရှင်းလင်းရင်းကျန်ရစ်ခဲ့သည်။ ခေါင်းအုံးလေး စောင်လေး ထပ် ချုပ်ထားဖို့ ဈေးဝယ်ထွက်ချင်သော်လည်း အပြင်မထွက်ချင်သေး ၍အောင့်နေရသည်။

"တီ တီ"

ကားကြီးတစ်စီး မောင်းနှင်လာသံကိုကြားနေရသည်။ 'မေခင်'တို့အိမ်ရှေ့နားတွင်ရပ်သွားသဖြင့် လှမ်းကြည့်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



စောဖြစ်နေ၍ 'မေခင်' ရင်တဖိုဖိုဖြင့်ပြေးကြိုမိသည်။

"'စော' ဘာဖြစ်လို့လဲဟင်"

"အလုပ်ရှင်ကို ပြောပြတော့... ဒီတစ်ခေါက်နားလို့ရ တယ်တဲ့... လူစားခေါ်သွားလိုက်မယ်တဲ့... အလုပ်ကိုဦးစားပေး အတွက် သူ လေးစားတယ်တဲ့... ကိုယ့်အတွက် လက်ဖွဲ့ငွေနှစ် လည်း ပေးလိုက်သေးတယ်... လိုအပ်တာရှိရင်လည်း ပြောတဲ့"

"ဟုတ်လား"

ကားကြီး ပြန်လှည့်ထွက်သွားလေပြီ။

"ကိုယ်ပြန်လာလို့ စိတ်ညစ်နေပြီလား"

"အို... သူ့ကိုအားကိုးလို့လိုက်လာတဲ့ဟာ... သူရှိနေလေ ကြိုက်လေပေါ့... နောက်အပတ်မှဆိုတော့ ပိုအဆင်ပြေတာပေါ့ ခေါင်းအုံးရယ်... ပိတ်စရယ်... ဂွမ်းပုံတစ်ထည်ရယ် သွားဝယ်ပေး နော်"

"ဘာလဲ ချမ်းလို့လား... ချစ်သူရဲ့နွေးထွေးမှုလောက် အယ်စောင်မှ မလုံဘူးဆိုတဲ့စကား မမှန်တော့ဘူးထင်တယ်"

"ကြည့်... သူ စကားတတ်တိုင်းပြောနေတော့တာပဲ... သူ မရှိတဲ့အချိန်ကျရင် ခြုံဖို့... ကဲ သိပြီလား"

"စတာပါကွာ... သွားဝယ်ပေးမှာပေါ့... 'မေခင်'ရော မ လိုက်ဘူးလား"

"အပြင်မထွက်ချင်သေးဘူးကွာ"





"ဘာလဲ ရှက်လို့လား"

"အိမ်က တွေ့သွားမှာစိုးလို့"

"ပြ[illegible]မှာကြောက်လို့လား"

"အင်းပေါ့"

"'မေခင်' လိုက်မှဖြစ်တာပါ... နောက်လဲ သိမှာပဲ... သတ္တိရှိရှိရင်ဆိုင်လိုက်စမ်းပါကွာ"

"သတ္တိမရှိလို့ မဟုတ်ဘူးလေ... ကြီးကြီးက ဈေးထဲမှာရှိတယ် မဟုတ်လား... လူကြီးကို မလေးမစားလုပ်ရာကျမှာလည်း ကြောက်ရသေးတယ်လေ"

"ဟုတ်ပြီး... ဒါဆိုရင် လိုချင်တာကို စာရင်းရေးပေး... ကိုယ် အကုန်ဝယ်ခဲ့မယ်"

'မေခင်'က ခေါင်းအုံးတစ်လုံးထပ်လုပ်ပါ၊ ခေါင်းအုံးစွပ်ဆင်တူနှစ်လုံးကိုလက်ဖြင့်ချုပ်သည်။ ခန်းဆီးများတပ်သည်။ အိမ်ရှေ့ခန်းတွင် ဝါးဖြင့်ပြုလုပ်ထားသော ကုလားထိုင်တစ်လုံး၊ စားပွဲခုံ တစ်လုံးကို ဝယ်ထားသည်။ ကုလားထိုင်စွပ် တပ်သည်။ လိုက်ကာတပ်သည်။ အိမ်ကလေး လှပသစ်လွင်နေသည်။

"အင်း... မိန်းမယူရတာ တယ်နိပ်သကွာ... ထမင်းကောင်း ဟင်းကောင်းလည်းစားရတယ်... အိမ်ကလေးကလည်း လှလာတယ်... မောင့်ဘဝမှာဘာမှမလိုတော့ဘူး... ပြီးပြည့်စုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အခုလိုပြည့်စုံတာဟာ 'မခေါင်'နဲ့ သူနဲ့ကြိုတင်စီစဉ်ထား လို့ရှင့် သိလား"

"သိပ်ဟုတ်တာပေါ့… ဒါလောက်နဲ့ကျေနပ်နေလို့ မဖြစ် သေးဘူး… 'မခေါင်'အစ်မက မောင့်ကို အလကားကောင်…မိန်း မဆီက ညာစားနေတဲ့ကောင်လို့ မပြောနိုင်အောင် အံ့သြသွား အောင် ကားဝယ်ဖို့ကိစ္စကို အမြန်ကြိုးစားရမယ်"

"ဟုတ်တယ်… မောင့်ပစ္စည်းကို တစ်ပိုက်ပိုက်နဲ့လုပ်နေ ရတာလည်း စိတ်မောတယ်… မောင်ရှိရင် ကိစ္စမရှိဘူး… မောင် ခရီးထွက်နေရင် ပစ္စည်းက လူကိုခြောက်ခြားစေတယ်… ကား ဝယ်လိုက်ရင် ပြီးရောနော့"

"မခေါင့်'ကိုလည်း ဆွဲကြိုးတစ်ကုံးလောက်ဆင်ပေးချင် တယ်"

"အို… ဘာမှ ဝတ်မထားတာ အကောင်းဆုံးပဲ… ကိုယ့် မှာ ကားတစ်စီးကြီးတောင်ရှိနေမှ ဘယ်သူက အထင်သေးနေဦး တော့မှာလည်း မောင်ရယ်… ဟုတ်ဘူးလား"

"ဟုတ်တယ်… ဒါဆို ဒီလိုလုပ်မယ်… 'မခေါင်'နဲ့မောင် မန္တလေးဆင်းပြီး ရွှေတွေထုတ်ရောင်းမယ်… ပြီးတော့ ကိုယ့်ငွေနဲ့ တန်တဲ့ ကားဝယ်ရင် မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်… တော်ကြာနှစ်ယောက် တောင်သွားနေရင် နှစ်ယောက်စရိတ်ကုန်နေမှာပေါ့"





"ဪ 'မခေါင်'ရယ်… ရှိတာမှ နှစ်ယောက်တည်းရှိတာ ဒီလောက်တော့ ကုန်စမ်းပါစေ… နောက်တော့ ပြန်ရှာတာတာ ပေါ့ မဟုတ်ဘူးလား"

နှစ်ရက်ခန့်နေပြီးတော့ 'မခေါင်'နှင့် 'စော'တို့ လင်မယား မန္တလေးသို့ ထွက်ခဲ့ကြသည်။ 'မခေါင်'လင်နောက်လိုက်ပြေးသည့် ကိစ္စကို 'မတောင်'တို့ နှစ်ရက်ခန့်နေမှ သိကြတော့သည်။ အိမ်ကြီး ၏အောက်ထပ်တွင် 'မခေါင့်'ကို တစ်ယောက်တည်းပစ်ထားသ ဖြင့် မသိကြခြင်းဖြစ်သည်။

'မတောင်'က 'ဦးဘကြည်'ကို တစ်ချိန်လုံး အောင်သွယ် လုပ်ရပါမည်လားဟု ဆဲဆိုနေတော့သည်။ 'မတောင်' ဘာပြော ပြော 'ဦးဘကြည်' ကွမ်းအဝါးမပျက်၊ အရက်သောက် မပျက်။ 'မခေါင်'နှင့် 'စော'တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ရှိနေကြသဖြင့် ကျေနပ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၇

"ဟဲ့... ငါတော့ နားကြားလွဲသလား မသိပါဘူးအေ... 'မခေါင်'တို့ လင်မယား ကားဝယ်လာတယ်ဆိုလားပဲ"

"ဘာ... ဘယ်လို"

ကြီးဒေါ်ဖြစ်သူ၏စကားကြောင့် 'မေတင်'တစ်ယောက် လက်ထဲမှ သိုးမွေးထိုးတံကိုပစ်ချပြီး ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"ဈေးထဲမှာ ပြောနေတာပဲ... ကားဝယ်လာတယ်တဲ့"

"မဟုတ်နိုင်တာ... သူ့ကောင်က ဘယ်နှစ်ပြားရှိလို့လဲ... သူကတောင် အိမ်ကပစ္စည်းခိုးပေးနေရတဲ့ ဥစ္စာ"

"ဘာဖြစ်နေနေ... ကားဝယ်လာတာကတော့ သေချာတယ်"





"ဘာကားတုန်း"

"ကုန်ကားပဲ... ကုန်ကားတောင် အစုတ်တောင်မဟုတ်ဘူး... အတော်သစ်တယ်"

"မဟုတ်မှလွဲရော... ဒီကောင် သူများပစ္စည်းထုပ်တွေ ဘာတွေကောက်ရသလား မသိဘူး... ဒါမှမဟုတ် သူများအိမ်မှာ ဝင်ခိုးသလား မသိဘူး"

"နေပါဦးလေ... ငါစုံစမ်းကြည့်ပါဦးမယ်... ဒါမှ မဟုတ် ဒီလိုလုပ်ပါလား... နင့် သူငယ်ချင်းတွေကို သွားအိပ်လည်ရင်း မေးခိုင်းပါလား"

"ဘယ်သူမှ ရှိတာမဟုတ်ဘူး... ရှိတဲ့အကောင်ကလည်း တစ်နေ့တစ်နေ့ မူးပြီးလဲနေတာနဲ့ ပြီးနေတာပဲ"

"အေးလေ... အဲဒီကောင်လေးလည်း သနားပါတယ်... ပညာတတ်ဖြစ်ပြီးမှ ဘဝပျက်အောင်သောက်ရတယ်လို့ကွယ်... ကိုယ်ကြိုက်တဲ့ မိန်းကလေးကို မရတာနဲ့ပဲ ကိုယ့်ဘဝ ကိုယ်ဖျက်ဆီးရတယ်လို့... 'တာခံ'လည်း သူကြိုက်တာ ရတာမှမဟုတ်ဘဲ... ဒီလိုပဲ ကိုယ့်စိတ်ကိုယ် ဖြေယူရတာပေါ့"

"အို... 'တာခံ'က လူလည်ပါ... ဘယ်မိန်းကလေးကိုမှ ရင်ထဲအသည်းထဲကချစ်တတ်တာမဟုတ်ဘူး... သူ တကယ်မချစ်လို့ မခံစားရတာပေါ့... တကယ်ချစ်တဲ့လူကျတော့ တွေ့တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



‘မေတင်’က ‘တာဖံ’ကို လုံးဝကျေနပ်သူ မဟုတ်၊ ထို့အတူ ‘မေခင့်’ကိုလည်း ညီအစ်မအရင်းဖြစ်သည့်တိုင် ကားဝယ်သည် ကြား၍ လုံးဝမနာလိုဖြစ်နေသည်။ မအိပ်နိုင်၊ မစားနိုင်ကိုးဖြစ်နေသည်။

“ဟွန်း... ကောင်မ... ဒါသက်သက်မဲ့ ‘မေတင့်’ကိုချိုးတာ သူ့အကောင်ကို ‘မေတင်’က နှိမ်လို့ တမင်ခြေရာခြင်းလိုက်ပြိုင်တာ... ဘယ်သူ့ကားကို သူတို့ဆီယူထားလည်းမှ မသိတာ...နေဦး နောက်လလောက်ဆို ‘ပေါက်စီ’ ပြန်လာလိမ့်မယ်... အဲဒီတော့ မှမေးခိုင်းရမယ်”

“ဘာပဲဖြစ်ဖြစ် ငါတော့ သူတို့ကားဖြစ်ပါစေလို့ ဆုတောင်းတယ်... ဒါမှ ငါ့တူမလေး ချောင်ချောင်လည်လည်နေနိုင်မှာ”

“ကြီးကြီးက ဖွတ်အထင်ကြီးနေလိုက်တာ... အိမ်မှာခိုင်းဖတ်လုပ်သွားတဲ့ကောင်က ဘာပိုက်ဆံရှိမှာလဲ”

“ထိတွေဘာတွေ ပေါက်တာဆိုရင်ကော”

“မဖြစ်နိုင်တာ... ကြီးကြီးနော် ဟိုကိုသွားဟယ်... လာဟယ်တော့ မလုပ်နဲ့... ‘မေတင်’ မကြိုက်ဘူး”

“မသွားပါဘူး... စိတ်ချ... ငါ အဲဒီ ‘စော’ဆိုတဲ့ကောင်ကို ကြည့်လို့ကိုမရဘူး... သူများအိမ်မှာသာနေတာ ဘဝင်ကခပ်မြင့်မြင့်ရယ်... ငါ့ကို သူက ခပ်တည်တည်နေတာ... ငါကလည်း သူ့ကို အဖက်လုပ်တာ မဟုတ်ဘူး”

လင်ဖြစ်သူ ခရီးဝေးမှပြန်လာသည်နှင့် ‘မေခင်’ ကားဝယ်သည့်ကိစ္စကို စီး၍ပြောတော့သည်။

“ကိုကိုပဲ စဉ်းစားကြည့်... ဖြစ်နိုင်မလား”

“ပြောတော့ ပြောလို့မရဘူး... ‘စောလေး’က သိုသိုသိပ်သိပ် စုစုဆောင်းဆောင်းတော့ရှိတယ်... ရန်ကုန်ပွဲရုံမှာနေတုန်းကလဲ... ဟိုပွဲစားကပေးလိုက်... သည်ပွဲစားကပေးလိုက်နဲ့... ပိုက်ဆံတော်တော်ရတယ်... အလုပ် အရမ်းလုပ်ပြီး သဘောကောင်းတော့ လူချစ်လူခင်များတယ်လေ... ကိုကို တစ်ခေါက် တစ်ခေါက်သွားရင်ပင် ပေးတာကလည်း နည်းတာမှမဟုတ်ဘဲ... အဝတ်အစားတောင် ဝယ်ဝတ်တာမဟုတ်တော့ ရသ သပိတ်ဝင် အိပ်ဝင်ပဲလေ... ဒီအိမ်ရောက်တော့လည်း ကြည့်... လား... အလုပ်လုပ်တယ်... ရသမျှစုတယ်”

“ဘယ်လောက်စုစုပါ ကိုကိုရာ... ကားကြီးတစ်စီးလုံး ဝယ်ယူနိုင်လောက်အောင်တော့...”

“နေဦး... ကိုကိုသတိရပြီ... ရန်ကုန်ပွဲရုံက ‘ဦးမြတ်လှ’ ပြောဖူးတယ်,... ‘စောလေး’အဘိုးက ပိုက်ဆံရှိတယ်တဲ့... အနေအထိုင်လည်း ကုပ်တယ်တဲ့... အဘိုးသေတော့ အိမ်တစ်လုံးရယ် ငွေရယ်... ရွှေရယ်ကျန်ခဲ့တယ်တဲ့... သူ့မြေးလက်ထဲ အပ်သွားတယ်တဲ့”







www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါတွေ အစက ကိုကို ဘာလို့မပြောလဲ"

"အကြောင်း မတိုက်ဆိုင်ဘူးလေကွာ... ပြီးတော့ 'စော' ပုံစံကလည်း သူ့ကိုယ်သူ မရှိသလိုလုပ်နေလို့ ကိုကိုလည်း ကိုယ်နဲ့ မဆိုင်လို့ ဘာမှမပြောဘဲနေလိုက်တာ"

'မေတင်' မဲ့ပြုံးလေးပြုံးရင်း...

"အကောင်က ဆရာနဲ့ကိုတက်ပြိုင်တာ"

"ဒီလို ဘယ်ဟုတ်ပါ့မလဲ 'မေတင်'ရယ်... သူလည်း ဒီ ပတ်ဝန်းကျင်မှာနေတော့ ဒီအလုပ်ကို စိတ်ဝင်စားလို့နေမှာပေါ့"

'ဦးတင်နိုင်'က 'စော'ကိုသံသယဇဉ်ရှိပြီးသားဖြစ်၍ အပြစ်မမြင်နိုင်အောင်ဖြစ်နေသည်။ ဇနီးဖြစ်သူ မကျေမနပ်ဖြစ်နေမှန်းသိ၍ ဘာမျှဆက်မပြောတော့သော်လည်း ညနေဘက်တွင် 'စော'နှင့် ခယ်မဖြစ်သူထံသို့ ဂျစ်ကားဖြင့်ထွက်ခဲ့သည်။

'ဦးတင်နိုင်'ကိုတွေ့သောအခါ 'မေခင်'တို့လင်မယားနှစ်ယောက်စလုံး ဝမ်းသာအားပြေးကြိုကြသည်။

"အန်ကယ် နေကောင်းတယ်နော်"

"အေးကွ... မင်းတို့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ် အန်ကယ်"

"အိမ်မကျဉ်းဘူးလားကွ"

"နှစ်ယောက်တည်းတော့ နေလောက်ပါတယ် အန်ကယ် နောင် သားတွေသမီးတွေရလာမှပဲ တစ်မျိုးစီစဉ်တော့မယ်"





"အေးကွ... ကျဉ်းပေမယ့် သပ်သပ်ရပ်ရပ် လှလှပပ လုပ်ထားတော့ နေချင်စရာလေးပါပဲ"

"အစ်ကိုကြီးကို ကန်တော့ဖို့ဆိုပြီး 'မေခင်'တို့လင်မယားနှစ်ယောက် လုံချည်တစ်ထည်နှင့် တဘက်တစ်ထည် ဝယ်ထားပါတယ်... ကြုံတုန်း ကန်တော့ပါရစေနော်"

"ပစ္စည်းမပါလည်း လက်ချည်းပဲ ကန်တော့လည်း ရပါတယ်ကွာ... မင်းတို့လင်မယားသက်ဆုံးတိုင် ပေါင်းဖော်နိုင်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ဒါနဲ့ ဟိုကားက မင်းတို့ကားလားကွ"

"ဟုတ်ပါတယ် အန်ကယ်"

"တော်တော်သစ်တာပဲ... ဘယ်လောက်နဲ့ဆွဲခဲ့လဲ"

"ရောင်းမယ့်လူကလည်း ဗိုက်နာ ဝမ်းကိုက်ဆိုသလို ငွေအရမ်းလိုနေတော့ ကျွန်တော်တို့ ခုနစ်သောင်းနဲ့ ရလိုက်ပါတယ် ကုသိုလ်ကံကောင်းတယ်လို့ ပြောရမှာပါပဲ"

"အေး... ဝမ်းသာတယ်ကွာ... အန်ကယ်ကတော့ ကိုယ့်ခယ်မရော... ကိုယ့်တူကိုယ့်သားလိုဖြစ်နေတဲ့ 'စောလေး'ရော ချမ်းသာမယ်ဆိုရင် ကျေနပ်နေတာပဲဟေ့... သွားမယ်နော်... နောက်မှလာဦးမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အိမ်ပေါက်စလေးနှင့် ကားပိုင်ရှင်လင်မယားသည် ဤ ပတ်ဝန်းကျင်ဝယ် အိမ်ထောင်ရှင်တိုင်း အတုယူဖွယ်ဖြစ်နေတော့ သည်။ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်နာပုံကတော့ ရှားပါသည်။ 'မေခင်' သုံးဖို့ရေကို 'စော'က ဒိုင်ခံဆွဲပေးသည်။

အုတ်ကန်လုပ်ပေးထားသည်။ ဈေးဝယ်ပေးသည်။ ငယ် ရွယ်သူလင်မယားဖြစ်သော်လည်း ဟော့ဟော့ရမ်းရမ်းလုံးဝမရှိ။ စီးသည့်ရေ ဆည်သည့်ကန်သင်းဆိုသလို 'စော'က အရှာအဖွေ ကောင်းသလို 'မေခင်'ကလည်း အစုအဆောင်းတော်ပေသည်။ ဘယ်တော့မေးလိုက် မေးလိုက် မုန့်ညှင်းဆောနှင့် ငါးခြောက်ဖုတ် ငါးခြောက်ကြော်သာ စားတာများသည်။

ဈေးလည်း 'မေခင်' သွားတာ သိပ်မတွေ့။

" 'မေခင်'... ဈေးသိပ် မသွားဘူးနော်"

"ဟုတ်တယ် အဒေါ်ရဲ့... သွားစရာ မလိုဘူးလေ... 'စော' က အိမ်မှာအပြည့်အစုံ ဝယ်ပေးထားတာ... ဆီ ဆန် ဆား အား လူး ကြက်သွန် ငါးပိ ငါးခြောက် ကြက်ဥ ဘဲဥ ဝက်အူချောင်း အကုန်ရှိတယ်... ဟင်းရည်ချက်ဖို့ ကုလားပဲ... ပဲခင်းငုံ... ပဲနီလေး ပုလင်းနဲ့ထည့်ထားတယ်... ဟင်းရွက်မျိုးစုံလဲ အိမ်ရှေ့မှာဖြတ် သွားတဲ့တောင်သူတွေဆီက ခေါ်ဝယ်ရင် ရနေတော့ သွားစရာကို





မလိုဘူးလေ... တစ်ခါတလေ သိုးမွေးချည်လေး... အပ်ချည်လေး လိုချင်တဲ့အခါကျမှ 'မေခင်' ဈေးသွားဝယ်လိုက်တယ်"

"အင်း ငါတို့မတို့ လင်မယားကိုကြည့်ရတာ စိတ်ချမ်း သာလွန်းလို့ပါကွယ်... လင်က အရှာတော်သလို မယားကလည်း အအားကိုမနေဘူး... သိုးမွေးထိုးတာလဲ... အတော်ဖြစ်ဆို... အပ် ထည့်တွေသိပ်ကောင်းဆို"

"အပ်ထည့်ရပေမယ့်... တစ်လကို နှစ်ထည်ပဲဖြစ်ပါတယ် အဒေါ်ရယ်... အပ်ချုပ်စက်တစ်လုံးဝယ်ပြီး အင်္ကျီချုပ်မလားလို့ စဉ်းစားနေတာ"

"ချုပ်တတ်လို့လား"

" 'မေခင်' ကောင်းကောင်းချုပ်တတ်ပါတယ်"

"ချုပ်တတ်ရင် အလုပ်ဖြစ်ပါ့အေ... ဒီနားတစ်ဝိုက်က အင်္ကျီအပ်ဖို့အရေး မြို့ထဲသွားသွားနေရတာ... ငါ့တူမချုပ်တတ် ရင် အလုပ်ကောင်းကောင်းဖြစ်မယ်စိတ်ချ... တော်ကြာ ပိုက်ဆံ တွေ ထားစရာနေရာမရှိဘဲ ဖြစ်နေပါဦးမယ်အေ... ရှာလိုက် ဖွေလိုက် ကြတာ"

"ရှာရဖွေရတယ် အဒေါ်ရေ... မိုးရွာတုန်း ရေခံနိုင်မှ အိမ် တစ်လုံးလောက်ဝယ်ချင်တော့ ကြိုးစားရမှာပဲ"

"ဒါနဲ့ 'မောင်စော'ရော... ဒီတစ်ခေါက် ဘယ်ခရီးထွက် လည်းကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ကြီးဘက်ပါ"

"ဒါဆို ပစ္စည်းအဆန်းတွေပါလာဦးမှာပဲ"

"ပစ္စည်းအဆန်းပါပေမယ့်... သူ ဝယ်လာမယ် မထင်ဘူး ထားစရာနေရာလည်း များများမရှိဘူးလေ.. အဒေါ်ရဲ့"

"ဘာမှ သုံးတာလည်း မတွေ့ပါလားကွယ်... ပိုက်ဆံတွေ နှင်းစုနေတာကိုး"

"ဟုတ်တယ်... ကားခရရင် သူကတန်းပြီး ဘဏ်သွင်းခဲ့တာလေ... သုံးဖို့လောက်ပဲ ယူခဲ့တယ်"

"အင်း... ဒါဆို ဒီလင်မယားတော့ ဓာတ်ကဖြစ်တော့မှာပဲဟေ့"

"ပြောတဲ့အတိုင်းဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ အဒေါ်ရဲ့"

အပ်ချုပ်စက် တစ်လုံးဝယ်လာသဖြင့် 'မေခင်' အကြီးအကျယ်သဘောကျနေသည်။

"ကတ်ကြေးအသစ်တစ်လက်... အပ်ချည်လုံးရောင်စုံ နှစ်ဒါဇင်... ဒါက 'မေခင့်' အတွက် ရှန်လုံချည်"

"မောင်ကလည်းကွယ်... 'မေခင့်'မှာ ထဘီတွေအများကြီးရှိပါဆို... ဝယ်ချင်ရင် မောင့်အတွက်ပဲဝယ်ပါ... မောင်က အဝတ်အစားသိပ်ရှိတာ မဟုတ်ဘူး"

"မောင့်အတွက် မလိုပါဘူး... နောက်ထပ်ကြိုက်မယ့်လူ ရှိဖို့လည်း မလိုဘူး... 'မေခင်' ချစ်နေရင်တော်ပြီ"

"အမယ် မယ် မယ်... ဘယ်သူကကော နောက်ထပ်ကြိုက်စရာ လိုသေးလို့လဲနော်... တစ်ယောက်ဆိုတစ်ယောက်ပါပဲ သိရဲ့လား"

"ဟုတ်ရဲ့လားဗျာ... စိတ်ထဲက တိတ်တိတ်ကလေးကြိတ်ပြီး 'တာဇံ'ဆိုတဲ့ လူချောကြီးကို သတိမရဘူးလား"

"ဟွန်းနော်... 'မေခင့်' အချစ်ကို မစော်ကားနဲ့"

"ဟောဗျာ... သူငယ်ချင်းမို့လို့ သတိမရဘူးလားလို့ မေးတာပါဗျာ"

"ဟွန်း စကားတတ်တိုင်း အမျိုးမျိုးမပြောနဲ့ သိလား"

"ချစ်လို့ စတာပါ 'မေခင်'ရယ်... ဒါနဲ့ 'မေခင့်' သူငယ်ချင်းတွေလည်း တစ်ယောက်မှ မလာကြဘူးနော်"

"ကျောင်းပိတ်ရင် 'ပေါက်စီ' လာမှာသေချာတယ်... ကျန်တာတွေကိုတော့ သိပ်မမျှော်လင့်တော့ပါဘူး"

"ဘယ်သူလာလာ မောင် သဝန်မတိုပါဘူးကွာ...'မေခင့်' အချစ်တွေ မောင် အပြည့်အဝရထားပြီးပြီပဲလေ... ဘယ်သူလာလာ အရင်ကလိုပဲ ခင်ခင်မင်မင်နေနော်... ချက်ပြုတ်ကျွေးမွေးပါ မောင် နာလည်း မှုရှိပါတယ်"

"တို့ယောကျ်ားစိတ်ကောင်းရှိမှန်း ဟိုး အရင်ကတည်းက သိထားတာပါနော်... ဒါကြောင့်လည်း ယူခဲ့တာ"







www.burmeseclassic.com

www.burmeseclassic.com



"ချောက်ပြီကွာ"

"ချောက်စရာကောင်းလောက်အောင်ကို တို့ယောက်ျား ကတော်တာကိုး"

"ဟား ဟား ဟား"

မေတ္တာရိပ်မြုံလေးက ပျော်စရာအတိဖြစ်၍ အချိန်တွေ ကုန်လို့ကုန်မှန်းမသိ။ 'မေခင့်' ထံသို့ တိုက်တိုက်ဆိုင်ဆိုင် စာများ ရောက်လာသည်။ 'တာဇံ' 'ဗိုလ်မ'နှင့် 'ပေါက်စီ'တို့ထံမှဖြစ် သည်။

မေရီ

နင် အိမ်ထောင်ကျနေပြီဆို…

ဝမ်းနည်း ဝမ်းသာ ဖြစ်ရပါတယ်ကွာ…

မင်းရဲ့အမျိုးသားက မင်းကို သိပ်ချစ် သိပ်ကြင်နာပြီး အလုပ်လည်း အရမ်းကြိုးစားတယ်လို့ ကြားရတော့ ကျေနပ်မိ တယ်… ဒါကြောင့်လည်း သူ့ကို မင်း ရွေးခဲ့တာဖြစ်မှာပေါ့နော်…

မင်းအတွက် မင်္ဂလာလက်ဖွဲ့မပေးလိုက်ရလို့ စိတ်မ ကောင်းဘူးကွာ… နေကျရင်တော့ ငါရော 'ဗိုလ်မ' ရောပြန်လာ ဖြစ်မယ်ထင်တယ်… ငါ ရန်ကုန်မှာသွားနေရတာကတော့ 'အုန်း သီး' အတွက် စိတ်မကောင်းဖြစ်မိလို့ပါပဲတာ… ကိုယ့်မြို့ကိုပြန် လာရမှာတောင် ကြောက်နေသလိုပဲ… ဒါပေမဲ့ တစ်နှစ်တစ်ခေါက် တော့ လာဖြစ်အောင်လာခဲ့မှာပါ…





ဖေဖေတို့ မေမေတို့ကလည်း သူတို့မွေးရပ်မြေကိုမစွန့် ခွာနိုင်ကြဘူးဆိုတော့ ငါတို့လည်းပြန်လာကြရဦးမှာပါပဲ… ကိုယ့်မြို့ ကို ပြန်လာရမှာ ကြောက်နေသလိုပဲကွာ။ ။

မင်းရဲ့ ငယ်ပေါင်း

တာဇံ

စာဖတ်ပြီးရင်ထဲမှာ ဆွေးမြေ့သလိုလို၊ ရင်နာသလိုလို၊ ဝမ်းနည်းသလိုလိုဖြစ်ရပါသည်။ သူငယ်ချင်းတွေပြန်ဆုံလျှင် အ ရင်ကလို ပျော်စရာမကောင်းပါဦးမလား။ သို့သော် ခင်မင်မှုတွေ ကတော့ လျော့နည်းမသွားသေးတာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၈

"'မေခင်'တို့ လင်ရက်ကောင်းသလား မပြောနဲ့… မနက်မိုးမလင်းသေးဘူး သူ့ယောကျ်ားက လက်ဘက်ရည်ဖျော်ထားပြီးပြီ… ဈေးသွားပေးပြီးပြီ… ထမင်းအိုးဆိုလည်း ချက်လိုက်တာပဲ… အဝတ်ဆိုလည်း လျှော်လိုက်တာပဲ"

"ကျွန်မတို့ကတော့ လင်ကို နွားလိုခိုင်းတာတော့ မကြိုက်ပါဘူး… ကိုယ့်ကိုချစ်တယ်… အလိုလိုက်တယ်ဆိုပြီး ခိုင်းကောင်းတိုင်း ခိုင်းတာတော့မကောင်းပါဘူး"

"အလကားပါ… သူ့ယောကျ်ားသူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာသိအောင် ငါတို့ကို ကြွားပြနေတာဖြစ်မှာပါ"

'မေခင်' အိပ်ယာထဲမှ စကားသံများကိုကြားနေရသည်။ ပွဲတော်နားနီးလာပြီဆိုတော့ အပ်ထည်တွေများလာသဖြင့် 'မေခင်'





ညက တစ်ချက်ထိုးလောက်မှအိပ်ရသည်။ ထို့ကြောင့် မနက်အိပ်ယာထနောက်ကျသွားသည်။ 'စော'က မနက်ဆိုလျှင် လေးနာရီ ငါးနာရီတွင် ထနေကျ။

အိမ်ထောင်မကျခင်ကလည်း မနက်စောစောထသည်။ အိမ်ထောင်ကျပြီးတော့လည်း ထသည်။ အိပ်ယာမှထသွားတိုင်း 'မေခင့်'ကို အိပ်ရေးဝအောင်အိပ်ဖို့ပြောပြီး သူ့ဝမ်းပုံကိုထပ်ခြုံပေးသွားသည်။ 'မေခင်' စောစောထ၍ ချက်မည်၊ ပြုတ်မည်ကို ခွင့်မပြုဘဲ သူကိုယ်တိုင် ချက်ပြုတ်တော့သည်။

"မောင်"

"မောင် လို့"

"ဗျို့"

"ခဏလာစမ်းပါ"

"ဟင်းအိုးတွေဆီသပ်နေလို့ မိန်းမရေ… ခဏလောက် မဆိုင်းနိုင်ဘူးလား"

"ခုလာကွာ"

"လာပြီခင်ဗျာ… ဟင်းအိုးတွေက စိတ်မကောက်တတ်ဘူး… ဒီတော့ မင်းအောက်ကို ခဏဆင်းနေ… ရေနွေးအိုးကိုပြန်တင်… မိန်းမ စိတ်ကောက်ရင်ချော့ရခက်တယ်… မိန်းမဆီ အရင်သွားရမယ်"

'မေခင်' ပြုံး၍ စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မိန်းမ… ကျွန်တော်မျိုး ဘာလုပ်ပေးရမလဲ"

"လာစမ်းပါ… ထိုင်စမ်းပါ"

"ဟောဗျာ ထူးထူးဆန်းဆန်းပါလား… ဘာလဲ ဘဏ်ထဲမှာပိုက်ဆံဘယ်လောက်ရှိပြီလည်းဆိုတာ မေးမလို့လား"

'မေခင်'က မျက်စောင်းထိုးလျက်…

"သွား… သူ ဒါပဲ စဉ်းစားနေတာ… မိန်းမထက် ငွေပိုမက်နေ"

"ဟောဗျာ… ဘယ့်နှယ် စောစောစီးစီး ကျွဲမြီးတိုနေတာလဲ… မောင့်ဘဝနံပါတ်တစ် အရေးကြီးဆုံးသည် 'မေခင်'… နံပါတ်နှစ် အရေးအကြီးဆုံးသည် 'မေခင်'… နံပါတ်သုံး အရေးအကြီးဆုံးသည် 'မေခင်'… နံပါတ်လေး အရေးအကြီး…"

"အို တော်တော့ သိပ်ပိုတယ်"

"မပိုဘူး… တကယ်ပြောတာ"

"မောင် အဲသလိုသည်းနေ… ပတ်ဝန်းကျင်ကပြောကုန်ပြီ"

"ဘာတွေပြောကုန်ပြီလဲ… 'စော'ဆိုတဲ့ကောင်က မိန်းမနားက မခွာဘူးတဲ့လား"

"မဟုတ်ဘူး… 'မေခင်'က ယောကျ်ားကိုသိပ်နိုင်းစားတယ်တဲ့… နွားလိုခိုင်းနေတာတဲ့… မောင် ခုချိန်ကစပြီး မီးဖိုထဲမဝင်ရဘူး… တော်ပြီ"





"ဟော… သူများပြောတိုင်း ဘယ့်နှယ်စိတ်တိုနေတာလဲဗျာ… 'ခင့်' အသား ပဲ့သွားသလား… 'ခင့်' စီးပွားရေး ထိခိုက်သွားသလား… ဂရုစိုက်မနေစမ်းပါနဲ့ မိန်းမရာ… အဲဒါ မနာလိုလို့ပြောတာ… သူတို့ယောကျ်ားတွေက သူတို့ကို ဂရုမစိုက်ဘူး… အလိုမလိုက်ဘူးဆိုတော့ 'ခင့်'ကို ဝိုင်းမနာလိုဖြစ်နေကြမှာပေါ့… ဒီမှာ ဒီအိမ်လေးဟာ မောင်တို့ကမ္ဘာ… မောင်တို့နှစ်ယောက်နားလည်မှုရှိရင် ပြီးရော မဟုတ်ဘူးလား… 'ခင်'က တစ်ဘက်တစ်လမ်းက ဝင်ငွေရှာတယ်… 'မောင်'က ကားမထွက်သေးတဲ့အချိန်မှာ အိမ်မှာ အလုပ်မလုပ်ဘဲ ငုတ်တုတ်ထိုင်နေရမယ့်အစား… 'ခင့်'အလုပ်ဝင်ကူရင် 'ခင်'လည်း ဝင်ငွေပိုရအောင် ရှာနိုင်မယ်မဟုတ်ဘူးလား… မောင် ကားထွက်သွားတော့ 'ခင်'ကိုယ်တိုင်ချက်တယ်… လျှော်တယ်… ဖွပ်တယ်… နောက်ဆို သားတွေ သမီးတွေရလာရင် သားသမီးတွေရဲ့တာဝန်ကိုပါ 'မေခင်' ထမ်းဆောင်ရမှာ မဟုတ်လား… သည်တော့ မောင်နဲ့ 'မေခင်' ကျေနပ်ရင်ပြီးတာပဲ… ပတ်ဝန်းကျင်ကို လိုတာထက်ပိုပြီး ဂရုစိုက်နေရင် ဘာအလုပ်မှ ဖြစ်မှာမဟုတ်ဘူး မိန်းမရေ… ကဲ မောင် ဟင်းအိုးဆက်တယ်မယ် ဒီနေ့ ငါးသေတ္တာချက်တယ်… ပဲနီလေးဟင်းချက်တယ်… နောက်ဘာစားချင်သေးလဲ"

"တော်ပြီ… မောင့်မျက်နှာကိုကြည့်ပြီးစားရင် ဟင်းမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် မောင့်မျက်နှာက ဟင်းနဲ့တူနေလို့ထင်တယ်... ဟား ဟား ဟား"

"အဟင်းဟင်း"

'မေခင်'တို့လင်မယား၏ ရယ်သံကျယ်ကျယ်ကြောင့် နေ့ပွဲစားလုံ့ရင်း အတင်းပြောနေကြသောအမျိုးသမီးတစ်ဖွဲ့ မျက်စောင်းထိုးကြ၊ မဲ့ကြ ရွဲ့ကြပြန်သည်။ 'မေခင်' အိပ်ယာမှထသည်နှင့် ရေချိုးဖို့ပြင်သည်။ ရေပုံးလေးဆွဲ၍ ရေတွင်းသို့သွားနေသော 'မေခင်'ကို 'စော' က...

"ဟေး 'မေခင်'... မောင် ကန်ထဲမှာ ရေအပြည့်ခပ်ထည့်ထားတယ်လေ... ရေတွင်းကို သွားမနေနဲ့တော့... ရေတွင်းက နေရိပ်နေတယ်... တအားအေးလိမ့်မယ်"

"အောင်မယ်လေးတော် ကိုဖိုးသဲ သဲမှသဲပဲ... တစ်နေ့တစ်နေ့ သူ့မိန်းမအလုပ်ပဲ လုပ်နေတော့တာပဲ"

"ဩော် ကြီးဒေါ်ရယ် ကျွန်တော့်မိန်းမအလုပ် မလုပ်လို့ တခြား ဘယ်မိန်းမအလုပ် လုပ်ရဦးမှာလဲဗျာ"

ထိုစကားကြောင့် ကြီးဒေါ်ပါးစပ်ပိတ်သွားသည်။ ကြီးဒေါ်၏ယောကျ်ားသည် ကြီးဒေါ်အပြင်တခြားမိန်းမတစ်ယောက်ကိုထပ်ယူသွားသည် မဟုတ်ပါလား။

" 'မေခင်' အိပ်ယာထနောက်ကျလှချည်လား... ညက အိပ်ရေးပျက်တယ်ထင်တယ်"





နောက်တစ်ယောက်က ထပ်ဖောက်လာပြန်သည်။

"ဟုတ်တယ် အစ်မရေ... ညက အထည်တွေအပြီးသတ်ကြယ်သီးတပ်နေလို့လေ... ဒီကနေ့ လာရွေးကြမှာ"

"ဟုတ်လား... ဘယ်နှစ်ထည်လာရွေးမှာလဲ"

"ဒီနေ့လာရွေးမယ့်အထည် ကြီးကြီး သေးသေးဆယ်ထည်တော့ ကျော်တယ်"

"တစ်ထည် ဘယ်လောက်တုန်း"

"ရှစ်ကျပ်... တစ်ဆယ်လေ"

"ဟာ... ဒါဆို တစ်ရာလောက်ရမှာပေါ့"

"ဟုတ်ကဲ့"

"တစ်လကို ဘယ်လောက်စီလဲ"

"လေးငါးခြောက်ရာလောက်တော့ ဝင်တယ်"

"ညည်းတို့ လင်မယားကတော့ လိုက်လည်းလိုက်ပါအေ့... ပိုက်ဆံကိုမီးထွန်းပြီး ရှာနေတဲ့ဟာတွေ"

"ခက်တာက ပိုက်ဆံဘယ်လောက်ရှိရှိ သွားချေးရင် တစ်ခါထဲ မန္တလေးဘဏ်တိုက်မှာ ထည့်ထားတာချည်းပဲ"

'စော' မခံနိုင်တော့သဖြင့်...

"အဒေါ်တို့ အစ်မတို့ကလည်းဗျာ... ပိုက်ဆံမချေးပေးမယ့် ကျွန်တော် ကားနဲ့ပြန်လာတိုင်း ဘာပါလာလာ တစ်အိမ်မကျန်ပေးတာတော့ မပြောကြဘူး... လို့သမျှ လာတောင်းတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပေးနေတာတော့ မပြောကြဘူး... ပိုက်ဆံမချေးတာက ကျွန်တော်တို့မှာ ဘာမှပြည့်စုံသေးတာမဟုတ်ဘူး... 'မေခင်'ဆီမှာ ရွှေတစ်မှုန်တောင်ရှိသေးတာ မဟုတ်ဘူး... အဒေါ်တို့လို ရုပ်ရှင်တို့ ဘာတို့တောင် မကြည့်နိုင်ဘူးဗျာ"

'စော'က မပြောချင်လည်းနေ ပြောလျှင်လည်း ခပ်ပြတ်ပြတ်ကိုပြောတတ်သူ။

"မောင်ရယ် ဒီနားတစ်ဝိုက်က သိပ်ကိုအတင်းပြောတာပဲကွယ်... တစ်နေ့တစ်နေ့ မောင် မရှိလည်း ဒီအိမ်မှာ တရှုန်းရှုန်းပဲ 'ခင့်'မှာက အလုပ်နဲ့ဆိုတော့ အလုပ်တစ်ဖက်နဲ့ဧည့်ခံနေရတာ"

"အင်း 'မေခင်' ခြံကျယ်ကျယ်ဝန်းဝန်းနဲ့ နေခဲ့သူဆိုတော့ ဒီလိုရောကောသောကောနေရတဲ့ အခါကျတော့ အနေကျပ်မှာပဲ မောင်လည်း ခြံလေးဝန်းလေးနဲ့ထားချင်လှပါပြီကွယ်"

"ခက်တာက ခြံနဲ့ဝန်းနဲ့ကျပြန်တော့လဲ... မောင်မရှိရင် 'မေခင်' တစ်ယောက်တည်းဖြစ်နေမှာ မောင်ရဲ့... နေပါစေတော့ကွယ်... မောင်ပြောသလိုပဲပေါ့..., တိုယ့်အသားပဲ့တာ မှတ်လို့နော် ပြောချင်တာ ပြောကြပါစေတော့"

"ခင်ရာဆွေမျိုးတဲ့ စကားလဲ ရှိသားပဲ 'မေခင်'ရာ... အတင်းပြောတတ်တာကတော့ နေရာတိုင်းလိုပါပဲကွာ... ခွင့်လွှတ်လိုက်ပါ"

"'ခင်'လည်း စဉ်းစားထားပါတယ်... သားသမီးတွေရမှ





ခြံနဲ့တိုက်ကလေးတစ်လုံးလောက် ဝယ်ထားမလားလို့"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ မိန်းမရေ... စိတ်ချ မင်းဖြစ်စေချင်တာ မောင် အကုန်လုပ်ပေးမယ်... ဒါနဲ့ သားလေးမွေးပေးမှာလား... သမီးလေးမွေးပေးမှာလားဗျ"

"အိုး ဘယ်သိမှာလဲ... ကုသိုလ်ကံအတိုင်းရတာကိုပဲ ယူရမှာပေါ့"

"ကလေးအဖေဖြစ်တော့မှာဆိုတော့ အတိုးကြီးဖြစ်ပြီပေါ့"

"ဟွန်း ဘာလဲ... ဝမ်းနည်းနေတာလား"

"ဘယ်ကလာ ဝမ်းနည်းရမှာလဲ... အခုမှ စိတ်မချတာ... တော်ကြာ 'တာခံ' တောထဲခေါ်များပြေးသွားမလားလို့ စိုးရိမ်နေရတဲ့ကောင်ပါနော်"

"ဟင် မောင်နော်... ပြောပြန်ပြီလား ဒီစကား... 'မေခင့်' 'တာခံ'နဲ့ မစပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ... ကဲ ကဲ"

'မေခင်'က 'စော'ကိုထုသည်။

"အညောင်းတောင်ပြေသေးတယ်ဗျာ... ထု ထု"

"အဟမ်း အဟမ်း"

အိမ်ရှေ့မှ ချောင်းဟန့်သံကြောင့် 'စော' အမြန်ထွက်သွားသည်။ 'မေခင်'က အဝတ်အစားကိုအမြန်လဲသည်။

"ဟော အဘ... ဘယ်တ မျက်စိ လည်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုပဲ တမင်လာတာ"

"အဘ... ထမင်းစားပြီးမှ ပြန်ရမယ်နော်"

'မေခင်'က အခန်းတွင်းမှလှမ်းပြောခြင်းဖြစ်သည်။

"အေး... စားတာပေါ့"

'မေခင်' ကြက်ဥကြော်သည်။ ငါးရံ့ခြောက်ဖုတ်သည်။ ထို့နောက် ထမင်းပွဲပြင်သည်။

"လာ အဘ... ထမင်းအရင်စားပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့နော့်"

"အေး အေး"

"လာမယ်ဆိုတာ ကြိုသိရင်... ကျွန်တော် ကြက်သားဟင်းလေးဘာလေး ချက်ထားပါတယ်ဗျာ"

"တော်ပြီကွာ... အခုလည်း စုံလို့ပဲ... စားလို့လဲ မြိန်ပါ့"

အဘ လာသဖြင့် လင်မယားနှစ်ယောက်လုံး ဝမ်းသာနေကြသည်။ အဘသည် မိမိတို့နှစ်ယောက်ပေါ်တွင် အလွန်စိတ်ကောင်းရှိခဲ့သူ မဟုတ်ပါလော။

"အဘကို မောင့်လုံချည်နှစ်ထည်နဲ့ အနွေးထည်တစ်ထည်ပေးလိုက်ရအောင် 'မေခင်'... ပြီးတော့ ငွေငါးဆယ်လည်း ကန်တော့လိုက်ရအောင်"

"ကန်တော့လေ မောင်"

'ဦးဘကြည်' ခေါင်းတညိတ်ညိတ်ဖြင့်မျက်ရည်ဝဲနေ





သည်။

"မမရော နေကောင်းရဲ့လား အဘ... ကလေးတွေရော နေကောင်းကြရဲ့လား"

'ဦးဘကြည်' မျက်နှာမှာပြောင်းလဲသွားပြီ။

"ကောင်းကြပါတယ်... ဒါပေမဲ့..."

'ဦးဘကြည်' ဆက်မပြောဘဲရပ်ထားသဖြင့်...

"အဘ... ဒါပေမဲ့ ဘာဖြစ်လဲဟင်"

'မေခင်' စိုးရိမ်တကြီးလေးမေးသည်။

"အင်း... ပြောရမှာတော့ မကောင်းဘူးကွယ်... 'မေတင်' ဖေါက်ပြန်တာကို ဆရာသိသွားတယ်"

"ဟင်"

'မေခင်'နှင့် 'စော' တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကြသည်။

"ဘယ်သူနဲ့ဖေါက်ပြန်လို့လဲဟင်... အဘ"

"'ထွန်းအေး'နဲ့လေ... 'ထွန်းအေး'ကလည်း သားနဲ့မယားနဲ့ဆိုတော့ 'ထွန်းအေး' မိန်းမရိပ်မိပြီး ဆရာ့ကိုတိုင်တာ... ဆရာက စောင့်ဖမ်းတာ... မိတော့ ကွာမယ် ရှင်းမယ်တွေဖြစ်ကုန်ပြီလေ... 'မေခင်' မရှိတဲ့နောက်ပိုင်း အိမ်မှာ ဖရိုဖရဲတွေဖြစ်ကုန်ပြီကွယ်... ထမင်းချက်ဖို့ ထမင်းချက်တစ်ယောက်... အဝတ်လျှော်ဖို့တစ်ယောက်ငှားထားတာတောင် မွန်းလွဲမှစားရတယ်... မိုးချုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



စားရတယ်... ဟင်းကောင်းများ မြင်တောင်မမြင်ရတော့ဘူးကွယ်... မပြောချင်ပါဘူးကွယ်... မပြောချင်ပါဘူး"

'မေခင်' ငိုနေရှာသည်။

"'ဦးတင်ခိုင်'ကိုရွဲ့ပြီး မမက 'ထွန်းအေး'နဲ့ရှုပ်ပြတာလား မှ မသိတာ"

'မေခင်'က အစ်မဖြစ်သူဘက်က ကာ၍ပြောသည်။ 'စော'က...

"ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသူမှာ မယားပေါများခြင်းဟာ အံ့ဩစရာမဟုတ်ပါဘူးလို့ ရေးတာ ပြောတာ ဖတ်ဖူးကြားဖူးတယ် 'မေခင်'... အန်ကယ့်မှာပိုက်ဆံရှိလို့ မမလည်း အန်ကယ့်ကိုယူခဲ့တာပဲ မဟုတ်လား... တခြားပိုက်ဆံမက်တဲ့မိန်းကလေးတွေလည်း အန်ကယ့်မှာ ပိုက်ဆံရှိနေသေးရင် အန်ကယ့်ကိုယူမှာပဲ... သဘောကတော့ ဝဋ်လည်မှာပဲလို့ ပြောချင်တာလေ... ဒါကိုကိုယ်က ပြန်မိုက်ရင် ကိုယ်ပဲနစ်နာမှာပေါ့... ကလေးတွေသနားပါတယ်ကွာ"

"သူတို့ တကယ်ကွာကြတော့မှာလား အဘ"

"အေး တကယ်... ဆရာက အခုလက်ရှိနေတဲ့အိမ်နဲ့ ဂျစ်ကားပဲပေးမယ်တဲ့... ကလေးစားရိတ် တစ်လငါးရာပေးမယ်တဲ့"

ကိုယ့်အပေါ်မကောင်းခဲ့သော်လည်း အစ်မဖြစ်သူအတွက် စိတ်မကောင်းဖြစ်နေရှာသည်။





"မမတော့ စိတ်ဆင်းရဲနေမှာပဲနော်"

"ဘယ်စိတ်ဆင်းရဲမှာလဲ... သူက 'ထွန်းအေး'နဲ့ ပေါ်ပေါ်ထင်ထင်ယူချင်တာ... အခု သူက ပိုတောင်သဘောကျနေသေးတယ်"

"ဟင်"

'မေခင်' စိတ်ညစ်သွားသည်။ အဘပြန်သွားပြီး မိုးချုပ်သည်အထိ စကားမပြောဘဲ မျက်နှာညှိုးငယ်နေသော ဇနီးကိုယုယစွာထွေးပွေ့ရင်း...

"အချစ်စိတ်ဆင်းရဲနေပြီထင်တယ်... ဘယ်တတ်နိုင်မလဲကွာ... ကိုယ် လုပ်ယူလို့ရတဲ့ကိစ္စမှ မဟုတ်တာ... သူတို့လင်မယားကိုကြည့်ပြီး မောင့်တောင် စိုးရိမ်လာတယ်"

"ဘာကိုလဲ"

"ကြော် မောင်ကလည်း ခရီးထွက်နေတဲ့ကောင် မဟုတ်လား... တစ်ခါတလေ ကုန်စောင့်ရင်း တစ်ပတ်ဆယ်ရက်ကြာတတ်တဲ့အခါကြာတတ်တော့ 'မေခင့်'ကို အိမ်မှာတစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချချင်ဘူး"

"အို 'မေခင်'က စိတ်ပဋ္ဋာရာမိန်းမမျိုးမှမဟုတ်တာ... အထင်မသေးပါနဲ့"

"မသေးပါဘူးဗျာ... ဒါပေမဲ့ အိမ်ထောင်သည်တွေဟာ အနေဝေးတော့ မကောင်းဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်အနေဝေးဝေးပါ မောင်ရာ… သစ္စာရှိဖို့ အရေးကြီးတာပါ… ကဲ မောင်ရော တခြားတစ်မြို့တစ်ရွာရောက် တုန်း တခြားမိန်းကလေးတွေကို စိတ်ဝင်စားသလား… အပျော် အပါးရှိသလား"

"ဟိုး ဟိုး… ဘယ့်နှယ် မောင့်ဘက်လှည့်လာတာလည်း ဗျ… ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ… မောင် စိတ်နဲ့တောင် မပြစ်မှားပါဘူး… 'မေခင့်'ကိုပဲ လှမ်းသတိရနေတာပါ"

"'မေခင်'လည်း ဒီအတိုင်းပဲပေါ့… ညီအစ်မအရင်းချင်း ဖြစ်ပေမယ့် စိတ်ချင်းက တခြားစီပဲ မောင်ရေ… မမ စိတ်ကိုက မငြိမ်တာ… အစ်ကိုကြီးကိုလည်း ချစ်လို့ယူတာမှ မဟုတ်တာ… ဒီကြားထဲ အစ်ကိုကြီးက အိမ်မကပ်တော့ မမက ပိုဆိုးသွားတာ ပေါ့… မောင့်ကိုလည်း မြူဆွယ်သေးတယ် မဟုတ်လား"

"တော်ပါတော့ကွာ… မောင်က 'ကိုထွန်းအေး'လို လူစား မျိုးမှမဟုတ်တာ… မောင်နဲ့ 'မေခင်'တို့နှစ်ယောက်ရဲ့မေတ္တာဟာ ဟန်ဆောင်မှုမှမပါတာ… တစ်ယောက်ကိုတစ်ယောက် သစ္စာရှိရှိ ချစ်ကြတယ်… မယူခင်ကတည်းက တစ်ယောက်သဘော တစ် ယောက် လေ့လာပြီးသား…မယူခင်ကတည်းက ပွင့်ပွင့်လင်းလင်း ရှိပြီးသားတွေ… မောင့်ကိုက ကံကောင်းတာပါ… အဆိုတစ်ခုရှိ တယ်… လင်ချမ်းသာသည့်အခါ မယားဖြစ်သူကလည်း ချမ်းသာ မှုကိုမျှဝေခံစားပြီးလင်ဆင်းရဲတဲ့အခါမှာလည်းမယားဖြစ်သူဟာ





ဆင်းရဲမှုကို မညည်းမညူ ဝေမျှခံစားသူဖြစ်မှ မယားကောင်း မ ယားမြတ်ဖြစ်တယ်… ပစ္စည်းဥစ္စာပေါများကြွယ်ဝသူမှာ မယား ပေါများခြင်းဟာ အံ့ဩစရာမဟုတ်ပါဘူးတဲ့… မောင့်မိန်းမက တော့ မောင့်အပေါ်သစ္စာရှိရှိ မိန်းမမြတ်တစ်ယောက်မို့ မောင် ချမ်းသာရပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## ၂၉

"ဟယ်… 'တာဓံ' 'အုန်းသီး'… ကြည့်စမ်း… ဘယ်တုန်းကရောက်နေတာလဲ"

ညှော်ခန်းထဲတွင် စပ်ဖြဲဖြဲမျက်နှာဖြင့် ထိုင်နေသော 'တာဓံ'ကိုတွေ့လိုက်ရသဖြင့် 'မေခင်' အံ့သြသွားသည်။ 'အုန်းသီး'က ဝါးပက်လက်ကုလားထိုင်တွင် ခွေအိပ်နေသည်။

"မောင်ရေ"

မောင်ဆိုသော အခေါ်အဝေါ်ကြောင့် 'တာဓံ'က 'မေခင့်'ကို လှမ်းကြည့်နေသည်။

"မောင် လက်ဘက်ရည်ဖျော်နေတယ် 'မေခင်'ရေ… 'မေခင်' စကားပြောနှင့်ဦး"

'မေခင်' ခြင်းတောင်းလေးအိမ်ထဲပြေးထားပြီး…





"နင် ဘယ်တုန်းကရောက်တာလဲ 'တာဓံ' "

"မနေ့ကပဲ… နင့်မီးပုံပျံကြီးက ဘယ်တော့ကွဲမှာလဲ"

ကိုယ်ဝန်ဆောင်အင်္ကျီဖါးဖါးလေးဖြင့် ချစ်စရာကောင်းသော 'မေခင်'က…

"နှစ်လလောက်လိုသေးတယ်… 'ဗိုလ်မ'ရော မွေးပြီးပြီလား"

"မွေးပြီးပြီ… ယောက်ျားလေး"

'တာဓံ'က 'အုန်းသီး'ကို လှမ်းကြည့်ရင်းဖြေသည်။

" 'မေတင်'နဲ့ နင်နဲ့ စကားမပြောသေးဘူးလား"

"ဟင့်အင်း… မမနဲ့ အစ်ကိုကြီးနဲ့ ကွဲတာရောသိပြီးပြီလား"

"သိပြီးပြီ… အားလုံးသိပြီးပြီ… 'ထွန်းအေး'နဲ့ယူတာလည်း သိပြီးပြီ… 'မေတင်'နဲ့လည်း တွေ့ပြီးပြီ… သူကတော့ ထုံးစံအတိုင်းပဲ စီးကရက်အဖွာမပျက်ဘူး… အခု ပိုတိုးတက်နေတာက ဖဲပါရိုက်တတ်နေပြီ… 'ထွန်းအေး'ဆိုတဲ့ကောင်က တိုက်နဲ့ကားနဲ့ဆိုတော့ ဘဝင်တွေမြင့်နေလိုက်တာ… 'ဦးတင်ခိုင်'တုန်းက ငါတို့ ဝင်ချင် ထွက်ချင်ရင် လွတ်လွတ်လပ်လပ် ဝင်ထွက်လို့ရပေမယ့်… 'ထွန်းအေး'က ငါတို့ကို ညအိပ်ညနေ မပြောနဲ့ ခဏတစ်ဖြုတ်သွားတာတောင် မကြိုက်ဘူး ကိုယ့်လူ… ဟွန်း ငါတို့ကို သူ့လို စည်းမရှိ ကမ်းမရှိ သစ္စာမရှိတဲ့ လူစားမျိုးများမှတ်နေသ



www.burmeseclassic.com

www.burmeseclassic.com



လား မသိဘူး… ဒီမိန်းမများ လိုချင်ရင် ငါအရင်ဆုံးရတယ်မှတ်ပါ"

"အို ဆရာကြီးကလည်း ဘယ့်နှယ် ဒေါသတွေကြီးနေရတာတုန်း… 'မေခင်'တို့ကလေ အဲသလို ပြဿနာမဖြစ်အောင် မောင့်ကို မယူခင်ကတည်းက ကြိုတင်ပြောထားပြီးသား"

"သိပါတယ်… ငါနဲ့နင် စကားပြောနေတုန်း 'စောလေး'ကိုခေါ်ပြီးပြောတာ ငါ မှတ်မိပါတယ်… အဲဒီတုန်းက မျက်နှာပူလိုက်တာ"

"မောင်က ငါ့သစ္စာကိုယုံပြီးသား… နင်တို့ငါ့အိမ်ကို ဝင်နိုင်ထွက်နိုင်တယ်… စားနိုင် သောက်နိုင်တယ်… အေး အိမ်ကတော့ကျဉ်းတယ်"

"အိမ်ကျဉ်းပေးမယ့် ငါတို့ ပျော်ပါတယ်ဟာ"

ထိုစဉ် 'စော'က ကာဖီနှင့် မုန့်များကိုထည့်လာသည်။

"သောက်ပါဦး ခင်ဗျာ"

'အုန်းသီး'က ယခုမှ ခေါင်းထောင်လာပြီး အာလေးလျှာလေးဖြင့်…

" 'မေခင်' "

"ဘာလဲ 'အုန်းသီး' "

"နင်တိုက်ချင်ရင် ကော်ဖီမတိုက်နဲ့လေဟာ… ငါ့ကို အရက်တိုက်မှပေါ့ဟ… ငါက မူးချင်တဲ့အကောင်ဟ"





"နင်ကလည်း နည်းနည်းပါးပါးလျှော့သောက်ပါဦးဟယ် အသက်ကဖြင့် ငယ်ငယ်လေးရှိသေးတာ"

"ဘာဖြစ်လဲ… ငယ်ငယ်ကလေးနဲ့သေမှာစိုးလို့လား… သေတော့ အေးရောပေါ့ဟာ မဟုတ်ဘူးလား"

"မဟုတ်သေးဘူးဟာ… နင့်အမေကို သနားပါဦးမှပေါ့"

"အမေ့ကိုလား သနားတာပေါ့… သနားရုံတင် မဟုတ်ဘူး… အမေ့ကို ချစ်လည်းချစ်တယ်… အားလည်းကိုးတယ်… ဒီတလောကလုံးမှာ ငါ့ကိုအချစ်ဆုံးက ငါ့အမေရယ်… ဟောဒီယောက်ဖရယ်ပေါ့… ဘယ်သူချစ်ချစ် မချစ်ချစ် ငါ့အမေနဲ့ယောက်ဖကတော့ ငါ့ကိုချစ်နေတာပဲ… ငါကတော့ 'ဗိုလ်မ'ကို ချစ်ရလွန်းလို့ အသည်းတွေစကာပေါက်ဖြစ်နေပြီ"

'မေခင်' စိတ်ဆင်းရဲရပြန်သည်။

" 'ဗိုလ်မ'တောင် ရှေ့အပတ်ထဲရောက်မလား မသိဘူး"

"ဟုတ်လား… ဒီကိုခေါ်ခဲ့ဦးနော်"

"ခေါ်လာမှာပါ… 'ပေါက်စီ'လည်း ပြန်ရောက်တော့မယ်… အားလုံး စုကြမယ်"

"အေး ကောင်းတယ်… ဒီမှာပဲ ချက်ပြုတ်စားသောက်ကြတာပေါ့နော်"

"အေး အေး"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်ကကျဉ်းပေမယ့် ခြံကလေးရှိတော့ ကျယ်သလိုဖြစ်သွားဟာပေါ့ 'မေခင်'ရဲ့"

"ဟုတ်တယ် 'ဗိုလ်မ'... ဒီနေရာလေးက သာသာယာယာရှိလို့ တခြားကိုမပြောင်းသေးတာ... မောင်က ခရီးအမြဲတမ်းထွက်နေရတော့ ဒီပတ်ဝန်းကျင်က အိမ်နီးနားချင်းတွေကိုလည်း အမျိုးလုပ်နေရတာကွ... ကလေးတွေကြီးလာမှ အိမ်ကောင်းကောင်းဝယ်နေတော့မယ်"

"ကြားပါတယ်ကွာ... မင်းတို့စုံတွဲချစ်တဲ့အကြောင်း... အရှာအဖွေကောင်းတဲ့အကြောင်း... အစုအဆောင်းတော်တဲ့အကြောင်းတွေ... ကိုယ့်သူငယ်ချင်း လင်ကောင်း သားကောင်းရလို့ဝမ်းသာရပါတယ်ကွာ"





"အမယ်မယ် ဆရာဝန်ကတော်ကြီးက ပြောရှာသေးတယ်... တစ်နေ့တစ်နေ့ ဆေးခန်းထိုင်လို့ ဝင်ငွေတွေအများကြီးရတဲ့သူကို အပိုင်ရထားတော့ အ[illegible]က်သုံးပေတော့... ဝယ်ပေတော့ပေါ့မဟုတ်လား"

"အထင်ကြီးလို့ကွာ... ကိုယ့်ယောကျ်ားက သူ့မိဘ သူ့မောင်နှမကို သိပ်သိတတ်တာ... ရသမျှ သူ့အိမ်ပဲပို့နေတာ... နာမည်ကြီး ထမင်းငတ်ပါကွာ... အထင်ကြီးမနေ့ စမ်းပါနဲ့... ယောက္ခမတွေနဲ့ ယောက်မတွေကလည်း စီးသလား မမေးနဲ့... သူတို့မောင် ဆရာဝန်ကိုယူထားတယ်ဆိုပြီး အထက်စီးနဲ့ဆက်ဆံတာ... ကိုယ့်ယောကျ်ားကိုယ်တိုင်က အသုံးမကျတာပါ... စိတ်ကုန်ပါတယ်ကွာ"

'ဗိုလ်မ'၏ စကားများကိုနားထောင်ရသည်မှာ စိတ်မောစရာတွေကောင်းလှပါသည်။

"မင်းက စိတ်ကုန်ယုံတင်ကုန်တာပျါကွာ... 'အုန်းသီး'က နင့်ကို မရလို့ ဘဝပျက်နေပြီ"

"ငါမိုက်တာပါဟာ... မာမီ့ကိုကြောက်တာ... ငါလည်း ဘဝပျက်တာပါပဲ... မထူးပါဘူးဟာ"

'မေခင်' သက်ပြင်းကို မကြာခဏချရတော့သည်။

" 'ပေါက်စီ'ရော ရောက်မလာသေးဘူးလား"

"တစ်ရက် နှစ်ရက်ဆို ရောက်မယ်ထင်တယ်... ဒီနှစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီကောင်ကျောင်းပြီးပြီ... ဆရာမ လုပ်မယ်ပြောနေတာပဲ"

"သူရော ကျောင်းမှာ အဆက်တွေဘာတွေ မရှိဘူးတဲ့လား"

"သူ့ကိုကြိုက်တဲ့သူတွေရှိတယ်ဟ... ငါထင်တာတော့ သူ ကိုကို့ကိုစိတ်ဝင်စားနေလို့ တခြားလူတွေကို လက်မခံတာပဲ ဖြစ်မယ်လို့"

ထိုစကားကြောင့် 'မေခင့်' ပုံစံ သိသိသာသာပြောင်းလဲသွားတော့သည်။ ချက်ချင်းပြန်ပြုပြင်ပြီး...

"အင်း... နောက်ဆုံး သူတို့နှစ်ယောက်အလှည့်ပဲကျန်တော့တယ်... ဒီနှစ်ယောက်တော့ မြန်မြန်ပေါင်းရအောင် လုပ်ဦးမှပဲ"

" 'ပေါက်ဆီ'က ကိုကိုနဲ့ စရင်ပြိုးနေတာပဲကွ... ကိုကိုကသာ ဖွင့်ပြောရင် လက်ခံမှာသေချာတယ်"

"ပြောခိုင်းလိုက်ပေါ့ကွ"

"ပြောခိုင်းတာကြာလှပြီ... ကိုကိုတော့ လူပျိုကြီးများဖြစ်မလား မသိပါဘူး... ရှပ်ချော်ပြီး မစွံနိုင်ဘူး"

'မေခင်' ပြုံးနေလိုက်သည်။

"ဘာပြုံးတာလဲ... တို့ကိုကို့ကို ဆွေးအောင်လုပ်ထားပြီး"

"ဒါတော့ကွာ... မင်းကိုကိုက အချိန်တွေအများကြီးရှိခဲ့လျက်နဲ့ ဟန်လုပ်နေတာကိုးကွ... ကိုယ့်မှာ အပြစ်မရှိပါဘူးနော်"





"အင်း... မပြောချင်တော့ပါဘူးကွာ... ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီပဲ...မင်းက ယောကျ်ားချောချော သဘောကောင်းကောင်း... အလုပ်ကြိုးစားတဲ့ လူကိုရထားတော့... ပျော်နေမှာပေါ့ ဟုတ်လား"

" 'စော'က ကိုယ့်ကိုသိပ်ချစ်တာ... ကိုယ့်ကို စိတ်ချမ်းသာအောင်ထားတယ်... သူကိုယ်တိုင် ချက်ပြုတ်ကျွေးတယ်... တစ်ခါတစ်ခါ ကိုယ့်စဉ်းစားမိတယ်... ဒီကမ္ဘာမှာ ကိုယ့်လောက် ယောကျ်ားရတာ ကံကောင်းတဲ့သူမှ ရှိရဲ့လားလို့လေ"

"ဒါပေါ့လေ... ပြောအားကောင်းနေမှကိုး... အခု သူ့အဆက်ကြီးရော"

"ကားထွက်သွားတာ သုံးရက်ရှိပြီ... နောက်နှစ်ရက်လောက်ဆို ရောက်ပြီ"

"လွမ်းနေတယ်ပေါ့လေ"

"အဟင်း ဟင်း"

"ကဲ ပြန်တော့မယ်ကွာ"

"ဒါနဲ့ 'အုန်းသီး'နဲ့တွေ့သေးလား"

"အင်း... သူ အရင်က ခဏခဏလာတယ်တဲ့... ကိုယ်လာပြီးမှတော့ တစ်ခါမှမလာသေးဘူး"

"သူနဲ့တွေ့ရင် စကားပြောမှာလား"

"ပြောမှာပေါ့... ကိုယ် သူ့ကို မုန်းတာမှမဟုတ်တာ... မယူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲရှိတယ်… အမြဲခေါ်ပြောနေမှာပါ”

“ငါတော့ သူ့ကို သနားတယ်ကွာ”

“ငါက ပိုခံစားရတာပေါ့ သူငယ်ချင်းရာ… ငါက သူ အတန်တန်တောင်းပန်နေတဲ့ကြားက သူ့ကို သူစိမ်းချိုးချိုးပြီး ရင်ခွင်သစ်ပြောင်းခဲ့သူပါကွာ… ဒီအပြစ်တွေကို ငါတငွေ့ငွေ့ခံစားနေရဆဲပါ”

‘ဗိုလ်မ’က အဝေးက တောင်ပြာတန်းများကို မျက်ရည်ဝဲသောမျက်လုံးအစုံဖြင့် ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ ‘မေခင်’ တော့ သူငယ်ချင်းတွေနှင့် ပြန်တွေ့တိုင်း ရင်ထဲတွင် တင်းကျပ်သောခံစားမှုနှင့် သက်ပြင်းမကြာခဏချနေတတ်တော့သည်။



# ၃၀

“ ‘မောင်စော’ရဲ့ လာစမ်းပါဦး ပြောစရာရှိလို့”

မိုးကျလျှင် ‘စော’တို့ နေတဲ့ရပ်ကွက်က အနိမ့်ပိုင်းကျသဖြင့် မမျှော်လင့်ဘဲရေကြီးတတ်သည်။ အကြာကြီးမဟုတ်သော်လည်း လေးငါးနာရီကြာသည်အထိ အိမ်ထဲ အိမ်ပတ်ဝန်းကျင်သို့ တစ်မြို့လုံးမှရေများ စုပြုံဝင်တိုးပြီး ရေတံခွန်ဘက်ဆင်းသွားတတ်သည်။

ထို့ကြောင့် ကားနားတုန်း ထင်များ၊ မီးသွေးတောင်းများကို စင်ထိုး၍ အမြင့်တွင်တင်ထားသည်။ ထို့နောက် အိမ်ထဲကို ရေမဝင်နိုင်အောင် အောက်ခြေပတ်လည်ကို အုတ်ပါးပါးဖြင့် မံထားလိုက်သည်။ မီးသွေးများ၊ ထင်များကို လူလစ်လျှင် လစ်သလို ပတ်ဝန်းကျင်ရှိကလေးများက လာဆွဲတတ်သဖြင့် ထရံများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကာပြီး သက်ကယ်မိုးထားသည်။

ထို့နောက် တံခါးတပ်၍ သော့ခတ်ထားသည်။ ထိုကဲ့သို့ တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ် ကြီးဒေါ်က လှမ်းစကား ပြောခြင်းဖြစ်သည်။

"ဘာပြောစရာရှိလို့လဲ ကြီးဒေါ်ရဲ့"

"မင်း မိန်းမရော မမြင်ပါလား"

"သူ့ သူငယ်ချင်းအိမ်သွားတယ်"

"တယ်ထူးခြားပါလား... အပြင်မထွက်စဖူး ထွက်လို့ပဲ... 'မေခင်'က သူ့သူငယ်ချင်းတွေကို တအားချစ်တာပဲနော်... အိမ်ကို လာရင် တဝုန်းဝုန်း တရုန်းရုန်းနဲ့ချက်ပြုတ်စားသောက်နေတော့ တာပဲ"

"ဟုတ်တယ်... ကျွန်တော်နဲ့ မညားခင်ကတည်းက သူ က ပြောပြီးသားလေ... သူ့ကိုချစ်ရင် သူ့အပေါင်းအသင်းတွေကို လည်း ချစ်ရမယ်တဲ့... သူ့ကို ကျွန်တော်က အဲဒီကတိပေးထားပြီး သားဆိုတော့ သူ့ကိုချစ်သော သူ့အပေါင်းအသင်းတွေဟာ ကျွန် တော့်အပေါင်းအသင်းတွေဖြစ်နေပြီ... 'မေခင်'က တခြားကို မ လည်ပတ်တတ်တော့ သူ့အပေါင်းအသင်းတွေလာမှ တွေ့ရတာ မဟုတ်လား"

အကြောင်းမရှိ အကြောင်းရှာပြီး 'မေခင်' မရှိခင် 'မေခင့်' အတင်းကိုပြောချင်နေသော ကြီးဒေါ်ခမျာ ဘာဆက်ပြောရမှန်း





မသိအောင်ဖြစ်နေသည်။ 'မေခင်'တို့လင်မယားက တစ်ယောက် ကိုတစ်ယောက် နားလည်ပြီးသားဖြစ်၍ မည်သူမျှ ခြေထိုး၍မရ အောင်ဖြစ်နေကြသည်။

"မောင်ရေ ဗိုက်နာလိုက်တာ"

"ဝမ်းသွားချင်တာလား"

"မဟုတ်ဘူးထင်တယ်"

"ဟာ... ဒါဆို မီးဖွားချင်လို့ပဲဖြစ်မယ်... အရမ်းနာတာ လား"

"အင်း"

"ဆေးရုံပို့ပေးမယ်လေ"

"အင်း အင်း"

ဇနီးသည် မွေးဖွားတော့မည်ဆိုတာသိ၍ 'စော' ခရီး မ ထွက်ဘဲကို နားနေခြင်းဖြစ်သည်။ ထို့ကြောင့် ကုန်ကားဖြင့် အိပ်ယာလိပ်၊ ဓာတ်ဗူး၊ ခြင်းတောင်းတို့ကိုထည့်၍ ဆေးရုံသို့ ကိုယ်တိုင် ပို့ပေးနိုင်ခဲ့သည်။ 'မေခင်' ညတွင်းချင်းပင် သားဦးလေး မွေးပေးသဖြင့် 'စော' တစ်ယောက် အဖေကြီးဖြစ်လာခဲ့သည်။

မိခင်ရော ကလေးပါကျန်းမာသဖြင့် 'စော'လောက်ပျော် သူ ဤကမ္ဘာပေါ်တွင် မရှိတော့။ ဤလောကတစ်ခွင် ဆွေမရှိ၊ မျိုးမရှိတစ်ကောင်ကြွက်ဘဝမှ ယခု မိန်းမနှင့်ဆွေမျိုးရင်းချာ သုံး ယောက်ကြီးများတောင်။ ပိုက်ဆံကို အလဟဿသုံးလေ့မရှိ



www.burmeseclassic.com

www.burmeseclassic.com



သော 'စော'တစ်ယောက် 'မေခင့်'အတွက် ဟောလစ်တစ်ပုလင်း၊ မုန့်ဗူးနှင့် အခြားဖွယ်ဖွယ်ရာရာများကို ဝယ်ပေးသည်။

နေ့စဉ် မနက်တစ်ခေါက် ညနေတစ်ခေါက် ထမင်းချိုင့်ရေနွေး၊ ဓာတ်ဗူးတို့ကိုဆွဲ၍ မှန်မှန်သွားသည်။

"မောင်တော့ ပင်ပန်းနေပြီထင်တယ်"

"မပင်ပန်းပါဘူးကွာ... ပျော်နေလို့ သိ ချင်းတညည်းညည်းနဲ့လုပ်မိသေးတယ်... ကြီးဒေါ်ကလည်း လာကူတယ်လေ... ချွေးအောင်းဖို့တောင် ကြီးဒေါ်တို့ပြောနေသေးတယ်... ကြီးဒေါ်ကို လက်ဆောင် တစ်ခုခုပေးမှထင်တယ်"

"မောင့်သဘောပဲလေ... နက်ဖြန်ဆို ဆေးရုံကဆင်းလို့ရပြီ"

"ဟုတ်လား... စိတ်ချရလို့လား"

"စိတ်ချရလို့ ဆင်းခိုင်းတာနေမှာပေါ့ မောင်ရဲ့... ကလေး အဖေကြီး သားသားကိုနာမည်ပေးဖို့ စဉ်းစားထားဦးနော်"

"စဉ်းစားထားတာတော့ တစ်ပုံကြီးပဲ... ဗေဒင်မေးပြီးမှ ပေးရအောင်ကွာနော်"

"မောင့်သဘောလေ"

ကလေးတစ်ယောက်ရလာပြီဆိုတော့ 'မေခင်'တို့အိမ်ကလေးသည် စည်ကားလာသည်။ ကလေးမွှေးသံ၊ ငိုသံ၊ ရယ်သံ၊ တီတီတာတာသံများဖြင့် အိမ့်ဆည်းလည်း အိမ့်ခေါင်းလောင်း





လေး ရောက်လာသည်ဆိုလျှင် မမှား။

"အရင်တုန်းက ခရီးထွက်လျှင် အချစ်တစ်ယောက်တည်းကိုပဲလွမ်းရတာ... အခုဆို သားသားကြီးပါ လွမ်းရပြီဗျ... အမေကြီးကတော့ သားသားကြီးကို ထိန်းနေရတော့ အဖေကို ဘယ်သတိရတော့မလဲနော်"

"ဘာဆိုင်တာ မှတ်လို့"

"ဒါဆို လွမ်းတယ်ပေါ့"

"လွမ်းတာပေါ့"

"ဟား ဟား"

'စော'က သားကိုပွေ့၍ နို့တိုက်နေသော ချစ်ဇနီးကို သိုင်း၍ဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဖေကြီးရေ"

"ဝေ"

"လုပ်ပါဦး… အငယ်မ ဟိုမှာ ရှုံ့ဖွက်တွေဆော့နေပြီ"

"အေး အေး သမီးငယ်က တယ်ဆော့တာကိုး…အမေကြီးကိုတူလို့နဲ့တူတယ်… မျောက်ရှုံးအောင်ဆော့တယ်… အမေကြီးကငယ်ငယ်က ဘယ်လောက်ဆော့လည်းဆိုရင် သစ်ပင်မှာတောင်တန်းလန်းခိုနေတာတဲ့ဗျ… ငါ့သမီးက မမီသေးဘူးဟေ့"

'ခမခင်'က ပုဆိုးတိုတိုနှင့် ဇွပ်ကျယ်လက်ပြတ် ဝတ်ထားသော ခင်ပွန်းသည်ကို မျက်စောင်းထိုး၍လှမ်းကြည့်သည်။

"အမယ် မယ်… ညည်းက ငါ့ကို စွေပြီးကြည့်တယ် ဟုတ်လား… အေး အဲဒါလည်း အမေကြီးနဲ့ တူတာပဲ"





"ဟွန်း မောင်နော်… ဘာတွေလျှောက်ပြောနေတာလဲ… သူများတွေကြားလို့ ဟားနေဦးမယ်"

"ဟား ဟား ဟား"

'မေခင်'က ကလေးတွေတစ်ယောက်ပြီးတစ်ယောက် တိုးလာသော်လည်း ကျော့ကျော့ရှင်းရှင်းလေးလှပနေဆဲ။ မနက်မိုးလင်းသည်နှင့် ရေမိုးချိုး၊ သနပ်ခါးအဖွေးသားလိမ်း၊ ဖွတ်မြီးလေးထိုးပြီး အဝတ်အစား သန့်သန့်ရှင်းရှင်းလေး လဲထားတတ်သည်။

ကလေးများကိုလည်း အမြဲသန့်သန့်ရှင်းရှင်းထားသည်။ အကျီချုပ်တတ်၍ သားရော သမီးရော အဝတ်အစားကောင်းကောင်းဝတ်ရသည်။

"မောင် ခရီးသွားနေရင် 'ခင်'တစ်ယောက်တည်း ကလေးနှစ်ယောက်နဲ့နိုင်ရဲ့လား… ကလေးတွေကလည်း ဆော့မှဆော့ပဲ"

"နိုင်ပါတယ် မောင်ရယ်… သူများကလေးတွေလည်း ဆော့တာပဲ… သူတို့ မနိုးခင်ချက်ပြုတ်ထားလိုက်တယ်… သူတို့ကိုအပြင်မထွက်အောင် ဧည့်ခန်းထဲထည့်ပြီး စက်ချုပ်တယ်"

"မောင်တို့ကားက ဒီမိသားစုအိုးရှာကျွေးသည့်အပြင် စုလည်းစုနိုင်တာပဲ မိန်းမရာ… အကျီမချုပ်ပါနဲ့တော့"

"အို… ဘာဆိုင်လို့လဲ… မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့… မောင်ကြီးပဲ တပင်တပန်းရှာကျွေးတာကို ဇိမ်နဲ့မှေးရက်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးနော်"

"'ခင်'စိမ်နဲ့ထိုင်မစားဘူးဆိုတာ 'မောင်'သိပါတယ်ကွာ၊ ကလေးတွေတာဝန်ကို 'ခင်'က ထိန်းကျောင်းနေရတာပဲ... ဒါက မိန်းမ အလုပ်ပဲမဟုတ်လား"

"အို... 'ခင်'ကတော့ တတ်နိုင်သရွေ့ လုပ်မှာပဲ... ကလေးတွေများလာပြီ မောင်ရဲ့... အိမ်ဝယ်ရတော့မယ်လေ"

"ဝယ်နိုင်နေပါပြီကွာ"

"'ခင်' ဝယ်ချင်တဲ့အိမ်က ပန်းခြံနားကခြံကျယ်ကျယ်နဲ့ တစ်ထပ်ခွဲတိုက်ကလေး မောင်ရဲ့"

"ဟောဗျာ... ငါ့မိန်းမကတော့ တကယ့်စံပဲဟေ့... ဘယ့်နှယ် သူများတိုက်ကို ကြိုက်ရတာတုန်း... သူတို့ကရောင်းဦးမှကိုး၊ မင်း ကြိုက်တယ်ဆိုရင် မြေတစ်ကွက်ဝယ်ပြီး အဲဒီပုံစံအတိုင်း ဆောက်လိုက်ပေါ့"

"အို... အခု မဝယ်သေးပါဘူး... အခု ဒီအိမ်ကနေလို့ ဆံ့သေးတယ်... သားတို့ သမီးတို့လူပျိုပေါက်ဖြစ်တဲ့ အချိန်ကျမှ ပြောင်းမှာ"

"ဟောဗျာ... မဟုတ်သေးပါဘူးကွာ... နေချင်ရင် ကိုယ့်မှာငွေရှိနေပြီပဲ... မောင် သွားစုံစမ်းပေးမယ်လေ"

"မဟုတ်ဘူး မောင်ရဲ့... မောင်က ခရီးသွားနေရတာ မဟုတ်လား... ကလေးတွေက ငယ်သေးတော့ နေလို့မဖြစ်သေး





ဘူးလေ... အရွယ်ရောက်လာရင် အဖော်ရကုန်ပြီ... အိမ်လုံပြီပေါ့ ခုတော့ ဒီမှာပဲ နေဦးမယ်နော် မောင်"

"ကောင်းပါပြီ ခင်ဗျာ... 'ခင့်' သဘောပါပဲ"

ပြီး



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရေ"

"ဟေ"

"နေ့ခင်းက ဘယ်သူလာတယ် မှတ်လဲ"

" 'တာခဲ' လား"

"ဟော့ လုပ်ပြီ... ဒီ 'တာခဲ'က မောင့်ကို ခုထိလွှမ်းမိုးတုန်းပဲလား... 'တာခဲ' မဟုတ်ဘူး မောင်ရေ... ကြီးကြီး လာတာရှင့် ကြီးကြီး"

"ဟုတ်လား... ထူးထူးခြားခြားပါလားဗျ... ကိုယ့်တူမ အိမ်ထောင်ကျတာ လေးနှစ်ပြည့်ကာနီးမှပဲ ကြီးဒေါ်ကြီး အိမ်ရောက်လာတော့တယ်... ဘယ်လိုဆွေမျိုးတွေလည်း မသိပါဘူးဗျာ... အစ်မကလည်း မလာ... ညီမကလည်း မသွား... မောင်





ကတော့ ဆွေမရှိ မျိုးမရှိဆိုတော့ ကိုယ်နဲ့ခင်တဲ့လူ ကိုယ့်မိန်းမနဲ့ ခင်တဲ့လူဆို အားလုံး ခင်ပစ်လိုက်တာပဲ... ဆွေမျိုးလုပ်ပစ်လိုက်တာပဲ"

" 'ခင်' မသွားတာလည်း မောင်အပြစ်မပြောနဲ့လေ... သူတို့တူဝရီးက 'ခင့်'ကို သိပ်နှိမ်တာ... ကြီးကြီးဆို 'ခင်'က သူတို့ လုပ်စာကပ်စားနေခဲ့တဲ့ သူဆိုတော့ ဘာပေးပေး မမကိုပဲပေးတာ မမမှာ အဝတ်အစားတွေတစ်ပုံကြီးရှိမှန်း သိလျက်နဲ့ မမကိုပဲ ဝယ်ပေးတာ... 'ခင့်'မှာ မရှိမှန်းသိလျက်နဲ့ တမင်မပေးဘူး"

ထိုစကားကို ဝမ်းပန်းတနည်း ပြောနေသလို ဇနီးသည်၏မျက်နှာကို 'စော'က ကြင်နာစွာစိုက်ကြည့်ရင်း...

" 'ခင့်'ကို မောင်တစ်ယောက်လုံးချစ်နေတာပဲကွာ... ကဲ ချစ်ဘာလိုချင်လဲ... မောင် ဝယ်ပေးမယ်"

"အို... မလိုချင်ပါဘူး မောင်ရာ... မောင့်ရဲ့ကြင်နာ ယုယမှုက 'ခင့်'ကို လုံခြုံချမ်းမြေ့နေစေတာပဲ... 'ခင့်'မှာ ဝတ်စရာတွေ ရှိပါတယ်"

"ကဲ ကြီးကြီးက ဘာလာပြောတာလဲ"

"အို... သူတို့ အဆင်မပြေမှ လာတာပါ... အလကားအပူ လာပေးတာ... အကောင်းလာတာ မဟုတ်ဘူး... ဟွန်း ခုမှလာပြီး အမျိုးလာတော်နေတယ်... 'စောလေး'ရောတဲ့... ဟား ဟားအားရယ်ချင်လိုက်တာ... တစ်ချိန်လုံး 'ငစော' 'ငစော'နဲ့... ခုတော့လေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့တူလေးက အတော့်ကို ယောကျ်ားပီသပြီးကြိုးစားပါတယ်တဲ့... ဟား ဟား ဟား... သိပ်ရယ်ရတယ်နော်"

'စောက 'မေခင့်' နှာခေါင်းကိုဆွဲလိမ်ပြီး...

"ဟေ့ ဘယ့်နှယ်... ကိုယ့်ယောကျ်ားကောင်းကြောင်း လာပြောတဲ့လူကို အပုပ်ချနေရတာလဲဗျ... လူကြီးကို အဲသလိုမလှောင်ရဘူးလေ... ငရဲကြီးမယ်နော်... တစ်ချိန်က ဘယ်လိုနှမ်နှမ် ဘယ်လိုထင်ထင်... အခု သူ့အမြင်မှန်ရသွားပြီ မဟုတ်လား... ဒါဆို မောင်တို့နိုင်ပြီ မဟုတ်လား... 'ခင်'အနိုင်ရပြီ မဟုတ်လား"

"'ခင်'ဘာကြောင့် တိုက်လှလှဝယ်ချင်လည်း သိလား"

"မခံချင်လို့ မဟုတ်လား"

"ဟုတ်တယ်... မောင့်ကို သိပ်အထင်သေးတဲ့ဟာတွေ မောင်ဟာ ဘယ်လိုလူစားလဲ... 'ခင့်'ကို ဘယ်လိုထားသလဲဆိုတာ သိစေရမယ်"

"ဒီလိုရှိတယ်လေ 'ခင်'ရဲ့... မောင် ဘယ်လိုကြိုးစားကြိုးစား... 'ခင်'က အိမ်ထောင်ထိန်းသိမ်းမှု မနိုင်ဘူးဆိုရင် မီးဖိုချောင်ကဇွန်းယိုမှာပဲ... ခုတော့ စီးတဲ့ရေဆည်တဲ့ကန်သင်းဆိုသလို 'ခင်'ကလည်း အစုအဆောင်းတော်တာကိုး... ဘာမှ အဖြုန်းမှမရှိတော့ တစ်နေ့တခြား တိုးပွားလာတော့တာပေါ့... ဘယ်လောက်အထိ တိုးပွားသလဲဆိုရင် အခု ကလေးသုံးယောက်ရှိနေတာသာကြည့်တော့"





"ဟင် မောင်နော် စကားကောင်းပြောရင် ဖေါက်ဖေါက်လာတယ်... 'ခင်'တို့ တိုးပွားနေတဲ့အချိန်မှာ မမက အခု ဟိုဘက်ခြံကြီးနဲ့တိုက်ကြီးကို ရောင်းတော့မယ်တဲ့သိလား"

"ဟာ နှမြောစရာကြီးကွာ... ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမလဲ မောင်ရဲ့... 'ကိုထွန်းအေး'က အလုပ်မှမလုပ်တာ... ရှိတဲ့ဂျစ်ကားလေးနဲ့ တစ်ခါတလေ အငှားလိုက်တာပဲရှိတယ်... ဒီကြားထဲ သူ့မယားကြီးနဲ့ ကလေးတွေကိုလည်း ခိုးခိုးပေးသေးတာ... မမကလည်း သိတဲ့အတိုင်း ဖြုန်းဖို့ပဲတတ်တာ သူတို့အစား ရင်လေးပါတယ်... ရှေ့လျှောက်ဘယ်လိုစခန်းသွားကြမလဲ မသိဘူး... အင်း..."

'မေခင်' သက်ပြင်းချသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃၁

"မေကြီး"

"ဘာလဲသား"

"မေကြီးက တကယ်ကပ်စေးနည်းတယ်ဗျာ… ပိုက်ဆံရှိလျက်သားနဲ့ အိမ်ကျယ်ကျယ်လေးဝယ်ပေးစမ်းပါဗျာ"

"အလိုတော် ကြီးကြီးကျယ်ကျယ်… မင်း မမွေးခင်ကတည်းက အမေတို့ဒီလိုပဲနေလာရတာ"

"ဒါတော့ ဒါပေါ့မေကြီးရ… သူများက ပိုက်ဆံမရှိလို့ အိမ်သေးသေးလေးနဲ့နေတာပဲ… မေကြီးတို့က ပိုက်ဆံရှိလျက်နဲ့ မဝယ်တာ သိပါတယ်နော်"

"ဘယ်က ပိုက်ဆံရှိရမှာလဲ"

"မညာနဲ့နော်… မေကြီးတို့ ပိုက်ဆံတွေစုထားပါတယ်…





ပိုက်ဆံရှိလျက်နဲ့ သားတို့ကို ရုပ်ရှင်ဆိုလည်း မပြဘူး… အကျီတွေဘာတွေလည်း ဝယ်မပေးချင်ဘူး… အရုပ်ဆိုလည်း ဝယ်မပေးချင်ဘူး… သူများကလေးတွေဆို သားတို့လောက်ပိုက်ဆံမရှိဘဲ ကောင်းကောင်းဝတ်ရတယ်… ကောင်းကောင်းစားရတယ်"

'မေခင်'က ပြုံးလျက်…

"သားတို့ကို သွားစရာ လာစရာရှိရင် ချုပ်ပေးနေတာပဲ မဟုတ်လား… ထမင်းချိန် ထမင်း… မုန့်ချိန် မုန့်… ကျွေးနေတာပဲ မဟုတ်လား"

"ဟွန်း ဟင်းဆိုလည် ကြက်သားတို့… ငါးတို့ကို ချက်ကို မချက်ပါဘူး… တစ်ခါလာလည်း ငါးခြောက်နဲ့ မုန်ညင်းဆော… တစ်ခါလာလည်း ဘဲဥနဲ့မုန်လာပန်းပဲ"

"ဘာတွေပဲစားစား နောက်ဆုံးတော့ အိမ်သာထဲရောက်ကုန်တော့တာပဲ မဟုတ်လား… ဒီမှာ သားရဲ့ စားတာလွှမြင်ပါဘူး"

"ဟာ မြင်တယ်မေမေ… သားကို သူငယ်ချင်းတွေက ဘာပြောတယ် မှတ်လဲ"

"ဘာပြောလို့လဲ သားရဲ့"

"မင်းတို့ကိုယ်က ငါးခြောက်စော်နံတယ်တဲ့"

"အဟင်း ဟင်း ဟင်း… မုန်း မေမေနမ်းကြည့်စမ်းမယ်… ဘယ်ကလာ နံရမှာလည်းသားရဲ့… သနပ်ခါးနံ့ကိုမွှေးလို့ပါ…



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ပြောပြောပါကွယ်... ကိုယ့်အသားပဲ့တာ မှတ်လို့... ငါး ခြောက်ကပိုတောင်ဈေးကြီးသေးတယ်... သားတို့ကို ဈေးမသွား ဖြစ်တဲ့နေကျမှ ငါးခြောက်ကျွေးတာပါ... ဈေးသွားတဲ့နေ့ဆို ဟင်း ကောင်းချက်တာပဲလေ... အရပ်တွေ လိုတာထက်ပိုဝယ်တော့ အိမ်ကျပ်ရုံဘဲ ရှိမှာပဲလေ... ဒီမှာသား စက်ဘီးမလိုချင်ဘူးလား စက်ဘီးဝယ်ပေးမယ်လေ"

"လိုချင်တာပေါ့"

"အေး ဒါဆို စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်အောင်လုပ် ဝယ်ပေးမယ်ကြားလား"

သားကြီး ကျေနပ်သွားသည်။

"မှတ်ထားသားရဲ့... တစ်ယောက်နဲ့တစ်ယောက်ပြိုင် တယ်ဆိုတာ ကျောင်းသားဆိုရင် ကျောင်းစာမှာပြိုင်ရတယ်... စာသင်ခန်းထဲမှာ စာအတော်ဆုံးလူမှ သူများ အထင်ကြီးစရာ အကောင်းဆုံး... ကြားလား"

"ဟုတ်ကဲ့"



အလတ်မသည် အလွန်နားပူနားဆာ လုပ်တတ်သူ။ သူ လိုချင်တာမရလျှင် နားလည်းမြည်သလို တအီအီနှင့် ငိုချင်းချနေ တတ်သည်။ အဖေလုပ်သူကလည်း သမီးလေးတစ်ယောက်တည်း မို့ အလိုလိုက်ချင်သည်။ သူ့သမီးငိုလျှင် ချက်ချင်းအငိုတိတ် အောင် ချော့တော့သည်။ 'မေခင်'ကတော့ မရ။

ယခုလည်း လမ်းထိပ်က ချောကလက်မစားရသဖြင့် ငို ချင်းချနေခြင်းဖြစ်သည်။

"ဝယ်ကျွေးမလား မကျွေးဘူးလားလို့... အီး ဟီး"

"ဝယ်ကျွေးလေလို့"

"မေကြီး သိပ်ကပ်စေးနည်းတာပဲ... အီး ဟီး"

သားကြီးက...



www.burmeseclassic.com

www.burmeseclassic.com



"မကြီးကလည်း ဝယ်ကျွေးလိုက်လေ... နားညည်းတယ်"

"မကျွေးဘူးဆို မကျွေးဘူးနော် မိလတ်... ဒီတစ်ခါ ဝယ်ကျွေးရင် နောက်တစ်ခါ ပူဆာဦးမှာပဲ... ငိုစမ်း... ဘယ်လောက်အထိ ငိုနိုင်မလဲ... မောရင် ရပ်သွားလိမ့်မယ်... ဘယ့်နှယ် ဗိုက်တကယ်ဆာတာလည်း မဟုတ်ဘဲနဲ့... ထမင်းစားပြီး ဖီးကြမ်းငှက်ပျောသီးကျွေးထားပြီးပြီ... ပါးစပ်ဝင်တာ မဟုတ်ဘူး... မျက်စိဝင်တာ... နင့်အဖေကိုသာ နင်ချွဲလို့ရမယ်... ငါ့ကိုတော့ မရဘူးနော်"

"မကြီးက ချစ်မှမချစ်တာ"

"ဒေး ချစ်လား မချစ်လား တစ်နေ့သိလာမှာပဲ... သားသမီးဆိုတာ ချစ်ရင်အလိုမလိုက်ရဘူး"

"အို သိဘူး သိဘူး... ဝယ်ကျွေးဆို ဝယ်ကျွေး... မနက်ဆိုလည်း နေ့တိုင်းထမင်းကြော်နဲ့ ခေါပုတ်ပဲစားရတယ်"

"တော်ပြီပေါ့... ဗိုက်ဆာရင် ဗိုက်ပြည့်ဖို့ အရေးကြီးတာပဲ မဟုတ်လား"

"အီး ဟီး ဟီး"

"'မေခင်'ကလည်းဟယ် ကလေးဒီလောက်ငိုတာ ကျွေးလိုက်တာမဟုတ်ဘူး... မရှိတာလဲမဟုတ် ကပ်စေးနည်းနေတယ် သေရင် ပါသွားမှာမဟုတ်ပါဘူးအေ.. ကိုယ့်ကလေးကိုတောင်





သဒ္ဒါရင် မကောင်းဘူး"

ထိုစကားကြောင့် 'မေခင်' အတော်ခံရခက်သွားသည်။ ခေါင်းရင်းအိမ်က ကြီးဒေါ်သည် သူပိုက်ဆံချေးတိုင်း 'မေခင်'က ပေးခဲ့သဖြင့် လုံးဝကျေနပ်သူမဟုတ်။ ချေးလိုက်လျှင်လည်း ဘယ်တော့မှ ပြန်မဆပ်။ ထို့ကြောင့် 'မေခင်' ဆယ်ခါတစ်ခါ မချေး။ 'မေခင့်'ကို ပတ်ဝန်းကျင်တွင် ကပ်စေးကုပ်ကြောင်း လိုက်ပြောတတ်သလို၊ သားနှင့်သမီးတို့ကိုလည်း သွေးထိုးနေတတ်သည်။

"ကြီးဒေါ်ရေ ကိုယ့်သားသမီးကို ကိုယ့်လောက်ဘယ်သူချစ်နိုင်မှာတဲ့လဲ... 'မေခင်' လိုအပ်ရင်ကျွေးမယ်... မလိုအပ်ရင်မကျွေးဘူး..., သူ့အဖေ ခရီးကပြန်လာတိုင်း ချိုချဉ်တွေ ချောကလက်တွေ ဝယ်လာတာပဲ... မကြာခင် ပြန်လာရင်ပါလာမှာပဲ... အဲဒီတော့စားပေါ့... အခုလည်း ဗိုက်တကယ်မဆာဘဲ သက်သက်ပူဆာနေလို့ 'မေခင်' ဝယ်မကျွေးတာ... မရဘူးကြီးဒေါ်... ချစ်တာကတခြား... စည်းကမ်းက တခြားပဲ... ဒီတစ်ခါ သူ့ကိုအရှုံးပေးလိုက်ရင် ကိုယ့်ကို သူတစ်သက်လုံးအနိုင်ယူသွားလိမ့်မယ်... ကိုယ့်သားသမီးကို ကိုယ်မနိုင်တဲ့မိဘလောက်ညံ့တာ မရှိဘူးလေ ကိုယ်မွေးမှ သူ လူဖြစ်လာတာမဟုတ်လား... တစ်နေ့ 'မေခင့်' စေတနာတွေ သူတို့နားလည်လာမှာပါလေ... ငယ်တုန်း နာနာပုံသွင်းမှ ကြီးဒေါ်ရေ"

ထိုစဉ် အိမ်ရှေ့သို့စက်ဘီးဖြင့် လူတစ်ယောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"'မေခင်' ရှိပါသလား"

"ကျွန်မပါပဲ"

"'ကိုစော'က လူကြုံပါးလိုက်လို့ပါ"

"ကျေးဇူးပါပဲရှင့်"

အထုပ်တစ်ထုပ် စာတစ်စောင်။

မောင့်အိမ်သူ

သားတို့ သမီးတို့ အမေကြီးရေ...

ပေမေကြီး စာရေးလိုက်တယ်...

ချစ်ဇနီးမွေးနေ့ကို အမီလာချင်ပေမယ့် တုန်ရေသောလို့ ဆက်စောင့်နေရမယ်... ဒါကြောင့် မေကြီးအတွက် အသက်သုံးဆယ်ပြည့်မွေးနေ့အတွက် အမှတ်တရပစ္စည်းဝယ်ပေးလိုက်တယ်...

သားတို့ သမီးတို့အတွက် မုန့်လည်းပါတယ်...

ချစ်ဇနီး သားသမီးများ ကျန်းမာပျော်ရွှင်ကြပါစေ။ ။

မောင်

စာဖတ်ပြီး 'မေခင့်' မျက်နှာလေးပြုံးသွားသည်။

"ဘာတွေလည်းဟဲ့... အထုပ်ကြီးကလည်း မနည်းပါဘူး"

"ဩော် သားတို့အဖေက 'မေခင့်' မွေးနေ့အမီ ရောက်မလာနိုင်လို့ လူကြုံနဲ့ မွေးနေ့လက်ဆောင်ပေးလိုက်တာလေ... ကလေးတွေအတွက်က မုန့်ပုံးတဲ့"





"ညည်းအတွက်ကရော ဘာလည်းဟဲ့... ဖွင့်ပြပါဦး"

"'မေခင့်'အတွက် လုံချည်ငါးကွင်း... အကျီငါးစနှင့်အတွင်းခံဘော်လီငါးထည်"

ကြီးဒေါ်ကမဲ့လျက်...

"ညည်းယောကျ်ားကလည်း ညားခါစကလည်း ခပ်သဲသဲခုလည်း ခပ်သဲသဲ"

"အဟောင်း ဟင်း ဟင်း"

'မေခင်'က အနိုင်ယူသူ၏အပြုံးမျိုးဖြင့် လှပစွာပြုံးနေသည်။

"ဖေကြီးက သမီးတို့မွေးနေ့ကျတော့ ဂါဝန်တစ်ထည်ပဲဝယ်ပေးတယ်... သိပ်မျက်နှာလိုက်တာပဲ"

အလတ်မက ငိုမဲ့မဲ့ဖြင့်ပြောသည်။

"ဒီမှာသမီးရဲ့... သမီးတို့ဖေဖေကြီးက သားတို့ သမီးတို့သုံးယောက် လူပို့အပို့တွေဖြစ်ရင် လက်ဆောင်တစ်ခုပေးဖို့ အခုကတည်းက စုနေတာ"

"ဟင် အခုပေးလဲပြီးရော... အကြာကြီးစောင့်ရဦးမှာလား"

"အကြာကြီးစောင့်တဲ့အတွက် အကောင်းစားပစ္စည်းရမှာပေါ့ သမီးရဲ့"

"ဘာလဲမသိဘူးနော် ကိုကြီး... မေကြီးပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင်ပါဘူး… အဲဒီကျရင် ဝမ်းသာလွန်းလို့ သမီးတို့ ထကကြမှာ"

ထိုစကားကြောင့် ကြီးဒေါ်က…

"ဟဲ့ အလတ်မ အပျိုဖြစ်ဖို့ ဘယ်နှစ်နှစ်လိုသေးလဲ"

"သုံးနှစ်ပဲ လိုတော့တာပါ ကြီးဒေါ်"

"အေး ဒါဆို ငါမသေနိုင်သေးပါဘူး… ကလေးတွေကို ဘာပေးမလဲဆိုတာ ငါလည်းသိချင်တယ်… မြင်ချင်တယ်"

"ဩော် အဟောဟ် ဟော် ကြီးဒေါ်ရယ်… မြင်ရမှာပါ… အဲဒီနေ့ကျရင် ကြီးဒေါ်ကို အိမ်မှာထမင်းကျွေးမယ်… လုံချည်နဲ့ အင်္ကျီလည်းပေးမယ်တဲ့"

"ကြားရတာနဲ့ပဲ ပျော်နေပါပြီဟဲ့… ဟဲ ဟဲ ဟဲ"

"အဟင်း ဟင်း ဟင်း"

'မခင်' မွေးနေ့ပစ္စည်းထုပ်လေးကို ပွေ့ဖက်ရင်းကျေနပ်စွာပြုံးနေမိတော့သည်။



## ၃၂

"ငါ လုံးဝမနေချင်တော့ပါဘူး အေး… အိမ်ကလည်း ကျဉ်းလိုက်တာ… ဒီကြားထဲ ကလေးတွေကလည်း ဆိုးမှဆိုး… အကြီးတွေကလည်းဆိုး… ဟိုကောင်နဲ့ နောက်မွေးထားတဲ့အကောင်နှစ်ကောင်ကလည်း တစ်ချိန်လုံးငိုနေတာပဲ…သိတဲ့အတိုင်းညည်း အစ်မကပျင်းနေတာ… ငါ့မှာ အသက်ကြီးမှ ကလေးထိန်းနေရတယ်… မီးဖိုထဲလည်း ဝင်ရတယ်"

"အိမ်ဖော်တွေကရော"

"မထားဘူးလေ… သူ့လင်နဲ့ စိတ်မချလို့"

"'သေးသေး' ကရော"

"'သေးသေး' လင်နောက် လိုက်သွားပြီလေ"

"ဟင် ဒါဆို ကြီးကြီး တစ်ယောက်တည်း ဈေးထွက်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"အေးပေါ့… အရောင်းအဝယ်လည်း မကောင်းပါဘူး… ပိတ်စဆန်းဆန်း ကောင်းတာတို့ဆို 'မေတင့်'ကလေးတွေအကုန်ယူချုပ်တော့တာပဲ… ဒီကြားထဲ ရည်းစားတွေဘာတွေများ ခိုးပေးနေသလား မသိပါဘူး… ဆိုင်က ပစ္စည်းခဏခဏပျောက်တယ်… ငါပြောရဲတယ်… ဒီပုံအတိုင်းဆက်သွားနေရင် ကြာရင် စားစရာတောင်ရှိမှာမဟုတ်တော့ဘူး… ငါလည်း မနေချင်တော့ဘူးလေ… သွားစရာမရှိလို့သာ ကပ်နေရတာ… ညည်းတို့အိမ်ကလည်းကျဉ်းတော့ လာနေလို့လည်း မရဘူး… ညည်းတို့လည်း ပိုက်ဆံရှိလျက်သားနဲ့ အိမ်လေးဘာလေး ဝယ်အေ… ငါလာနေချင်တယ်"

'မခင်' ကြောင်တောင်တောင်လေးပြန်ကြည့်နေသည်။ လင်ဖြစ်သူနှင့်တိုင်ပင်ရဦးမည်။

"ဘာလဲအေ့ ညည်းပုံစံက ငါ့ကိုမခေါ်ချင်ဘူးထင်တယ်"

"ဩော် ကြီးကြီးက ပြောရှာ့မယ်… ကိုယ့်ကြီးဒေါ်ပဲ ဘာမခေါ်ချင်စရာရှိလဲ… ခုတော့ အိမ်ကမြင်တဲ့အတိုင်း နှစ်ခန်းပဲရှိတာ… သားကြီးတို့ကိုတောင် ညတိုင်းဧည့်ခန်းထဲ အိပ်ယာခင်းပေးပေးနေရတာ… အိမ်ကျယ်ကျယ်ဝန်းဖြစ်ရင်တော့ ကြီးကြီးကိုခေါ်ထားမယ်နော်… ဒါနဲ့ 'အဘကြည်'ရော… ဘယ်မှာနေလဲ ကြီးကြီး"

"သူလည်း အလုပ်မရှိတော့ အားနာလို့ထင်ပါရဲ့… တောင်ပေါ်က ဘုန်းကြီးကျောင်းမှာသွားကပ်နေတယ်"

"ဟုတ်လား… အဲသလောက်တောင် ဖြစ်နေကြပြီလား"

ခင်ပွန်းသည်ပြန်လာသောအခါ 'မခင်'က ထိုအကြောင်းကိုပြောပြသည်။

"အေးပေါ့ကွာ… သူလည်း အကျိုးရှိ… ကိုယ်လည်းအကျိုးရှိတာပဲ… အိမ်ဝယ်ပြီးရင်တော့ ကြီးကြီးကိုရော အဘကိုရောခေါ်ထားတာပေါ့… မဟုတ်ဘူးလား"

'ဆော'က ဘယ်ဟာကိုမှ အာဃာတထားပုံမပေါ်ပါ။ ဖခင်ကောင်းတစ်ဦး လင်ကောင်းတစ်ဦးဖြစ်သော 'ဆော'ကို 'မခင်'တော့ တစ်နေ့တခြား ရှိသေလေးစား၍ နေပါတော့သည်။

"မောင်ကလည်းကွယ်… တစ်ခါတလေ နားနားနေနေ နေပါဦးတော့… သူများတွေက မောင့်ကိုသနားနေကြပြီ"

"လာပြန်ပြီ… သူများပြောတဲ့စကား… မောင် ဂရုမစိုက်ပါဘူး… ကိုယ်ရှိမှ ကိုယ်စားရတာပါ… ကျန်းမာတုန်း ကြိုးစားရဦးမယ်"

"အင်း… သားကြီးဘွဲ့ရတဲ့အချိန်ဆို မောင်နားတော့ပေါ့ အဲဒီအချိန်ဆို မောင် အသက်လေးဆယ်ကျော်ပြီ"

"အသက်လေးဆယ်ဆိုရင် နိုင်ငံခြားမှာ ဘဝရဲ့အစပဲရှိသေးတာ"

"ဘာပဲဖြစ်ဖြစ် သားကြီးကျောင်းပြီးရင် ကားထဲပြန်ထိုင်





ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းမယ်... မောင် နားရမယ်”

“အဲဒီအချိန်ဆို နောက်ထပ်ကားတစ်စီးထပ်ဝယ်ပြီး မောင်ကတစ်စီး... သားကြီးက တစ်စီးဖြစ်ချင်ဖြစ်နေမှာဗျ... သား ကြီးကလည်း အိမ်ထောင်တွေဘာတွေ ကျချင်ကျနေမှာ... ဟား ဟား”

“ဟွန်း... ဘာလဲ မြေးချီချင်နေပြီလား”

“အဟင်း ဟင်း... သားကဖြင့် ခုမှ လူပျိုပေါက်ရှိသေး တယ်... စိတ်ကူးတွေယဉ်နေလိုက်ကြတာ... ‘ခင်’ရေ”

“ဘာလဲ မောင်”

“ညနေကျရင် လမ်းလျှောက်ရအောင်”

“လျှောက်လေ”

ညနေဘက် ‘စော’နှင့် ‘မေခင်’တို့လင်မယား လမ်း လျှောက်ကြသည်။

“သားကြီးရေ... မေမေတို့ လမ်းလျှောက်ဦးမယ်... မီး ဆော့နဲ့နော်... စာကျက်နေကြ ကြားလား... ရန်မဖြစ်ကြနဲ့နော်”

“ဟုတ်ကဲ့ မေမေ”

“အေး ပြန်လာရင် မုန့်ဝယ်ခဲ့မယ်...ကြားလား သားလေး”

“ဟုတ်ကဲ့”

ချမ်းအေးလွန်းသဖြင့် ဆွယ်တာပေါ်မှ ကုတ်အကျီထပ် ဝတ်သည်။ ဦးထုပ်တို့ မာဖလာတို့ဝတ်ထားသည်။ ခြေအိတ်စွပ်





၍ ဘွတ်ဖိနပ်စီးထားသည်။ နောက်တစ်နေ့ မနက်တွင်လည်း ‘မေခင်’တို့လင်မယား အပြင်ထွက်ကြသည်။

“ဟော ဒီလင်မယား ခုဟာလော တယ်စုံတွဲထွက်နေပါ လား”

“ဟုတ်တယ်ဗျို့... ကလေးတွေကြီးပြီဆိုတော့ အိမ်ကိုစိတ် ချရပြီလေ... ဒါကြောင့် ခုမှပဲ လမ်း အေးအေးဆေးဆေးလျှောက် ဖြစ်တော့တယ်”

တစ်ပတ်ခန့် လမ်းလျှောက်ပြီးသောအခါ...

“ကဲ သားတို့ သမီးတို့ ရေမိုးချိုး အဝတ်အစားလဲပြီးရင် အိမ်လည်သွားရအောင်”

“ဟာ ဟ... အိမ်လည် လိုက်ရမယ်တဲ့ဟ... ဟီး ဟီး”

အလတ်မက ဇာအထပ်ထပ်ဖြင့်ချုပ်ထားသော ဂါဝန် ကားကားကို ပတ်ချာလှည့်ရင်း ကနေသည်။ သားကြီးနှင့် သမီး ငယ်ကလည်း စပို့ရှပ်ဘောင်းဘီရှည်၊ ဘွတ်ဖိနပ် အကောင်းစား တွေနှင့်။

“ဟာဗျာ... မကြီးက ဒီအကောင်းစား အဝတ်တွေကို ဘယ်တုန်းက ဝယ်ထားတာလည်းဟင်... အခုမှ ပြတယ်ဗျ”

“ဖေဖေ မန္တလေးကပြန်လာကတည်းက ဝယ်ထားတာ လေ”

“ကြည့်စမ်း... ကြာလှပြီပဲ... ဒါနဲ့များ ခုမှပြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့... စောစောစီးစီးပြထားရင် မင်းတို့ ဝတ်ပစ်မှာ စိုးလို့ပါ"

"ဖေဖေကတော့ တကာယ့်ရုံပဲ"

'စော'က 'မေခင့်'ကို ပြုံး၍မျက်စပစ်ပြသည်။

"ကဲ သွားကြမယ်"

သားအမိ သားအဖငါးယောက်လုံး အဝတ်သစ် အစားသစ်တွေဖြင့် ထွက်လာကြသဖြင့်...

"ဟောတော် ရှီးတွေစမိုးတွေနဲ့ ဘယ်သွားကြမှာတုန်းအေ့"

"အသိအိမ်က ထမင်းစားဖိတ်ထားလို့လေ... အိမ်ကိုတစ်ချက် ကြည့်ပေးထားကြဦးနော်"

"အေး စိတ်ချ စိတ်ချ"



"ဟင် မေမေတို့ပြောတုန်းက ထမင်းစားဖိတ်ထားလို့ဆို အခု ဘာလို့စားသောက်ဆိုင်မှာ လာစားရတာတုန်း"

"သားတို့ကိုကျွေးချင်လို့ တမင်ခေါ်ပါတာတာ... ကဲ စားကြစမ်း ကြိုက်တာ... အမြဲတမ်းတော့ ခုလို မကျွေးနိုင်ဘူးနော်... စီးပွားဖြစ်ရင် ကျွေးမယ်... စာကြိုးစားပြီ ပြောစကားနားထောင်တဲ့လူကို ကောင်းကောင်းဝယ်ပေးမယ်... ကဲ စားကြ စားကြ"

ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ တောက်တောက်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ဘဲကင်တစ်ပွဲစီမှာပြီး သားသမီးများကိုကျွေးသည်။ မြိန်ရေယှက်ရေစားနေကြသော သားသမီးများကိုကြည့်ပြီး မိဘနှစ်ဦး ပီတိဖြစ်နေကြသည်။ စားသောက်ပြီးသောအခါ အရုပ်ဆိုင်ထဲခေါ်လာပြီး တစ်ရာကျော်တန်ပစ္စည်း[illegible]တစ်ခုစီ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရာရွေးခိုင်းသည်။

အကြီးကောင်က ခတ်ခဲဖြင့်သွားနိုင်သော ကားတစ်စီး၊ အလတ်မက ဗိုလ်မရုပ်၊ အငယ်ကောင်က ဝက်ဝံရုပ်။ ကစားစရာများကိုကိုင်၍ ပါးစပ်ဖြဲဖြဲလေးဖြင့် ပီတိဖြစ်နေသော ကလေးများကို...

"ကဲ အိမ်သွားလည်မယ်"

"ဟင်... ထမင်းလည်း စားပြီးပြီပဲ... ဗိုက်လေးနေပြီ... အိမ်ပဲပြန်တော့မယ်... မေမေရယ်နော်"

အလတ်မက အိမ်ပြန်ချင်နေပြီ...

"ခဏလေးပါ သမီးရယ်... မေမေတို့သွားမယ့်အိမ်က သိပ်မဝေးတော့ပါဘူး... အဲဒီအထဲမှာ ကားရှိတယ်... အပြန်ကြရင်ကားနဲ့လိုက်ပို့ခိုင်းမယ်လေ... အဲဒီအိမ်ရောက်ရင် ပျော်ပြီးပြန်ချင်မှာတောင် မဟုတ်တော့ဘူး"

"ဒါဆိုလည်း သွားလေ"

ငါးမိနစ်လျှောက်မိသောအခါ ခြံကျယ်ကျယ်ထဲတွင် အပြာ၊ အဖြူ၊ အနီ လှပစွာဆေးသုတ်ထားသော တစ်ထပ်ခွဲတိုက်ပုလေးတစ်လုံးဆီသို့ ရောက်လာသည်။

"ဟယ်... ငါတို့ဆီ လာလာလည်နေတဲ့ ဟို ဘိုးဘိုးကြီး တံခါးလာဖွင့်ပေးနေတာပဲ... အမေ ဘိုးဘိုးက ဒီမှာနေတာလား"

"ဟုတ်တယ်"





"တိုက်ကလေးက လှလိုက်တာ... အသစ်ကျပ်ချွတ်လေး ကိုကြီးရေ... အလတ်မတို့အိမ်ဖြစ်သွားရင် သိပ်ကောင်းမှာပဲနော်"

"အေး... ခြံကျယ်ကြီးထဲမှာ ဘောလုံးကန်ရင် သိပ်ကောင်းမှာ"

"ကဲ လာကြ လာကြ... သားတို့ သမီးတို့"

အငယ်ဆုံးသားက ခုန်ဆွခုန်ဆွနှင့်ပြေးနေသည်။

"ထိုင်နော် သမီးတို့"

ဧည့်ခန်းထဲရှိ ကုလားထိုင်များမှာ အသစ်ကျပ်ချွတ်များ ဖွပ်ထားသည်။ လိုက်ကာများ တပ်ထားသည်။ ထိုလိုက်ကာများကို အလတ်မ မြင်ဖူးသည်ဆိုပြီး ငေးကြည့်နေသည်။ အကြီးကောင်က ဧည့်ခန်းမှဗီရိုထဲရှိ ပစ္စည်းများကိုငေးကြ ည့်နေသည်။ ဧည့်ခန်းမှလှမ်းကြည့်လျှင် ထမင်းစားခန်းကိုတွေ့ရသည်။

မတ်တတ်ထိုင်ရသော ထမင်းစားပွဲခုံ၊ ကုလားထိုင်များနှင့် နံရံကပ်မှန်ဗီရိုထဲတွင် ပန်းကန်များ၊ ဖန်ခွက်များ၊ လက်ဘက်ရည်ပန်းကန်စုံများ၊ ခတ်ဗူးနှင့် အခြားမီးဖိုချောင်သုံးပစ္စည်းများကို လှပစွာထည့်ထား၏။ ထမင်းစားခန်းနှင့် ဧည့်ခန်းနှစ်ခုအကြားတွင် အခန်းကျယ်ကြီးတစ်ခုရှိသည်။ အပေါ်ထပ်တက်သည့် လှေကားလှလှလေးကို ဧည့်ခန်းထောင့်တွင်တွေ့ရသည်။

"မေမေ အိမ်ရှင်တွေရော"

"အပေါ်ထပ်မှာထင်တယ်... လာ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... အိမ်ရှင်တွေကလည်း ညှော်သည်လာတာကို ဆင်းတွေ့တာ မဟုတ်ဘူး... ရိုင်းလိုက်တာ"

"ဟုတ်ပနော်... မတွေ့ချင်တော့ဘူး မေမေရာ"

"လာပါ သမီးရယ်... ခဏလေးသွားလိုက်ပါ"

အပေါ်ထပ်တွင် ဧည့်ခန်းတစ်ခုနှင့် ဘုရားခန်းကိုတွေ့ရပြီး အခန်းနှစ်ခုကို သော့တန်းလန်းဖြင့်တွေ့ရသည်။

"ဟင်... အပေါ်မှာလည်း လူတွေမရှိပါလား"

"အခန်းထဲမှာ ထင်တယ်"

'မေခင်'က အခန်းကိုဖွင့်သည်။ ခုတင်နှစ်လုံး၊ စားပွဲခုံနှစ်လုံး၊ မှန်တစ်ချပ်၊ ဗီရိုတစ်ခု၊ ခုတင်ပေါ်တွင် အရံသင့်အိပ်နိုင်အောင် ပြင်ဆင်ပြီးသား။ မှန်ထဲတွင် 'မေခင်'တို့သားအမိများ၏ ပုံရိပ်များက ထင်နေသည်။

"ဟင်... ဒီအခန်းထဲမှာ လူမရှိပါဘူး"

"ရှိတယ်လေ ဟိုမှာ"

'မေခင်'မှန်ထဲမှ မိမိတို့ပုံများကို လက်ညှိုးထိုးပြသည်။

"ဟင်... မီးမီးတို့က အိမ်ရှင်တွေကိုပြောတာ"

"ဟုတ်တယ်လေ... မှန်ထဲမှမြင်နေရတဲ့ သူတွေဟာ အိမ်ရှင်တွေပဲပေါ့"

"ဟင်"

သားကြီးက မျက်လုံးဝင်းဝင်းဖြင့်လှမ်းကြည့်ရင်း...





"မေမေ... ဒါဆို ဒီတိုက်ဟာ သားတို့တိုက်လား"

"ဟုတ်တယ်လေ... သိပ်ဟုတ်တာပေါ့"

"ဟာ အလတ်မရေ... ဒါ ငါတို့အိမ်တဲ့ဟ... ငါတို့တိုက်တဲ့ဟ... ဟီး ဟီး ဟား ဟား ဟား"

သားကြီးက ထိုသို့အော်ရင်း ဧည့်ခန်းထဲတွင် ဂွမ်းထိုးနေသည်။ ယခုမှ အခိပ္ပါယ်ပေါက်သွားသော အလတ်မကလည်း ဂါဝန်ကိုမ၍ ခုန်ဆွခုန်ဆွလုပ်နေသည်။ ကနေသည်။

"သမီးရေ ခဏလာဦး"

'မေခင်'ကပ်လျက်အခန်းကို ဖွင့်ပြသည်။ ခုတင်နှစ်လုံး ခုတင်ပေါ်တွင် ပန်းခေါင်းအုံး၊ အိပ်ယာခင်း၊ စောင်၊ ခြင်ထောင် ဖက်တုံး။ မှန်တင်ခုံတစ်ခု၊ ဗီရိုတစ်လုံး၊ စာ ရေးစားပွဲခုံတစ်လုံး

"ဒါ သမီးအခန်း"

"ဟင်... သမီးတစ်ယောက်တည်း မနေရဲပါဘူး"

"တစ်ယောက်တည်း ဘယ်ဟုတ်ပါ့မလဲ... အိမ်ကို ခဏခဏလာတဲ့ ဘွားဘွားကြီး သိတယ် မဟုတ်လား"

"အင်း"

"အေး ဘွားဘွား... နက်ဖြန်လာလိမ့်မယ်... ကိုကိုနဲ့ မောင်လေးက ဟိုဘက်အခန်းမှာရှိမယ်"

"ဒါဆို ဒီခုတင်တွေ... မွေ့ရာတွေကလည်း သမီးတို့ဟာတွေပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့"

"ဘယ်လိုလုပ် ဒါတွေအရံသင့်ရှိနေတာလဲ ဟင်"

"ဘာကြောင့် ဖြစ်နေတာလည်းဆိုတော့ ချွေတာခြင်းရယ်… အချိန်ရယ်… ကြိုးစားခြင်းတွေကြောင့်ပေါ့… ဖေဖေကြီးက သမီးတို့ မမွေးခင်ကတည်းက တအားအလုပ်လုပ်တယ်… ဖေဖေရှာတာကိုစုမိအောင် မေမေက အကျိုးချုပ်တယ်… ချွေတာတယ်… ဒါတွေကြောင့်ပေါ့… မေမေ ချွေတာကို သဘောပေါက်ပြီလား"

"ပေါက်ပြီ မေမေ"

"ဒါဆိုရင် ဒီအိမ်ကြီးမှာနေပြီး ဘဝင်မြင့်မသွားရဘူးနော် ခါတိုင်းလိုပဲ စည်းနဲ့ကမ်းနဲ့ စားရသောက်ရ ဝတ်ရမယ်… မိဘပြောတာကိုနားထောင်ရမယ်… ဒါမှ နောက်ထပ်ကြီးပွားလာမယ် အခုဆိုရင် ဒီအိမ်ကြီးကို ဝယ်လိုက်ရတယ်… အိမ်ထောင်ပရိဘောဂတွေဝယ်လိုက်ရတယ်… စောင်တွေ ခြင်ထောင်တွေ… ပန်းကန်အိုးခွက်တွေ… အားလုံး အသစ်ဝယ်လိုက်ရလို့ စုထားတဲ့ပိုက်ဆံတွေကုန်ပြီ… ထပ်စုရဦးမယ်… ထပ်ကြိုးစားရဦးမယ်"

"'မေခင်' ရေ"

"ဘာလဲ ဖေကြီး"

"အောက်ထပ်ကိုလာခဲ့"

"လာမယ် လာမယ်"

အောက်ပြန်ဆင်းလာကြသည်။





"လာ မေမေတို့အခန်း ပြဦးမယ်"

အောက်ထပ်အိပ်ခန်းသည် အကျယ်ကြီးဖြစ်နေသည်။ နှစ်ယောက်အိပ်ခုတင်ပေါ်တွင် ဖြူဖွေးနေသောခေါင်းအုံးအိပ်ယာများကို ခင်းထားသည်။ ဗီရိုကြီးတစ်လုံး၊ မှန်တင်ခုံတစ်ခု၊ စာ ရေးစားပွဲခုံတစ်ခုရှိသည်။ ပက်လက်ကုလားထိုင် တစ်လုံးကိုလည်း တွေ့ရသည်။

"လာ သားတို့ သမီးတို့ထိုင်ကြ"

'စော'က ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်းခေါ်သည်။

"နက်ဖြန် အလှူကိစ္စကိုပြောပြီးပြီလား 'မေခင်' "

"ဟင့်အင်း မောင်"

"ပြောလိုက်လေ…သားတို့ သမီးတို့ဝမ်းသာသွားအောင်"

'မေခင်'ကခေါင်းညိတ်ပြီး ဗီရိုထဲမှာအထုပ်များကို ထုတ်သည်။ မနက်ကျရင် မေမေတို့ ဒီအိမ်ပေါ်တက်တဲ့ အထိမ်းအမှတ်ဖြစ် ဘုန်းကြီးငါးပါးဆွမ်းကျွေးမယ်… မေမေ့သူငယ်ချင်းတွေကို ဖိတ်ပြီး ထမင်းကျွေးမယ်"

"ဟင် သားတို့ အိမ်နားက အိမ်နီးနားချင်းတွေကိုရော မကျွေးဘူးလား ဟင်"

"ကျွေးမှာပေါ့ သားရဲ့… လူသိပ်များရင် ခည့်မခံနိုင်မှာစိုးလို့ သဘက်ခါကျမှ အိမ်ဘေးကမိတ်ဆွေတွေကို ကားနဲ့သွားကြိုပြီး ကျွေးမယ်… ပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေး ဟေးဟေး... ပျော်စရာကြီးဟေ့"

"ဒီမှာတွေ့လား... မင်းတို့အတွက် နှစ်ရက်စာရှိုးထုတ်ဖို့ ဖေဖေက မန္တလေးကမှာထားတဲ့ ဝတ်စုံတွေ"

"ဟာ ဟာ ပွတာပဲဟေ့"

"ဒီမှာတွေ့လား... ဆွဲကြိုးတစ်ကုံးစီ... လက်စွပ်တစ်ကွင်းစီ"

"ဟာ မေမေတို့အရမ်းချမ်းသာတာပဲနော်"

"သိပ်ဘဝင်မြင့်မသွားနဲ့ဦး သမီး... လက်ဝတ်ရတနာဆိုတာ ရှိရင်တန်ဆာ... မရှိရင် အသပြာနော်... သွားရင်း လာရင်း ခဏတဖြုတ် ဝတ်ပေးမယ်... အိမ်မှာ ငွေရေးကြပ်တည်းလာရင် ရောင်းစားမယ်... ငါ့ပစ္စည်းဆိုပြီး အပိုင်စားတွက်ထားလို့တော့ မရဘူးနော်... အလှူအတန်းပြီးသွားရင် အရင်ကလို မေမေကျွေးသလိုစား... ပေးသလိုဝတ်... ပြောစကားနားထောင်... ဒါပဲ"

"ဟုတ်ကဲ့ပါ မေမေကြီး"

ကလေးများသည် မိခင်၏စေတနာကိုနားလည်ပြီဖြစ်၍ ကျေနပ်စွာခံယူကြသည်။

"ကဲ မေမေကြီးက ပြောစရာရှိတာပြောပြီးပြီ... ဖေဖေကြီးက သားတို့ သမီးတို့ရဲ့ အခန်းခြေရင်းမှာ စာတမ်းတစ်ခုစီ ကပ်ထားတယ်... သွားဖတ်ကြပေတော့... ပြီးရင် ဒီည ဒီမှာပဲအိပ်ကြမယ်"





"ဟာ ဒီမှာ အိပ်မယ်တဲ့ဟေ့... ဝေး ဟေး ဟေး"

"ပျော်လိုက်တာဟေ့... ဟီး ဟီး ဟီး"

အပေါ်ထပ်ပြေးတက်သွားသော သားသမီးများကို မိဘများကျေနပ်စွာပြုံးကြည့်ရင်း ကျန်ရစ်ခဲ့သူ။ ကလေးများကအခန်းထဲဝင်၍ ဖခင်ရေး၍ ကပ်ထားသော စာများကိုပြေးဖတ်ကြသည်။

**'အစားစေတျူးရ'**

**'အအိပ်စေတျူးရ'**

**'အပျော်စေတျူးရ'**

ထိုစာကိုအော်ဖတ်ပြီး အလတ်မ၏အိပ်ခန်းဘက်သို့ပြေးဖတ်ကြပြန်သည်။

**'အမှုတိုင်ရှုသမျှတို့သည် ကြိုးစားအားထုတ်ခြင်းကြောင့်သာလျှင် အလိုရှိတိုင်း ပြီးစီးကြကုန်လေ၏၊ စိတ်ကူးယဉ်ယုံဖြင့် မပြီး၊**

**ဥပမာ**

**တစ်အိပ်ယာအိပ်၍သာနေသော ဓားရှမ်းခြင်္သေ့ခင်း၏ အခါ၌တွင်းသို့ သားသမင်တို့သည် အလယ်ကားဝင်၍ မလာကြကုန်၊**

**(နီတိဆရာကြီးများ)**



www.burmeseclassic.com

www.burmeseclassic.com

## ၃၃

“လာ ‘တာဇံ’… ‘ဗိုလ်မ’တို့ရော”

“လာလိမ့်မယ်… သူ့ သူငယ်ချင်းတွေနဲ့စုပြီး လာလိမ့်မယ် ရော့ နင့်ကို အိမ်တက်ပွဲအထိမ်းအမှတ်”

‘တာဇံ’က ကျောဘက်တွင်ဝှက်ထားသော ဗူးတစ်ခုကို ထုတ်ပေးသည်။ တစ်ပေပတ်လည်ခန့်ရှိသော ခပ်ပြားပြားစက္ကူ ဗူးတစ်ခု။

“ဟယ် ဘာလို့ ဝယ်လာတာလဲ… နင်ကလဲ ဟယ်”

“အမှတ်တရပေါ့ဟာ… နင် အိမ်ထောင်ပြုတုန်းက ဘာ လက်ဖွဲ့မှမပေးရသေးဘူး… ဒီနာရီကိုမြင်တိုင်း ငါ့ကို သတိရပါစေ ဆိုတဲ့ ဆန္ဒနဲ့ပေါ့ဟာ”

‘တာဇံ’က ‘မေခင့်’ကိုစိုက်ကြည့်ရင်း ပြောခြင်းဖြစ်သည်။





‘မေခင်’ ခပ်ပြုံးပြုံးလေးလှမ်းယူရင်း…

“လာ ‘တာဇံ’ ထိုင်နော်”

“နင်တို့အိမ်က တကယ်ကောင်းတာပဲ… နင်ဒါကြောင့် ‘စောလေး’ကိုရွေးတာကိုး”

“ဒါပေါ့ဟ… သူဟာ လူတော် လူကောင်းတစ်ယောက် ဆိုတာ ငါသိတာပေါ့”

“ဟုတ်ပြီဗျာ ဟုတ်ပါပြီ… ကဲ နင်လုပ်စရာရှိတာလုပ်ပါ ငါ နေတတ်ပါတယ်”

‘တာဇံ’က အိမ်တစ်ခုလုံး အသေးစိတ်လိုက်ကြည့်နေ သည်။

“မောင်ရေ ပြီးရင် ‘တာဇံ’နဲ့စကားပြောလိုက်ဦးနော်… ‘ခင်’ဟင်းချိုနွေးလိုက်ဦးမယ်”

“အေး အေး”

‘စော’ အပေါ်ထပ်ဘုရားစင်ရှေ့မှ ဆွမ်းကျွေးပြီး သိမ်းစ ရာရှိတာသိမ်းနေခြင်းဖြစ်သည်။

“‘စောလေး’ အပေါ်ထပ်မှာလား… ကိုယ်တက်လာလို့ ရမလား”

“ရတယ် အစ်ကို တက်ခဲ့ပါ”

အပေါ်ထပ်ကိုမြင်သောအခါ ‘တာဇံ’က သဘောကျစွာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ တိုက်ကလေးဗျာ... 'စောလေး'နဲ့ 'မေခင်' အိမ်ထောင်သက် ဆယ့်လေးနှစ်အတွင်း ခုလိုထည်ထည်ဝါဝါဖြစ်သွားအောင် ဘယ်လောက်အထိ ကြိုးစားခဲ့ရမလဲဆိုတာ ကိုယ်ချင်းစာပါတယ်... ကိုယ့်သူငယ်ချင်းလည်းဖြစ်... ညီမလို့လည်းဖြစ်နေတဲ့ 'မေခင့်'ကို ကောင်းကောင်းမွန်မွန်ရှာကျွေးပြီး သစ္စာရှိရှိပေါင်းသင်းတဲ့အတွက် အစ်ကိုတစ်ယောက်အနေနဲ့ ကျေးဇူးတင်ဝမ်းသာရပါတယ်"

'စော'က ပြုံး၍နေသည်။

"ဟော ကြီးကြီးက ဒီကိုရောက်နေတာလား"

အလတ်မအိပ်ခန်းအတွင်းမှာ ကြီးကြီးက အဝတ်သစ်အစားသစ်များဖြင့် ထွက်လာခြင်းဖြစ်သည်။ အလတ်မကလည်း ဂါဝန်သစ်နှင့် လက်ကောက် ဆွဲကြိုးနှင့်။

"တီ တီ"

"ဟော 'ဗိုလ်မ'တို့ လာကြပြီနဲ့တူတယ်"

အောက်ဆင်းခဲ့ကြသည်။ 'မေခင်'က အဝတ်အစားအသစ်လဲပြီးပြီ။ စိမ်းပြာရောင် အင်ဒိုနီးရှားပါတိတ် ဝမ်းဆက်နှင့် ပုလဲ လက်ဝတ်လက်စားတစ်စုံကိုဝတ်ထားသည်။

"ဟော ငါ့သူငယ်ချင်းက လှတယ်ဟေ့"

'ဗိုလ်မ'က အော်ရင်းဟစ်ရင်း ကလေးပွေ့ရင်းဆင်းလာသည်။ 'ဗိုလ်မ'ကလေးငါးယောက်ရှိနေပြီ။ 'ပေါက်စီ'လည်းပါ





လာသည်။

"အပျိုကြီးလာခဲ့"

'မေခင်'က 'ပေါက်ဆီမ' လက်ကိုဆွဲ၍ခေါ်သည်။

"နင် 'မေတင့်'ကို မဖိတ်ဘူးလား 'မေခင်' "

"ကိုယ်တိုင် သွားဖိတ်ထားပါတယ်နော်"

"ဒါဆို ငါကားနဲ့သွားကြိုလိုက်မယ်"

"သဘောပဲလေ... မြန်မြန်ပြန်လာကြနော်... ဟင်းချိုကအေးသွားရင်း နွေးရင်းနဲ့ ခန်းတောင်ကုန်ပြီ"

"အေးပါ... ဟောဟိုမှာ 'အုန်းသီး'လာနေပြီ"

'ဗိုလ်မ'က 'အုန်းသီး'ကို လှမ်းကြည့်သည်။ သူမ၏မျက်လုံးများက ဆွေးသွားသည်။ 'အုန်းသီး'က ဒယိမ်းဒယိုင်ဖြင့်လာနေခြင်းဖြစ်သည်။

"ဩော် 'စောယုန္တယ်' ရောက်နေပြီကိုး... နေကောင်းတယ်နော်"

'ဗိုလ်မ'က သက်ပြင်းချလျက်...

"ငါနေကောင်းပါတယ်ဟယ်... နင်ကလည်း မိုးတောင်မလင်းသေးဘူး အရက်မူးနေပြီ"

"ဟေ အေး... မိုးမလင်းသေးခင် မူးတာမဟုတ်ဘူး... ညကတည်းက မူးတာ... တစ်ရေးနိုးလည်း ငါက အရက်ပဲသောက်တာ... သိပ်သောက်လို့ကောင်းတယ်ဟာ... ငါ့မှာ ဒါက



www.burmeseclassic.com

www.burmeseclassic.com



အဖော်ပဲလေ… ငါ အခုဒီကိုလာတာကလည်း အင်မတန်ချစ်တဲ့ ငါ့ညီမလေးရဲ့ အိမ်တက်ပွဲမို့လာတာ… ခါတိုင်းလိုဆို အင်မတန် တန်ဖိုးရှိတဲ့ ငါ့ရဲ့အချိန်တွေကို ဘယ်ဖြုန်းတီးပါ့မလဲ”

“ကဲ ကဲ အိမ်ထဲမှာ ‘တာခ်’ ရှိတယ်”

“ဟုတ်လား… ယောက်ဖလည်းရှိလား… ယောက်ဖရေ ယောက်ဖ”

‘အုန်းသီး’က လှေကားထစ်များကို ဖရိုဖရဲနင်းပြီး တက်သွားသည်။ ‘ဗိုလ်မ’က စိတ်မချမ်းသာသောမျက်နှာဖြင့် ကားမောင်း၍ထွက်သွားသည်။ ‘မခေင်’ကလည်း အိမ်ထဲပြန်ဝင်ခဲ့သည်။

“ဟဲလို ‘ပေါက်စီ’ နင် ယောက်ျားယူတော့မယ်ဆို”

‘ပေါက်စီ’ မျက်နှာနီနီဖြင့် ခေါင်းငုံ့သွားသည်။

“အေး… နင်နဲ့ ‘တာခ်’လည်း ‘ဗိုလ်မ’မှ မလော့်ရင် ဒီတစ်သက်ယူမယ့်လူမရှိလို့ အိမ်ထောင်ကျမယ့်ဟာတွေ မဟုတ်ဘူး… ခုပဲ တဖြည်းဖြည်း လေးဆယ်နားနီးနေပြီနော… ယူကြ ယူကြ… အချိန်သိပ်မရှိတော့ဘူး”

“ငါတို့ကိုပြောနေ… မင်းကကော”

“ငါလား… ငါက နက်ဖြန် သဘက်ခါသေမယ့်ကောင်”

“ဟာ ဘာတွေလျှောက်ပြောနေတာလဲ”

“ဟုတ်တယ်… ငါ့အမေက ငါ သူ့ကို အရှက်ခွဲလို့ စိတ်





ဆင်းရဲအောင်လုပ်လို့ သူသေရင်သေ… မသေရင် ငါသေမှအေး မယ်တဲ့… ငါကလည်း ပြန်ပြောလိုက်ပါတယ်… အမေတော့ မ သေပါနဲ့လို့… အမေသေရင် ငါ့ကိုဘယ်သူလာကျွေးမလဲနော့— ဒီတော့ ဒီတော့ ငါသေမယ်လို့… ဟား ဟား ဟား”

‘အုန်းသီး’ကိုကြည့်ပြီး အားလုံး စိတ်ဆင်းရဲနေကြသည်။ ‘ဗိုလ်မ’ကား ပြန်ရောက်လာသည်။ ‘မေတင်’လည်း ပါလာသည်။ ယခုမြင်ရသော ‘မေတင်’သည် ယခင်ကလို မဟုတ်တော့။ ပိန်ခြိုး၍နေသည်။ အလုပြင်ထားသော်လည်း စိုစိုပြေပြေမရှိတော့ လက်ဝတ်လက်စားတွေလည်း မရှိတော့။

ညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မဝံ့မရဲကြည့်နေကြသည်။ နောက်ပိုင်း ပြောရင်းဆိုရင်းက ရဲတင်းလာကြသည်။ ‘မေတင်’ကတော့ အပြောင်းလွဲကြီးပြောင်းလွဲပြီးတစ်သားမွေး တစ်သွေးလုကာ ဝတ်ကောင်းစားလှတွေနှင့် လက်ဝတ်ရတနာတွေနှင့် တင့်တယ်ဝင့်ကြွားနေသော ညီမငယ်ကိုကြည့်ပြီး အားငယ်သလိုလို သိမ်ငယ်သလိုလို ဖြစ်နေသည်။

‘စော’ကလည်း ကလေးသုံးယောက်အဖေသာဆိုသည် ယခုထိ နုပျိုဖျတ်လတ်ဆဲ။

“မမ ကလေးတွေ ဘာလို့ ခေါ်မလာတာလဲ”

‘စော’၏အမေးကို ‘မေတင်’ မဖြေခင် အရင်စဉ်းစားမိသည်။ ကလေးတွေက အဝတ်အစားအသစ်တွေမဝတ်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ်လက်စားတွေ မဝတ်ရသဖြင့် လိုက်မလာကြခြင်းဖြစ်သည်။ အကြီးမဆိုလျှင် 'မေတင့်'ကိုပင် မလာစေချင်။ 'မေခင်'နှင့် 'စော'တို့ လင်မယားဏ် ကြွားပွဲကြီးကို မိမိကတော့ မလာချင့်လဲ လာရပေမည်။ မမြင်ချင်လည်း မြင်ရပေမည်။

ကြီးကြီးကိုမြင်၍ 'မေတင်' ပို၍ဒေါပွမိသည်။ မိမိကောင်းစားစဉ်က မိမိကို တစ်ချိန်လုံးမြှောက်ပင့်နေခဲ့ပြီး။ ယခု မိမိ မွဲချာသွားသောအခါ စွန့်ခွာပြေးလေပြီ။ 'မေခင်'တို့၏ နောက်ဆုံးပေါ် တိုက်ကလေး၏ ကာလတန်ဖိုးကို 'မေတင်'စိတ်မှန်း ...တွက်ကြည့်နေသည်။

အိမ်အသုံးအဆောင်သစ်များ၊ ရွှေငွေလက်ဝတ်ရတနာများကလည်း အပြည့်အစုံ။ ကုန်ကားကလည်း လက်ရှိ ပြေးဆွဲလျက်။ 'မေခင်'တို့ အတော်ချမ်းသာနေပြီပဲ။

"မမ နက်ဖြန်အားလားဟင်"

"အားပါတယ်... ဘာဖြစ်လို့လဲ"

"နက်ဖြန် 'မေခင်'တို့နေခဲ့ရပ်ကွက်လေးထဲက အသိမိတ်ဆွေအားလုံးကို ထမင်းဖိတ်ကျွေးမှာလေ... မမအားရင် လာခဲ့ပါလားလို့"

"အေး အေး... လာတာပေါ့"

တစ်နေကုန် ရယ်မောစားသောက်ပြီး နောက်တစ်နေ့ ချက်ဖို့ပြုတ်ဖို့ပါ ကူလုပ်ပေးသွားကြသေးသည်။





"ကဲ ပြန်လိုက်ဦးမယ်... 'မေခင်' နင်တို့မင်္ဂလာပွဲတော့ ပြီးသွားပြီ... လာမယ့် သီတင်းကျွတ်ကျရင် ကိုကိုနဲ့ 'ပေါက်စီမ' တို့ရဲ့ မင်္ဂလာပွဲကိုနွှဲဖို့ ပြင်ထားဦး"

'မေခင်'ပြုံး၍ 'တာဓံ'ကိုကြည့်သည်။ 'တာဓံ'က 'မေခင့်' မျက်လုံးများကို ရူးရူးရဲရဲကြည့်နေသည်။ 'တာဓံ' မျက်လုံးများကို 'စော'ရော 'ပေါက်စီ'ရောကြည့်နေကြသည်။ အားလုံးပြန်သွားသောအခါ...

"'ခင်'"

"ဘာလဲ မောင်"

"'တာဓံ'ကို ကြည့်ရတာ 'မေခင့်'ကို ခုထိစွဲလမ်းနေတုန်းပဲ"

ထိုစကားကြောင့် 'မေခင့်' မျက်လုံးလေးများ အရောင်တဖိတ်ဖိတ်လက်လာပြီး...

"ကြည့်စမ်း... မောင် တစ်ယောက် ခုထိ ဒီစကားပြောတုန်းပဲနော်... သဝန်တိုရမယ့် အရွယ်မှမဟုတ်တော့တာ မောင်ရယ်"

"ချစ်တော့လည်း သဝန်တိုရတာပဲပေါ့ဗျာ... 'ခင်'ကသာ သဝန်တိုရမယ့်အရွယ်မဟုတ်တော့ဘူးပြောနေတာ... 'တာဓံ'နဲ့ 'ပေါက်စီမ'က ခုမှ စချစ်ဖို့ နိဒါန်းပျိုးတုန်းရှိသေးတာဗျ"

"သူများတွေက ခုမှချစ်ဖို့ နိဒါန်းပျိုးချိန်မှာ မောင်နဲ့ 'မေ



www.burmeseclassic.com

www.burmeseclassic.com



ခင်'တို့ရဲ့ အချစ်ဗိမာန်ကြီးကတော့ ဟီးနေအောင်တည်ဆောက်ပြီးသွားကြပြီနော်... အဲဒီတော့ သဝန်တိုမနေနဲ့ မောင်ရဲ့... မောင့်ကိုချစ်လို့ မောင့်နောက်ကိုလိုက်ခဲ့ပြီး ခိုင်ခန့်တည်မြဲတဲ့ဘဝကြီးကို ထူထောင်ပြီးပြီ... သားတွေ သမီးတွေလည်း လူပျိုတွေ အပျိုတွေ ဖြစ်ကုန်ပြီ... ကဲ အိမ်ကလေးဆီပြန်ပြီး ပစ္စည်းတွေသိမ်းခဲ့ပေးဦးနော်... ပြီးတော့ နက်ဖြန်အိမ်သစ်တက်ပွဲကိုလာခဲ့ကြဖို့ ဖိတ်ခဲ့ဦး ကားနဲ့လာခေါ်ပြီး ပြန်ပို့ပေးမယ် ပြောဦးနော်... သြော် နေဦး မောင်ရေ... ကြီးဒေါ်ကြီးကို ဝတ်စုံတစ်စုံပေးမယ်လို့ ပြောထားတယ်... ယူသွားပေးစမ်းပါနော်"

" 'မေခင်'ရော မလိုက်တော့ဘူးလား"

"မလိုက်တော့ဘူးလေ... လုပ်စရာတွေရှိသေးတယ်... သားကြီးနဲ့ အဘကိုခေါ်သွားလိုက်လေ"

"ကောင်းပါပြီ"

ရပ်ကွက်ထဲ ကားကြီးထိုးဝင်လာသည်နှင့်...

"ဘယ်လိုလဲကွယ့်... မင်းတို့က အိမ်အလည်သွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ညလည်းပေါ်မလာ... မနက်လည်းပေါ်မလာနဲ့... ဒီနေ့ညမှ ပေါ်မလာရင် ကျုပ်တို့ ရဲစခန်းကိုသွားတိုင်တော့မလို့... 'မေခင်'တို့ ပါမလာဘ်ပါလား"

အိမ်နီးနားချင်းများက အစုလိုက် အပြုံလိုက်ထွက်လာရင်း သူတစ်မျိုး ငါတစ်မျိုးပြောကြသည်။





"လူစုံတုန်း တစ်ခါတည်းဖိတ်လိုက်မယ်နော်... နက်ဖြန်မနက် ဆယ်နာရီ အားလုံးကိုကားနဲ့လာခေါ်ပါ့မယ်... အရံသင့်ပြင်ဆင်ပြီးစောင့်နေကြပါလို့"

"ဘယ်ကိုခေါ်သွားမှာလဲကွယ်"

"ကျွန်တော်တို့ အိမ်အသစ်တစ်လုံးဝယ်ထားတယ်လေ... အဲ့ဒါ အိမ်သစ်တက်ပွဲလုပ်မလို့... ကြီးဒေါ်အတွက်တဲ့ 'မေခင်'က ဝတ်စုံတစ်စုံပေးလိုက်တယ်"

"ဟုတ်လား... ဝမ်းသာလိုက်တာ... ဒါဆို မင်း ကလေးသုံးယောက်ကိုလည်း ခုလောက်ဆို မျှော်နေပြီပေါ့"

"ဘာပြောကောင်းမလဲ ကြီးဒေါ်ရယ်... ကတဲ့လူက ဂျွမ်းထိုးတဲ့လူ ဂျွမ်းထိုးပဲ"

"အေး ဟေး ဟေး နက်ဖြန်မှ ငါလဲ လိုက်ပျော်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ခြံထဲတွင် တေးသံရှင် 'တင်တင်မြ'၏ မင်္ဂလာရှိသော တေးသံသာပျံ့လွင့်နေသည်။ အိမ်ရှင်မ 'ဒေါ်မေခင်'က အင်ဒိုနီးရှားပါတိတ် လိမ္မော်ရောင်လေးဖြင့် ဧည့်သည်များကိုဧည့်ခံနေသည်။ ပုလဲရတနာတစ်ဆင်ကိုဝတ်ဆင်ပြီး သစ်ခွပန်းဖြူဖြူလေး ပန်ထားသော 'မေခင်'သည် ဣန္ဒြေရရလေးလှပ၍နေပါသည်။

အလတ်မက ဇာအထပ်ထပ်ဖြင့်ချုပ်ထားသော ဂါဝန်ကားကားလေးကို ဝတ်၍ သူ့သူငယ်ချင်းများကို အပေါ်ထပ်တွင် သွားကြွားနေသည်။ ဧည့်သည်တချို့က အိမ်ကြီးကိုကြည့်ပြီး အံ့အားသင့်နေကြသည်။ အထင်တကြီး ဝမ်းသာနေကြသည်။ ဧည့်သည်တချို့ကတော့ မနာလိုသလိုမျက်လုံးဖြင့်ကြည့်ပြီး အတင်းပြောနေကြသည်။





ကလေးသုံးယောက် လူပျို အပျိုတွေဖြစ်သည့်တိုင် ချစ်ဇနီးက ကျော့ကျော့ရှင်းရှင်းလေးလှပနေပြီး သန့်သန့်ရှင်းရှင်း ဖျတ်ဖျတ်လပ်လပ်နှင့် မိန်းမကောင်းပီသစွာ၊ မယားကောင်းပီသစွာ၊ အိမ်ထောင်ကိုထိမ်းသိမ်းနိုင်သဖြင့် ယခုလိုပျော်စရာကောင်းသော ပြည့်စုံသောအိမ်ထောင်စုကို တည်ဆောက်နိုင်ခဲ့ခြင်း မဟုတ်ပါလား။

'မေခင်'ကလည်း ဧည့်သည်တွေကိုဧည့်ခံရင်း ရင်မှာကြည်နူးမှုတွေဖြစ်ရသဖြင့် ခင်ပွန်းသည်ဆီလှမ်းကြည့်မိသည်။ တိုက်ပုံအင်္ကျီမီးခိုးရောင်၊ ရခိုင်လုံချည် အနက်ရောင်နှင့် ကျက်သရေရှိစွာ ခံ့ညားစွာချောမောနေသော လင်ဖြစ်သူကို လေးစားမြတ်နိုးစွာ လှမ်းကြည့်လိုက်မိသဖြင့် လင်မယားနှစ်ေ ာက် မထင်မှတ်ဘဲ မျက်လုံးချင်းဆုံသွားကြသည်။

'စော'က ပြုံးသောအခါ 'မေခင်'က မျက်စောင်းလေးတစ်ချက် ချစ်စနိုးထိုး၍ မျက်လွှာလေးချလိုက်သည်။ ထိုအမူအရာကို 'စော'က ရင်မှာ တသိမ့်သိမ့်ဖြင့် ကျေနပ်စွာပြုံးကြည့်နေမိတော့သည်။

**စာဖတ်သူအပေါင်း ပျော်ရွှင်ပြည့်စုံကြပါစေ**

**ဆွေဆွေအောင်**



www.burmeseclassic.com